**INEE**

Inter-Agency Network for Education in Emergencies
Réseau Inter-Agences pour l'Éducation en Situations d'Urgence
La Red Interagencial para la Educación en Situaciones de Emergencia
Rede Inter-Institucional para a Educação em Situação de Emergência
الشبكة المشتركة لوكالات التعليم في حالات الطوارئ

# ပညာရေးအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များ -

## ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်း













**Mission Statement**

INEE is an open, global network of practitioners and policy makers working together to ensure all persons the right to quality education and a safe learning environment in emergencies and post-crisis recovery. www.ineesite.org

INEE Coordinator for Minimum Standards
UNICEF - Education Section
3 United Nations Plaza New York, NY 10017
USA

minimumstandards@ineesite.org
www.ineesite.org

INEE

Inter-Agency Network for Education in Emergencies
Réseau Inter-Agences pour l´Éducation en Situations d´Urgence
La Red Interagencial para la Educación en Situaciones de Emergencia
Rede Inter-Institucional para a Educação em Situação de Emergência
الشبكة المشتركة لوكالات التعليم في حالات الطوارئ

# ပညာရေးအတွက်

# အနိမ့်ဆုံးစံသတ်မှတ်ချက်များ -

# ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်း

အရေးပေါ်ကာလပညာရေးအတွက်လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများကွန်ရက် (Inter-Agency Network for Education in Emergencies– INEE)သည် အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ရေးကာလတစ်လျှောက် အရည်အသွေးရှိ ပညာရေးနှင့် ဘေးကင်းလုံခြုံသော သင်ယူမှုပတ်ဝန်းကျင်ကို လူတိုင်းရရှိစေရန်အတွက် လက်တွေ့ဆောင်ရွက်သူများနှင့် မူဝါဒရေးဆွဲချမှတ်သူများ အတူတကွ လက်တွဲဆောင်ရွက်ကြသည့် မည်သူမဆိုပါဝင်နိုင်သော ကမ္ဘာလုံးဆိုင်ရာကွန်ရက်ဖြစ်သည်။ INEE Steering Group သည် ကွန်ရက်အတွက် ဦးဆောင်လမ်းညွှန်မှုပေးသည်၊ လက်ရှိ Steering Group အဖွဲ့ဝင်များမှာ CARE, Children's Fund, the International Rescue Committee (IRC), Refugee Education Trust (RET), Save the Children, Open Society Institute (OSI), UNESCO, UNHCR, UNICEF နှင့် World Bank တို့ဖြစ်သည်။

INEE Working Group on Minimum Standards သည် ***ပညာရေးအတွက်အနိမ့်ဆုံးစံသတ်မှတ်ချက်များ- ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်း*** ကို ကမ္ဘာတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကူညီပေးပါသည်။ INEE Working Group (2009-2011) သည် ပဋိပက္ခနှင့် ဘေးအန္တရာယ်အခြေအနေများဆိုင်ရာ ပညာရေးကျွမ်းကျင်သူ အဖွဲ့အစည်း ၁၉ခုဖြင့် ဖွဲ့စည်းထားသည်။ ယင်းအဖွဲ့အစည်းများမှာ- Academy for Educational Development (AED), ActionAid, American Institutes of Research (AIR), Basic Education for Afghan Refugees (BEFARe), the Forum for African Women Educationalists (FAWE), Deutsche Gesellschaft für Technische Zusammenarbeit (GTZ), the International Rescue Committee (IRC), Mavikalem Social Assistance and Charity Association, Norwegian Agency for Development (NORAD), Norwegian Refugee Council (NRC), Oxfam Novib, Plan International, Save the Children, UNESCO, UNHCR, UNICEF, War Child Holland, World Education, ZOA Refugee Careတို့ဖြစ်သည်။

INEE သည် ကွန်ရက်စတင်သည့်အချိန်မှစ၍ ပံ့ပိုးကူညီပေးခဲ့သော အဖွဲ့အစည်း ၄၁ဖွဲ့ကျော်ကို ကျေးဇူးတင်ရှိပါသည်။ ကျေးဇူးတင်ရှိသူ စာရင်းအပြည့်အစုံကို INEE website: **www.ineesite.org** တွင်တွေ့ရှိနိုင်ပါသည်။

အရေးပေါ်ကာလပညာရေးအတွက် ထောက်ခံတင်ပြသူ၊ ပံ့ပိုးကူညီသူ၊ အကောင်အထည်ဖော်ဆောင်ရွက်သူအဖွဲ့အစည်းများမှ စိတ်ဝင်စားသူအားလုံးအား INEE က ကြိုဆိုပါသည်။ INEE website: **www.ineesite.org/join** တွင် အဖွဲ့ဝင်အဖြစ် စာရင်းသွင်းနိုင်ပါသည်။ အဖွဲ့ဝင်ဖြစ်ရန် ဝင်ကြေးပေးရန် သို့မဟုတ် တာဝန်ယူရန် မလိုပါ။

သတင်းအချက်အလက် ပိုမိုရရှိလိုပါက INEE website: **www.ineesite.org** တွင်တွေ့ရှိနိုင်ပါသည်၊ သို့မဟုတ် INEE ညှိနှိုင်းရေးမှူး (အနိမ့်ဆုံးစံသတ်မှတ်ချက်များ)ကို **minimumstandards@ineesite.org** တွင် ဆက်သွယ်နိုင်ပါသည်။

ပထမအကြိမ်တည်းဖြတ်ထုတ်ဝေခြင်း INEE© 2004
ပြန်လည်ပုံနှိပ်ခြင်း- INEE© 2006
ပြန်လည်ပုံနှိပ်ခြင်း- INEE© 2009
ဒုတိယအကြိမ်တည်းဖြတ်ထုတ်ဝေခြင်း INEE© 2010

မြန်မာဘာသာပြန်ဆိုခြင်း (Myanmar Translation)- 2011
မြန်မာဘာသာပြန်ဆိုခြင်း- Ministry of Education, UNESCO, UNICEF, Save the Children, Recovery Coordination Centre (Disaster Preparedness and Response Education Working Group)
မျက်နှာဖုံးဓါတ်ပုံများ- Ministry of Education, UNESCO, UNICEF, Save the Children

## မာတိကာ

**နိဒါန်း- ပညာရေးအတွက်အနိမ့်ဆုံးစံသတ်မှတ်ချက်များ- ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်း** ...... ၂

**နယ်ပယ် ၁ - အခြေခံစံသတ်မှတ်ချက်များ** ...... ၁၈

ရပ်ရွာလူထုပူးပေါင်းပါဝင်မှု
စံသတ်မှတ်ချက် ၁ - ပူးပေါင်းပါဝင်မှု ...... ၂၂
စံသတ်မှတ်ချက် ၂ - ရင်းမြစ်များ ...... ၂၈

ညှိနှိုင်းဆောင်ရွက်မှု
စံသတ်မှတ်ချက် ၁ - ညှိနှိုင်းဆောင်ရွက်မှု ...... ၃၁

စိစစ်ပိုင်းခြားမှု
စံသတ်မှတ်ချက် ၁ - စစ်ဆေးအကဲဖြတ်ခြင်း ...... ၃၅
စံသတ်မှတ်ချက် ၂ - တုံ့ပြန်မှုနည်းဗျူဟာများ ...... ၄၁
စံသတ်မှတ်ချက် ၃ - ကြီးကြပ်စစ်ဆေးခြင်း ...... ၄၅
စံသတ်မှတ်ချက် ၄ - အကဲဖြတ်ခြင်း ...... ၄၈

**နယ်ပယ် ၂ - ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်** ...... **၅၂**
စံသတ်မှတ်ချက် ၁ - ပညာသင်ယူခွင့်တန်းတူညီမျှရရှိခြင်း ...... ၅၅
စံသတ်မှတ်ချက် ၂ - ကာကွယ်စောင့်ရှောက်ခြင်းနှင့်ချမ်းသာသုခရရှိခြင်း ...... ၆၁
စံသတ်မှတ်ချက် ၃ - ပညာရေးအထောက်အကူပစ္စည်းများနှင့် ဝန်ဆောင်မှုများ ...... ၆၈

**နယ်ပယ် ၃ - သင်ကြားခြင်းနှင့် သင်ယူခြင်း** ...... **၇၄**
စံသတ်မှတ်ချက် ၁ - သင်ရိုးညွှန်းတမ်းများ ...... ၇၇
စံသတ်မှတ်ချက် ၂ - သင်တန်းပေးခြင်း၊အတတ်ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်စေခြင်းနှင့်ပံ့ပိုးကူညီခြင်း .. ၈၃
စံသတ်မှတ်ချက် ၃ - သင်ကြား-သင်ယူမှုဖြစ်စဉ်များ ...... ၈၇
စံသတ်မှတ်ချက် ၄ - သင်ယူမှုရလဒ်များကို စစ်ဆေးအကဲဖြတ်ခြင်း ...... ၈၉

**နယ်ပယ် ၄ - ဆရာ/မများနှင့် ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ** ...... **၉၂**
စံသတ်မှတ်ချက် ၁ - ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း ...... ၉၅
စံသတ်မှတ်ချက် ၂ - လုပ်ငန်းခွင်အနေအထားများ ...... ၉၈
စံသတ်မှတ်ချက် ၃ - ပံ့ပိုးကူညီခြင်းနှင့် ကြီးကြပ်ခြင်း ...... ၁၀၁

**နယ်ပယ် ၅ - ပညာရေးမူဝါဒ** ...... **၁၀၄**
စံသတ်မှတ်ချက် ၁ - ဥပဒေနှင့် မူဝါဒရေးဆွဲချမှတ်ခြင်း ...... ၁၀၇
စံသတ်မှတ်ချက် ၂ - အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ...... ၁၁၂

**နောက်ဆက်တွဲများ** ...... **၁၁၅**
နောက်ဆက်တွဲ ၁ - ဝေါဟာရအဓိပ္ပါယ်များ ...... ၁၁၅
နောက်ဆက်တွဲ ၂ - အတိုကောက်အမည်များ ...... ၁၂၄
နောက်ဆက်တွဲ ၃ - ဝေါဟာရအညွှန်း ...... ၁၂၅
နောက်ဆက်တွဲ ၄ - တုံ့ပြန်အကြံပြုလွှာ ...... ၁၃၂

## နိဒါန်း

## ပညာရေးအတွက် အနိမ့်ဆုံး စံသတ်မှတ်ချက်များ- ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်း

### အရေးပေါ်ကာလပညာရေးဆိုသည်မှာ အဘယ်နည်း။

ပညာရေးသည် လူတိုင်းအတွက် အခြေခံလူ့အခွင့်အရေးတစ်ရပ် ဖြစ်သည်။ အထူးသဖြင့် ပဋိပက္ခအခြေအနေနှင့် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြရသူ သန်းပေါင်းများစွာသော ကလေးများနှင့် လူငယ်လူရွယ်များစွာအတွက် အလွန်အရေးပါသည်။ သို့ရာတွင် အရေးပေါ်အခြေအနေများ၌ ပညာရေးလုပ်ငန်းများသည် သိသာစွာ ရပ်တန့်သွားရလေ့ရှိပြီး သင်ယူသူများအနေဖြင့် အရည်အသွေးရှိပညာရေး၏ အကျိုးကျေးဇူး ခံစားခွင့်များကို ဆုံးရှုံးကြရသည်။

အရေးပေါ်ကာလပညာရေးသည် အသက်အရွယ်အားလုံးအတွက် သင်ယူမှုအခွင့်အလမ်းများ ရရှိစေပါသည်။ ယင်းတွင် ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် ကျောင်းပြင်ပ ပညာရေး၊ စက်မှုလက်မှုနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်နှင့် သက်ကြီးပညာရေး အားလုံးအကျုံးဝင်သည်။ အရေးပေါ်အခြေအနေ ကျရောက်စဉ်မှ ပြန်လည်ထူထောင်စဉ်ကာလအထိ အရည်အသွေးရှိပညာရေး သင်ယူခွင့်ရရှိခြင်းသည် ရုပ်ပိုင်း၊ လူမှုစိတ်ပိုင်းနှင့် သိမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုကို ပေးကာ အသက်ရှင်သန်ရပ်တည်မှုကို ကူညီပံ့ပိုးပေးနိုင်သည်။

အရေးပေါ်ကာလပညာရေးသည် ဘေးကင်းလုံခြုံသော သင်ယူရန်နေရာများကို ဖန်တီးပေးခြင်းဖြင့် အကူအညီ လိုအပ်နေသော ကလေးများနှင့် လူငယ်များကို ရှာဖွေဖော်ထုတ် ပံ့ပိုးပေးနိုင်ပြီး ၎င်းတို့၏ဘဝကို သိက္ခာရှိစွာ ဆက်လက် ရပ်တည်သွားစေနိုင်မည် ဖြစ်သည်။ အရည်အသွေးရှိပညာရေးသည် အကျပ်အတည်း အခြေအနေတွင် ရုပ်ပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု ပေးခြင်းဖြင့် အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ပြီး၊ အန္တရာယ်များနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများမှ ကာကွယ်ပေးနိုင်သည်။ သင်ယူသူအနေဖြင့် ဘေးကင်းလုံခြုံသော သင်ယူမှုပတ်ဝန်းကျင်တွင် ရှိနေသောအခါ လိင်မှုဆိုင်ရာ အကြမ်းဖက်ခံရခြင်း၊ သို့မဟုတ် ငွေရေးကြေးရေး ခေါင်းပုံဖြတ်ခံရခြင်း၊ သို့မဟုတ် အလိုမတူပဲ အတင်းအကျပ် ပေါင်းသင်းခံရခြင်း၊ အရွယ်မတိုင်မီ အိမ်ထောင်ပြုစေခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့နှင့် လက်နက်ကိုင်အုပ်စုများတွင် ဝင်ရောက်စေခြင်း၊ အကွက်ချ စီစဉ်ထားပြီးဖြစ်သော ပြစ်မှုတွင် ပါဝင်စေခြင်းစသည့် အန္တရာယ်များမှ ကာကွယ်ပေးနိုင်သည်။ ပညာရေးမှ အသက်ရှင်ရပ်တည်ရန် လိုအပ်သည့် သတင်းအချက်အလက်များနှင့် ကျွမ်းကျင်မှုများရရှိပြီး အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်သည်။ ဥပမာ- မြေမြှုပ်ဗုံးများကို ရှောင်ရှားနည်း၊ လိင်မှုဆိုင်ရာ အကြမ်းဖက် မခံရအောင် ကာကွယ်နည်း၊ HIV ကူးစက်မခံရအောင် ရှောင်ရှားနည်း၊ အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များကို သိရှိနိုင်သည်။

ပညာသင်ယူခွင့်ရရှိခြင်းဖြင့် နေ့စဉ်ပုံမှန်ဘဝကို ပြန်လည်ရရှိပြီဟူသော တည်ငြိမ်သည့် စိတ်ခံစားမှုဖြစ်ပေါ်စေနိုင်ပြီး၊ နောင်ရေးအတွက် မျှော်လင့်ချက်များကိုလည်း ပေးစွမ်းနိုင်သဖြင့် ဘေးအန္တရာယ်များနှင့် ပဋိပက္ခများကြောင့် ဖြစ်ပေါ်သော လူမှုစိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများကို လျော့ပါးစေသည်။ ပြဿနာကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် သတင်းအချက်အလက်များနှင့် ကျွမ်းကျင်မှုများ ရရှိလာသောအခါ အန္တရာယ်ရှိသောဝန်းကျင်တွင် မိမိနှင့်အခြားသူများ အသက်ရှင်ရပ်တည်နိုင်ရန် မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ သတင်းအရင်းအမြစ် အမျိုးမျိုးမှ ရရှိသော သတင်းအချက်အလက်များနှင့် ပတ်သက်၍ စဉ်းစားချင့်ချိန်တတ်အောင်လည်း ပညာရေးက ကူညီပေးသည်။

ကျောင်းများနှင့် အခြားသင်ယူရန်နေရာများသည် ပညာရေးသာမက ကာကွယ်စောင့်ရှောက်ရေး၊ အာဟာရဖြည့်တင်းရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ စသည့် အခြေခံပံ့ပိုးမှုများကို ပေးသည့် နေရာအဖြစ် ဆောင်ရွက်နိုင်သည်။ သို့ဖြစ်၍ ပညာရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ခိုလှုံရာနေရာ၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ကဏ္ဍအသီးသီးရှိ လုပ်ငန်းလုပ်ဆောင်သူများအကြား ညှိနှိုင်းဆောင်ရွက်မှုဖြင့် ဘေးကင်းလုံခြုံသော သင်ယူသူပျော်သည့်နေရာများ ထူထောင်ရန် အရေးကြီးပါသည်။

အရည်အသွေးရှိပညာရေးသည် လူ့အဖွဲ့အစည်း၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုကို တိုက်ရိုက်ပံ့ပိုးအကျိုးပြုသည်။ ပေါင်းစည်းညီညွတ်စေခြင်း၊ ပဋိပက္ခဖြေရှင်းရေးနည်းလမ်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတို့ကို မြှင့်တင်ပေးခြင်းဖြင့် ပြင်းထန်သော ပဋိပက္ခများ ဖြစ်ပွားလာမည့် အန္တရာယ်ကို လျှော့ချပေးနိုင်သည်။ ပဋိပက္ခဖြစ်ပွါးသော ဒေသတွင်းရှိ ပြည်သူလူထုသည် ပညာတတ်များဖြစ်ပါက ရေရှည် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများသည် သိသာစွာ တိုးတက်လာနိုင်ပါသည်။ သို့ရာတွင် ပညာရေးသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအပေါ် မလိုလားအပ်သော အကျိုးသက်ရောက်မှုများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ သင်ယူသူအချို့ကို ပညာသင်ယူခွင့်မပေးခြင်းဖြင့် လူမှုရေးဆိုင်ရာ မညီမျှမှုများနှင့် ဘက်လိုက်မှုများကို ဖြစ်ပေါ်စေသည်။ ထို့အပြင် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှုပုံစံများက ဘက်လိုက်မှု ရှိနေလျှင်လည်း ပညာရေးသည် ပဋိပက္ခဖြစ်ပွားစေနိုင်သည့် အကြောင်းရင်းတစ်ရပ် ဖြစ်လာနိုင်သည်။ ပဋိပက္ခကာလအတွင်း ပညာရေးအဆောက်အဦးနှင့် အထောက်အကူပစ္စည်းများသည် ပစ်မှတ်ဖြစ်လာနိုင်သကဲ့သို့ ကျောင်းသူကျောင်းသားများနှင့် ပညာရေးဝန်ထမ်းများ ကျောင်းသွားကျောင်းပြန်လမ်း၌ တိုက်ခိုက်ခံရခြင်းမျိုးလည်း ကြုံတွေ့လာနိုင်သည်။ အရေးပေါ်အခြေအနေ ဖြစ်လျှင်ဖြစ်ချင်း စတင်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်၍ ကောင်းစွာရေးဆွဲထားသော ပညာရေးအစီအစဉ်သည် ဘေးဒဏ်ခံလူ့အဖွဲ့အစည်းများကို ငြိမ်းချမ်းမှုနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး ပညာရေးစနစ်များကိုလည်း ကာကွယ်ပေးနိုင်ပါသည်။

အကျပ်အတည်း အခက်အခဲများကြောင့် နိုင်ငံတော်၊ ရပ်ရွာလူထုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ပိုမိုညီညွတ်မျှတသော ပညာရေးစနစ်များနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဖြစ်ထွန်းစေနိုင်ပါသည်။ ကလေးငယ်များ၊ မိန်းကလေးများ၊ ပျိုဖော်ဝင်အရွယ်များ၊ မသန်စွမ်းကလေးများ၊ ဒုက္ခသည်များနှင့် ပြည်တွင်း နေရာ ရွှေ့ပြောင်းခံရသူများစသည့် ဘေးဖယ်ထားခံရလေ့ရှိသူများကို ပညာသင်ယူခွင့် ရရှိလာစေနိုင်သည်။ ယင်းအချက်မှာ အကျပ်အတည်း အခက်အခဲများကြောင့် အရည်အသွေးရှိပညာရေးကို သင်ယူခွင့် ပိုမိုရရှိလာစေသော အကျိုးကျေးဇူးပင်ဖြစ်သည်။

ရပ်ရွာလူထုသည် အကျပ်အတည်း စိန်ခေါ်မှုများမှ ကျွမ်းကျင်မှုအသစ်များနှင့် တန်ဖိုးထားမှုအသစ်များ သင်ယူရရှိသွားနိုင်သည်။ ဥပမာ- လူတိုင်းအကျုံးဝင် ပညာရေးဆောင်ရွက်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် သည်းခံနိုင်ခြင်း၊ ပဋိပက္ခဖြေရှင်းခြင်း၊ လူ့အခွင့်အရေးကို အလေးထားခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဘေးအန္တရာယ်တားဆီးကာကွယ်ခြင်း စသည်တို့ဖြစ်သည်။ အရေးပေါ်အခြေအနေမှသည် ပြန်လည်ထူထောင်ရေးကာလတစ်လျောက် ပညာရေးသည် ဆီလျော်ဆက်စပ်မှုရှိရန် အရေးကြီးပေသည်။ အခြေခံ စာရေးစာဖတ်နှင့် အတွက်အချက်တို့ကို သင်ကြားပေးသင့်သည်။ သင်ယူသူ၏ လိုအပ်ချက်နှင့် ကိုက်ညီသော၊ ဝေဖန်ပိုင်းခြားနိုင်ခြင်းကို အားပေးသော သင်ရိုးညွှန်းတမ်းများ ဖြစ်သင့်သည်။ ဘေးအန္တရာယ်များအကြောင်း သင်ကြားပေးခြင်း၊ ကျောင်းများကို ရပ်ရွာလူထုအတွက် ဘေးအန္တရာယ်လျှော့ချရေးဌာနများအဖြစ် အသုံးပြုနိုင်ခြင်း၊ ကလေးသူငယ်များနှင့် လူငယ်များအား ဘေးအန္တရာယ်တားဆီးရေးတွင် ဦးဆောင်သူများ ဖြစ်လာစေခြင်းတို့ဖြင့် ပညာရေးက ဘေးကင်းလုံခြုံစွာ နေထိုင်တတ်မှုနှင့် ခံနိုင်ရည်ရှိမှုကို ဖြစ်ပေါ်စေနိုင်သည်။

## လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုတွင် ပညာရေးက မည်သို့ပါဝင်ဆောင်ရွက်နိုင်ပါသလဲ။

ရပ်ရွာလူထုသည် အကျပ်အတည်းကာလများတွင်ပင် ပညာရေးကို ဦးစားပေးပါသည်။ ကျောင်းများနှင့် သင်ယူရာနေရာများသည် ရပ်ရွာ၏ အဓိကကျသော နေရာများတွင် တည်ရှိလေ့ရှိပြီး၊ မျိုးဆက်သစ်များ အနာဂတ်ကောင်းစားရေးအတွက် အခွင့်အလမ်းနှင့် ပိုမိုကောင်းမွန်သောဘဝမျှော်လင့်ချက်ကို ဖန်တီးပေးနိုင်သည့် နေရာများဖြစ်သည်။ သင်ယူသူများနှင့် ၎င်းတို့၏ မိသားစုများတွင် ပြင်းပြသော ဆန္ဒရည်မှန်းချက်များ ရှိကြပြီး ပညာရေးသည် လူပုဂ္ဂိုလ်တိုင်းအား သူတို့၏လူမှုဝန်းကျင်ဘဝတွင် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအရ အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်စေသော အဓိကသော့ချက်ဖြစ်သည်။

မကြာသေးမီကာလအထိ လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းတွင် အစားအစာ၊ ခိုလှုံရာနေရာ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပံ့ပိုးပေးမှုများ ပါဝင်ခဲ့ပါသည်။ ပညာရေးကိုမူ အရေးပေါ်အခြေအနေများ အတွက် လိုအပ်သော တုံ့ပြန်မှုတစ်ရပ်ဟု မယူဆကြပဲ ရေရှည် ဖွံ့ဖြိုးရေးလုပ်ငန်း တစ်ရပ်အဖြစ်

ရှုမြင်ခဲ့ကြသည်။ သို့သော် ယခုအခါတွင်မူ ပညာရေးကြောင့် ဘဝရှင်သန်ခွင့်ရနိုင်ပြီး အသက်များ ကယ်တင်နိုင်သည်ဟု အသိအမှတ်ပြုလာကြကာ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုများတွင် ပညာရေးကို ထည့်သွင်းရမည်ဟု အရေးတကြီး စဉ်းစားသုံးသပ်လာကြပြီဖြစ်သည်။

အရေးပေါ် ကယ်ဆယ်ရေး လုပ်ငန်းတွင်သာမက လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုများကို စီစဉ်ဆောင်ရွက်ရာတွင် ပညာရေးသည် မဖြစ်မနေ ထည့်သွင်းရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ သင်ယူသူများအားလုံး၏ အခွင့်အရေးနှင့် လိုအပ်ချက်ကို အထိရောက်ဆုံး တုံ့ပြန်ဖြည့်ဆည်းပေးနိုင်ရန် ပညာရေးနှင့် အခြားကဏ္ဍများအကြား ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများသည် အလွန်အရေးကြီးသည်။ ဤအချက်ကို Sphere- INEE Companionship Agreement နှင့် Inter-Agency Standing Committee (IASC) ၏ Education Cluster စာအုပ် (နည်းဗျူဟာမြောက်ချိတ်ဆက်မှုများအပိုင်း၊ စာမျက်နှာ ၁၅-၁၆) တွင် ထင်ဟပ်တင်ပြထားသည်။

လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုကို ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းကာလမှသည် အရေးပေါ်ကာလနှင့် ပြန်လည်ထူထောင်ရေး အစောပိုင်းကာလ လုပ်ငန်းများ ဆောင်ရွက်ခြင်းအထိ ပါဝင်သည့် လုပ်ငန်းစဉ်အဖြစ် သတ်မှတ်ကြသည်။ ကာလရှည်ကြာစွာ မငြိမ်မသက်ဖြစ်နေသည့် အခြေအနေများတွင် ဤအစီအစဉ်အတိုင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိတတ်ပါ။ သို့သော် ဤလုပ်ငန်းစဉ်သည် စိစစ်ပိုင်းခြားမှုနှင့် အစီအစဉ်ရေးဆွဲခြင်းအတွက် အသုံးဝင်သော မူဘောင်ချမှတ်ဆောင်ရွက်နိုင်ရေးကို ပေးစွမ်းနိုင်သည်။

## INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များဆိုသည်မှာ အဘယ်နည်း။

INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များလက်စွဲစာအုပ်တွင် စံသတ်မှတ်ချက်ပေါင်း (၁၉) ခုပါရှိပြီး တစ်ခုချင်းစီအတွက် ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းများနှင့် လမ်းညွှန်ချက်မှတ်စုများ တွဲဖက်ပါဝင်သည်။ ဤလမ်းညွှန်စာအုပ်သည် ပညာရေးနှင့် ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရည်အသွေးမြင့်မားစေရန်၊ ဘေးကင်းလုံခြုံပြီး ဆီလျော်ဆက်စပ်မှုရှိသော ပညာသင်ယူမှု အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် ယင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ တာဝန်ခံနိုင်မှု ရှိစေရန် ရည်ရွယ်ပါသည်။

အရေးပေါ်ကာလ ပညာရေးအတွက် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများကွန်ရက် (Inter-Agency Network for Education in Emergencies– INEE) သည် ကမ္ဘာတစ်ဝန်းမှ နိုင်ငံအဆင့်အဖွဲ့အစည်းများ၊ လက်တွေ့ဆောင်ရွက်သူများ၊ မူဝါဒရေးဆွဲသူများ၊ ပညာရှင်များ၊ ပညာရေးဆိုင်ရာပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီး ၂၀၀၄ ခုနှစ်တွင် ဤလမ်းညွှန်စာအုပ်ကို ပြုစုထုတ်ဝေခဲ့ပြီး၊ ၂၀၁၀ ပြည့်နှစ်တွင် မွမ်းမံပြင်ဆင်မှုတို့အတွက် ပံ့ပိုးကူညီဆောင်ရွက်ခဲ့သည် (အသေးစိတ် အချက်အလက်များကို အောက်တွင် ဖော်ပြထားသည်)။ INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်မှတ်စုများကို သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခအခြေအနေ၊ ဘေးအန္တရာယ်ကို တဖြည်းဖြည်းခြင်းနှင့် အလျင်အမြန် စတင်ဖြစ်ပေါ်စေတတ်သော အခြေအနေများ၊ မြို့ပြနှင့်ကျေးလက်တွင် ဖြစ်ပွားသော အရေးပေါ်အခြေအနေများ အပါအဝင် အခြေအနေအမျိုးမျိုးတွင် တုံ့ပြန်သုံးစွဲနိုင်အောင် စီစဉ်ပြုစုထားသည်။

ဤလက်စွဲစာအုပ်သည် ဘေးဒဏ်ခံရသူများ၏ သိက္ခာကို မထိပါးစေဘဲ ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုဖြင့် အရည်အသွေးရှိသော လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှု ဆောင်ရွက်နိုင်ရေးကို ဦးတည် ရည်ရွယ်ပါသည်။ ပညာရေးကဏ္ဍတွင် လူသားချင်းစာနာမှု အကူအညီနှင့် ဖွံ့ဖြိုးတိုးတက်မှု အကူအညီတို့အကြား ညှိနှိုင်းဆောင်ရွက်ရန်လည်း အရေးကြီးသည်။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားသော အခြေအနေမျိုးတွင် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းတတ်ပါသည်။ ဤသို့သော အခြေအနေများတွင် လူသားချင်းစာနာမှု အကူအညီပေးသော အဖွဲ့များနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်သော အဖွဲ့အစည်းများသည် ပညာရေးပံ့ပိုးကူညီမှုများကို တစ်ပြိုင်တည်း ဆောင်ရွက်ပေးလေ့ရှိသည်။ ယင်းအဖွဲ့အစည်းများအကြား ဆွေးနွေးညှိနှိုင်း၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းသည် ပညာရေးကို ထိရောက်စွာ ပံ့ပိုးကူညီနိုင်ရေးအတွက် အရေးပါလှသည်။ ယင်းအချက်သည် လူသားချင်းစာနာမှုအကူအညီမှ

ဖွံ့ဖြိုးရေးအကူအညီသို့ ကူးပြောင်းနေစဉ် ကာလအတွက်လည်း လွန်စွာအရေးပါသည်။ ဤလက်စွဲစာအုပ်သည် အရေးပေါ်အခြေအနေများအတွက် မည်သို့ပြင်ဆင်ရမည်၊ မည်သို့တုံ့ပြန်ရမည်ကို လမ်းညွှန်ပေးပါသည်။ ယင်းတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချခြင်း၊ ကြိုတင်ပြင်ဆင်မှုကို ပိုမိုကောင်းမွန်စေခြင်းနှင့် အရည်အသွေးရှိပညာရေးအတွက် အခြေခံကောင်း ချမှတ်ခြင်းဆိုင်ရာ နည်းလမ်းများ ပါဝင်သည်။ ဤလမ်းညွှန်ချက်များသည် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးကာလများတွင် ပိုမိုဘေးကင်းလုံခြုံသော ပညာရေးစနစ်များကို တည်ဆောက်ခြင်းကို အထောက်အကူဖြစ်စေပါသည်။

## INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များကို မည်သို့ဖော်ထုတ်သတ်မှတ်ခဲ့ပါသလဲ။

၂၀၀၃-၂၀၀၄ ခုနှစ်တွင် ရပ်ရွာအဆင့်၊ နိုင်ငံအဆင့်၊ ဒေသအဆင့် ပါဝင်ညှိနှိုင်းဆွေးနွေးမှုများ၊ INEE အီးမေးဆက်သွယ်မှု အစီအစဉ်မှ အွန်လိုင်းဆွေးနွေးမှုများ၊ လုပ်ငန်းတူအုပ်စုအလိုက် သုံးသပ်ဆွေးနွေးပွဲများဖြင့် INEEအနိမ့်ဆုံး စံသတ်မှတ်ချက်များကို ပူးပေါင်းဖော်ထုတ်ပြီး အခြေအတင် ဆွေးနွေးကာ သဘောတူညီခဲ့ကြသည်။ ဤသို့ လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် ညှိနှိုင်းဆွေးနွေးမှုများကို ဆောင်ရွက်ခြင်းက INEEလမ်းညွှန်မှုများဖြစ်သော ပူးပေါင်း ဆောင်ရွက်ခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ ကုန်ကျစရိတ်နည်းနည်းနှင့် ထိရောက်ခြင်း၊ တိုင်ပင်ဆွေးနွေး ဆုံးဖြတ်ချက်ချခြင်းတို့ကို ထင်ဟပ် ပေါ်လွင်စေသည်။ ဤစာအုပ် ပထမအကြိမ်ထုတ်ဝေစဉ်က နိုင်ငံပေါင်း (၅၀) ကျော်မှပုဂ္ဂိုလ် (၂၂၅၀) ကျော်တို့ ပူးပေါင်း ပါဝင်ပြုစုခဲ့ကြသည်။ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ဤလက်စွဲစာအုပ်ကို အကဲဖြတ်သုံးသပ်ချက်များနှင့် လက်တွေ့အသုံးပြုသူများ၏ အကြံပြုချက်များကို အခြေခံပြီး ပြင်ဆင်မွမ်းမံခဲ့ပါသည်။ ဤတစ်ကြိမ်တွင်-

- အရေးပေါ်ကာလ ပညာရေး၏ လတ်တလောတိုးတက်ဖြစ်ထွန်းမှုများကို ထင်ဟပ်ဖော်ပြထားပါသည်။
- ဤစာအုပ်ကို အသုံးပြုခဲ့သူများ၊ ဤစာအုပ်ပါ စံသတ်မှတ်ချက်များကို မိမိတို့၏ ဆက်စပ်အခြေအနေနှင့် လိုက်လျောညီထွေစွာ ပြင်ဆင်အသုံးပြုနေသူများ၏ အတွေ့အကြုံများနှင့် လက်တွေ့လုပ်ဆောင်မှု နမူနာကောင်းများကို ထည့်သွင်း ဖော်ပြထားသည်။
- ၂၀၀၄ခုနှစ်ထုတ်လက်စွဲစာအုပ်ထက် ပိုမိုအဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ရန် စီစဉ်ထားသည်။

၂၀၁၀ခုနှစ်ထုတ် INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များ ဖြည့်စွက်ပြင်ဆင်မှုသည် မူရင်း ဆွေးနွေးညှိနှိုင်း တိုင်ပင်သည့် လုပ်ငန်းစဉ်ကိုလည်းကောင်း၊ ပညာရေး၊ လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေးကဏ္ဍများတွင် လက်တွေ့ဆောင်ရွက်နေသူများ၊ မူဝါဒ ချမှတ်သူများနှင့် INEE၏ ခိုင်မာသော ဆက်စပ်မှုများကိုလည်းကောင်း အခြေခံသည်။ ကမ္ဘာတစ်ဝန်းမှ လူပေါင်း(၁၀၀၀)ကျော် ပါဝင်သော ဤလုပ်ငန်းစဉ်တွင် လက်စွဲစာအုပ်နှင့် စပ်လျဉ်းသော တုံ့ပြန်အကြံပြုချက်များကို စိစစ်ခြင်း၊ အွန်လိုင်းမှ အကြံပြု ဆွေးနွေးခြင်း၊ ကျွမ်းကျင်ပညာရှင်အုပ်စုများ၏ တိုင်ပင်ဆွေးနွေးခြင်းမှတစ်ဆင့် ကဏ္ဍတိုင်းတွင် တွေ့ကြုံနိုင်သည့် ပြဿနာ ကိစ္စရပ်များကို ဖော်ထုတ်အတည်ပြုခြင်း၊ နယ်ပယ်တစ်ခုစီအတွက် စံသတ်မှတ်ချက်များကို စုစည်းခြင်း၊ လုပ်ငန်းတူ အုပ်စုအလိုက် သုံးသပ်ဆွေးနွေးပွဲများနှင့် INEEအဖွဲ့ဝင်များ၏ အီးမေးဆက်သွယ်မှု ကွန်ရက်မှတစ်ဆင့် အွန်လိုင်းသုံးသပ်ချက်များ ပါဝင်သည်။

## သိက္ခာရှိသောဘဝရရှိစေမည့်လူ့အခွင့်အရေးမူဘောင်

လူ့အခွင့်အရေး၊ လူသားချင်းစာနာမှုနှင့် ဒုက္ခသည်ဆိုင်ရာဥပဒေသည် နိုင်ငံတကာဥပဒေဆိုင်ရာ သဘောတူညီချက်နှင့် စည်းမျဉ်း သတ်မှတ်ချက်များ၏ အဓိကအစိတ်အပိုင်းဖြစ်သည်။ ယင်းသည် ငြိမ်းချမ်းသည့် ကာလတွင်သာမက ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်ကာလတွင်ပါ လူသားတို့ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများ ရရှိရေးအတွက် အာမခံချက်ဖြစ်စေသည်။ INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များသည် လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများတွင် ဖော်ပြထားသည့် လူ့အခွင့်အရေးများ၊ အထူးသဖြင့် ပညာသင်ယူခွင့်ရှိရေးတို့မှ ပေါက်ဖွားလာခြင်းဖြစ်သည်။

Jomtien ကြေညာစာတမ်း (၁၉၉၀ခုနှစ်)၊ လူတိုင်းအတွက် ပညာရေးတိုးမြှင့်ဆောင်ရွက်ရန် ကမ္ဘာ့ပညာရေးဖိုရမ်မူဘောင် (၂၀၀၀ခုနှစ်)နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်များ (၂၀၀၀ခုနှစ်) တို့သည် ဥပဒေပြဋ္ဌာန်းပေးရုံသာမက ပညာသင်ယူခွင့် ရရှိစေရေးကို အခိုင်အမာအတည်ပြုပေးသည်၊ အချို့နေရာများတွင် ပညာသင်ယူခွင့် ပိုမိုရရှိစေသည်။ ဤကြေညာစာတမ်းများက

အကျပ်အတည်းကာလအတွင်း ဒုက္ခသည်များနှင့် ပြည်တွင်း ရွှေ့ပြောင်း နေရာချထားခံရသူများအတွက် ပညာသင်ယူခွင့် ရရှိရေးကို အထူးအလေးပေးသည်။ ယင်းတို့သည် ကလေးသူငယ်ပြုစုပျိုးထောင်ခြင်း၊ လူကြီးလူငယ် အားလုံးအတွက် သင်ယူမှုအစီအစဉ်များကို လက်လှမ်းမီစေခြင်းနှင့် လက်ရှိ ပညာရေးအစီအစဉ်များ၏ အရည်အသွေးကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ကို အလေးထားသည်။

INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များသည် Sphere စီမံချက်၏ လူသားချင်းစာနာမှုဆိုင်ရာ ပဋိညာဉ်စာတမ်းကိုလည်း အခြေခံသည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ၊ ဒုက္ခသည်များဆိုင်ရာ ဥပဒေနှင့် ဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့နှင့် အန်ဂျီအိုများ၏ လုပ်ငန်းကျင့်ဝတ်များ အပေါ်တွင်လည်း အခြေခံသည်။ လူသားချင်းစာနာမှုဆိုင်ရာ ပဋိညာဉ်စာတမ်းတွင် ဘေးအန္တရာယ်နှင့် လက်နက်ကိုင် ပဋိပက္ခဒဏ်ခံရသူတိုင်းသည် သိက္ခာရှိပြီး ဘေးကင်းလုံခြုံသော ဘဝအခြေခံအနေအထား ရရှိရန် ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီပံ့ပိုးမှုကို ရပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။ ယင်းတွင် နိုင်ငံတော်ကလည်းကောင်း၊ အချင်းချင်း တိုက်ခိုက်နေသော စစ်အုပ်စုများကလည်းကောင်း ဥပဒေကြောင်းအရ တာဝန်ယူရမည်ဖြစ်ကြောင်း ထောက်ပြထားသည်။ သက်ဆိုင်ရာ အာဏာပိုင်များက ထိုတာဝန်ကို မလုပ်ဆောင်နိုင်လျှင်၊ လုပ်ဆောင်ရန်ဆန္ဒမရှိလျှင် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအား ဘေးဒဏ်ခံရသူများကို ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီပံ့ပိုးမှုပေးရန် ခွင့်ပြုပေးရပါမည် (**www.sphereproject.org** ကိုကြည့်ပါ)။

**INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များအခြေခံရာ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ ပြဋ္ဌာန်းချက်များ**

- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း (၁၉၄၈) (ပိုဒ်ခွဲ ၂၊ ၂၆)
- စတုတ္ထမြောက် ဂျီနီဗာသဘောတူညီချက် (၁၉၄၉) (ပိုဒ်ခွဲ၃၊ ၂၄၊ ၅၀) နှင့် နောက်ဆက်တွဲညှိနှိုင်းချက်မှတ်တမ်း-၂ (၁၉၇၇) (ပိုဒ်ခွဲ ၄. ၃ (က))
- ဒုက္ခသည်များဆိုင်ရာသဘောတူညီချက် (၁၉၅၁) (ပိုဒ်ခွဲ ၃၊၂၂)
- အများပြည်သူရပိုင်ခွင့်နှင့်နိုင်ငံရေးရပိုင်ခွင့်ဆိုင်ရာနိုင်ငံတကာပဋိညာဉ်စာအုပ် (၁၉၆၆) (ပိုဒ်ခွဲ ၂)
- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရပိုင်ခွင့်များဆိုင်ရာနိုင်ငံတကာပဋိညာဉ်စာချုပ် (၁၉၆၆) (ပိုဒ်ခွဲ ၂၊ ၁၃၊ ၁၄)
- အမျိုးသမီးများအားခွဲခြားဆက်ဆံမှုပပျောက်ရေးသဘောတူညီချက်(၁၉၇၉) (ပိုဒ်ခွဲ ၁၀)
- ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူညီချက် (၁၉၈၉) (ပိုဒ်ခွဲ ၂၊ ၂၂၊ ၂၈၊ ၂၉၊ ၃၀၊ ၃၈၊ ၃၉)
- အပြည်ပြည်ဆိုင်ရာပြစ်မှုခုံရုံးရောမဥပဒေ (၁၉၉၈) (ပိုဒ်ခွဲ ၈ (၂) (ခ) (၉) နှင့် ၈ (၂) (င) (၄))
- ပြည်တွင်းနေရာရွှေ့ပြောင်းချထားခြင်းဆိုင်ရာ လမ်းညွှန်ချက်ဥပဒေ (၁၉၉၈) (စာပိုဒ်၂၃)
- မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူညီချက် (၂၀၀၆) (ပိုဒ်ခွဲ ၂၄)

## အရေးပေါ်အခြေအနေများတွင် ပညာသင်ယူခွင့်ရှိပါသလား။

ရှိပါသည်။ လူ့အခွင့်အရေးများသည် လူသားအားလုံးနှင့်သက်ဆိုင်ပြီးအရေးပေါ်အခြေအနေများ၌ပင်လျှင် ရပိုင်ခွင့် ရှိသည်။

ပညာသင်ယူခွင့်သည် လူတိုင်းအတွက် အခွင့်အရေးဖြစ်သကဲ့သို့ အခြားလူ့အခွင့်အရေးများကိုလည်း ရရှိခွင့်ပေးသည်။ ပညာရေးက လူတို့အား အစွမ်းကုန် ဖွံ့ဖြိုးစေသည့် ကျွမ်းကျင်မှုများ၊ အသက်ရှင်နေထိုင်နိုင်ရေး၊ ကျန်းမာရေးစသည့် အခြားအခွင့်အရေးများရရှိရေးကို ပေးစွမ်းနိုင်သည်။ ဥပမာ- လူတစ်ဦးသည် မြေမြှုပ်မိုင်းများ အန္တရာယ် သတိပေးချက်ကို ဖတ်နိုင်ပြီဆိုပါက မိုင်းများမြှုပ်ထားသည့် ကွင်းပြင်ကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ အခြေခံ စာရေးစာဖတ်တတ်ခြင်းက ကျန်းမာရေးအတွက်လည်း အထောက်အကူပြုသည်။ ဆရာဝန်ညွှန်ကြားချက်များကို ဖတ်တတ်လာပြီး ဆေးပုလင်းပေါ်မှ ဆေးညွှန်းညွှန်ကြားချက်အတိုင်း မှန်ကန်စွာ လိုက်နာသောက်သုံးတတ်မည် ဖြစ်သည်။

လူတိုင်းအား အရည်အသွေးရှိပညာရရှိရေးအတွက် ပံ့ပိုးပေးခြင်းသည် နိုင်ငံတော်၏ အဓိကဦးစားပေး တာဝန်တစ်ရပ်ဖြစ်ပြီး၊ ၄င်းတာဝန်ကို ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ထမ်းများထံ ပေးအပ်ထားသည်။ အရေးပေါ်အခြေအနေများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ အန်ဂျီအိုများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများကလည်း ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။ သက်ဆိုင်ရာ ရပ်ရွာဒေသအဆင့်နှင့် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများက မလုပ်ဆောင်နိုင်သော၊ တာဝန်ရှိသော်လည်း မလုပ်ဆောင်လိုသော အခြေအနေ စပ်ကြားကာလတွင် ဤအဖွဲ့အစည်းများက ပညာရေးပံ့ပိုးမှုများကို ဆောင်ရွက်ပေးနိုင်သည်။ ပါဝင်ပတ်သက်သူအားလုံးက အရည်အသွေးရှိပညာရေး ဆောင်ရွက်ပေးနိုင်ရန် INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များလက်စွဲစာအုပ်သည် လက်တွေ့လုပ်ဆောင်မှု နမူနာကောင်းများကို ဖော်ပြပေးသည်။

'အရည်အသွေးရှိပညာရေး' သည် ရရှိနိုင်သော၊ သင်ယူခွင့်ရှိသော၊ လက်ခံနိုင်သော၊ လိုက်လျောညီထွေ ပြောင်းလဲနိုင်သော ပညာရေးကို ဆိုလိုသည်။ INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များသည် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ၏ အသုံးအနှုန်း ဝေါဟာရနှင့် ဆိုလိုရင်းအနှစ်သာရများကို ပညာရေးစီမံကိန်းများ၏ အခြေခံအဖြစ် အသုံးပြုသည်။ ပါဝင်ဆောင်ရွက်ခြင်း၊ တာဝန်ခံခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းဟူသည့် သဘောတရားများကို လက်တွေ့ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးရှိပညာရေးကိုရရှိစေသည်။


## INEEအနိမ့်ဆုံးစံသတ်မှတ်ချက်လက်စွဲစာအုပ်အသုံးပြုခြင်း

## INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များတွင် မည်သည့်အကြောင်းအရာများ ပါဝင်သနည်း။

INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို နယ်ပယ် ၅ ခုဖြင့် ဖွဲ့စည်းထားသည်။

*အခြေခံစံသတ်မှတ်ချက်များ-* ယင်းစံသတ်မှတ်ချက်များတွင် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ရပ်ရွာလူထုပါဝင်ဆောင်ရွက်ခြင်းနှင့် စိစစ်ပိုင်းခြားခြင်းတို့ ပါဝင်သည်။ ဘက်စုံအရည်အသွေးရှိသော တုံ့ပြန်မှုဖြစ်လာစေရန် ဤစံသတ်မှတ်ချက်များကို နယ်ပယ်အားလုံးတွင် အသုံးချသင့်သည်။ ဆက်စပ်အခြေအနေများကို ပိုမိုနားလည်သဘောပေါက်ရန်နှင့် ကျန်နယ်ပယ်အသီးသီးရှိ စံသတ်မှတ်ချက်များကို ပိုမိုဆီလျော်စွာ အသုံးချနိုင်ရန် ဤစံသတ်မှတ်ချက်များသည် စီမံချက်လုပ်ငန်း စက်ဝန်း အဆင့်တိုင်းတွင် အားနည်းချက်၊ အခက်အခဲ၊ လိုအပ်ချက်များကို ကောင်းစွာရှာဖွေဖော်ထုတ်ရန် လိုအပ်ကြောင်းကို အထူးအလေးပေးဖော်ပြသည်။

*ပညာသင်ယူခွင့်နှင့်သင်ယူမှုပတ်ဝန်းကျင်-* ဤနယ်ပယ်အတွက် စံသတ်မှတ်ချက်များသည် ဘေးကင်းလုံခြုံပြီး ဆီလျော်ဆက်စပ်မှုရှိသော သင်ယူမှုအခွင့်အလမ်းများ လက်လှမ်းမီရေးကို အဓိကထားသည်။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး၊ အာဟာရနှင့် ခိုလှုံရာနေရာ စသည့် အခြားကဏ္ဍများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို အလေးပေးခြင်းဖြင့် ဘေးကင်းလုံခြုံရေး၊ ရုပ်ပိုင်း၊ အသိဉာဏ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ချမ်းသာသုခများကို ပေးစွမ်းနိုင်သည်။




*သင်ကြားခြင်းနှင့်သင်ယူခြင်း-* ဤနယ်ပယ်အတွက် စံသတ်မှတ်ချက်များသည် ထိရောက်သော သင်ကြား-သင်ယူမှုဖြစ်အောင် မြှင့်တင်ပေးသည့် သင်ရိုးညွှန်းတမ်းများ၊ လေ့ကျင့်သင်တန်းပေးခြင်းများ၊ အတတ်ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ပံ့ပိုးမှု၊ သင်ကြား-သင်ယူမှုဖြစ်စဉ်များ၊ သင်ယူမှုရလဒ်များကို စစ်ဆေးအကဲဖြတ်ခြင်းစသည့်ကိစ္စရပ်တို့ကို အဓိကထားသည်။

*ဆရာ/မများနှင့်ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ-* ဤနယ်ပယ်အတွက် စံသတ်မှတ်ချက်များသည် ပညာရေးဆိုင်ရာ လူသားရင်းမြစ် စီမံခန့်ခွဲခြင်းတို့ပါဝင်သည်။ ဝန်ထမ်းရွေးချယ်ခန့်ထားခြင်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ကြီးကြပ်ကွပ်ကဲ ခြင်းနှင့် ပံ့ပိုးပေးမှုများ ပါဝင်သည်။

*ပညာရေးမူဝါဒ-* ဤနယ်ပယ်အတွက် စံသတ်မှတ်ချက်များသည် မူဝါဒချမှတ်ခြင်းနှင့် အတည်ပြုခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို အလေးပေးသည်။

ဤလက်စွဲစာအုပ်၏ အခန်းတိုင်းသည် ပညာရေးလုပ်ငန်းဆိုင်ရာ နယ်ပယ်တစ်ခုချင်းစီကို တိကျစွာဖော်ပြသည်။ စံသတ်မှတ်ချက်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည်။ အရည်အသွေးရှိပညာရေးကို အထောက်အကူပေးရန် လမ်းညွှန်ချက်မှတ်စုများသည် အခြားနယ်ပယ်များမှ ဆီလျော်သောစံသတ်မှတ်ချက်များနှင့် ချိတ်ဆက်ဖော်ပြပေးသည်။

## ၂၀၁၀ခုနှစ်ထုတ်လက်စွဲစာအုပ်တွင် မည်သည့်အကြောင်းအရာ အသစ်များ ပါဝင်ပါသနည်း။

ယခင်လက်စွဲစာအုပ်နှင့် အကျွမ်းတဝင်ရှိထားသူများသည် ဤစာအုပ်ပါအကြောင်းအရာ အတော်များများကို သိရှိပြီး ဖြစ်လိမ့်မည်။

- ဤစာအုပ်တွင် ဆက်စပ်အခြေအနေစိစစ်ပိုင်းခြားခြင်းနှင့် အဓိကတွေ့ကြုံရမည့် ကိစ္စရပ်များကို ပိုမိုအားဖြည့် ထည့်သွင်းထားသည်။ ယင်းကိစ္စရပ်များမှာ ကာကွယ်စောင့်ရှောက်ခြင်း၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်း၊ ပဋိပက္ခ လျော့ပါးစေခြင်း၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချခြင်း၊ ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ကျား-မကဏ္ဍ၊ HIV/AIDS၊ လူ့အခွင့်အရေး၊ လူတိုင်းအကျုံးဝင်ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ခိုလှုံရာနေရာ၊ အစားအစာနှင့်အာဟာရ စသည့်ကဏ္ဍများအကြားချိတ်ဆက်မှုများနှင့် လူငယ်ကဏ္ဍတို့ဖြစ်သည်။ ယင်းတို့ကို အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ INEE Toolkit: **www.ineesite.org/toolkit** ကို ကြည့်ပါ။
- အညွှန်းကိန်းများကို ဖော်ပြခြင်းထက် စံသတ်မှတ်ချက်များ ပြည့်မီရေးအတွက် ဆောင်ရွက်ရန်လိုအပ်သော အဓိက လုပ်ငန်းများကို ထည့်သွင်းဖော်ပြထားသည် (စံသတ်မှတ်ချက်၊ အဓိကလုပ်ငန်းနှင့် လမ်းညွှန်ချက်မှတ်စုတို့၏ ခြားနားချက်အကြောင်း ရှင်းလင်းချက်စာစုကို နောက်စာမျက်နှာတွင် ကြည့်ပါ) ။
- ပညာရေးလုပ်ငန်းများအတွက် စံသတ်မှတ်ချက်များကို အခြေခံအဖြစ် အသုံးပြုရန်လိုအပ်ကြောင်း ထင်ဟပ်ပြရန် ပထမဆုံး နယ်ပယ်၏ အမည်ဖြစ်သော 'အမျိုးအစားအားလုံးအတွက် တူညီသောစံသတ်မှတ်ချက်များ' ကို 'အခြေခံ စံသတ်မှတ်ချက်များ' ဟု ပြောင်းလဲထားသည်။ ထို့အပြင် ပညာရေးလုပ်ငန်းအားလုံး၌ ညှိနှိုင်းဆောင်ရွက်မှု လိုအပ်သည့် အတွက် 'ညှိနှိုင်းဆောင်ရွက်မှုစံသတ်မှတ်ချက်'ကို ပညာရေးမူဝါဒနယ်ပယ်မှ ဤ'အခြေခံစံသတ်မှတ်ချက်များ' နယ်ပယ်သို့ ရွှေ့ပြောင်းထားသည်။

### ဆက်စပ်အခြေအနေစိစစ်ပိုင်းခြားခြင်း

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများသည် ဘေးဒဏ်ခံရသူများကို အဓိကထားသကဲ့သို့ INEEအနိမ့်ဆုံး စံသတ်မှတ်ချက်များကို ပြင်ဆင်ရေးသားရာတွင်လည်း ဘေးဒဏ်ခံရသူများကို အဓိကထားသည်။ ရင်းမြစ်များနှင့် စွမ်းအားများကို ညီမျှစွာ မခွဲဝေနိုင်ခြင်းကြောင့် လူသားများအပေါ် ဘေးအန္တရာယ်များနှင့် ပဋိပက္ခများ၏ သက်ရောက်မှုမှာ ကွဲပြားခြားနားနိုင်ပေသည်။ ထိခိုက်ခံရလွယ်သည့် အခြေအနေရှိခြင်းသည် လူသားတို့အပေါ် ဘေးအန္တရာယ်နှင့် ပဋိပက္ခတို့၏ ဆိုးကျိုးများ ပိုမိုသက်ရောက်စေသည်။ ထိခိုက်ခံရလွယ်မှုသည် လူမှုရေး၊ မျိုးဆက်၊ ရုပ်ဝတ္ထု၊ ဂေဟစနစ်၊ ဓလေ့ထုံးစံယဉ်ကျေးမှု၊ ပထဝီအနေအထား၊ စီးပွားရေးနှင့် နိုင်ငံရေး စသည့် ဆက်စပ်အခြေအနေများအပေါ် မူတည်သည်။ ထိခိုက်ခံရလွယ်သူများတွင် အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ကလေးများ၊ မိန်းကလေးများ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများတွင် ဝင်ရောက်ခဲ့ဖူးသူ ကလေးငယ်များနှင့် HIV ကူးစက်ခံထားရသူများ ပါဝင်နိုင်သည်။ စွမ်းဆောင်ရည်ဟူသည် လူတစ်ဦးချင်း၊ ရပ်ရွာလူထု၊ လူ့အဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်းများ အတွင်းရှိ ရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိစေသည့် အားသာချက်များ၊ ပင်ကိုယ်အရည်အချင်းများနှင့် ရင်းမြစ်များပေါင်းစည်းထားသည့် အင်အားကို ဆိုလိုသည်။

ဆက်စပ်အခြေအနေတစ်ခုက ထိခိုက်ခံရလွယ်မှုနှင့် စွမ်းဆောင်ရည်တို့အပေါ် လွှမ်းမိုးမှုများကို နားလည်ရန်အတွက် ပညာရေးတွင် ပါဝင်ပတ်သက်သူအားလုံးသည် ထပ်နေသော၊ ပြောင်းလဲနေသော ထိခိုက်ခံရလွယ်မှုနှင့် စွမ်းဆောင်ရည် အခြေအနေများကို ထည့်သွင်းစဉ်းစား၍ ရပ်ရွာဒေသအခြေအနေကို စိစစ်ပိုင်းခြားကြရန် လိုအပ်သည်။ အချို့သော အခြေအနေများတွင် မျိုးနွယ်စု၊ လူတန်းစားသို့မဟုတ် ဇာတ်နိမ့်ဇာတ်မြင့်၊ ပြောင်းရွှေ့နေရာချမှု၊ ဘာသာရေး သို့မဟုတ် နိုင်ငံရေးနှီးနွှယ်မှုတို့၏ အကျိုးဆက်ကြောင့် လူအများစုတွင် ပိုမိုထိခိုက်ခံရလွယ်လာနိုင်သည်။ ဤအချက်များသည် အရည်အသွေးရှိပညာရေး သင်ယူခွင့်ကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ဆက်စပ်အခြေအနေ တစ်ခုချင်းစီ အတွင်းရှိ လူတို့၏ လိုအပ်ချက်၊ ထိခိုက်ခံရလွယ်မှုနှင့် စွမ်းဆောင်ရည်တို့နှင့် စပ်လျဉ်း၍ ပြည့်စုံသော စိစစ်ပိုင်းခြားမှု ပြုလုပ်ခြင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများ ထိရောက်စေရေးအတွက် မရှိမဖြစ် အရေးပါသည်။ အခြေခံ စံသတ်မှတ်ချက်များနယ်ပယ်တွင် ပါဝင်သော ဆက်စပ်အခြေအနေ စိစစ်ပိုင်းခြားခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များကို ဤလက်စွဲစာအုပ် တစ်အုပ်လုံး၌ ထည့်သွင်းအသုံးပြုထားသည်။

အကျပ်အတည်းကာလတွင် လူတို့၏ ထိခိုက်ခံရလွယ်မှုကို လျှော့ချရန်အတွက် မိမိတို့၏ လက်ရှိခံနိုင်ရည်ရှိမှုနှင့် စွမ်းဆောင်ရည် အခြေအနေကို သိရှိပြီး ယင်းတို့ကိုအခြေခံပြီး ဆက်လက်မြှင့်တင် ဆောင်ရွက်ရပါမည်။ ရပ်ရွာဒေသ၏ တုံ့ပြန်မှုများကို နားလည်ပြီး ပံ့ပိုးပေးခြင်းနှင့် ဒေသခံများအား စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းတို့ကို အဓိက ဦးစားပေး ဆောင်ရွက်ရမည်။ 'အခြေခံစံသတ်မှတ်ချက်များ' နှင့် 'ဆက်စပ်အခြေအနေစိစစ်ပိုင်းခြားခြင်း' တို့ကို အားဖြည့်ထည့်သွင်းထားခြင်းဖြင့် ၂၀၁၀ ခုနှစ် လက်စွဲစာအုပ်သည် ပညာရေးကဏ္ဍ၏ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းတို့တွင် ဆက်စပ်အခြေအနေ၊ ထိခိုက်ခံရလွယ်မှု အခြေအနေနှင့် စွမ်းဆောင်ရည်တို့ကို ကျယ်ပြန့်စွာနားလည်စေနိုင်သည်။

### စံသတ်မှတ်ချက်၊ အဓိကလုပ်ငန်းနှင့် လမ်းညွှန်ချက်မှတ်စုတို့အကြား မည်သည့် ခြားနားချက်ရှိသနည်း။

စံသတ်မှတ်ချက် တစ်ခုချင်းစီကို စီစဥ်ဖွဲ့စည်းမှုပုံစံတူဖြင့် တင်ပြထားသည်။ ပထမဦးစွာ ***အနိမ့်ဆုံးစံသတ်မှတ်ချက်များ***ကို သတ်မှတ်ပါသည်။ ယင်းစံသတ်မှတ်ချက်တို့သည် ဘေးအန္တရာယ် သို့မဟုတ် ပဋိပက္ခဒဏ်ခံရသူများ၏ သိက္ခာရှိသော ဘဝနှင့် ဘေးကင်းလုံခြုံသည့် အရည်သွေးရှိ ဆီလျော်သောပညာရေးကို ရပိုင်ခွင့်ရှိသည်ဟူသော အခြေခံစည်းမျဥ်းမှ ဆင်းသက်လာခြင်းဖြစ်သည်။ ထို့ကြောင့် စံသတ်မှတ်ချက်များသည် အရည်အသွေးရှိပြီး အများအတွက် မည်သည့် ဆက်စပ် အခြေအနေမျိုးတွင်မဆို အသုံးပြုနိုင်သည်။

စံသတ်မှတ်ချက်များ ဖော်ထုတ်ပြီးနောက်တွင် ယင်းစံသတ်မှတ်ချက်များ ပြည့်မီအောင်ဆောင်ရွက်ရမည့် **အဓိက လုပ်ငန်းများ**ကို အကြံပြုဖော်ပြထားသည်။ အချို့လုပ်ငန်းများသည် ဆက်စပ်အခြေအနေ အားလုံးအတွက် ကိုက်ညီမှု ရှိချင်မှရှိပေမည်။ ထိုအခါမျိုးတွင် လုပ်ငန်းများကို ဆက်စပ်အခြေအနေနှင့် ဆီလျော်အောင်ပြုပြင် ဆောင်ရွက်သင့်သည်။ လက်တွေ့ဆောင်ရွက်သူသည် စံသတ်မှတ်ချက်ပြည့်မီစေရန် အခြားဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုလည်း စီစဥ်ထားနိုင်သည်။

နောက်ဆုံးတွင် **လမ်းညွှန်ချက်မှတ်စုများ** သည်အနိမ့်ဆုံးစံသတ်မှတ်ချက်များကို အသုံးပြုရာ၌လည်းကောင်း၊ မတူညီသော အခြေအနေများတွင် အဓိကလုပ်ငန်းများကို လိုက်လျောညီထွေစွာ ပြောင်းလဲဆောင်ရွက်ရသောအခါ၌လည်းကောင်း ထည့်သွင်းစဥ်းစားရမည့် လက်တွေ့လုပ်ဆောင်မှုကောင်းများ၏ အချက်အလက်များကို တိကျစွာ ဖေါ်ပြထားသည်။ ထို့အပြင် ဦးစားပေးဆောင်ရွက်ရန်ကိစ္စရပ်များနှင့် လက်တွေ့အခက်အခဲများ ဖြေရှင်းမှုအတွက် အကြံပြုချက်များ၊ နောက်ခံသတင်းအချက်အလက်များနှင့် အဓိပ္ပာယ်သတ်မှတ်ချက်များကိုလည်း ဖေါ်ပြထားသည်။

## NEEအနိမ့်ဆုံးစံသတ်မှတ်ချက်များကို မည်သူများကအသုံးပြုသင့်ပါသနည်း။

ပညာရေးကဏ္ဍဘေးအန္တရာယ်လျှော့ချရေးနှင့် ပဋိပက္ခလျော့ပါးစေမှုအပါအဝင် အရေးပေါ်ကာလ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူအားလုံးသည် ဤအနိမ့်ဆုံး စံသတ်မှတ်ချက်များ၊ ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းများနှင့် လမ်းညွှန်ချက်မှတ်စုများကို အသုံးပြုသင့်ပါသည်။ ယင်းတို့ကို ပိုမိုတိုးမြှင့် အသုံးပြုလာကြစေရေးအတွက် အားပေးသင့်သည်။ ဤစံသတ်မှတ်ချက်များသည် ဘေးကင်းလုံခြုံပြီး အရည်အသွေးရှိ ပညာသင်ယူခွင့်ကို ရရှိစေပြီး နိုင်ငံတော်အဆင့်နှင့် ကမ္ဘာ့အဆင့် ပါဝင်ပတ်သက်သူများအား နည်းပညာ ဗဟုသုတနှင့် လက်တွေ့လုပ်ဆောင်မှု နမူနာကောင်းများကို ပံ့ပိုးပေးသည်။ ပါဝင်ပတ်သက်သူများဟုဆိုရာတွင်-

- နိုင်ငံတော်နှင့် ရပ်ရွာဒေသဆိုင်ရာ ပညာရေးဆိုင်ရာတာဝန်ရှိသူများ
- ကုလသမဂ္ဂအဖွဲ့အစည်းများ
- အလှူရှင်အဖွဲ့အစည်းများ
- အန်ဂျီအိုများနှင့် မိဘဆရာအသင်း အပါအဝင် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ
- ဆရာ/မများ၊ အခြားပညာရေးဝန်ထမ်းများနှင့် ဆရာများသမဂ္ဂအဖွဲ့အစည်း
- ပညာရေးကဏ္ဍညှိနှိုင်းဆောင်ရွက်မှုကော်မတီများနှင့် ပညာရေးအစုအဖွဲ့ (Education Cluster) များ
- ပညာရေးအတိုင်ပင်ခံများ
- သုတေသီများနှင့်ပညာရှင်များ
- လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို ထောက်ခံအားပေးသူများ ပါဝင်သည်။

## INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များကို မိမိ၏ရပ်ရွာဒေသအခြေအနေနှင့် လိုက်လျောညီထွေအောင် မည်သို့ ပြောင်းလဲဆောင်ရွက်ရမည်နည်း။

လူ့အခွင့်အရေးများကိုအခြေခံသော တစ်ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ယင်းတို့ကို လက်တွေ့အသုံးချနိုင်မှုတို့အကြား ကွာဟအားပြိုင်မှုမှာ မလွဲမသွေရှိမည်ဖြစ်သည်။ 'စံသတ်မှတ်ချက်'များသည် အရည်အသွေးရှိပညာရေး သင်ယူခွင့်ရရှိရေး ရည်မှန်းချက်ပန်းတိုင်များကို တစ်ကမ္ဘာလုံးအတွက် အဓိပ္ပာယ်သတ်မှတ်ပေးပြီး၊ 'အဓိကလုပ်ငန်း'များက စံသတ်မှတ်ချက် တစ်ခုချင်းစီ ပြည့်မီရန် ဆောင်ရွက်ရမည့် လိုအပ်သော အသေးစိတ်လုပ်ငန်းအဆင့်များကို ဖော်ပြပေးသည်။ ဆက်စပ် အခြေအနေတိုင်းသည် အမျိုးမျိုး ကွဲပြားခြားနားသည့်အတွက် လက်စွဲစာအုပ်တွင် ဖော်ပြထားသော ဆောင်ရွက်ရမည့် အဓိက လုပ်ငန်းများကို ရပ်ရွာဒေသတွင်း အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်အသုံးချရပါမည်။ ဥပမာ- ဆရာ-တပည့်အချိုးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းတွင် 'သင့်တော်သော ဆရာ-တပည့်အချိုး ရရှိစေရန် ဆရာ/မ အလုံအလောက် ခန့်ထားသင့်သည်' ဟုဖော်ပြထားသည် (ဆရာ/မများနှင့်အခြားပညာရေးဆိုင်ရာ*ပုဂ္ဂိုလ်*များ စံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၅၊ စာမျက်နှာ ၉၇ ကိုကြည့်ပါ)။ ဤအချက်ကို ပညာရေးတွင် ပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးတိုင်ပင်ပြီး ရပ်ရွာဒေသက လက်ခံနိုင်သော ဆရာ-တပည့်အချိုးကို စဉ်းစားဆုံးဖြတ်ရပါမည်။ အရေးပေါ် အခြေအနေကာလတွင် ကျောင်းသားဦးရေ(၆၀)လျှင် ဆရာ(၁)ဦး အချိုးက လက်ခံနိုင်ဖွယ် ဖြစ်သော်လည်း ရှည်ကြာသော အကျပ်အတည်းကာလ သို့မဟုတ် ပြန်လည်ထူထောင်ရေးကာလတွင်မူ ကျောင်းသား (၃၀) သို့မဟုတ် (၄၀) လျှင် ဆရာ(၁)ဦးအချိုး အဆင့်သို့ ရောက်ရှိသင့်သည်။ ရပ်ရွာဒေသတွင်း လက်ခံနိုင်သည့် အညွှန်းကိန်းကို ဆုံးဖြတ်ရာတွင် ရရှိနိုင်သော ရင်းမြစ်များအပါအဝင် ဆက်စပ်အခြေအနေနှင့် အရေးပေါ်ကာလအဆင့်တို့ကို ထည့်သွင်းစဉ်းစားရပါမည်။

ပညာရေးဆိုင်ရာ အရေးပေါ်စီမံချက်ရေးဆွဲခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆက်စပ်ကိုက်ညီမှုရှိအောင် စဉ်းစားဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ကို အရေးပေါ်အခြေအနေမကျရောက်မီ ဦးစွာဆောင်ရွက်ထားသင့်သည်။ အသုံးပြုသူများ၏ အတွေ့အကြုံအရ INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များကို ဆက်စပ်ကိုက်ညီမှုရှိအောင် စဉ်းစားဆောင်ရွက်ရာတွင် ပူးပေါင်း ပါဝင်မှုရှိပါက ပိုမို ထိရောက်ကြောင်း သိရှိရသည်။ ပညာရေးကဏ္ဍညှိနှိုင်းဆောင်ရွက်မှုကော်မတီ သို့မဟုတ် ပညာရေး အစုအဖွဲ့သည် စံသတ်မှတ်ချက်များ ပြည့်မီရန် ရပ်ရွာဒေသနှင့် ဆီလျော်မှုရှိပြီး လက်တွေ့ အကောင်အထည်ဖော်နိုင်သော လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရာတွင် အကောင်းဆုံး ဆွေးနွေးနိုင်သည့် နေရာဖြစ်သည် (INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များကို ဆက်စပ်ကိုက်ညီမှုရှိအောင် ပြုလုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်အတွက် INEE Toolkit: **www.ineesite.org/toolkit** ကိုကြည့်ပါ)။

အချို့သောကိစ္စရပ်များမှာ ရပ်ရွာဒေသအခြေအနေများကြောင့် အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့် ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းများကို အချိန်တိုအတွင်း ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိတတ်ပေ။ ထိုအခါမျိုးတွင် ဤလက်စွဲစာအုပ်ပါ စံသတ်မှတ်ချက်များ၊ ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းများနှင့် ရပ်ရွာဒေသတွင်း အမှန်တကယ်ဖြစ်ပျက်နေမှုများ အကြား ကွာဟချက်များကို သိရှိနားလည်ပြီး ပြန်လည်သုံးသပ်ဆင်ခြင်ရန် အရေးကြီးသည်။ စံသတ်မှတ်ချက်များ ပြည့်မီရန်အတွက် စိန်ခေါ်မှုများကို စိစစ်ပြီး ပြောင်းလဲဆောင်ရွက်နိုင်မည့် နည်းဗျူဟာများကို သတ်မှတ်ဖော်ထုတ်သင့်သည်။ ထို့နောက် ကွာဟချက်များကို လျှော့ချနိုင်ရန် အစီအစဉ်နှင့် မူဝါဒရေးရာ နည်းဗျူဟာများကို ရေးဆွဲချမှတ်ပြီး ပါဝင်ပတ်သက်သူများက သဘောတူလက်ခံလာအောင် ဆောင်ရွက်သွားနိုင်သည်။

ဘေးဒဏ်ခံရသူများ၏ ပညာသင်ခွင့်နှင့် လိုအပ်ချက်များအတွက် တာဝန်ခံနိုင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို တိုးတက်ကောင်းမွန်စေရန် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို ပြုစုခဲ့ခြင်းဖြစ်သည်။ ရည်မှန်းချက်မှာ ဘေးဒဏ်ခံရသူများကို ထိရောက်စွာ ကူညီပေးနိုင်ရန် ဖြစ်သည်။ လက်စွဲစာအုပ်ချည်းသက်သက်က ဤရည်မှန်းချက်ကို မပေါက်ရောက်စေနိုင်ပါ။ သင်တို့ကိုယ်တိုင်ဆောင်ရွက်မှသာလျှင် ရည်မှန်းချက်ပြည့်မီနိုင်ပါလိမ့်မည်။ ၂၀၁၀ ခုနှစ်ထုတ် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များအပေါ် တုံ့ပြန်အကြံပြုချက်များကို INEE မှ ကြိုဆိုပါသည်။ နောင်လာမည့် စိစစ်တည်းဖြတ် ပြင်ဆင်မှုအတွက် ကူညီရာရောက်ပါသည်။ လက်စွဲစာအုပ်၏နောက်ကျော သို့မဟုတ် **www.ineesite.org/feedback** ရှိ တုံ့ပြန်အကြံပြုမှုပုံစံကို အသုံးပြု၍ တုံ့ပြန်အကြံပြုချက်များပေးပို့ကြရန်ဖြစ်ပါသည်။

## INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို အကောင်အထည်ဖော်ရေးနှင့် ပုံမှန်လက်ခံအသုံးပြုလာစေရေး ဆောင်ရွက်ရာတွင် ရည်ညွှန်းကိုးကားနိုင်သော နည်းလမ်းကိရိယာများ

INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များကို အသုံးပြုရေးနှင့် ပုံမှန်လက်ခံ အသုံးပြုလာစေရေးဆောင်ရွက်ရာတွင် ရည်ညွှန်းကိုးကားနိုင်သော အကြောင်းအရာများကို INEE website: **www.ineesite.org/standards** တွင်ရရှိနိုင်ပါသည်။

**INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကိုဘာသာပြန်ဆိုခြင်း-**
**www.ineesite.org/translations**

၂၀၀၄ ခုနှစ်ထုတ်ဝေသော INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များ လက်စွဲစာအုပ်ကို ဘာသာစကား(၂၃)မျိုးဖြင့် ပြန်ဆိုပြီးဖြစ်သည်။ ဤ ၂၀၁၀ လက်စွဲစာအုပ်ကိုလည်း အာရပ်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီနှင့် အခြားဘာသာစကားများသို့ ပြန်ဆိုမည် ဖြစ်သည်။

**INEE Toolkit:**
**www.ineesite.org/toolkit**

INEE Toolkit တွင် *INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များလက်စွဲစာအုပ်၊* လေ့ကျင့်သင်တန်းပေးခြင်းနှင့် (ဘာသာပြန်စာအုပ်စာတမ်းများအပါအဝင်) အသိပညာပေးပစ္စည်းများအပြင်၊ စံသတ်မှတ်ချက်များကို လက်တွေ့အကောင်အထည်ဖော်ရန် အညွှန်းကိန်းများကို ရပ်ရွာဒေသနှင့်ကိုက်ညီအောင် ပြုပြင်အသုံးပြုနိုင်သည့် လက်တွေ့နည်းလမ်းများ ပါဝင်သည်။ ယင်းတို့သည် လက်စွဲစာအုပ်ပါ နယ်ပယ်တစ်ခုချင်းစီကို သာမက အဓိက ဆွေးနွေးရန် အကြောင်းအရာများကိုလည်း ချိတ်ဆက်ပေးသည်။ ထို့အပြင် လက်တွေ့ အကောင်အထည်ဖော်ရာ၌ အထောက်အကူဖြစ်မည့် လမ်းညွှန်ချက်မှတ်စုများလည်း ပါဝင်သည်။ ဥပမာ- ပိုမိုဘေးကင်းလုံခြုံသောကျောင်းဆောက်လုပ်ရေး၊ ဆရာ/မများအား နစ်နာကြေးပေးခြင်းနှင့် သင်ကြား-သင်ယူခြင်းဆိုင်ရာ လမ်းညွှန်ချက်မှတ်စုများ၊ လူတိုင်းအကျုံးဝင်ပညာရေး အိတ်ဆောင်လမ်းညွှန်နှင့် ကျား-မကဏ္ဍကွဲပြားခြားနားမှုလမ်းညွှန်များ ဖြစ်သည်။

**INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များအတွက် ရည်ညွှန်းကိုးကားနိုင်သည့်လက်ကမ်းစာစောင်-**
**www.ineesite.org/MSreferencetool**

စံသတ်မှတ်ချက်များ၊ အဓိကလုပ်ငန်းများနှင့် လမ်းညွှန်ချက်မှတ်စုများအားလုံးကို လွယ်ကူလျင်မြန်စွာ ဖတ်ရှုကိုးကားနိုင်သည့် လက်ကမ်းစာစောင် ဖြစ်သည်။

**INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များကို ပုံမှန်လက်ခံအသုံးပြုလာစေရေးနှင့်စပ်လျဉ်းသည့်ဆန်းစစ်လွှာများ-**
**www.ineesite.org/institutionalisation**

ဤဆန်းစစ်လွှာများကို အဖွဲ့အစည်းအမျိုးမျိုး (ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အန်ဂျီအိုများ၊ အစိုးရအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ပညာရေးညှိနှိုင်းဆောင်ရွက်မှုအဖွဲ့များနှင့် ပညာရေးအစုအဖွဲ့များ)၏ လိုအပ်ချက်များကို ဦးတည်ပြုစုထားသည်။ အဖွဲ့အစည်းအတွင်းနှင့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းအမျိုးမျိုးကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

## INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို မည်သို့အသုံးပြုသင့်ပါသနည်း။

'***ပညာသင်ယူခွင့်နှင့်သင်ယူမှုပတ်ဝန်းကျင်***'၊ '***သင်ကြားခြင်းနှင့်သင်ယူခြင်း***'၊ '***ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာ တာဝန်ရှိသူများ***'၊ '***ပညာရေးမူဝါဒ***' နယ်ပယ်များ၏ စံသတ်မှတ်ချက်များကို အသုံးပြုတိုင်း '***အခြေခံစံသတ်မှတ်ချက်များ***' ကို အသုံးပြုရန်ဖြစ်သည်။ နယ်ပယ်တစ်ခုစီ၏ စံသတ်မှတ်ချက်များကို မိတ်ဆက်ပေးသည့် အကျဉ်းချုပ်ဖော်ပြချက်ကိုလည်းဖတ်ပါ။ ယင်းအကျဉ်းချုပ်ဖော်ပြချက်များတွင် နယ်ပယ်များအလိုက် ဆီလျော်သော ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းများကို တင်ပြထားပါသည်။ စံသတ်မှတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်တွေ့လုပ်ဆောင်မှု နမူနာကောင်းဖြစ်ရန်အတွက် နည်းပညာပံ့ပိုးမှုများကို INEE Toolkit: **www.ineesite.org/toolkit** တွင်တွေ့ရှိနိုင်ပါသည်။

ဤလက်စွဲစာအုပ်ကို လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ ပြုလုပ်နိုင်ရန် စီစဉ်ရေးဆွဲထားသည် (ဥပမာ ၁ ကို ကြည့်ပါ)။ ပညာရေးတွင် ပါဝင်ပတ်သက်သူများသည် ဤလက်စွဲစာအုပ်နှင့် အကျွမ်းဝင်ပြီးသားဖြစ်လျှင်၊ သင်တန်းတက်ပြီးသားဖြစ်လျှင် အရေးပေါ်အခြေအနေကာလအတွင်း အထိရောက်ဆုံးအသုံးပြုနိုင်မည်ဖြစ်သည် (ဥပမာ ၂ ကို ကြည့်ပါ)။ ဤလက်စွဲစာအုပ်သည် စွမ်းဆောင်ရည် တည်ဆောက်ရေးသင်တန်း အထောက်အကူအဖြစ် အသုံးပြုနိုင်သည်။ ထို့အပြင် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများနှင့် ရင်းမြစ်ပံ့ပိုးပေးမှုများအတွက် ဆွေးနွေးညှိနှိုင်းသောအခါတွင်လည်း အထောက်အကူအဖြစ် အသုံးပြုနိုင်သည် (ဥပမာ ၃ ကို ကြည့်ပါ)။ ဤလက်စွဲစာအုပ်သည် ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်အစီအစဉ် ချမှတ်ခြင်းနှင့် ကဏ္ဍချင်းညှိနှိုင်းဆောင်ရွက်ခြင်းတို့အတွက် အသုံးဝင်သည်။

## INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို ပြည့်မီနိုင်ပါသည်။

စတင်ဖြန့်ချီသည့် ၂၀၀၄ ခုနှစ်ကတည်းကစ၍ INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များ လက်စွဲစာအုပ်သည် နိုင်ငံပေါင်း(၈၀) ကျော်တွင် အရေးပေါ်အခြေအနေစတင်စဉ်မှ ပြန်လည်ထူထောင်ရေးကာလတစ်လျှောက် အရည်အသွေးရှိပညာရေးကို ပိုမိုရရှိအောင် ဆောင်ရွက်ရာတွင် ထိရောက်စွာ အသုံးပြုနိုင်ခဲ့ကြောင်း သက်သေပြပြီးဖြစ်သည်။ ဤစံသတ်မှတ်ချက်များက အားလုံးအသုံးပြုနိုင်သည့် မူဘောင်တစ်ခုအဖြစ် အစိုးရအဖွဲ့ဝင်များ၊ ရပ်ရွာလူထုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အပါအဝင် ပါဝင်ပတ်သက်သူ အမျိုးမျိုးတို့အကြား တူညီသောရည်မှန်းချက်များကို လွယ်ကူချောမောစွာ ချမှတ်နိုင်ရန် ပံ့ပိုးကူညီပေးသည်။ INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို အသုံးပြုသူများက ဤလက်စွဲစာအုပ်သည် -

- ရပ်ရွာလူထုအား အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ရေးကာလတစ်လျှောက်လုံး ပညာရေးအစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် အဓိပ္ပာယ်ရှိစွာ ပါဝင်နိုင်စေခြင်း
- ပညာရေးကဏ္ဍအတွက် စစ်ဆေးအကဲဖြတ်မှုများနှင့် တုံ့ပြန်မှုများကို ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်စေခြင်း
- အမျိုးသားပညာရေးစနစ်များကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ခြင်း
- ပိုမို ကောင်းမွန်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း
- အရေးပေါ်အခြေအနေများမှသည် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးကာလအထိ ပညာရေးလုပ်ငန်းများကို စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း
- အရည်အသွေးရှိပညာရေးအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ဗဟုသုတနှင့် ကျွမ်းကျင်မှုများ တိုးတက်လာအောင် စွမ်းရည်မြှင့်တင်ပေးခြင်း
- ပညာရေးကဏ္ဍတွင် အလှူရှင်များအား လမ်းညွှန်မှုပေးခြင်းတို့အတွက် အထောက်အကူဖြစ်စေကြောင်း တင်ပြကြသည်။

INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို ပညာရေးဖြည့်ဆည်းပေးသူများအတွက် အဓိကကျသော တာဝန်ခံမှု နည်းလမ်းကိရိယာ အဖြစ်လည်း အသုံးပြုနိုင်သည်။ အလှူရှင်အဖွဲ့အစည်းများသည် ယင်းတို့ထောက်ပံ့နေသော ပညာရေးစီမံချက်များ၏ အရည်အသွေးရှိမှုနှင့် တာဝန်ခံမှုအတွက် မူဘောင်အဖြစ် ပိုမိုသုံးစွဲလာကြသည်။

ဆက်လက်ဖော်ပြမည့် အကြောင်းအရာများသည် သတ်မှတ်ထားသော ဆက်စပ်အခြေအနေများတွင် စံသတ်မှတ်ချက်များကို မည်သို့ အသုံးပြုခဲ့ကြကြောင်း ဖော်ပြသော ဥပမာများဖြစ်သည်။

**(၁)အီရတ်နိုင်ငံ၌ကျောင်းပြန်လည်ထူထောင်ပေးခြင်း။** ။ ပြည်သူများ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသော စစ်ပွဲများ ပြီးဆုံးပြီးနောက် ဖာလူဂျာမြို့တော်တွင် ပြည်သူပိုင် ကျောင်းငါးကျောင်းကို ပြန်လည်ထူထောင်ပေးရာတွင် INEE အနိမ့်ဆုံး စံသတ်မှတ်ချက်များကို အသုံးပြုခဲ့သည်။ ၂၀၀၇ခုနှစ်တွင် နေရပ်သို့ပြန်လာကြသူများနှင့် တိုက်ပွဲကာလအတွင်း ဆက်လက် နေထိုင်ခဲ့ကြသူ ကျောင်းသူကျောင်းသားများ၊ မိဘများနှင့် ဆရာ/မများသည် ကျောင်းပြန်လည်ထူထောင်ရေး အစီအစဉ်ပါ ဦးစားပေးရမည့် အချက်များကို သတ်မှတ်ဖော်ထုတ်နိုင်ရေးအတွက် ဦးတည်အုပ်စုဆွေးနွေးပွဲများတွင် ပါဝင်ခဲ့ကြသည်။ *ရပ်ရွာလူထုပူးပေါင်းပါဝင်မှုစံသတ်မှတ်ချက်များ၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်*နယ်ပယ် လမ်းညွှန်ချက်များကို အခြေခံ၍ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စာသင်ခန်းများပြင်ဆင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြပြီး ရပ်ရွာလူထုပညာရေးကော်မတီ (Community Education Committee- CEC)ကို ဖွဲ့စည်းခဲ့ကြသည်။ CECတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်နိုင်စေရန် စီမံချက်ဝန်ထမ်း အမျိုးသမီးများက ကျောင်းတွင် ကျောင်းအပ်နှံသူ မိန်းကလေးအရေအတွက် နည်းပါးရသည့် အကြောင်းရင်းကို ဖော်ထုတ်သိရှိနိုင်စေရန် မိဘများနှင့် ကျောင်းသူလေးများ၏ အိမ်များသို့ သွားရောက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ မိန်းကလေးများ ကျောင်းသို့ ဘေးကင်းလုံခြုံစွာ သွားနိုင်ရန် စိုးရိမ်နေမှုကို ကျောင်းသူလေးများ ကျောင်းသို့ အတူတကွ လမ်းလျှောက်သွားနိုင်စေရန် သို့မဟုတ် အစောင့်အကြပ်တစ်ဦးနှင့် သွားရောက်နိုင်စေရန် စီစဉ်ပေးခြင်းဖြင့် ဖြေရှင်းပေးခဲ့ကြသည်။ လူလွတ် ကျောင်းဆရာများနှင့် ပတ်သက်၍ ပူပန်မှုကို CEC က ကျောင်းစီမံအုပ်ချုပ်မှုအဖွဲ့နှင့် ပူးပေါင်းပြီး အလုပ်ခန့်ထားရေး လုပ်ငန်းအဆင့်များတွင် ပွင့်လင်းမြင်သာအောင် လုပ်ဆောင်ပေးခဲ့သည်။ ဤသို့ ဆောင်ရွက်ပေးခြင်းဖြင့် မိသားစုများက ဆရာ/မများသည် မိမိတို့၏ကလေးများနှင့် ပတ်သက်လာလျှင် တာဝန်သိပြီး ယုံကြည်ထိုက်သူများဖြစ်ကြောင်း သိရှိနားလည်လာပြီး ကျောင်းအပ်နှံမှုနှုန်း မြင့်တက်လာစေခဲ့သည်။

**(၂)အိန္ဒိယသမုဒ္ဒရာဆူနာမီနောက်ဆက်တွဲကာလတွင် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ခြင်း။** ။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် မြေငလျင်နှင့်ဆူနာမီဒဏ်ကြောင့် အင်ဒိုနီးရှားနိုင်ငံ၌ အဆိုးရွားဆုံးသော အသက် အိုးအိမ်စည်းစိမ် ဆုံးရှုံးပျက်စီးမှုများ တွေ့ကြုံခံစားခဲ့ရပါသည်။ အာချေးပြည်နယ်တွင် ကျောင်းသားပေါင်း (၄၄၀၀၀)ကျော်နှင့် ဆရာ/မများ၊ ပညာရေးဝန်ထမ်းပေါင်း (၂၅၀၀)ကျော် သေဆုံးခဲ့ကြပြီး အသက်ရှင်ကျန်ရစ်သူ ကျောင်းသူကျောင်းသားပေါင်း (၁၅၀၀၀၀)ကျော်သည် ပညာရေးအဆောက်အဦးနှင့် အထောက်အကူပစ္စည်းများကို အသုံးပြုခွင့် ဆုံးရှုံးခဲ့ကြသည်။ အရေးပေါ်ကာလအတွင်း တုံ့ပြန်ဆောင်ရွက်ရာတွင် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေး နည်းလမ်းကိရိယာအဖြစ် ဆီလျော်စွာ အသုံးပြုခဲ့ခြင်းဖြင့် ညှိနှိုင်းဆောင်ရွက်မှုနှင့် လက်တွေ့လုပ်ဆောင်မှု နမူနာကောင်းများ ပိုမိုရရှိစေခဲ့သည်။ ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာ အနိမ့်ဆုံးစံသတ်မှတ်ချက်ကို အသုံးပြုပြီး ရပ်ရွာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် ပညာရေးညှိနှိုင်းဆောင်ရွက်မှုကော်မတီကို ဖွဲ့စည်းပြီး ဘန်ဒါအာချေး၌ ပုံမှန် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ၏ အနိမ့်ဆုံး စံသတ်မှတ်ချက်လုပ်ငန်းအဖွဲ့က အတွေ့အကြုံနှင့် လက်တွေ့လုပ်ဆောင်မှု နမူနာကောင်းများကို မျှဝေရင်း အဖွဲ့အစည်း အသီးသီး၏ ဝန်ထမ်းများအား အနိမ့်ဆုံးစံသတ်မှတ်ချက်များ အသုံးပြုတတ်ရန် လေ့ကျင့်သင်တန်းပေးခဲ့ကြသည်။ လက်စွဲစာအုပ်ကို ဘဟာဆာ အင်ဒိုနီးရှားဘာသာစကားသို့ အမြန်ဆုံး ဘာသာပြန်ဆိုပြီး အာချေးခရိုင် ပညာရေး ဝန်ကြီးဌာနက အသုံးပြုခဲ့သည်။ အဓိကရရှိခဲ့သော သင်ခန်းစာမှာ အရေးပေါ်ကာလအတွင်း ဝန်ထမ်းများ၏ ညှိနှိုင်းဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းထားရန်ဖြစ်သည်။ ဝန်ထမ်းသစ်များအတွက် INEE အနိမ့်ဆုံး စံသတ်မှတ်ချက်များကို စနစ်တကျသင်တန်းပေးခြင်းဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်းကို ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

**(၃)အလှူရှင်များ၏ မူဝါဒကို အားဖြည့်ပေးခြင်း** ။ ။ နော်ဝေးနိုင်ငံသည် ပညာရေးကို လူသားချင်းစာနာမှုဆိုင်ရာ မူဝါဒ၏ အစိတ်အပိုင်းအဖြစ် ချမှတ်ထားသော အလှူရှင်ငါးနိုင်ငံထဲတွင် ပါဝင်ပြီး၊ INEE နှင့်အနိမ့်ဆုံး စံသတ်မှတ်ချက်များအတွက် အများဆုံးပံ့ပိုးပေးခဲ့သည်။ ၂၀၀၇ခုနှစ်တွင် နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာန၊ နော်ဝေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(NORAD)နှင့်

မိတ်ဖက်အဖွဲ့အစည်းများဖြင့် အရေးပေါ်ကာလပညာရေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ ရည်ရွယ်ချက်မှာ INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို ပိုမိုသိရှိလာကြစေရန်၊ လက်တွေ့ကျင့်သုံးရန်နှင့် စနစ်တကျအသုံးချရန် ဖြစ်သည်။ အရေးပေါ်ကာလပညာရေးအဖွဲ့က နော်ဝေးနိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် နော်ဝေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ကို ပညာရေးအတွက် အလှူငွေခွဲဝေသတ်မှတ်ပေးခြင်းနှင့် INEE သတင်းလွှာများမှ ရရှိလာသည့် သတင်းအချက်အလက်များကို သက်ဆိုင်သူများအား မျှဝေပေးခြင်းတို့ ပြုလုပ်သည်။ နော်ဝေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ထံ အလှူငွေအတွက် ဆက်သွယ်လာသော အဖွဲ့အစည်းများသည် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို မည်သို့အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြရမည်ဟု အကြံပြုထားသည်။ ၂၀၀၈ခုနှစ်က ဆူဒန်တောင်ပိုင်းသို့ သွားရောက်ခဲ့သည့် ယူနီဆက်၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂကိုယ်စားလှယ်တို့ ပါဝင်သော အလှူရှင်အဖွဲ့၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များတွင်လည်း INEE အနိမ့်ဆုံးစံသတ်မှတ်များကို ထည့်သွင်းခဲ့သည်။ ထို့ကြောင့် နော်ဝေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် မိတ်ဖက် အလှူရှင်အဖွဲ့အစည်းများ၊ ပညာရေးကဏ္ဍ ပြန်လည်တည်ဆောက်ရေးအတွက် တာဝန်ရှိသော ဆူဒန်တောင်ပိုင်း ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များကို ပိုမိုအသုံးပြုရန်နှင့် ပုံမှန်လက်ခံအသုံးပြုလာစေရန် ဆောင်ရွက်ခဲ့သည်။ INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို ပုံမှန်လက်ခံအသုံးပြုလာစေရန် INEEအဖွဲ့ဝင်များဖြစ်သော နော်ဝေးနိုင်ငံမှ အန်ဂျီအိုများက နော်ဝေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ပံ့ပိုးကူညီကြသည်။ အပြန်အလှန်အားဖြင့် အရေးပေါ်ကာလ ပညာရေးအဖွဲ့ကလည်း နော်ဝေးနိုင်ငံမှ အခြားအန်ဂျီအိုများနှင့် သုတေသနအဖွဲ့များကို ၎င်းတို့၏ အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ဤစံသတ်မှတ်ချက်များကို လက်ခံကျင့်သုံးရန် တိုက်တွန်းအားပေးသည်။ နော်ဝေနိုင်ငံအစိုးရ၏ INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို ပံ့ပိုးခြင်း၊ အသုံးပြုခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲများနှင့် ပညာရေးဆိုင်ရာဆွေးနွေးမှုများ၊ အထူးသဖြင့် ဆရာ/မများ၊ ကျား-မကဏ္ဍကွဲပြားခြားနားမှု၊ အရေးပေါ် အခြေအနေများနှင့် စပ်လျဉ်းသော အကြောင်းအရာများတွင် ၎င်း၏ဦးဆောင်မှုကို ထင်ဟပ်စေသည်။

ကမ္ဘာတစ်ဝန်းတွင် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များ၏ အကျိုးသက်ရောက်မှုများ၊ အသုံးပြုမှုများနှင့် စပ်လျဉ်းသော အခြား ဥပမာများကို **http://www.ineesite.org/MScasestudies** တွင် ကြည့်ပါ။

## နည်းဗျူဟာကျသော ချိတ်ဆက်မှုများ

## လူသားချင်းစာနာမှုလုပ်ငန်းအတွက် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့် Sphere အနိမ့်ဆုံးစံသတ်မှတ်ချက်များအကြား မည်သည့်ဆက်စပ်မှုများရှိပါသနည်း။

အန်ဂျီအိုများ၊ ကြက်ခြေနီ၊ လခြမ်းနီအဖွဲ့တို့၏ လူသားချင်းစာနာမှုဆိုင်ရာ လှုပ်ရှားမှုအဖြစ် ၁၉၉၇ခုနှစ် တွင် Sphere စီမံချက်ကို စတင်ခဲ့သည်။ Sphere စီမံချက်၏ ပဋိညာဉ်စာတမ်းနှင့် အနိမ့်ဆုံးစံသတ်မှတ်ချက်များက ဘေးဒဏ်ခံရသူများသည် လူသားချင်းစာနာမှု အကူအညီများကို ရပိုင်ခွင့်ရှိသည်ဟု ဖော်ညွှန်းထားသည်။ ယင်း Sphere လက်စွဲစာအုပ်တွင် လူသားချင်းစာနာမှုဆိုင်ရာ ပဋိညာဉ်စာတမ်းနှင့် ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး တိုးမြှင့်မှု၊ ရိက္ခာလုံလောက်မှုနှင့် အာဟာရ၊ နားခိုရာနေရာ၊ ပြန်လည်နေရာချထားရေး၊ လူသုံးအိမ်သုံးပစ္စည်းများနှင့် ကျန်းမာရေး ကဏ္ဍများအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များ ပါရှိသည်။

INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များသည် 'ဘေးအန္တရာယ်နှင့် ပဋိပက္ခတို့ကြောင့် လူသားတို့ခံစားရသည့် ဒုက္ခများ လျော့ပါးသက်သာစေရန် ဖြစ်နိုင်သော နည်းလမ်းအားလုံးကို သုံး၍ ဆောင်ရွက်သင့်သည်၊ ဘေးဒဏ်ခံရသူများသည် သိက္ခာရှိသောဘဝကို ပိုင်ဆိုင်ခွင့်ရှိသည်' ဟူသော Sphere စီမံချက်၏ အဓိကယုံကြည်ချက်နှင့် ထပ်တူဖြစ်သည်။ Sphere စီမံချက်က INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များ၏ အရည်အသွေးနှင့် INEE ဖြစ်ပေါ်လာသည့် ဆွေးနွေးမှုလုပ်ငန်းအဆင့်များကို အသိအမှတ်ပြုပြီးကာ ၂၀၀၈ခုနှစ်အောက်တိုဘာလတွင် Sphere စီမံချက်နှင့် INEEတို့အကြား မိတ်ဖက်သဘောတူညီချက် (Companionship Agreement) ကို လက်မှတ်ရေးထိုးခဲ့သည်။ ဤသဘောတူညီချက်သည် ပညာရေးနှင့် Sphere စီမံချက်ပါ

ကဏ္ဍများအကြား အပြန်အလှန်ချိတ်ဆက်ခြင်းကို အရေးပေါ်အခြေအနေဖြစ်ပေါ်လျှင် ဖြစ်ပေါ်ချင်း စတင်ဆောင်ရွက်ရန် အရေးကြီးကြောင်း ဖော်ပြသည်။ ရည်ရွယ်ချက်မှာ ဘေးဒဏ်ခံရသူများအား ပိုမို အရည်အသွေးရှိသည့် ကူညီပံ့ပိုးပေးမှုများ ပေးနိုင်ရန်နှင့် ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းတို့တွင် တာဝန်ခံမှုကို မြှင့်တင်ရန် ဖြစ်သည်။ Sphere လက်စွဲစာအုပ်မှ ဆီလျော်သည့် လမ်းညွှန်ချက်များကို ဤလက်စွဲစာအုပ် တစ်အုပ်လုံးတွင် ရည်ညွှန်းကိုးကားထားသည်။ ထို့အတူ INEEမှ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ၂၀၁၁ခုနှစ်ထုတ် Sphere လက်စွဲစာအုပ်တွင် ပေါင်းစပ်ထည့်သွင်းထားသည်။ INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို Sphere လက်စွဲစာအုပ်နှင့် တွဲဖက်အသုံးပြုခြင်းဖြင့် ကဏ္ဍများအကြား ချိတ်ဆက်မှုရှိစေသည်။ ကဏ္ဍစုံလိုအပ်ချက်ဆန်းစစ်ခြင်းများကို ဦးစွာပြုလုပ်ပြီး ပူးတွဲအစီအစဉ်ရေးဆွဲခြင်းနှင့် တုံ့ပြန်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ကဏ္ဍများအကြား ချိတ်ဆက်မှုများရှိလာစေသည်။

*Sphere လူသားချင်းစာနာထောက်ထားမှုပဋိညာဉ်နှင့် ဘေးအန္တရာယ်တုံ့ပြန်မှုအတွက်အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့်* စပ်လျဉ်း၍ ပိုမိုသိရှိလိုပါက **www.sphereproject.org** ကိုကြည့်ပါ။

## INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့် IASC Education Cluster အကြား မည်သည့် ဆက်စပ်မှုများ ရှိပါသနည်း။

ယူနီဆက်နှင့် Save the children အဖွဲ့တို့က ကမ္ဘာတစ်ဝန်း ပူးတွဲဦးဆောင်သော ပညာရေးအစုအဖွဲ့ (Education Cluster) သည် အရေးပေါ်အခြေအနေအတွင်း ပညာရေးလုပ်ငန်းများအတွက် ကြိုတင်ခန့်မှန်းခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းတို့ကို ဆောင်ရွက်သည်။ Education Cluster သည် အရေးပေါ်အခြေအနေအတွင်း နိုင်ငံများမှ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဆုံးဖြတ်ရာတွင် ကူညီပေးသည်၊ ပေါင်းစပ်ညှိနှိုင်းပေးသည်။ အရည်အသွေးရှိပညာရေးဆိုင်ရာ တုံ့ပြန်မှုများ ဖြစ်ပေါ်စေနိုင်သော မူဘောင်ကို ချမှတ်ရန်အတွက် Education Cluster သည် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို အသုံးပြုသည်။ ကမ္ဘာလုံးဆိုင်ရာ Education Cluster နှင့် နိုင်ငံအခြေစိုက် Education Cluster များသည် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို အောက်ပါအချက်များ ဆောင်ရွက်ရန်အတွက် အသုံးပြုသည်။

- အဖွဲ့အစည်းများအကြား အပြန်အလှန်ဆက်သွယ်ပြောဆိုရာတွင်လည်းကောင်း၊ တူညီသောရည်မှန်းချက်များ ဖော်ထုတ်သတ်မှတ်ရာတွင်လည်းကောင်း အဆင်ပြေချောမွေ့စေလျက် အုပ်စုတွင်းညှိနှိုင်းဆောင်ရွက်မှု အရည်အသွေးတိုးမြင့်စေရန်
- အတူပူးတွဲလျှက် လိုအပ်ချက်ဆန်းစစ်ခြင်းများ၊ စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းများအပါအဝင် ကြိုတင်ပြင်ဆင်ခြင်း၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျော့ပါးစေခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာအစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ပိုမိုတိုးတက်ကောင်းမွန်စေရန်
- ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများအား လေ့ကျင့်သင်တန်းပေးရန်နှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းတွင် ပံ့ပိုးပေးရန်
- အလှူငွေတောင်းခံမှုအဆိုပြုလွှာပုံစံ သတ်မှတ်ရန်
- အဖွဲ့အစည်းများအကြား အပြန်အလှန် ဆက်သွယ်ပြောဆိုမှုများဖြစ်ပေါ်စေရန်နှင့် Education Cluster အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် အခြားကဏ္ဍများအကြား သဘောတူလက်ခံလာအောင် ဆွေးနွေးတင်ပြပေးရန်တို့ ဖြစ်ပါသည်။

သတင်းအချက်အလက်ပိုမိုရရှိလိုပါက **http://oneresponse.info/GlobalClusters/Education** ကို ကြည့်ပါ။

## INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ မကြာခဏမေးလေ့ရှိသောမေးခွန်းများ

### INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များသည် နိုင်ငံတော်၏ လက်ရှိ ပညာရေးစံသတ်မှတ်ချက်များအား မည်သို့ အားဖြည့်ပေးပါသနည်း။

နိုင်ငံအသီးသီးမှပညာရေးဝန်ကြီးဌာနများသည် မိမိနိုင်ငံအလိုက် ပညာရေးစံသတ်မှတ်ချက်များကို ချမှတ်ထားကြသည်။ INEEသည် ပညာရေးဆိုင်ရာဥပဒေနှင့်မူဝါဒများ သတ်မှတ်ပြဌာန်းရာတွင်လည်းကောင်း၊ ဒုက္ခသည်များ၊ ပြည်တွင်းပြောင်းရွှေ့နေရာချထားခံရသူများနှင့် လူနည်းစုများအပါအဝင် နိုင်ငံအတွင်းရှိ ကလေးများအားလုံးအတွက် အခြေခံပညာရေး ဝန်ဆောင်မှုများပေးရာတွင်လည်းကောင်း နိုင်ငံတော်၏ ဦးဆောင်မှုအခန်းကဏ္ဍကို အသိအမှတ်ပြုပံ့ပိုးပေးသည်။ နိုင်ငံအလိုက် ပညာရေးစံသတ်မှတ်ချက်များနှင့် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များ ကွဲပြားခြားနားခဲ့ပါက ကွဲပြားခြားနားမှု ပမာဏ၊ ရည်ရွယ်ချက်နှင့် အကြောင်းအရာတို့ကို စိစစ်ပိုင်းခြားသင့်သည်။ ယေဘုယျအားဖြင့် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များသည် နိုင်ငံအလိုက် ပညာရေးစံသတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း အတွေ့အကြုံများအရ သိရှိရသည်။ ၄င်းတို့သည် နိုင်ငံတော်၏ ပညာရေးစံသတ်မှတ်ချက်များကိုပြည့်မီစေရန် အားဖြည့်ကူညီပေးသည်။ အရေးပေါ်အခြေအနေများတွင် နိုင်ငံတော်၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တိကျသော လမ်းညွှန်ကူညီမှုများပေးသည်။


### ချမှတ်ထားသော စံသတ်မှတ်ချက်များသည် မြင့်မားသော်လည်း အဘယ်ကြောင့် အနိမ့်ဆုံးဟုခေါ်ဆိုပါသနည်း။

INEEအနိမ့်ဆုံးစံသတ်မှတ်ချက်များသည် ဥပဒေရေးရာစာချုပ်စာတမ်းများနှင့် နိုင်ငံတကာသဘောတူညီချက်များတွင် သတ်မှတ်ဖော်ပြထားသည့် ပညာရေးဆိုင်ရာရပိုင်ခွင့်အပေါ် အခြေခံထားသည့်အတွက်ကြောင့် ဤလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်ထက် လျှော့ချပြီး သတ်မှတ်၍မရနိုင်ပါ။ ဤစံသတ်မှတ်ချက်များသည် နိုင်ငံတကာ သဘောတူညီထားသော လူ့အခွင့်အရေးများနှင့် လက်တွေ့လုပ်ဆောင်မှု နမူနာကောင်းများကို ဖော်ပြသောကြောင့် အဆင့်မြင့်မားသည်ဟု ထင်ရသော်လည်း အရည်အသွေးရှိပညာရေးနှင့် လူ့သိက္ခာအတွက် အနိမ့်ဆုံးလိုအပ်ချက်များကိုပါ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ပေးသည်။

### ငွေကြေးနှင့်ပညာရေးဆိုင်ရာရင်းမြစ်များ နည်းပါးချိန်တွင် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို အသုံးပြုရန် နည်းလမ်းများရှိပါသလား။

ရင်းမြစ်များနည်းပါးသည့် အခြေအနေတွင် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များသည် နည်းလမ်းသုံးမျိုးဖြင့် အသုံးဝင်ပါသည်။ ပထမနည်းမှာ စံသတ်မှတ်ချက်များ၏ ကဏ္ဍအတော်များများတွင် ကုန်ကျစရိတ် မမြင့်မားသော လက်တွေ့လုပ်ဆောင်မှု နမူနာကောင်းများကို ဖော်ပြထားခြင်းဖြစ်သည်။ ဥပမာ- ရပ်ရွာလူထု ပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက်များသည် အပိုကုန်ကျစရိတ်များ မလိုအပ်ပဲ လူသားချင်းစာနာမှုနှင့် ပညာရေးလုပ်ငန်းများ၏ အရည်အသွေးကို မြင့်မားစေနိုင်သည်။ ယင်းအချက်သည် ရေရှည်တွင် အချိန်နှင့်ရင်းမြစ်များ သက်သာစေပြီး ပိုမိုခိုင်မာသော ရလဒ်ကောင်းများ ဖြစ်ပေါ်စေနိုင်သည်။ ဒုတိယနည်းမှာ INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို အရေးပေါ်အခြေအနေနှင့် ပြန်လည်ထူထောင်ရေးကာလအတွင်း ပညာရေးအတွက် ငွေကြေးပံ့ပိုးမှုများ တိုးမြှင့်ပေးအောင် ဆွေးနွေးဆောင်ရွက်ရာတွင် အသုံးပြုနိုင်ခြင်းဖြစ်သည်။ တတိယနည်းမှာ INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များကို အသုံးပြုခြင်းဖြင့် ပညာရေးဆိုင်ရာ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများသည် တုံ့ပြန်မှု၏ အစပိုင်းမှာပင် ဆုံးဖြတ်ချက်ကောင်းများချနိုင်ပြီး၊ စနစ်တကျ ရေးဆွဲထားခြင်းမရှိသော လုပ်ငန်းအစီအစဉ်များနှင့် စနစ်များကို ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ရသည့် ကုန်ကျစရိတ်များကို ရှောင်ရှားနိုင်ခြင်းဖြစ်သည်။

# ၁ အခြေခံ စံသတ်မှတ်ချက်များ


အခြေခံစံသတ်မှတ်ချက်များ
ရပ်ရွာလူထုပူးပေါင်းပါဝင်မှု
ညှိနှိုင်းဆောင်ရွက်မှု
စိစစ်ပိုင်းခြားမှု
စံသတ်မှတ်ချက် ၁- ပူးပေါင်းပါဝင်ခြင်း
ရပ်ရွာလူထုသည် ပညာရေးတုံ့ပြန်မှုများကို စိစစ်ပိုင်းခြားခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ လုပ်ငန်းပုံစံချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းများဆောင်ရွက်ရာတွင် တက်ကြွစွာ၊ ပွင့်လင်းမြင်သာစွာနှင့် ခွဲခြားမှုကင်းရှင်းစွာ ပူးပေါင်းပါဝင်သည်။
စံသတ်မှတ်ချက် ၂- ရင်းမြစ်များ
အသက်အရွယ်အလိုက် သင်ယူမှု ရရှိရေး အခွင့်အလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရပ်ရွာဒေသရှိ ရင်းမြစ်များကို ဖော်ထုတ်၍ ဆော်ဩစည်းရုံးကာ အသုံးချသည်။
စံသတ်မှတ်ချက် ၁- ညှိနှိုင်းဆောင်ရွက်မှု
ပညာရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုနည်းစနစ်များရှိနေပြီး ယင်းတို့သည် အရည်အသွေးရှိပညာရေးကို စဉ်ဆက်မပြတ်သင်ယူခွင့်ရရှိရေး ဆောင်ရွက်နိုင်ရန် ပါဝင်ပတ်သက်သူများအား ပံ့ပိုးပေးသည်။
စံသတ်မှတ်ချက် ၁- စစ်ဆေးအကဲဖြတ်ခြင်း
အရေးပေါ်အခြေအနေအတွင်း ပညာရေးဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ဘက်စုံခြုံငုံ၍ ပွင့်လင်းမြင်သာသော ပူးပေါင်းပါဝင်မှုပုံစံဖြင့် ဆောင်ရွက်သည်။
စံသတ်မှတ်ချက် ၂- တုံ့ပြန်မှုနည်းဗျူဟာများ
လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာတုံ့ပြန်မှုနည်းဗျူဟာများသည် ဆက်စပ်ကိုက်ညီသော အခြေအနေ၊ ပညာသင်ယူခွင့်ကို အဟန့်အတားဖြစ်စေသော အရာများနှင့်ထိုအဟန့်အတားများကို ကျော်လွှားနည်းများကို ရှင်းလင်းစွာ ဖော်ပြသည်။
စံသတ်မှတ်ချက် ၃- စစ်ဆေးကြီးကြပ်ခြင်း
ပညာရေးဆိုင်ရာတုံ့ပြန်မှုများနှင့်ဘေးအန္တရာယ်ဒဏ်ခံရသူများ၏အစဉ်ပြောင်းလဲဖြစ်ပေါ်နေသော သင်ယူမှုလိုအပ်ချက်များကိုမှန်မှန်စစ်ဆေးကြီးကြပ်သည်။
စံသတ်မှတ်ချက် ၄- အကဲဖြတ်ခြင်း
စနစ်ကျပြီး သမာသမတ်ကျသော အကဲဖြတ်ခြင်းများသည် ပညာရေးဆိုင်ရာ တုံ့ပြန်မှုကိုတိုးတက်ကောင်းမွန်စေပြီး တာဝန်ခံမှုကို မြှင့်တင်ပေးသည်။

ဤအခန်းတွင်-

- ရပ်ရွာလူထုပူးပေါင်းပါဝင်မှု - ပူးပေါင်းပါဝင်ခြင်းနှင့် ရင်းမြစ်များ
- ညှိနှိုင်းဆောင်ရွက်ခြင်း
- စိစစ်ပိုင်းခြားမှု- စစ်ဆေးအကဲဖြတ်ခြင်း၊ တုံ့ပြန်မှုဆိုင်ရာနည်းဗျူဟာများ၊ စစ်ဆေးကြီးကြပ်ခြင်း၊ အကဲဖြတ်ခြင်း တို့အတွက် စံသတ်မှတ်ချက်များကို အသေးစိတ် ဖော်ပြထားသည်။

ဤအခြေခံစံသတ်မှတ်ချက်များသည် ထိရောက်သော ပညာရေးဆိုင်ရာ တုန့်ပြန်မှုများဆောင်ရွက်ရန်အတွက် အရေးပါသည်။ ယင်းတို့သည် ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်၊ သင်ကြားခြင်းနှင့်သင်ယူခြင်း၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးမူဝါဒများနှင့် သက်ဆိုင်သည့် စံသတ်မှတ်ချက်များကို အသုံးပြုရန်အတွက် အခြေခံများ ဖြစ်သည်။

အရေးပေါ်အခြေအနေတွင် ထိရောက်သော ပညာရေးဆိုင်ရာ တုံ့ပြန်မှုများဆောင်ရွက်နိုင်မှုသည် ရပ်ရွာလူထု၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုအပေါ်တွင် အခြေခံသည်။ ရပ်ရွာလူထုအား ပညာရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းအဆင့်ဆင့်တွင် ပါဝင်နိုင်သည့် လုပ်ဆောင်ခွင့်ပေးခြင်းဖြစ်သည်။ ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်ခြင်းနှင့် မိမိတို့၏ အရေးကိစ္စသဖွယ် ဆောင်ရွက်ကြခြင်းတို့က ၎င်းတို့၏ တာဝန်ခံလိုမှုနှင့် ပညာရေးလုပ်ငန်းများ ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ရပ်ရွာဒေသမှ ရင်းမြစ်များနှင့်ပံ့ပိုးမှုများ ရရှိလာစေရန် တွန်းအားပေး ဆော်ဩစည်းရုံးမှုတို့ကို ဖြစ်ပေါ်စေသည်။ ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်ခြင်းက ရပ်ရွာဒေသ၏ ဆွေးနွေးရမည့်ပညာရေးကိစ္စရပ်များနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်သတ်မှတ်ရာတွင် အထောက်အကူဖြစ်စေသည်။ ဤနည်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စစ်ဆေးကြီးကြပ်ခြင်းများတွင် ရပ်ရွာလူထုက တက်ကြွစွာ ပူးပေါင်းပါဝင်ပါက ဆီလျော်၍ထိရောက်မှုရှိသော ပညာရေးဆိုင်ရာ တုံ့ပြန်မှုများကို ဖြစ်ပေါ်စေသည်။

ရပ်ရွာလူထု ပူးပေါင်းပါဝင်မှုတွင် ရပ်ရွာလူထုအား စွမ်းဆောင်ရည်တည်ဆောက်ခြင်း ပါဝင်သင့်ပြီး လက်ရှိဆောင်ရွက်နေသော ပညာရေးလုပ်ငန်းများအပေါ် အခြေခံသင့်သည်။ ကလေးများနှင့် လူငယ်များသည် ရပ်ရွာ၏ ခံနိုင်ရည်ရှိမှု မြင့်မားရေးနှင့် ပြန်လည်ထူထောင်ရေးကို အကျိုးပြုပေးနိုင်သည့်အတွက် ၎င်းတို့၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါသည်။

ပူးပေါင်းပါဝင်မှု အတိုင်းအတာနှင့် ပုံစံအမျိုးမျိုးရှိသည်။ သာမန် ပူးပေါင်းပါဝင်ခြင်းဆိုသည်မှာ ဝန်ဆောင်မှုများကို ရယူခြင်းမှသည် အခြားသူတို့က ချမှတ်ထားသော ဆုံးဖြတ်ချက်များကို လက်ခံခြင်းအထိ ဖြစ်သည်။ အပြည့်အဝ ပူးပေါင်းပါဝင်ခြင်းဆိုသည်မှာ ဆုံးဖြတ်ချက်ချခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် အချိန်ပေး၍ တက်ကြွစွာ တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။ အရည်အသွေးရှိပြီး ရေရှည်တည်တံ့သော ပညာရေးတုံ့ပြန်မှုများ ဆောင်ရွက်ရာ၌ သာမန်ပူးပေါင်းပါဝင်ခြင်း တစ်ခုတည်းနှင့် ထိရောက်မှု မရှိကြောင်းကို အတွေ့အကြုံများက သက်သေပြနေသည်။ အရေးပေါ်အခြေအနေများတွင် အပြည့်အဝ ပူးပေါင်းပါဝင်မှုကို ရရှိရန် ခက်ခဲတတ်သော်လည်း ယင်းကို ရရှိအောင် ရှေးရှုလုပ်ဆောင်ရန် အရေးကြီးသည်။

လူတိုင်းအတွက် ပညာရေးရပိုင်ခွင့်များရရှိစေရန် ပညာရေးဆိုင်ရာတာဝန်ရှိသူများသည် ပညာရေးတုံ့ပြန်မှုအတွက် ညှိနှိုင်းဆောင်ရွက်မှုကို ဦးဆောင်သင့်ပါသည်။ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ပတ်သက်သူများအနေဖြင့်မူ ပညာရေးဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများနှင့် ဒေသခံ ပူးပေါင်းဆောင်ရွက်သူများအား ထိုသူတို့၏ ရပ်တည်မှုကဏ္ဍကို မထိခိုက်စေဘဲ ပံ့ပိုးပေးခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းတို့ ပြုလုပ်ပေးသင့်သည်။ ပညာရေးဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ရန် ခက်ခဲသောအခြေအနေမျိုးတွင် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်မှု ကော်မတီ၏ သဘောတူညီချက်ဖြင့် Education Cluster သို့မဟုတ် အခြားကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်သောအဖွဲ့ကို တာဝန်ပေးအပ်နိုင်သည်။ ပညာရေးတုံ့ပြန်မှုအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းသည် အချိန်နှင့် တစ်ပြေးညီ ဖြစ်သင့်သည်၊ ပွင့်လင်းမြင်သာသင့်သည်၊ အကျိုးရလဒ်ကို ရှေ့ရှုသင့်သည်၊ ဘေးဒဏ်သင့် ရပ်ရွာလူထုကို တာဝန်ခံသင့်သည်။

ရပ်ရွာဒေသ၏ ဆက်စပ်အခြေအနေနှင့် အရေးပေါ်အခြေအနေ၏ အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်တတ်သော သဘာဝတို့ကို မှန်ကန်စွာ စိစစ်ပိုင်းခြားနားလည်မှုသာ ပညာရေးတုံ့ပြန်မှုများသည် ထိရောက်ပြီး 'မည်သည့် ထိခိုက်နစ်နာမှုကိုမျှ မဖြစ်ပေါ်စေနိုင်ပါ'။ ပညာရေးကဏ္ဍ စိစစ်ပိုင်းခြားခြင်းကို အခြားကဏ္ဍများ စိစစ်ပိုင်းခြားခြင်းနှင့်တွဲဖက်၍ ပြုလုပ်သင့်သည်။ ရည်ရွယ်ချက်မှာ အရေးပေါ်အခြေအနေ၏ သဘာဝ၊ ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ရပ်ရွာလူထုအပေါ် သက်ရောက်မှု၊ နိုင်ငံတော် အဖွဲ့အစည်းများ၏ ဥပဒေရေးရာနှင့် လူသားချင်းစာနာမှုဆိုင်ရာတာဝန်များကို ဖြည့်ဆည်းနိုင်စွမ်းအားတို့ကို သိရှိရန်ဖြစ်သည်။ စိစစ်ပိုင်းခြားမှုတွင် စီးပွားရေးအခြေအနေ၊ ဘာသာရေးနှင့် ရပ်ရွာဒေသ၏ ယုံကြည်မှုများ၊ လူမှုရေး အလေ့အထများနှင့် ကျား-မကဏ္ဍဆက်နွယ်မှုများ၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အချက်အလက်များ၊ ရင်ဆိုင်ဖြေရှင်းနိုင်သည့် ယန္တယားများနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းချက်များကိုပါ ထည့်သွင်းစဉ်းစားသင့်သည်။ ထိခိုက်ခံရလွယ်မှု၊ လိုအပ်ချက်များ၊ ရပိုင်ခွင့်များနှင့် ဘေးဒဏ်သင့်သူများ၏ စွမ်းဆောင်ရည်များ၊ ရပ်ရွာဒေသတွင်း ရနိုင်သောရင်းမြစ်များ၊ သင်ယူသူအားလုံးအတွက် ပညာရေးဝန်ဆောင်မှု ကွာဟချက်များကိုလည်း ဖော်ထုတ်သင့်သည်။ ရပ်ရွာဒေသတွင်း ကျရောက်လေ့ရှိသည့် ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ရပ်ရွာလူထု၏ ဗဟုသုတနှင့် ကာကွယ်နိုင်စွမ်း၊ တုံ့ပြန်နိုင်စွမ်းတို့ကို သိနားလည်ရမည့်အပြင် ရပ်ရွာလူထု၏ လိုအပ်နေသေးသော စွမ်းဆောင်ရည်များကို သိရှိရန်အရေးကြီးသည်။

သတင်းအချက်အလက် စုဆောင်းခြင်းနှင့် စိစစ်ပိုင်းခြားခြင်းသည် အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ခြင်းအဆင့်ထိ ပွင့်လင်းမြင်သာပြီး အများပြည်သူရရှိ အသုံးပြုနိုင်သော၊ ကျား-မ၊ အသက်အရွယ်အုပ်စုစသည်ဖြင့် အသေးစိတ်ခွဲခြားထားသည့် ပညာရေးဆိုင်ရာ အချက်အလက်များကို ထုတ်နှုတ်ပေးစွမ်းနိုင်သင့်သည်။ သို့ရာတွင် ဤသို့ပြုလုပ်ခြင်းသည် ပဋိပက္ခနှင့် မငြိမ်သက်မှုများကို မရည်ရွယ်ဘဲ ဖြစ်ပေါ်စေနိုင်သဖြင့် ထိုသို့မဖြစ်အောင် သတိပြုရှောင်ရှားသင့်သည်။ ပညာရေးတုံ့ပြန်မှုများ၊ အခြေအနေ အချိန်အခါအလျောက် ဖြစ်ပေါ်လာသော ပညာရေးလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပုံမှန် စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် လူတိုင်းအကျုံးဝင်ပြီး ပွင့်လင်းမြင်သာမှု ရှိသင့်သည်။ အတွေ့အကြုံများမှ ရရှိသော သင်ခန်းစာများအပါအဝင် စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းအစီရင်ခံစာများကို အနာဂတ် ပညာရေးတုံ့ပြန်မှုများ ပိုမိုကောင်းမွန်စေရန် မျှဝေပေးသင့်သည်။

## ရပ်ရွာလူထုပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၁။
## ပူးပေါင်းပါဝင်မှု

ရပ်ရွာလူထုသည် ပညာရေးတုံ့ပြန်မှုများကို စိစစ်ပိုင်းခြားခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ လုပ်ငန်းပုံစံချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းများဆောင်ရွက်ရာတွင် တက်ကြွစွာ၊ ပွင့်လင်းမြင်သာစွာနှင့် ခွဲခြားမှုကင်းရှင်းစွာ ပူးပေါင်းပါဝင်သည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်)

- ရပ်ရွာလူထုသည် ဘေးကင်းလုံခြုံသော၊ ထိရောက်သော၊ တန်းတူညီမျှဖြစ်သော ပညာရေးဖြစ်စေရန် ပညာရေးလုပ်ငန်းများကို ဦးစားပေး ရွေးချယ်ရာတွင်လည်းကောင်း၊ အစီအစဉ် ရေးဆွဲရာတွင်လည်းကောင်း တက်ကြွစွာ ပါဝင်ဆောင်ရွက်သည် (လမ်းညွှန်ချက်မှတ်စု ၁ မှ ၄ ကို ကြည့်ပါ)။
- ရပ်ရွာလူထုပညာရေးကော်မတီတွင် ထိခိုက်ခံရလွယ်သောအုပ်စုများ၏ ကိုယ်စားလှယ်များလည်း ပါဝင်သည် (လမ်းညွှန်ချက်မှတ်စု ၁ မှ ၄ ကိုကြည့်ပါ)။
- ကလေးများနှင့်လူငယ်များသည် ပညာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အကောင်အထည်ဖော်ရေး၊ စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းကဏ္ဍများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည် (လမ်းညွှန်ချက်မှတ်စု ၅ ကို ကြည့်ပါ)။
- ရပ်ရွာလူထုသည် စစ်ဆေးအကဲဖြတ်ခြင်း၊ ဆက်စပ်အခြေအနေကို စိစစ်ပိုင်းခြားခြင်း၊ ပညာရေးလုပ်ငန်းများအပေါ် လူမှုရေးပိုင်းဆိုင်ရာ သုံးသပ်ခြင်း၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုအပေါ် ပူးတွဲသုံးသပ်ခြင်း၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချခြင်းနှင့် ပဋိပက္ခဖြစ်ပွားမှု လျော့ပါးစေခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်သည် (လမ်းညွှန်ချက်မှတ်စု ၆ ကို ကြည့်ပါ)။
- ရပ်ရွာလူထုသည် သင်တန်းများတက်ရောက်ကာ စွမ်းဆောင်ရည်တည်ဆောက်နိုင်သည့် အခွင့်အလမ်းများ ရရှိသည် (လမ်းညွှန်ချက်မှတ်စု ၇ ကို ကြည့်ပါ)။

**လမ်းညွှန်ချက်မှတ်စုများ**

၁။ **လူတိုင်းအကျုံးဝင်သောရပ်ရွာလူထုပူးပေါင်းပါဝင်ခြင်း။** ။ ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ပညာရေးတွင် ပါဝင်ပတ်သက်သူများ အနေဖြင့် ပညာရေးတုံ့ပြန်မှုများကို စိစစ်ပိုင်းခြားခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ လုပ်ငန်းပုံစံချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းတို့တွင် ရပ်ရွာလူထု၏ပူးပေါင်းပါဝင်မှုကို ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ဘေးဒဏ်သင့် ရပ်ရွာလူထုသည် အသက်အရွယ်၊ ကျား-မ၊ လူမျိုး၊ ဘာသာ၊ လိင်ပိုင်းဆိုင်ရာကိုင်းညွှတ်မှု၊ မသန်စွမ်းမှု၊ HIVကူးစက်မှု စသည့်အချက်များကြောင့် ခွဲခြားမခံရဘဲ ပူးပေါင်းပါဝင်ခွင့် ရှိသည်။

ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် ပညာရေးတွင်ပါဝင်ပတ်သက်သူများသည် ရပ်ရွာလူထုအား အောက်ပါတို့ကို ဖော်ထုတ်သတ်မှတ်ရာတွင် ပါဝင်စေသင့်သည်။

- သင်ယူသူအားလုံး၏ ပညာရေးလိုအပ်ချက်များ
- ရပ်ရွာဒေသတွင်းရနိုင်သော ငွေကြေး၊ ရုပ်ဝတ္ထုပစ္စည်းနှင့် လူသားရင်းမြစ်များ
- ယောကျ်ားလေးနှင့် မိန်းကလေး၊ လူငယ်နှင့် လူကြီးများအကြား လက်ရှိဆက်ဆံရေးနှင့် ပြောင်းလဲနေသော ဆက်ဆံရေး
- ဘာသာစကား မတူသူ အုပ်စုများအကြားနှင့် ပါဝင်ဆောင်ရွက်နိုင်ခွင့် မရရှိသော အုပ်စုများအကြား ဆက်ဆံရေး အပါအဝင် ရပ်ရွာလူထု၏ လှုပ်ရှားဆောင်ရွက်နိုင်မှုစွမ်းအား
- လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ စိုးရိမ်သောကများနှင့် ခြိမ်းခြောက်မှုများ

- ပညာရေးအဖွဲ့အစည်းများ၊ ဝန်ထမ်းများနှင့် သင်ယူသူများအား လိင်အကြမ်းဖက်မှုအပါအဝင် ဖြစ်နိုင်ခြေရှိသော တိုက်ခိုက်မှုများရန်မှ ကာကွယ်ရန်နည်းလမ်းများ
- ရပ်ရွာဒေသတွင်း ဘေးအန္တရာယ်များ၊ ဘေးကင်းလုံခြုံ၍ လက်လှမ်းမီသော ကျောင်းများနှင့် အခြားသော သင်ယူရာနေရာများအတွက် ဘေးအန္တရာယ်လျော့ပါးစေရေးဆိုင်ရာ ရပ်ရွာဒေသတွင်း ကိုင်တွယ်ဖြေရှင်းနည်းများ
- အသက်ရှင်သန်မှု၊ ပဋိပက္ခဖြစ်ပေါ်စေသည့် အကြောင်းအရာများနှင့် အဓိက ကျန်းမာရေးပြဿနာများ စသည့် အကြောင်းအရာတို့ကို ပညာရေးတုံ့ပြန်မှု ကဏ္ဍအသီးသီးတွင် ထည့်သွင်းပညာပေးရန်နည်းလမ်းများ

မိသားစု၊ ရပ်ရွာလူထုနှင့် ကျောင်းများအကြား သို့မဟုတ် အခြားသင်ယူရာနေရာများအကြား ပိုမိုချိတ်ဆက်မိစေရန် လူတိုင်းအကျုံးဝင်ကာ ပူးပေါင်းပါဝင် အကြံပြုဆွေးနွေးနိုင်သော အစီအစဉ်များ ပြုလုပ်သင့်သည် (ရပ်ရွာလူထုပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၂ နှင့် ၃ (စာမျက်နှာ ၃၇-၃၈)၊ စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃၊ စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၅ (စာမျက်နှာ ၄၃)၊ စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၃၏ လမ်းညွှန်ချက်မှတ်စု ၁ မှ ၃ (စာမျက်နှာ ၄၅-၄၇) နှင့် စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၄၏ လမ်းညွှန်ချက်မှတ်စု ၃နှင့် ၄ (စာမျက်နှာ ၄၉) တို့ကိုလည်းကြည့်ပါ) ။

၂။ **ရပ်ရွာပညာရေးကော်မတီ။**။ ဤကော်မတီသည် ရပ်ရွာလူထုအတွင်းရှိ သင်ယူသူများ၏ ပညာရေးဆိုင်ရာ လိုအပ်ချက်နှင့် ရပိုင်ခွင့်များကို ဖော်ထုတ်ဖြည့်ဆည်းပေးသောအဖွဲ့ကို ရည်ညွှန်းသည်။ 'မိဘဆရာအသင်း' သို့မဟုတ် 'ကျောင်းစီမံခန့်ခွဲမှုကော်မတီ' ဟူသော အမည်ကွဲများလည်း ရှိနိုင်သည်။ ရပ်ရွာလူထုအား လေ့ကျင့်သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းဖြင့် လည်းကောင်း၊ ပညာရေးဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးတွင် ပါဝင်ပတ်သက်သူများနှင့်အတူ ပညာရေးစီမံချက်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကာ ပံ့ပိုးပေးခြင်းဖြင့် လည်းကောင်း၊ ရပ်ရွာဒေသကို ကူညီပေးနိုင်သည်။ ရပ်ရွာပညာရေးကော်မတီမရှိသေးလျှင် ဖွဲ့စည်းရန် တိုက်တွန်းသင့်ပါသည် (ရပ်ရွာလူထု ပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ နှင့် ၇ ကိုလည်း ကြည့်ပါ) ။

ရပ်ရွာပညာရေးကော်မတီတွင် ရပ်ရွာတွင်းရှိအုပ်စုများအားလုံးကို ကိုယ်စားပြုသင့်ပြီး ယင်းတွင်အောက်ပါပုဂ္ဂိုလ်များ ပါဝင်နိုင်သည်။

- ကျောင်းစီမံအုပ်ချုပ်သူများ၊ ဆရာ/မများနှင့် ဝန်ထမ်းများ
- မိဘ၊အုပ်ထိန်းသူများ သို့မဟုတ် ကလေးပြုစုစောင့်ရှောက်သူများ
- ကလေးများနှင့် လူငယ်လူရွယ်များ
- လူမှုအဖွဲ့အစည်းများမှ ဝန်ထမ်းများ
- အန်ဂျီအိုများနှင့် ဘာသာရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ
- ဓလေ့ထုံးတမ်းအစဉ်အလာအရ ခေါင်းဆောင်များ
- ကျန်းမာရေးလုပ်သားများ

ထိခိုက်ခံရလွယ်သော အုပ်စုများမှ ကိုယ်စားလှယ်များပါဝင်ရန်လည်း အရေးကြီးသည်။ ရပ်ရွာပညာရေးကော်မတီဝင်များ ရွေးချယ်ရာတွင် ရပ်ရွာဒေသ၏ ဆက်စပ်အခြေအနေနှင့် ကိုက်ညီမှုရှိပြီး အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေး၊ ယောကျ်ားလေး မျှတစွာ ပါဝင်နိုင်စေရန် ရွေးချယ်သင့်သည်။

အရေးပေါ်အခြေအနေများတွင် တိုင်းရင်းသားများ၊ မျိုးနွယ်စုများ၊ ဘာသာရေး၊ လူမျိုးရေးစသည့် လူမှုရေး ကွဲပြားခြားနားမှုနှင့် စပ်လျဉ်း၍ မတရားအမြတ်ထုတ်မှုများ ဖြစ်လာနိုင်သည့်အတွက် ရပ်ရွာပညာရေးကော်မတီသည် ယင်းတို့အားလုံးနှင့် လက်တွဲလုပ်သင့်သည်။ အားလုံးပါဝင်ဆောင်ရွက်ခြင်းကို ရည်မှန်းချက်ပန်းတိုင်အဖြစ်ထားသော်လည်း

တစ်ဦးချင်း တစ်ဖွဲ့ချင်းစီ၏ ဘေးကင်းလုံခြုံရေးကိုလည်း ဦးစားပေးရမည်။ ကော်မတီများသည် လူတိုင်းအတွက် ဘေးကင်းလုံခြုံကာ သမာသမတ်ကျပြီး သင့်လျော်သော ပညာရေးကို ပံ့ပိုးပေးရန် ရည်မှန်းချက်ထားသင့်သည်။ ထို့အပြင် ပြောင်းလဲနေသော လူမှုစီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ဆက်စပ်အခြေအနေများနှင့်ပတ်သက်၍ အကြားအမြင် ဗဟုသုတရှိသင့်ပြီး သက်ဆိုင်ရာအဆင့်အသီးသီးရှိ ဆုံးဖြတ်ချက်ချနိုင်သူများနှင့် ဆက်သွယ်ဆောင်ရွက်သင့်သည် (စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၇-၃၈) ကိုကြည့်ပါ)။

၃။ **ရပ်ရွာပညာရေး ကော်မတီဝင်များ၏ အခန်းကဏ္ဍနှင့်တာဝန်များ။** ။ ရပ်ရွာပညာရေး ကော်မတီဝင်များ၏ အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းလင်းစွာ သတ်မှတ်ထားသင့်သည်။ ယင်းတို့တွင် အောက်ပါ အကြောင်းအရာများ ပါဝင်နိုင်သည်။

- ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် ပုံမှန်တွေ့ဆုံစည်းဝေးခြင်း
- အစည်းအဝေးမှတ်တမ်း၊ ဆုံးဖြတ်ချက်များကို သိမ်းဆည်းထားခြင်း
- ရပ်ရွာလူထု၏ ငွေကြေးနှင့် ပစ္စည်းလှူဒါန်းမှုများရရှိရန်အတွက် ဆော်ဩစည်းရုံးခြင်း
- ပညာရေးအစီအစဉ်များသည် သင်ယူသူများ၏ လိုအပ်ချက်များနှင့် ရပိုင်ခွင့်များကို အလေးထားကြောင်း ပြဆိုရန်အတွက် အသက်အရွယ်၊ ယဉ်ကျေးမှုနှင့် သင့်လျော်သော ချဉ်းကပ်နည်းများကို သတ်မှတ်ခြင်း၊ ဥပမာ- ရပ်ရွာ၏ ဆက်စပ်အခြေအနေကို ထင်ဟပ်ပြီး လိုအပ်ပါက ပြုပြင်ပြောင်းလဲနိုင်သော ကျောင်းပြက္ခဒိန်၊ အသက်အရွယ်နှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ
- ရပ်ရွာလူထုနှင့် ရပ်ရွာပြင်ပမှ ဆုံးဖြတ်ချက်ချမှတ်သူများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်စေရန် ရပ်ရွာ၊ ပြည်နယ်/တိုင်းဒေသကြီး၊ နိုင်ငံအဆင့် ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း
- ပညာသင်ယူခွင့်ရရှိရန်နှင့် အရည်အသွေးရှိပညာရေးဖြစ်စေရန် တာဝန်ရှိသူများက တာဝန်ခံစေရန် ဆောင်ရွက်ခြင်း
- အရည်အသွေးရှိသော သင်ကြားခြင်းနှင့် သင်ယူခြင်းအတွက် ပညာရေးပံ့ပိုးမှုများကို စစ်ဆေးကြီးကြပ်ခြင်း
- သင်ယူမှု အခွင့်အလမ်းများတွင် ပါဝင်သူ၊ မပါဝင် သူတို့နှင့်ပတ်သက်ပြီး ကျား-မ၊ အသက်အရွယ်အုပ်စုစသည်ဖြင့် အသေးစိတ်ခွဲခြားထားသောသတင်းအချက်အလက်များကို စုဆောင်းခြင်းနှင့် စစ်ဆေးကြီးကြပ်ခြင်း
- ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ ကျောင်းသွားကျောင်းပြန် ဘေးကင်းလုံခြုံစေရန် အားဖြည့် ဆောင်ရွက်ပေးခြင်း
- ပညာရေးပံ့ပိုးမှုများတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျော့ပါးရေးလုပ်ငန်းကို ထည့်သွင်းပေးခြင်း
- သင့်တော်သော လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများရရှိရန်ဆောင်ရွက်ပေးခြင်း

(စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၇-၃၈) ကိုလည်း ကြည့်ပါ) ။

၄။ **ရပ်ရွာဒေသပညာရေးလုပ်ငန်းစီမံချက်။** ။ ရပ်ရွာဒေသဆိုင်ရာ ပညာရေးတာဝန်ရှိသူများ၊ ရပ်ရွာလူထုနှင့် ရပ်ရွာ ပညာရေးကော်မတီများ ပူးပေါင်းပါဝင်မှုဖြင့် ပညာရေးလုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ပြီး အစီအစဉ်များ ချမှတ်ကာ ရပ်ရွာအခြေပြု ပညာရေးလုပ်ငန်းစီမံချက် ရေးဆွဲသင့်သည်။ နိုင်ငံအဆင့် ပညာရေးစီမံကိန်းရှိပါက ရပ်ရွာအခြေပြု ပညာရေးလုပ်ငန်းစီမံချက်သည် ယင်းအပေါ်တွင် အခြေခံပြီး ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေး အစီအစဉ်များ၏ အရည်အသွေးကို တိုးမြှင့်ရန် မူဘောင်အဖြစ် ရည်ညွှန်းသင့်သည်။ ရပ်ရွာအခြေပြု ပညာရေး လုပ်ငန်းစီမံချက်သည် ဘေးဒဏ်သင့်ခဲ့သော ရပ်ရွာလူထု (အထူးသဖြင့် ထိခိုက်ခံရလွယ်သူများ) ၏ လိုအပ်ချက်များ၊ ရပိုင်ခွင့်များ၊ ပူပင်သောကများနှင့် တန်ဖိုးထားမှုများကို ထည့်သွင်းစဉ်းစားဆောင်ရွက်သည်။

ပညာရေးလုပ်ငန်းစီမံချက်သည် ပညာရေးအဆက်မပြတ်စေရန် အလေးပေးသည်။ ယင်းစီမံချက်တွင် အောက်ပါ ရည်ရွယ်ချက်များ ပါဝင်နိုင်သည်။

- ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အညွှန်းကိန်းများ၊ ရည်မှန်းရလဒ်များနှင့် အချိန်သတ်မှတ်ချက်များအပါအဝင် သင်ကြား-သင်ယူမှု ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ အများသဘောတူ လက်ခံသော အမြင်ကို ဖြစ်ပေါ်စေခြင်း
- ပဋိပက္ခနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေးကို ဆီလျော်စွာ ထည့်သွင်းခြင်းဖြင့် ဆက်စပ်အခြေအနေနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းကို ပြင်ဆင်ခြင်း
- ဝန်ထမ်းခန့်ထားခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်တန်းပေးခြင်း၊ နစ်နာကြေးနှင့် ပံ့ပိုးမှုများပေးခြင်းတို့အတွက် လုပ်ထုံးလုပ်နည်းများကို သဘောတူညီခြင်း
- ပညာရေးကို ရနိုင်ရမည်၊ လက်လှမ်းမီရမည်၊ ဆီလျော်အောင် ပြုပြင်နိုင်ရမည်၊ လက်ခံနိုင်ရမည်ဟု အများက သဘောတူ နားလည်လာစေရန်နှင့် ခွဲခြားဆက်ဆံခြင်းကိုလျှော့ချရန် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်နည်းကို ဦးစားပေးခြင်း
- ပညာရေးလုပ်ငန်းများကို ကာကွယ်ပေးရန်နှင့် ဘေးကင်းလုံခြုံပြီး ပံ့ပိုးမှုရှိသော သင်ယူမှုပတ်ဝန်းကျင်ဖြစ်ပေါ်စေရန် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများအပေါ် အများက သဘောတူညီပြီး လက်ခံဆောင်ရွက်ခြင်း
- ပညာရေးရပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ပေးရမည့်သူများဖြစ်သော ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ပညာရေးတွင် ပါဝင်ပတ်သက်သူများ၏ လုပ်ငန်းများနှင့် တာဝန်ဝတ္တရားများကို တိကျစွာဖော်ပြခြင်း၊ ယင်းလုပ်ငန်းများနှင့် တာဝန်ဝတ္တရားများတွင် ရင်းမြစ်များကို ဆော်ဩစည်းရုံးရယူခြင်း၊ အခြေခံအဆောက်အအုံများကို ထိန်းသိမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စားနပ်ရိက္ခာဖူလုံမှု၊ ကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အာဟာရ ရေရရှိမှုနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးစသည့် တုံ့ပြန်မှုများကို ဆောင်ရွက်သော ကဏ္ဍများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုကို ထိန်းထားနိုင်ရန် လုပ်ငန်းစီမံချက်များတွင် ရပ်ရွာလူထုပါဝင်သော ပုံမှန် စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို ထည့်သွင်းသင့်သည် (ညှိနှိုင်းဆောင်ရွက်ခြင်းစံသတ်မှတ်ချက် ၁ (စာမျက်နှာ ၃၁-၃၄)၊ စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၇-၃၈)၊ ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၂ (စာမျက်နှာ ၉၈-၁၀၀)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက် မှတ်စု ၆ (စာမျက်နှာ ၁၁၀)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၁၁၃)၊ *Water Supply, Sanitation and Hygiene Promotion, Food Security and Nutrition, and Health Action* နှင့် စပ်လျဉ်းသော Sphere စံသတ်မှတ်များကိုလည်း ကြည့်ပါ)။

**၅။ ပညာရေးလုပ်ငန်းများတွင်ကလေးများနှင့်လူငယ်များပူးပေါင်းပါဝင်ခြင်း။ ။** ကလေးများနှင့် လူငယ်များသည် ပညာရေးစနစ် စီမံခန့်ခွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု အပါအဝင် ၎င်းတို့၏ ဘဝအပေါ် သက်ရောက်မှုရှိနိုင်သည့် ကိစ္စရပ်များကို ပြောဆိုပိုင်ခွင့်ရှိသည်။ ဘေးကင်းလုံခြုံ၍ နွေးထွေးမှုရှိသော ပတ်ဝန်းကျင်နှင့် အပြုသဘောဆောင်သော ဆွေးနွေးမှုပုံစံကို ဖန်တီးပေးပြီး ကလေးများနှင့် လူငယ်များအား ပူးပေါင်းပါဝင်ဆွေးနွေးရန် ဖိတ်ကြားသင့်သည်။ ကလေးများနှင့် လူငယ်များအား ၎င်းတို့၏ဘဝနှင့် ပတ်သက်၍ ထုတ်ဖော်ပြောဆိုနိုင်ရန် အနုပညာ၊ ဂီတနှင့် ပြဇာတ်ကဲ့သို့သော ယဉ်ကျေးမှုနှင့် ဆီလျော်သည့်နည်းလမ်းများ အသုံးပြုခြင်းဖြင့် ကူညီပေးနိုင်သည် (ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁ နှင့် ၆ (စာမျက်နှာ ၁၀၇-၁၀၈ နှင့် ၁၁၀) ကိုလည်း ကြည့်ပါ) ။

ကလေးများနှင့်လူငယ်များအား ၎င်းတို့ ကိုယ်တိုင်နှင့် မိသားစုဝင်များ၊ အပေါင်းအသင်းများ၏ ကိုယ်၊ စိတ်၊ လူမှုရေးဆိုင်ရာ ချမ်းသာသုခများကို ကာကွယ်ပံ့ပိုးပေးနိုင်ရန် လေ့ကျင့်ပေးသင့်သည်။ ကလေးများနှင့်လူငယ်များသည် အရေးပေါ်အခြေအနေ

ဖြစ်ပြီးနောက် ကျောင်းမတက်နိုင်သူများကို ဖော်ထုတ်ပေးခြင်းနှင့် ထိုသူတို့အား ကျောင်းတက်နိုင်အောင် ကူညီပေးခြင်းတို့ကို ပြုလုပ်ပေးနိုင်သည်။ ထို့အပြင် ထိခိုက်ဒဏ်ရာရသူများ၊ မသန်စွမ်းသူများအား ပညာရေးဆိုင်ရာ အခွင့်အလမ်းများကို လက်လှမ်းမီစေရန် ကူညီပေးနိုင်သည်။ ငြိမ်းချမ်းမှုတည်ဆောက်ခြင်း၊ ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွါးရခြင်း အကြောင်းရင်းများကို ဖြေရှင်းလျှော့ချခြင်းအပါအဝင် ကောင်းသော ပြောင်းလဲခြင်းများ စတင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် စွမ်းဆောင်ရည်များကို အလေးပေး တည်ဆောက်ပေးသင့်သည်။ ဥပမာ- လေ့ကျင့်သင်တန်းပေးခြင်းဖြင့် ကလေးများနှင့် လူငယ်များသည် သင်ယူမှုပတ်ဝန်းကျင်၌ လွဲမှားစွာပြုမူခြင်းကို ကာကွယ်တားဆီးနိုင်လာမည်၊ သတင်းပို့တတ်လာမည်၊ အပေါင်းအသင်းများအကြား စေ့စပ်ဖျန်ဖြေပေးခြင်း သို့မဟုတ် ပဋိပက္ခဖြေရှင်းခြင်းတို့ကို ဆောင်ရွက်တတ်လာမည် (ရပ်ရွာလူထုပူးပေါင်းပါဝင်မှုစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၇၊ ပညာသင်ယူခွင့်နှင့်သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၂ (စာမျက်နှာ ၆၁-၆၇)၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၃ ၏ လမ်းညွှန်ချက်မှတ်စု ၅ နှင့် ၆ (စာမျက်နှာ ၁၀၂) ကိုလည်း ကြည့်ပါ) ။

လူငယ်များသည် ပံ့ပိုးပစ္စည်းများ ဖြန့်ဝေခြင်း၊ ခိုလှုံရာနေရာများ တည်ဆောက်ခြင်းကဲ့သို့သော လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာခြင်းဖြင့် ၄င်းတို့၏ရပ်ရွာအတွက် အရေးပါသော အစီအစဉ်များရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းများတွင် ပါဝင်နိုင်ခွင့် ရရှိလာသည်။ ယင်းသို့ အပြုသဘောဆောင်သည့် လုပ်ငန်းများတွင်ပါဝင်ခြင်းဖြင့် ရာဇဝတ်မှုများ၊ လက်နက်ကိုင်အုပ်စုများနှင့် ပတ်သက်မှု နည်းပါးလာနိုင်သည်။ လူမှုစိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများ ရရှိလာပြီး ရပ်ရွာလူထုက လူငယ်များ၏ ပါဝင်ဆောင်ရွက်မှုကို ပိုမိုအသိအမှတ်ပြုလာကြသည်။ အထူးသဖြင့် ကျွမ်းကျင်မှုများနှင့် သက်မွေးပညာရပ်များကို လေ့ကျင့်သင်ကြားပေးခြင်းစသည့် ပညာရေးအစီအစဉ်များကို ရေးဆွဲခြင်း၊ စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့တွင် လူငယ်များပါဝင်လာခြင်းဖြင့် ပညာရေးအစီအစဉ်များသည် ၄င်းတို့၏ လတ်တစ်လောနှင့် ရေရှည်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည်။ မိန်းကလေးများနှင့် အမျိုးသမီးငယ်များ၏ ပညာသင်ယူမှုအခွင့်လမ်းနှင့် ပညာရေးဆိုင်ရာ လိုအပ်ချက်များသည် ယောက်ျားလေးများ၊ လူငယ်အမျိုးသားများနှင့် ကွာခြားနိုင်သောကြောင့် မိန်းကလေးများအား ၄င်းတို့၏လိုအပ်ချက်များကို ဖွင့်ဟပြောဆိုရန် တိုက်တွန်းအားပေးသင့်သည် (SEEP Network *Minimum Standards for Economic Recovery after Crisis* မှ Employment Creation standard နှင့် Enterprise Development standards တို့ကိုလည်း ကြည့်ပါ)။

၆။ **လူမှုရေးပိုင်းဆိုင်ရာသုံးသပ်ခြင်း (social audits) ။** ။ လူမှုရေးပိုင်းဆိုင်ရာသုံးသပ်ခြင်းများသည် ပညာရေးအစီအစဉ်ကို ရပ်ရွာလူထုကို အခြေပြုကာ အကဲဖြတ်ခြင်းများပင် ဖြစ်သည်။ ယင်းတွင်-

- အစီအစဉ်အတွက် ရရှိနိုင်သော လူအင်အား၊ ငွေကြေးနှင့် ပစ္စည်းများသတ်မှတ်ခြင်း
- လိုအပ်ချက်၊ ကွာဟချက်များကို ဖော်ထုတ်ခြင်း
- အစီအစဉ်၏ ထိရောက်မှုကို စစ်ဆေးကြီးကြပ်ခြင်း တို့ပါဝင်သည်။

အရေးပေါ်အခြေအနေ၏ အစပိုင်းနှင့် အလယ်ပိုင်းကာလများတွင် ဤစစ်ဆေးမှုများကို ပြုလုပ်ရန် မဖြစ်နိုင်ပါ။ သို့သော် အရေးပေါ်အခြေအနေ နောက်ပိုင်းကာလ သို့မဟုတ် ပြန်လည်ထူထောင်ရေး အစောပိုင်းကာလများတွင် လူမှုရေးပိုင်းဆိုင်ရာ သုံးသပ်ခြင်းဖြင့် ရပ်ရွာလူထုအား ပညာရေးအစီအစဉ်များကို ပိုမိုထိရောက်စွာ စစ်ဆေးကြီးကြပ်နိုင်စေပြီး၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းများ (ရှိခဲ့ပါက) မှတ်တမ်းတင်နိုင်စေမည် ဖြစ်သည်။ လူငယ်များ (အထူးသဖြင့် ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးတွင် ပါဝင်နိုင်ခြင်း မရှိသူများ) ကို ဤသုံးသပ်မှုများတွင် ပါဝင်စေခြင်းသည် ဆီလျော်မှုရှိပြီး လိုအပ်ချက်၊ ကွာဟချက်များကို သိရှိဖော်ထုတ်နိုင်သည်။ သုံးသပ်မှုရလဒ်များကို ရပ်ရွာလူထုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများသို့ အသိပေးရန် အရေးကြီးသည် (စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၄ (စာမျက်နှာ ၄၈-၄၉) ကိုလည်း ကြည့်ပါ) ။

၇။ **စွမ်းဆောင်ရည်တည်ဆောက်ခြင်း။** ။ စွမ်းဆောင်ရည်တည်ဆောက်ခြင်းဆိုသည်မှာ လူအများနှင့် အဖွဲ့အစည်းများအား ၎င်းတို့၏ ရည်မှန်းချက် ပြည့်မီရန် လိုအပ်သည့် ဗဟုသုတ၊ စွမ်းရည်၊ ကျွမ်းကျင်မှုများနှင့် အပြုအမူများကို ဖြည့်ဆည်းပေးခြင်း ဖြစ်သည်။ ဘေးဒဏ်သင့် ရပ်ရွာလူထုအတွင်းရှိ ဆရာ/မများ၊ အခြား ပညာရေးဆိုင်ရာပုဂ္ဂိုလ်များနှင့် သင်ရိုးညွှန်းတမ်းရေးဆွဲသူများ အပါအဝင် ပညာရေးကျွမ်းကျင်ပညာရှင်များကို ဖေါ်ထုတ်ပြီး ၎င်းတို့ကို ပညာရေးအစီအစဉ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ပါဝင်လာစေရန် အားထုတ်သင့်သည်။ ရပ်ရွာဒေသတွင်း၌ ကျွမ်းကျင်သူ အလုံအလောက် မရှိလျှင် သို့မဟုတ် ၎င်းတို့က ပညာရေးစနစ် (ပြန်လည်) တည်ဆောက်ရာတွင် ပါဝင်နိုင်စွမ်း သို့မဟုတ် ပါဝင်လိုခြင်းမရှိလျှင် ရပ်ရွာလူထုအား စွမ်းဆောင်ရည် တည်ဆောက်ပေးသင့်သည်။ ထိခိုက်ခံရလွယ်သော အုပ်စုများ အပါအဝင် ရပ်ရွာလူထုအတွင်းရှိ ယောကျ်ားလေး၊ မိန်းကလေး၊ လူငယ်၊ လူကြီး အားလုံး၏ ကွဲပြားခြားနားသော စွမ်းဆောင်ရည်များ၊ လိုအပ်ချက်များနှင့် တုံ့ပြန်မှုများကို စိစစ်သင့်သည်။ ရပ်ရွာအတွက် သင်တန်းအစီအစဉ်ရေးဆွဲရာတွင် ၎င်းတို့၏ စွမ်းဆောင်ရည်ဆိုင်ရာ လိုအပ်ချက်များနှင့် ယင်းတို့ကို ဖြည့်ဆည်းနိုင်သည့်နည်းလမ်းများကို စိစစ်သင့်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ရပ်ရွာလူထုတွင် ပညာရေးအစီအစဉ်များကို မိမိတို့လုပ်ငန်းကဲ့သို့ လုပ်ဆောင်လိုစိတ်နှင့် ရေရှည်ထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာပြီး အခြားကဏ္ဍများနှင့် တိုးမြှင့်ညှိနှိုင်းဆောင်ရွက်လာစေသည်။

## ရပ်ရွာလူထုပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၂။
## ရင်းမြစ်များ

အသက်အရွယ်အလိုက်လျော်ညီသော သင်ယူမှုအခွင့်အလမ်းများရရှိရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရပ်ရွာဒေသရှိ ရင်းမြစ်များကို ဖော်ထုတ်၍ ဆော်ဩစည်းရုံးကာ အသုံးချသည်။

### **အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်)

- အရည်အသွေးရှိပညာရေးကို လက်လှမ်းမီရေး မြှင့်တင်ပေးနိုင်ရန် ရပ်ရွာလူထု၊ ပညာရေးဝန်ထမ်းများနှင့် သင်ယူသူများသည် ရပ်ရွာဒေသအတွင်း ရနိုင်သောရင်းမြစ်များကို ဖော်ထုတ်သတ်မှတ်ပြီး ဆော်ဩစည်းရုံးရယူသည် (လမ်းညွှန်ချက်မှတ်စု ၁ မှ ၃ ကို ကြည့်ပါ)။
- ပညာရေးဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံရပ်ရွာလူထုနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ပတ်သက်သူများသည် လက်ရှိကျွမ်းကျင်မှုများနှင့် ဗဟုသုတများကို အသိအမှတ်ပြုပြီး ၎င်းတို့ကိုအကောင်းဆုံး အသုံးချနိုင်စေမည့် ပညာရေး အစီအစဉ်များကို ရေးဆွဲသည် (လမ်းညွှန်ချက်မှတ်စုများ ၄ မှ ၅ ကို ကြည့်ပါ)။
- ဘေးအန္တရာယ်လျှော့ချရေးနှင့် ပဋိပက္ခလျော့ပါးစေရေးပါဝင်သည့် ပညာရေးကို ဆီလျော်အောင် ပြုပြင်ပို့ချရန် နိုင်ငံတော်အဖွဲ့အစည်းများ၊ ဒေသခံရပ်ရွာလူထုနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ပတ်သက်သူများသည် ရပ်ရွာရင်းမြစ်များကို အသုံးပြုသည် (လမ်းညွှန်ချက်မှတ်စု ၅ ကို ကြည့်ပါ)။

### လမ်းညွှန်ချက်မှတ်စုများ

**၁။ ရပ်ရွာဒေသရင်းမြစ်များ။** ။ ရပ်ရွာဒေသရင်းမြစ်များတွင် ရပ်ရွာရှိ လူအင်အား၊ အသိဉာဏ်ဗဟုသုတရှိမှု၊ ဘာသာစကား၊ ငွေကြေးနှင့် ပစ္စည်းတို့ ပါဝင်သည်။ ပညာရေးတုံ့ပြန်မှုများအတွက် အစီအစဉ်ရေးဆွဲခြင်းပြုလုပ်ရာတွင် ရပ်ရွာဒေသအတွင်း ရနိုင်သော ရင်းမြစ်များကို ဖော်ထုတ်ပြီး ယင်းတို့သည် ပညာရေးတွင် မည်သို့အသုံးဝင်နိုင်ကြောင်း စိစစ်ဆုံးဖြတ်သင့်သည်။

ရပ်ရွာဒေသရင်းမြစ်များသည် နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို အစားထိုးတာဝန်ယူရန် မဟုတ်ပါ။ ရပ်ရွာဒေသ ရင်းမြစ်များသည် သင်ကြား-သင်ယူခြင်းအတွက် ဘေးကင်းလုံခြုံမှု၊ အခွင့်အလမ်းနှင့် အရည်အသွေးတို့ကို တိုးမြှင့် ပေးနိုင်ရန်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများတွင် ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာနများ၊ ကျောင်းများနှင့် အခြားသင်ယူရန်နေရာများ တည်ဆောက်ခြင်း၊ မွမ်းမံထိန်းသိမ်းခြင်းနှင့် ပြင်ဆင်ခြင်းတို့အတွက် ပစ္စည်းနှင့်လုပ်အား ပံ့ပိုးမှုများပါဝင်သည်။ ပံ့ပိုးကူညီရာတွင် သင်ယူသူများနှင့် ဆရာ/မများ၊ ကူညီဆောင်ရွက်သူများနှင့် ကလေးပြုစု စောင့်ရှောက်သူများအတွက် လူမှုစိတ်ပိုင်း ပံ့ပိုးမှုအပါအဝင် အကာအကွယ်ပေးခြင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ လူမှုဖူလုံရေးပိုင်း ဆိုင်ရာ ပံ့ပိုးပေးမှုများ ပါဝင်သည်။ ဆရာ/မများကို ပိုမိုကြိုးစား ဆောင်ရွက်ချင်စိတ် ဖြစ်ပေါ်လာအောင် စည်းရုံး စုစည်းထားသည့် ရင်းမြစ်များမှ လစာငွေနှင့် နစ်နာကြေးများပေးနိုင်သည်။ ရင်းမြစ်များ ရယူသုံးစွဲမှုမှတ်တမ်းများကို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံနိုင်မှုအတွက် သိမ်းဆည်းထားသင့်သည်။ ကလေးများအား အဓမ္မခိုင်းစေခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့ မဖြစ်စေရန် စစ်ဆေးကြီးကြပ်ရမည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက်-၂ (စာမျက်နှာ ၆၁-၆၇) ၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၃ ၏ လမ်းညွှန်ချက်မှတ်စု ၁ မှ ၄ (စာမျက်နှာ ၆၈-၇၀) ၊ ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၁၁၃) ကိုလည်း ကြည့်ပါ)။

၂။ **ပညာသင်ယူခွင့်နှင့်ဘေးကင်းလုံခြုံမှုကိုတိုးမြှင့်ဆောင်ရွက်ခြင်း။** ။ ပညာရေးဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ ရပ်ရွာလူထုနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ပတ်သက်သူများသည် ရပ်ရွာလူထုအား ထိခိုက်ခံရလွယ်သော ကလေးများနှင့် လူငယ်များကို ဖေါ်ထုတ်ပြီး ၄င်းတို့ကျောင်းတက်နိုင်ရေးနှင့် အခြားသင်ယူမှုအခွင့်အလမ်းများကို ပုံမှန်လက်လှမ်းမီရရှိရေး အတွက် အကူအညီပေးရန် တိုက်တွန်းအားပေးသင့်သည်။ ဥပမာ- အမျိုးသမီးအုပ်စုနှင့် လူငယ်အုပ်စုများက အနွမ်းပါးဆုံးသော မိသားစုများမှ ကလေးများအတွက် သင့်တော်သော အဝတ်အစားများပံ့ပိုးခြင်း၊ ကလေးဦးဆောင်သော မိသားစုများအား အစားအစာများ ပံ့ပိုးခြင်းတို့ဖြစ်သည်။ ကျောင်းများ၊ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာနများနှင့် အခြားသင်ယူရာနေရာများသည် ကလေးများနှင့် လူငယ်များအတွက် လုံခြုံပြီး ဘေးကင်းသည့် နေရာများဖြစ်စေရန် ရပ်ရွာလူထုနှင့် ပညာရေးဆိုင်ရာတာဝန်ရှိသူများ လက်တွဲဆောင်ရွက်သင့်သည်။ ၄င်းတို့အနေဖြင့် ဝေးလံခေါင်ဖျား ဒေသများအတွက်လည်း ဘေးကင်းလုံခြုံသည့် သင်ယူခွင့်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပံ့ပိုးပေးရေးတို့ကို စုစည်းဆောင်ရွက်နိုင်သည်။ မသန်စွမ်း ကျောင်းသူကျောင်းသားများအတွက် ပညာသင်ယူခွင့် တိုးမြှင့်ပေးနိုင်ရန် ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားများကို ဖယ်ရှားပေးသင့်သည်။ အမျိုးသမီးများသည် မိန်းကလေးများနှင့် မသန်စွမ်းသူများ ကျောင်းတက်နိုင်ရေးအတွက် စာသင်ခန်းအကူအဖြစ်လည်းကောင်း၊ နှောင့်ယှက်စော်ကားခြင်း မခံရအောင် ကာကွယ် စောင့်ရှောက်ပေးသူများ အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်နိုင်သည်။ လူငယ်များသည် ဓလေ့ထုံးစံကြောင့်လည်းကောင်း၊ ကာကွယ်ရေး အကြောင်းပြချက်ကြောင့်လည်းကောင်း ငယ်ရွယ်သူများနှင့် အတူ ကျောင်းမတက်နိုင်သောအခါ ရပ်ရွာလူထုအနေဖြင့် လူငယ်များအတွက် အသက်အရွယ်တူချင်း ပညာပေးခြင်း၊ စက်မှုလက်မှုနှင့် သက်မွေးပညာသင်တန်းနှင့် အသေးစားလုပ်ငန်းများ ထူထောင်နိုင်ရန်သင်တန်းစသည့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ လုပ်ဆောင်ရန် ဆွေးနွေးစီစဉ် ဆောင်ရွက်နိုင်သည်။ ရပ်ရွာရင်းမြစ်များကို ဘေးအန္တရာယ် ဖြစ်နိုင်ခြေလျော့ချရေး ပညာပေးခြင်း၊ တုံ့ပြန်မှုအတွက် ကြိုတင်ပြင်ဆင်ခြင်းတို့နှင့် ပတ်သက်သော သတင်းအချက်အလက်များ ရယူစုဆောင်းခြင်း၊ ဆီလျော်အောင် ပြုပြင်ခြင်းနှင့် မျှဝေပေးခြင်း တို့အတွက် အသုံးပြုသင့်သည် (ရပ်ရွာလူထုပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၅၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၂ နှင့် ၃ (စာမျက်နှာ ၆၁-၇၂) ၊ SEEP Network *Minimum Standards for Economic Recovery after Crsis*, Enterprise Development standards ကိုလည်း ကြည့်ပါ) ။

၃။ **ရေရှည်အတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း။** ။ ပညာရေးဆိုင်ရာပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထုသည် ၄င်းတို့ ရေရှည်ကျင့်သုံးဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအတွက် သင်တန်းများတွင် ပါဝင်သင့်သည်။ ယင်းသင်တန်းများတွင် ရင်းမြစ်များဆော်ဩစည်းရုံးခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ပံ့ပိုးထိန်းသိမ်းခြင်း၊ မသန်စွမ်းမှုနှင့် ပတ်သက်သည့် အသိရှိခြင်း၊ ကလေးများနှင့် လူငယ်များ ပူးပေါင်းပါဝင်ခြင်းကို ဖြစ်ပေါ်စေရန် အထူးအလေးပေး ဆောင်ရွက်ချက်များ ပါဝင်နိုင်သည်။

၄။ **ရပ်ရွာလူထု၏ပါဝင်ကူညီမှုကို အသိအမှတ်ပြုခြင်း။** ။ အစီအစဉ်ရေးဆွဲခြင်း၊ လုပ်ငန်းများစီစဉ်ဆောင်ရွက်ခြင်းနှင့် အစီရင်ခံခြင်းတို့တွင် ရပ်ရွာလူထု၏ ပါဝင်ကူညီမှုနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ထည့်သွင်းသင့်သည်။ ရပ်ရွာ၏ ပါဝင်ကူညီခြင်းတွင် ဆောက်လုပ်ရေးပစ္စည်းများကဲ့သို့သော ရုပ်ဝတ္ထုပစ္စည်းများလည်း ဖြစ်နိုင်သည်။ ဒေသခံတို့၏ ကိန်းဂဏန်းဖြင့် တိုင်းတာမရနိုင်သည့် ကျွမ်းကျင်မှုများကဲ့သို့သော အရည်အသွေးလည်း ဖြစ်နိုင်သည်။ ရပ်ရွာ၏ ပါဝင်ကူညီမှု အားကောင်းသည့်အခါ ၄င်းတို့၏ ကိုယ်ပိုင်လုပ်ငန်းကဲ့သို့ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်မှုရှိလာပြီး ရေရှည် တည်တံ့မှုကို အထောက်အကူပြုသည်။ သို့သော် ပြင်ပမှ ဆက်လက်ပံ့ပိုးကူညီမှုများသည် ရပ်ရွာ၏ ပါဝင်ကူညီမှုအပေါ် မူမတည်သင့်ပါ။ ပညာရေးအတွက် တရားဝင် တာဝန်ရှိသူမှာ နိုင်ငံတော်ပင် ဖြစ်ပါသည်။

အသက်အရွယ်တူချင်း ပညာပေးရေး၊ ရပ်ရွာရင်းမြစ်များကို ဆော်ဩစည်းရုံးရယူရေးနှင့် အစပျိုးဆောင်ရွက်သည့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစပျိုးလုပ်ငန်းများတွင် လူငယ်များ၏ ပါဝင်ကူညီမှုကို တိုက်တွန်းအားပေးပြီး အသိအမှတ်ပြုသင့်သည်။ လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်ခြင်းနှင့် လိုအပ်ချက်များစိစစ်ခြင်း အဆင့်များတွင် လူငယ်လူရွယ်များ၏ ပူးပေါင်းပါဝင်မှုသည် အရေးပါသည်။

၅။ **ရပ်ရွာဒေသ၏စွမ်းဆောင်ရည်။** ။ ဘေးအန္တရာယ်လျှော့ချခြင်းနှင့် ပဋိပက္ခလျော့ပါးစေခြင်းအတွက် ပညာရေး အစီအစဉ်များရေးဆွဲခြင်း၊ ဆီလျော်အောင်ပြုပြင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို ရပ်ရွာဒေသ၏ အပြုသဘောဆောင်သည့် အခက်အခဲရင်ဆိုင် ဖြေရှင်းနည်းများနှင့် စွမ်းဆောင်ရည်များအပေါ် အခြေခံ၍ စီစဉ်ပြီး ယင်းတို့ကိုမြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

အုပ်စုအမျိုးမျိုးအကြား ရင်းမြစ်နှင့် ပူးပေါင်းပါဝင်နိုင်မှုတို့အပေါ် အခွင့်လမ်းများ ညီမျှစွာ မရရှိခြင်းသည် ပညာရေးလုပ်ငန်းများ ဆောင်ရွက်မှုအပေါ်တွင် သက်ရောက်ထိခိုက်မှု ရှိနိုင်သည်။ ချန်လှပ်ထားခဲ့ခြင်း၊ ခွဲခြား ဆက်ဆံခြင်းများကိုလည်း ပိုမို ဖြစ်ပေါ်စေသည်။ ပညာရေးစီမံချက်များနှင့် အစီအစဉ်များတွင် ပါဝင်ကူညီသူ တစ်ဦးချင်းကို ဖြစ်စေ၊ အဖွဲ့လိုက်ကိုဖြစ်စေ မျက်နှာသာပေးခြင်းမျိုးမပြုသင့်ပါ။ ပါဝင်ကူညီနိုင်ခြင်း မရှိသူများကိုလည်း ခွဲခြားဆက်ဆံမှု မပြုသင့်ပါ (စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၇-၃၈)၊ ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၆ (စာမျက်နှာ ၁၁၀) ကိုလည်း ကြည့်ပါ) ။

## ညှိနှိုင်းဆောင်ရွက်မှု စံသတ်မှတ်ချက် ၁။
## ညှိနှိုင်းဆောင်ရွက်မှု

ပညာရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုနည်းစနစ်များရှိနေပြီး ယင်းတို့သည် အရည်အသွေးရှိပညာရေးကို စဉ်ဆက်မပြတ် သင်ယူခွင့်ရရှိရး ဆောင်ရွက်နိုင်ရန် ပါဝင်ပတ်သက်သူများအား ပံ့ပိုးပေးသည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်)

- ပညာသင်ယူခွင့်ရရှိရေးအတွက် ပညာရေးဆိုင်ရာတာဝန်ရှိသူများသည် အခြားအဖွဲ့အစည်းများနှင့် အစည်းအဝေး ကျင်းပခြင်း၊ ညှိနှိုင်းဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ခြင်းအပါအဝင် ပညာရေးတုံ့ပြန်မှုများတွင် ဦးဆောင်မှုကဏ္ဍမှ တာဝန်ယူသည် (လမ်းညွှန်ချက်မှတ်စု ၁ ကို ကြည့်ပါ) ။
- အဖွဲ့အစည်း အသီးသီးပါဝင်သော ညှိနှိုင်းဆောင်ရွက်မှုကော်မတီသည် လိုအပ်ချက်များစိစစ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း၊ ရင်းမြစ်များ ဖော်ထုတ်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သဘောတူ လက်ခံလာအောင်ပြုလုပ်ခြင်း စသည်တို့ကို ညှိနှိုင်းဆောင်ရွက်သည် (လမ်းညွှန်ချက်မှတ်စု ၁ ကို ကြည့်ပါ) ။
- ညှိနှိုင်းဆောင်ရွက်ရာတွင် ပညာရေးအဆင့်များနှင့် အမျိုးအစားများကို ထည့်သွင်းစဉ်းစားသည် (လမ်းညွှန်ချက်မှတ်စု ၁ ကို ကြည့်ပါ) ။
- ပညာရေးဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အန်ဂျီအိုများ၊ ရပ်ရွာလူထုနှင့် ပါဝင်ပတ်သက်သူများသည် ပညာရေးလုပ်ငန်းများကို ပံ့ပိုးပေးရာတွင် အချိန်မီဆောင်ရွက်ခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ ညီညွတ်မျှတခြင်း၊ ညှိနှိုင်းထားသည့်အတိုင်း ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းတို့ကို ဆောင်ရွက်သည် (လမ်းညွှန်ချက်မှတ်စု ၂ ကို ကြည့်ပါ)။
- တုံ့ပြန်မှုအစီအစဉ်ရေးဆွဲခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့အတွက် သတင်းအချက်အလက်မျှဝေရန် ပွင့်လင်းမြင်သာသော နည်းစနစ်များသည် ညှိနှိုင်းဆောင်ရွက်မှုကော်မတီနှင့် အဖွဲ့အစည်းများအကြားတွင်ရှိသည် (လမ်းညွှန်ချက်မှတ်စု ၃ နှင့် ၄ ကို ကြည့်ပါ)။
- ပညာရေးတုံ့ပြန်မှုတွင် စွမ်းဆောင်ရည်နှင့် လိုအပ်ချက်များကို ဖော်ထုတ်နိုင်ရန် စိစစ်အကဲဖြတ်ခြင်းများကို ပူးတွဲ ဆောင်ရွက်သည် (လမ်းညွှန်ချက်မှတ်စု ၄ ကို ကြည့်ပါ)။
- ပညာရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်ရန် ပါဝင်ပတ်သက်သူများအားလုံးသည် တန်းတူညီမျှခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်းစသည့်အခြေခံမှုများကို လိုက်နာစောင့်ထိန်းသည် (လမ်းညွှန်ချက်မှတ်စု ၅ နှင့် ၆ ကို ကြည့်ပါ)။

**လမ်းညွှန်ချက်မှတ်စုများ**

၁။ **အဖွဲ့အစည်းအသီးသီး ပါဝင်သောညှိနှိုင်းဆောင်ရွက်မှုကော်မတီ။** ။ ပညာရေးတုံ့ပြန်မှုကို ညှိနှိုင်းဆောင်ရွက်သော ကော်မတီတွင် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သင့်သည်။ နိုင်ငံတော်အဆင့် ပညာရေးဆိုင်ရာ တာဝန်ရှိသူများက ဦးဆောင်သည်ဆိုသော်လည်း ဒေသဆိုင်ရာအာဏာပိုင်များနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း ပါဝင်သင့်သည်။ ပညာရေးဆိုင်ရာတာဝန်ရှိသူများက မဆောင်ရွက်ပေးနိုင်သော နေရာများတွင် အများသဘောတူညီချက်ဖြင့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ယူဆောင်ရွက်နိုင်သည်။ ပညာရေးညှိနှိုင်းဆောင်ရွက်မှု ကော်မတီရှိပြီးဖြစ်လျှင် ယင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သင့်သည်။ သို့မဟုတ် IASC၏ အစုအဖွဲ့ပုံစံကို ကျင့်သုံးနေလျှင် Education Cluster ကို ဖွဲ့စည်းသင့်သည်။ သို့ရာတွင် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ သက်ဆိုင်ရာ ပညာရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး အမြဲပါဝင်သင့်သည်။ အခက်အခဲအကျပ်အတည်း၏ အနေအထားပေါ်မူတည်၍ နိုင်ငံအဆင့်နှင့် ရပ်ရွာဒေသအဆင့် ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့များ လိုအပ်နိုင်သည်။ အဖွဲ့ဝင်များ၏ အခန်းကဏ္ဍနှင့်

တာဝန်ဝတ္တရားများကို ကော်မတီအတွက် Terms of Reference တွင် ဖော်ပြထားသင့်သည် (ပညာရေးမူဝါဒစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၃ နှင့် ၄ (စာမျက်နှာ- ၁၁၃) ကိုလည်း ကြည့်ပါ)။

ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် မူလတန်း၊ အလယ်တန်း၊ ကျောင်းပြင်ပ၊ စက်မှုလက်မှုနှင့် သက်မွေးပညာ၊ အထက်တန်းနှင့် သက်ကြီးပညာရေးအပါအဝင် ပညာရေးအဆင့်နှင့်အမျိုးအစား သတ်မှတ်ချက်အားလုံးကို ညှိနှိုင်းဆောင်ရွက်မှု လုပ်ငန်းများတွင် ထည့်သွင်းစဉ်းစားသင့်သည်။

၂။ **ရင်းမြစ်များဆော်ဩစည်းရုံးရယူခြင်း။** ။ အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ရေးကာလတစ်လျှောက် အရည်အသွေးရှိပညာရေးအစီအစဉ်များကို အချိန်မီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရန်ပုံငွေများလိုအပ်သည်။ ရန်ပုံငွေရရှိရန် အားလုံးပါဝင် ညှိနှိုင်းထားပြီး ပွင့်လင်းမြင်သာသည့် ချဉ်းကပ်နည်းများဖြင့် ကြိုးပမ်းသင့်သည်။ ရန်ပုံငွေရရှိရေးဟုဆိုရာ၌ ကုလသမဂ္ဂ၏ Flash Appeals နှင့် Consolidated Appeals Processes များပါဝင်သည်။ အရေးပေါ်အခြေအနေများတွင် ကုလသမဂ္ဂ၏ Central Emergency Response Fund နှင့် အခြားအရေးပေါ်တုံ့ပြန်မှုရန်ပုံငွေများမှ ပညာရေးအတွက် ပံ့ပိုးပေးနိုင်သည်။ ဒေသခံအဖွဲ့အစည်းများက ရင်းမြစ်များရရှိနိုင်ရန် ကူညီပံ့ပိုးပေးသင့်သည်။

အရေးပေါ်ရန်ပုံငွေများ ခွဲဝေသုံးစွဲရာတွင် နိုင်ငံနှင့် ရပ်ရွာဒေသတွင်း အလုပ်သမားဈေးကွက် အခြေအနေများ၊ ထုံးတမ်းစဉ်လာများကို ထည့်သွင်းစဉ်းစားသင့်ပြီး ရေရှည်တွင် ထိန်းမထားနိုင်သည့် ပုံစံမျိုးကို ရှောင်ကြဉ်သင့်သည်။ ရင်းမြစ်များ ခွဲဝေသုံးစွဲရာတွင် (အထူးသဖြင့် ပဋိပက္ခအခြေအနေများ၌) မညီမျှမှုများ၊ မီးလောင်ရာလေပင့် ခွဲခြားမှုများ မဖြစ်ပေါ်စေရန် နိုင်ငံရေးစိစစ်ပိုင်းခြားမှုအပေါ် အခြေခံဆောင်ရွက်သင့်သည်။ ဆရာများနှင့်ပညာရေးဝန်ထမ်းများအတွက် နစ်နာကြေးနှင့် ပညာရေးလုပ်ငန်းများအတွက် ငွေပေးခြေခြင်းတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်သော မူဝါဒရှိရမည်ဖြစ်သည်။ အရေးပေါ်ရန်ပုံငွေများစီစဉ်ရာတွင် ရေရှည်ရန်ပုံငွေ အစီအစဉ်များနှင့် လိုက်ဖက်အောင် ဆောင်ရွက်သင့်သည် (ဥပမာ- အလှူရှင်များ စုပေါင်းထည့်ဝင်ထားသောငွေ၊ စုပေါင်းရန်ပုံငွေနှင့် နိုင်ငံတော်၏ ဘဏ္ဍာငွေခွဲဝေမှုကဲ့သို့သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေထောက်ပံ့မှုပုံစံများ)။ စက်မှုလက်မှုနှင့် သက်မွေးပညာသင်တန်းများအတွက် ပုဂ္ဂလိကကဏ္ဍမှ ရန်ပုံငွေပံ့ပိုးမှု အစီအစဉ်ကိုလည်း ရှာဖွေဖော်ထုတ်သင့်သည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၈ (စာမျက်နှာ ၆၅)၊ ဆရာများနှင့် အခြားပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၉၉)၊ ပညာရေးမူဝါဒများစံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၁၁၃)၊ INEE Toolkit: **www.ineesite.org/toolkit** တွင်ရနိုင်သည့် ဆရာ/မများအတွက် နစ်နာကြေးဆိုင်ရာ INEE လမ်းညွှန်ချက်မှတ်စုနှင့် INEE Reference Guide to External Education Financing၊ SEEP Network *Minimum Standards for Economic Recovery after Crisis*, Financial Services Standard 5: Coordination and Transparency ကိုလည်း ကြည့်ပါ)။

၃။ **သတင်းအချက်အလက်နှင့် အသိပညာစီမံခန့်ခွဲမှု။** ။ သတင်းအချက်အလက်နှင့် အသိပညာ စီမံခန့်ခွဲမှုတွင် အောက်ပါအချက်များပါဝင်သည်။

- လိုအပ်ချက်များစိစစ်အကဲဖြတ်ခြင်း၊ စွမ်းဆောင်ရည်နှင့် လွှမ်းခြုံနိုင်မှုအတိုင်းအတာ၊
- သတင်းအချက်အလက်များ စုဆောင်းခြင်း၊ သိမ်းဆည်းခြင်း၊ စိစစ်ပိုင်းခြားခြင်းနှင့် မျှဝေခြင်း
- စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း
- အတွေ့အကြုံများမှ ရရှိလာသည့် သင်ခန်းစာများကို နောင်လာမည့်လုပ်ငန်းများတွင် ထည့်သွင်းစဉ်းစားခြင်း

ထိရောက်သော သတင်းအချက်အလက်နှင့် အသိပညာ စီမံခန့်ခွဲခြင်းစနစ်များသည် နိုင်ငံတော်၏စနစ်များကို ပုံတူပွါးခြင်းမျိုး မဟုတ်ဘဲ ယင်းတို့ပေါ်တွင်အခြေခံထားခြင်းနှင့် အားဖြည့်ထားခြင်းမျိုး ဖြစ်သည်။ ယင်းတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ခြင်း၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးခြင်း၊ ခိုလှုံရာနေရာ၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဆောင်ရွက်နေသော နိုင်ငံတော်နှင့် ရပ်ရွာဒေသတွင်း အဖွဲ့အစည်းများ၏ ပါဝင်မှု လိုအပ်သည်။ သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ စီမံခန့်ခွဲခြင်း စနစ်များကို ရေရှည်တွင် နိုင်ငံတော်နှင့် ရပ်ရွာဒေသဆိုင်ရာ အာဏာပိုင်များကိုယ်တိုင် သတ်မှတ်ရေးဆွဲသင့်သည် (စိစစ်ပိုင်းခြားခြင်း စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၆ (စာမျက်နှာ ၃၉)၊ စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၆ (စာမျက်နှာ ၄၃)၊ စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၃၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၄၆-၄၇)၊ ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၅ (စာမျက်နှာ ၁၁၀) နှင့် SEEP Network *Minimum Standards for Economic Recovery after Crisis*, Common Standard 6: Coordinate Efforts for Greater Impact တို့ကိုလည်း ကြည့်ပါ)။

၄။ **ပူးတွဲစစ်ဆေးအကဲဖြတ်ခြင်းများ။** ။ ပညာရေးတုံ့ပြန်မှုအတွက် စွမ်းဆောင်ရည်နှင့် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ရန် Global Education Cluster ၏ Joint Assessment Toolkit သို့မဟုတ် သဘောတူညီထားကြသော လိုအပ်ချက်များ၊ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ နည်းလမ်းများကို ဆီလျော်အောင် ပြုပြင်သုံးစွဲသင့်သည်။ ကြိုတင်ပြင်ဆင်ခြင်းနှင့် အရေးပေါ်စီမံချက်များ ရေးဆွဲရာတွင် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ နည်းလမ်းများ အသုံးပြုတတ်စေရန် သင်တန်းပေးခြင်း အစီအစဉ်များကို ထည့်သွင်းသင့်သည်။ အကယ်၍ ပါဝင်ပတ်သက်သူ တစ်ဦးတစ်ဖွဲ့က ပညာရေးအတွက် စွမ်းဆောင်ရည်နှင့် လိုအပ်ချက်များဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်းကို ဆောင်ရွက်ခဲ့ပြီးပါက ယင်းတို့၏တွေ့ရှိချက်နှင့် အချက်အလက်များကို ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်နေသည့် အဖွဲ့များထံ မျှဝေသင့်သည်။ အချို့နိုင်ငံများတွင် ပညာရေးနှင့် အခြားကဏ္ဍအသီးသီးအတွက် မေးခွန်းများပါဝင်သည့် အလျင်အမြန်စစ်ဆေးအကဲဖြတ်ခြင်းကို အရေးပေါ်အခြေအနေဖြစ်ပြီး ၄၈ နာရီအတွင်း ဆောင်ရွက်ကြသည်။ ဤသို့ဆောင်ရွက်ရာတွင် ကျန်းမာရေး၊ ရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ခိုလှုံရာနေရာစသည့် ကဏ္ဍတွင် ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုသည် (စိစစ်ပိုင်းခြားခြင်း စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁ မှ ၈ (စာမျက်နှာ ၃၅-၄၀) ကိုလည်း ကြည့်ပါ)။

၅။ **တာဝန်ခံခြင်း။** ။ ပါဝင်ပတ်သက်သူ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းစီတွင် ၎င်းတို့၏ လုပ်ငန်းပြဌာန်းချက်များရှိသော်လည်း ညှိနှိုင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်မျှဝေမှုကို တာဝန်ခံရန် အားလုံးက သဘောတူညီထားသင့်သည်။ ဆိုလိုသည်မှာ သတင်းအချက်အလက်စုဆောင်းခြင်းနှင့် ယင်းတို့ကို လုပ်ငန်းအစီအစဉ်ရေးဆွဲရာတွင် အသုံးပြုခြင်းသည် ပွင့်လင်းမြင်သာရမည် ဖြစ်သည်။ ပညာရေးတုံ့ပြန်မှုတွင် အရေးကြီးသော ကွာဟချက်များရှိသောနေရာတွင် IASC Education Cluster သို့မဟုတ် အခြားညှိနှိုင်းဆောင်ရွက်မှုအဖွဲ့သည် သက်ဆိုင်ရာပါဝင်ပတ်သက်သူအသီးသီးက ဦးစားပေး လိုအပ်ချက်များအလိုက် ကွာဟချက်များကို ဖြည့်ဆည်းဆောင်ရွက်စေရေးအတွက် တာဝန်ယူရမည်ဖြစ်သည်။ ညှိနှိုင်းဆောင်ရွက်သည့် စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းတွင် ပညာရေးလုပ်ငန်းများ၏ ရလဒ်နှင့်ဆိုင်သော သတင်းအချက်အလက်များကို ပွင့်လင်းစွာ မျှဝေခြင်းဖြင့် ဘေးဒဏ်သင့်သူများအား တာဝန်ခံမှုဖြစ်ပေါ်စေသည်။ ထို့အပြင် ဖြည့်ဆည်းရမည့် လိုအပ်ချက်များကို ပိုမိုပေါ်လွင်စေခြင်းဖြင့် INEE အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့် လူသားချင်း စာနာမှုဆိုင်ရာ အခြေခံမူများကို အသုံးပြုရာတွင် အထောက်အကူဖြစ်စေသည်။ နိုင်ငံတော်၏ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများသည် နိုင်ငံတော်အဖွဲ့အစည်းများက ဘေးဒဏ်သင့်ပြည်သူများ၏ ပညာသင်ယူခွင့်ကို ဖြည့်ဆည်းပေးသည့် တာဝန်များကို လွယ်ကူချောမွေ့စွာ ထမ်းဆောင်နိုင်အောင် ပံ့ပိုးကူညီပေးပြီး စစ်ဆေးကြီးကြပ်သင့်သည် (ပညာရေးမူဝါဒစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၅ (စာမျက်နှာ ၁၁၄) ကိုလည်း ကြည့်ပါ)။

၆။ **ရလဒ်ကောင်းကိုရှေးရှုသောချဉ်းကပ်နည်း။** ။ ပါဝင်ပတ်သက်သူများအားလုံးသည် ပညာရေးတုံ့ပြန်မှုများကို ကောင်းစွာ ညှိနှိုင်းဆောင်ရွက်ကြပြီး မျှော်မှန်းထားသည့် ရလဒ်များ ရရှိခြင်းကို ဆိုလိုသည်။ ပညာရေးတုံ့ပြန်မှုများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းသည် စဉ်ဆက်မပြတ် စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းဖြင့် တွေ့ရှိရသည့် ကွာဟချက်များကို လျင်မြန်စွာ ညှိနှိုင်းဖြေရှင်းနိုင်သည် (စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၃ နှင့် ၄ (စာမျက်နှာ ၄၅-၄၉) ကိုလည်း ကြည့်ပါ)။

## စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၁။
## စစ်ဆေးအကဲဖြတ်ခြင်း

အရေးပေါ်အခြေအနေအတွင်း ပညာရေးဆိုင်ရာစစ်ဆေးအကဲဖြတ်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ဘက်စုံခြုံငုံ၍ ပွင့်လင်းမြင်သာသော ပူးပေါင်းပါဝင်မှုပုံစံဖြင့် ဆောင်ရွက်သည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်)

- ပညာရေးဆိုင်ရာ အလျင်အမြန် စစ်ဆေးအကဲဖြတ်ခြင်းကို စတင်ဆောင်ရွက်ရာတွင် ဘေးကင်းလုံခြုံရေးကို ထည့်သွင်းစဉ်းစားလျက် တတ်နိုင်သမျှ အစောဆုံးဆောင်ရွက်သည် (လမ်းညွှန်ချက်မှတ်စု ၁ ကို ကြည့်ပါ) ။
- စစ်ဆေးအကဲဖြတ်ခြင်းသည် ကျား-မ၊ အသက်အရွယ်အုပ်စုစသည်ဖြင့် အသေးစိတ်ခွဲခြားထားသော အချက်အလက်များကို စုဆောင်းခြင်းဖြင့် ဒေသခံတို့၏ ပညာရေးရည်မှန်းချက်အပေါ် သဘောထားအမြင်များ၊ ပညာရေးလက်လမ်းမီမှုကို အဟန့်အတား ဖြစ်စေသောအရာများ၊ ဦးစားပေးရမည့် ပညာရေးလိုအပ်ချက်များနှင့် လုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ပေးသည်။ (လမ်းညွှန်ချက်မှတ်စု ၂ ကို ကြည့်ပါ)။
- ပညာရေးနှင့် သင်ယူခြင်းအတွက် ရပ်ရွာဒေသတွင်းရှိ စွမ်းဆောင်ရည်များ၊ ရင်းမြစ်များနှင့် နည်းဗျူဟာများကို အရေးပေါ်အခြေအနေ မတိုင်မီနှင့် အရေးပေါ်အခြေအနေအတွင်း သတ်မှတ်ဖော်ထုတ်သည် (လမ်းညွှန်ချက်မှတ်စု ၂ မှ ၅ ကို ကြည့်ပါ) ။
- ပညာရေးတုံ့ပြန်မှုများသည် ဆီလျော်ဆက်စပ်မှုရှိပြီး ဘေးအန္တရာယ်ကျရောက်နိုင်ခြေနှင့် ပဋိပက္ခကို ချက်ချင်းတုံ့ပြန်နိုင်စွမ်းရှိရန် ဆက်စပ်အခြေအနေစိစစ်ခြင်းကို ပြုလုပ်သည် (လမ်းညွှန်ချက်မှတ်စု ၃ ကို ကြည့်ပါ) ။
- ဘေးဒဏ်ခံရသူများ၏ ကိုယ်စားလှယ်များသည် အချက်အလက်စုဆောင်းခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အတွက် အစီအစဉ်ရေးဆွဲရာတွင် ပူးပေါင်းပါဝင်သည် (လမ်းညွှန်ချက်မှတ်စု ၂၊ ၃၊ ၅၊ ၇၊ ၈ တို့ကို ကြည့်ပါ)။
- ပညာရေးအဆင့်နှင့်အမျိုးအစား အမျိုးမျိုးအတွက် ပညာရေးဆိုင်ရာ လိုအပ်ချက်များနှင့် ရင်းမြစ်များကို ပြီးပြည့်စုံသော စစ်ဆေးအကဲဖြတ်ခြင်းတွင် အဓိက ပါဝင်ပတ်သက်နေသူများ ပူးပေါင်းပါဝင် ဆောင်ရွက်သည် (လမ်းညွှန်ချက်မှတ်စု ၂ မှ ၇ ကိုကြည့်ပါ)။
- ထပ်တူလုပ်ငန်းများကို ပြိုင်တူလုပ်မိခြင်းမရှိစေရန် အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုကော်မတီသည် အခြားကဏ္ဍများ၊ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းပြီး စစ်ဆေးအကဲဖြတ်ခြင်းကိုဆောင်ရွက်သည် (လမ်းညွှန်ချက်မှတ်စု ၆ နှင့် ၈ ကို ကြည့်ပါ)။

### လမ်းညွှန်ချက်မှတ်စုများ

၁။ **ကနဦးစစ်ဆေးအကဲဖြတ်ရန်အချိန်သတ်မှတ်ခြင်း။** ။ ကနဦးစစ်ဆေးအကဲဖြတ်ရန် အချိန်ဇယားရေးဆွဲရာတွင် စစ်ဆေးအကဲဖြတ်ရေးအဖွဲ့နှင့် ဘေးဒဏ်ခံရသူများ၏ ဘေးကင်းလုံခြုံရေးကို ထည့်သွင်းစဉ်းစားသင့်သည်။ ဖြစ်နိုင်လျှင် စစ်ဆေးအကဲဖြတ်ခြင်းကို အရေးပေါ်အခြေအနေဖြစ်ပြီးနောက် တတ်နိုင်သမျှ အစောဆုံးဆောင်ရွက်သင့်ပြီး ဘေးဒဏ်သင့်နေရာအားလုံးတွင် ပညာရေးအမျိုးအစား အားလုံးနှင့်စပ်လျဉ်း၍ စစ်ဆေးအကဲဖြတ်သင့်သည်။ ကနဦးစစ်ဆေးအကဲဖြတ်ပြီး ကောက်ယူထားသည့် အချက်အလက်များကို စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းဖြင့် နောက်ထပ် ကောက်ယူရရှိသည့် အချက်အလက်များနှင့် ပုံမှန်ဖြည့်စွက်ပြင်ဆင်သင့်သည်။ ယင်းသို့ ဖြည့်စွက်ပြင်ဆင်ရာတွင် လုပ်ငန်းပြီးမြောက် အောင်မြင်မှုများ၊ အကန့်အသတ်ရှိမှုများနှင့် မပြည့်မီသေးသော လိုအပ်ချက်များကို သုံးသပ်ခြင်းလည်း ပါဝင်သည်။ ဘက်စုံခြုံငုံ စစ်ဆေးအကဲဖြတ်ခြင်းကို ချက်ချင်း မဆောင်ရွက်နိုင်သောအခါ ကနဦးစစ်ဆေးအကဲဖြတ်ခြင်းကို တစ်စိတ်တစ်ဒေသ ဆောင်ရွက်ပြီး ရရှိလာသော သတင်းအချက်အလက်များဖြင့် လုပ်ငန်းများကို ချက်ချင်း ဆောင်ရွက်နိုင်သည်။

၂။ **စစ်ဆေးအကဲဖြတ်ခြင်းများ။** ။ စစ်ဆေးအကဲဖြတ်ရာတွင် ပညာရေးတုံ့ပြန်မှုအတွက် အသုံးပြုရန်နှင့် ပဋိပက္ခနှင့် ဘေးအန္တရာယ်တို့၏ နောက်ဆက်တွဲဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို စစ်ဆေးအကဲဖြတ်ရန် အသေးစိတ်ခွဲခြားနိုင်သည့် အချက်အလက်များကို ကောက်ယူစုဆောင်းသင့်သည်။ 'အသေးစိတ်ခွဲခြားထားသည့်အချက်အလက်များ' ဆိုသည်မှာ

သတင်းအချက်အလက်များကို ကျား-မနှင့် အသက်အုပ်စု စသည်ဖြင့် အပိုင်းအလိုက် စိစစ်ပိုင်းခြားထားခြင်း ဖြစ်သည်။ ၎င်းအချက်အလက်များသည် ဘေးဒဏ်ခံရသူများအတွက် ပညာရေးဆိုင်ရာစွမ်းဆောင်ရည်များ၊ ရင်းမြစ်များ၊ ခုခံကာကွယ်နိုင်စွမ်း နည်းခြင်းများ၊ ကွာဟချက်များနှင့် ပညာရေးဆိုင်ရာအခွင့်အရေးများရရှိရေးအတွက် စိန်ခေါ်မှုများကို ဖော်ထုတ်သတ်မှတ်ပေးသည်။ ရင်းမြစ်များကို ထိရောက်စွာ အသုံးမပြုနိုင်ခြင်းနှင့် လိုသည်ထက်ပိုသော စစ်ဆေးအကဲဖြတ်ခြင်းများ မဖြစ်စေရန် ပညာရေးနှင့် အခြားအရေးပေါ်တုံ့ပြန်မှုကို ဆောင်ရွက်နေသူများသည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် ကွင်းဆင်းလေ့လာခြင်းများတွင် ညှိနှိုင်းဆောင်ရွက်သင့်သည် (ရပ်ရွာလူထုပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၂ (စာမျက်နှာ ၂၈-၃၀)နှင့် ညှိနှိုင်းဆောင်ရွက်မှု စံသတ်မှတ်ချက် ၁ (စာမျက်နှာ ၃၁-၃၄)ကိုလည်း ကြည့်ပါ)။

စစ်ဆေးအကဲဖြတ်ရာတွင် ရှိနှင့်ပြီးသော သတင်းအချက်အလက်ရင်းမြစ်များကို အများဆုံး အသုံးပြုသင့်သည်။ ကိုယ်တိုင် အချက်အလက်ကောက်ယူ စုဆောင်းရာတွင် အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အမှန်တကယ်လိုအပ်ပြီး မရရှိသေးသော အချက်အလက်များကိုသာ ကောက်ယူသင့်သည်။ မရောက်နိုင်၊ မသွားရောက်နိုင်သောနေရာများမှ သတင်းအချက်အလက်များ ကောက်ယူစုဆောင်းနိုင်ရန် အခြားနည်းလမ်းများကို စုံစမ်းရှာဖွေသင့်သည်။ ဥပမာ- ဒေသခံ ခေါင်းဆောင်များနှင့် ရပ်ရွာကွန်ရက်များကို ဆက်သွယ်ခြင်း၊ အခြားကဏ္ဍများမှတဆင့် ရရှိနိုင်သော ဆင့်ပွား အချက်အလက်များကို အသုံးပြုခြင်း၊ အကျပ်အတည်း မတိုင်မီကာလက အချက်အလက်မှတ်တမ်းများကို အသုံးပြုခြင်းတို့ ဖြစ်သည်။ အကျပ်အတည်း မတိုင်မီကာလက အချက်အလက်များသည် အရေးပေါ်ကာလအခြေအနေနှင့် နှိုင်းယှဉ်ရန် အထောက်အကူပြုသည်။

လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရာတွင် ကူညီပံ့ပိုးနိုင်ရန်နှင့် ဒေသခံများထံမှ အကြိမ်ကြိမ် သတင်းအချက်အလက် စုဆောင်းကောက်ယူခြင်းမျိုး မဖြစ်စေရန် နိုင်ငံအတွင်း သတင်းအချက်အလက် ကောက်ယူစုဆောင်းသည့် ပုံစံများကို စံသတ်မှတ်ထားသင့်သည်။ ဖြစ်နိုင်ပါက အရေးပေါ်အခြေအနေမတိုင်မီ ကြိုတင်ပြင်ဆင်မှုအစီအစဉ် ရေးဆွဲခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် စစ်ဆေးအကဲဖြတ်ခြင်းပုံစံများကို ရေးဆွဲပြုစုပြီး ပါဝင်ပတ်သက်သူအားလုံး၏ သဘောတူညီမှုကို ရယူထားသင့်သည်။ ယင်းပုံစံများတွင် ဒေသခံများမှ ထပ်မံဖြည့်စွက်လိုသော အရေးကြီးသည့် အချက်အလက်များရေးနိုင်ရန် အတွက်လည်း စီစဉ်ထားသင့်သည်။

စစ်ဆေးအကဲဖြတ်သည့်အဖွဲ့များတွင် ဘေးဒဏ်ခံရပ်ရွာလူထု ပါဝင်သင့်သည်။ ကျောင်းသူကျောင်းသားများ၊ ဆရာ/မများ၊ အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ မိဘများနှင့် အုပ်ထိန်းသူ အမျိုးသမီးအမျိုးသားများ၏ အတွေ့အကြုံများ၊ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများနှင့် စွမ်းဆောင်ရည်များကို လွှမ်းခြုံသိရှိနိုင်ရန် စစ်ဆေးအကဲဖြတ်သည့်အဖွဲ့များတွင် ကျား-မ အရေအတွက် ညီမျှစွာ ပါဝင်သင့်သည်။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်သင့်သည်။

စစ်ဆေးအကဲဖြတ်ရာတွင် လေးစားခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်းစသည့် အခြေခံသဘောတရားများ ပါဝင်သော လူ့ကျင့်ဝတ်များကို ထည့်သွင်းစဉ်းစားသင့်သည်။ သတင်းအချက်အလက် စုဆောင်းခြင်းသည် ရပ်ရွာလူထုကို အခက်အခဲ တွေ့စေတတ်သည်။ အဘယ်ကြောင့်ဆိုသော် သတင်းအချက်အလက်များ၏ အတိမ်းအစောင်းမခံသော သဘာဝကြောင့် သာမက၊ ၎င်းတို့ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းကြောင့် ပစ်မှတ်ထားခံရပြီး အန္တရာယ်ကြုံတွေ့နိုင်သောကြောင့်ဖြစ်သည်။ (စိစစ်ပိုင်းခြားခြင်းစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၅ ကိုလည်း ကြည့်ပါ)။ သတင်းအချက်အလက် ကောက်ယူစုဆောင်းသူများသည် ပူးပေါင်းပါဝင်ဆောင်ရွက်သူများအား ကာကွယ်ပေးရန် တာဝန်ရှိပြီး အောက်ပါ အချက်များကို ၎င်းတို့အား အသိပေးထားရမည်။

- သတင်းအချက်အလက်များ စုဆောင်းရခြင်း၏ ရည်ရွယ်ချက်
- သတင်းအချက်အလက် စုဆောင်းသည့်လုပ်ငန်းစဉ်တွင် မပါဝင်လို၍သော်လည်းကောင်း၊ ဆက်လက်ပါဝင်လိုစိတ် မရှိလျှင်သော်လည်းကောင်း အထင်လွဲခံရမှု မရှိဘဲ အချိန်မရွေး နုတ်ထွက်နိုင်ခွင့်ရှိခြင်း
- ၎င်းတို့အကြောင်း ပေါက်ကြားမှုမရှိအောင် ထိန်းသိမ်းခြင်းနှင့် ၎င်းတို့၏ အမည်နာမကိုလျှို့ဝှက်ထားရန် အခွင့်ရှိခြင်း

(စိစစ်ပိုင်းခြားခြင်းစံသတ်မှတ်ချက် ၄ ၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၄၈-၄၉) ကိုလည်း ကြည့်ပါ)။

**၃။ ဆက်စပ်အခြေအနေစိစစ်ပိုင်းခြားခြင်း။**။ ယင်းတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေစိစစ်ခြင်းနှင့် ပဋိပက္ခစိစစ်ပိုင်းခြားခြင်းတို့ ပါဝင်သည်။ ဆက်စပ်အခြေအနေ စိစစ်ပိုင်းခြားခြင်းသည် ပညာရေးတုံ့ပြန်မှုများကို ဆီလျော်ဆက်စပ်မှုရှိစေပြီး၊ ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်နှင့်ပဋိပက္ခများ၏အကြောင်းကို သိရှိစေသည်။

ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စိစစ်ခြင်းသည် သင်ယူသူများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးတို့အပေါ် သက်ရောက်လျက်ရှိသည့် ဆက်စပ်အခြေအနေများကို ရှုထောင့်စုံမှ ထည့်သွင်းစဉ်းစားသည်။ ဤအချက်က ပညာရေးသည် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းရင်း မဟုတ်ဘဲ ကာကွယ်စောင့်ရှောက်မှုပေးသည့် လုပ်ငန်းဖြစ်ကြောင်း သိသာစေသည်။ ပညာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော အကြောင်းရင်းအား စစ်ဆေးအကဲဖြတ်ရာတွင် အောက်ပါအကြောင်းအရာများ ပါဝင်နိုင်သည်။

- လုံခြုံမှုမရှိခြင်း၊ အုပ်ချုပ်မှု ညံ့ဖျင်းခြင်းနှင့် လာဘ်စားခြင်းများ
- ကူးစက်တတ်သောရောဂါများ ဖြစ်ပွါးခြင်းစသည့် ပြည်သူ့ကျန်းမာရေး ပြဿနာများ
- အခြားသော လူမှုရေး၊ စီးပွားရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအချက်များ (ဥပမာ- အဆိပ်အတောက်ဖြစ်စေသော ဓာတ်ငွေ့များထွက်လာခြင်းနှင့် ဓာတုပစ္စည်းများယိုဖိတ်ခြင်း စသည့် စက်မှုလုပ်ငန်းဆိုင်ရာအန္တရာယ်များ)
- ကျား-မ၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ တိုင်းရင်းသားမျိုးနွယ်စုနောက်ခံအခြေအနေ စသည့်အချက်များနှင့် စပ်လျဉ်းသော ဘေးအန္တရာယ်ဖြစ်နိုင်ခြေများ၊ ဆက်စပ်အခြေအနေရှိ အခြားဘေးအန္တရာယ်ဖြစ်နိုင်ခြေများ

ပညာရေးဆိုင်ရာ ကြားဝင်ကူညီဆောင်ရွက်မှုများကြောင့် မညီမျှမှုများ သို့မဟုတ် ပဋိပက္ခများဖြစ်ပေါ်စေသည့် အကြောင်းရင်းများ ပိုမိုဆိုးရွားလာမှုမရှိစေရန် ပဋိပက္ခများနှင့် ပဋိပက္ခဖြစ်နိုင်ခြေများကို စစ်ဆေးအကဲဖြတ်သည်။ ပဋိပက္ခအခြေအနေနှင့် ဘေးအန္တရာယ်အခြေအနေနှစ်ခုစလုံးအတွက် ပဋိပက္ခစိစစ်ပိုင်းခြားမှု လိုအပ်သည်။ ယင်းတွင် အောက်ပါအကြောင်းအရာများ ပါဝင်နိုင်သည်။

- ပဋိပက္ခအခြေအနေတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ပါဝင်ဆောင်ရွက်နေသူများသည် ပဋိပက္ခဒဏ်ခံနေရခြင်း သို့မဟုတ် ပဋိပက္ခဒဏ်ခံရနိုင်ခြေရှိခြင်း
- အမှန်တကယ် ဖြစ်ပွားနေသော သို့မဟုတ် ဖြစ်ပွားနိုင်ခြေရှိသော ပဋိပက္ခများနှင့် နာကြည်းနစ်နာချက်များ ဖြစ်ပေါ်စေသည့် အကြောင်းရင်းများရှိခြင်း
- ပညာရေးတွင် ပါဝင်ပတ်သက်နေသူများအပါအဝင် ပါဝင်ဆောင်ရွက်ကြသူများအကြား အပြန်အလှန် ဆက်သွယ်မှုများနှင့် ပဋိပက္ခဖြစ်ပွားစေသည့် အချက်များ။

ပဋိပက္ခဖြစ်ပွားလေ့ရှိသော နေရာဒေသများ သို့မဟုတ် တိုင်းပြည်များရှိ ပဋိပက္ခ စိစစ်ပိုင်းခြားမှု ရလဒ်များကို သုတေသန အဖွဲ့အစည်းများထံမှ ရရှိနိုင်သည်။ ယင်းတို့ကို ပညာရေးရှုထောင့်မှ ပြန်လည်သုံးသပ်ရန် လိုသည်။ ပဋိပက္ခစိစစ်ပိုင်းခြားမှု ရလဒ်များကို မရရှိလျှင် သို့မဟုတ် အသုံးမချနိုင်လျှင် ဘေးဒဏ်ခံရသည့် နေရာဒေသတွင် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြင့် လည်းကောင်း၊ စားပွဲဝိုင်းတွင် ဆွေးနွေးလေ့လာခြင်းများ ပြုလုပ်ခြင်းဖြင့်လည်းကောင်း ပဋိပက္ခစိစစ်ပိုင်းခြားမှုများ ပြုလုပ်နိုင်သည်။ ပညာရေးတွင်ပါဝင်ပတ်သက်သူများသည် သင့်လျော်သည့် အဖွဲ့အစည်းများအား ပညာရေးသတင်းအချက်အလက်များ ပါဝင်သော ဘက်စုံထောင့်စုံ ပဋိပက္ခစိစစ်ပိုင်းခြားမှုများ ဆောင်ရွက်ရန် ထောက်ခံ တင်ပြသင့်သည်။ သို့မှသာ စိတ်ဝင်စားသော အဖွဲ့အစည်းအားလုံးအား တွေ့ရှိချက်များကို မျှဝေနိုင်မည် ဖြစ်သည်။

ဘေးအန္တရာယ်ဖြစ်နိုင်ခြေစိစစ်မှု အစီရင်ခံစာက ပဋိပက္ခအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့် လူတို့ကြောင့်ဖြစ်သော အန္တရာယ်များ စီမံခန့်ခွဲမှုအတွက် နည်းဗျူဟာများကို တင်ပြသည်။ နည်းဗျူဟာများတွင် ကာကွယ်တားဆီးခြင်း၊ လျော့ပါးစေခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ ပါဝင်သည်။ ဥပမာ- ကျောင်းများ သို့မဟုတ် သင်ယူရာနေရာများတွင် အရေးပေါ်အခြေအနေကို ကာကွယ်တားဆီးရန်၊ လျော့ပါးစေရန်နှင့် တုံ့ပြန်ရန်အတွက် အရေးပေါ်အစီအစဉ်များနှင့် လုံခြုံရေးအစီအစဉ်များ လိုအပ်ပေမည်။ အန္တရာယ်ဖြစ်နိုင်သော နေရာများနှင့် သင်ယူသူများ၏ ထိခိုက်ခံရလွယ်မှုနှင့် ခံနိုင်ရည်ရှိမှုတို့ကို ထိပါးစေသော အချက်များကို ထင်ရှားစွာ ပြထားသည့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေပြ မြေပုံကိုလည်း ပြင်ဆင်ထားသင့်သည်။

ဘေးအန္တရာယ်ဖြစ်နိုင်ခြေစိစစ်မှုတွင် ရင်းမြစ်များနှင့် စွမ်းဆောင်ရည်များ အပါအဝင် ရပ်ရွာလူထု၏ ခံနိုင်ရည်ရှိမှု၊ ရပ်ရွာဒေသ၏ ပြဿနာကို ရင်ဆိုင်ဖြေရှင်းမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို စိစစ်မှုလည်း ပါဝင်သင့်သည်။ ဘေးအန္တရာယ် လျော့ပါးစေခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းအတွက် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည်များကို အရေးပေါ်ကာလမတိုင်မီနှင့် အရေးပေါ်ကာလနောက်ပိုင်းတွင်ပါ စိစစ်ပြီး၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် ဘေးအန္တရာယ် လျော့ပါးစေခြင်းလုပ်ငန်းများ ဆောင်ရွက်ရင်း အားဖြည့်မြှင့်တင်ပေးရမည် (ရပ်ရွာလူထုပူးပေါင်းပါဝင်မှုစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁ မှ ၄ (စာမျက်နှာ ၂၂-၂၅ )၊ ရပ်ရွာလူထုပူးပေါင်းပါဝင်မှုစံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၅ (စာမျက်နှာ ၃၀)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၁၁ (စာမျက်နှာ ၆၆-၆၇) ၊ သင်ကြားခြင်းနှင့်သင်ယူခြင်း စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၂ နှင့် ၄ (စာမျက်နှာ ၁၀၈-၁၁၀ )၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၃ နှင့် ၅ (စာမျက်နှာ ၁၁၃-၁၁၄) တို့ကိုလည်း ကြည့်ပါ)။

**၄။ အချက်အလက်များ ခိုင်လုံမှုရှိစေခြင်းနှင့် အချက်အလက် စိစစ်ပိုင်းခြားနည်းများ။** ။ အချက်အလက် စိစစ်ပိုင်းခြားခြင်းများသည် အောက်ပါအကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းစွာ ဖော်ပြသင့်သည်။

- အညွှန်းကိန်းများ
- အချက်အလက်ရင်းမြစ်များ
- စုဆောင်းသည့် နည်းလမ်းများ
- အချက်အလက်စုဆောင်းသူများနှင့်
- အချက်အလက် စိစစ်ပိုင်းခြားမှု လုပ်ငန်းစဉ်များ

အချက်အလက်စုဆောင်းသူများအတွက် လုံခြုံရေးအန္တရာယ်ရှိသော နေရာများတွင် အချက်အလက်စုဆောင်းသူတစ်ဦးချင်းစီ၏ အမည်များမဟုတ်ဘဲ အချက်အလက်စုဆောင်းရာတွင် ပါဝင်သော အဖွဲ့အစည်းအမျိုးအစားကို ရည်ညွှန်းသင့်သည်။ ရှာဖွေတွေ့ရှိချက်များ၏ ကိုးစားနိုင်မှု သို့မဟုတ် အခြားအခြေအနေများနှင့် ဆီလျော်မှုများကို ထိခိုက်စေနိုင်သော အချက်အလက်စုဆောင်းခြင်း သို့မဟုတ် စိစစ်ပိုင်းခြားခြင်းဆိုင်ရာ ကန့်သတ်ချက်များရှိပါက မှတ်သားဖော်ပြသင့်သည်။ ဥပမာ- ရင်းမြစ်များ ခွဲဝေချထားခြင်းများကို အများဆုံး ဖြစ်စေလို၍လည်းကောင်း၊ အပြစ်တင်မခံလို၍လည်းကောင်း၊ စာရင်းဝင်အရေအတွက် သို့မဟုတ် တက်ရောက်သူဦးရေ ကိန်းဂဏန်းများကို ချဲ့ကားဖော်ပြသည့် စစ်တမ်းဖြေသူများကြောင့်လည်းကောင်း အချက်အလက်များသည် ကိုးစားနိုင်မှုမရှိ ဖြစ်တတ်သည်။ အစီအစဉ်များနှင့် စစ်ဆေးကြီးကြပ်မှုစနစ်များတွင် မပါဝင်သော အုပ်စုများနှင့် မဖြေရှင်းနိုင်သော ပြဿနာများကိုလည်း မှတ်သားဖော်ပြသင့်သည်။

အချက်အလက်များကိုစိစစ်ရာတွင် ဘက်လိုက်မှုများ အနည်းဆုံးဖြစ်စေရန် ၎င်းအချက်အလက်များကို သတင်းရင်းမြစ်များစွာမှ ရယူပြီး နှိုင်းယှဉ်သင့်သည်။ ဤနည်းလမ်းသည် အချက်အလက်များ၏ခိုင်လုံမှုကို အားဖြည့်ပေးသည်။ ကောက်ချက်များမချမီ ယောကျ်ားလေး၊ မိန်းကလေးများနှင့် လူငယ်များအပါအဝင် ဘေးဒဏ် အများဆုံးခံရသည့် အုပ်စုများနှင့် ဆွေးနွေးတိုင်ပင်သင့်သည်။ ပြင်ပပုဂ္ဂိုလ်များ၏ သဘောထားအမြင်များနှင့် ဦးစားပေးမှုများကို အခြေခံသော လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်မှုများ မဖြစ်စေရန် ဒေသခံပုဂ္ဂိုလ်များ၏ သဘောထားအမြင်နှင့် အသိပညာများကို စိစစ်ပိုင်းခြားရာတွင် အဓိကထားသင့်သည် (ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၁၀၉-၁၁၀) ကိုလည်း ကြည့်ပါ)။

၅။ **စစ်ဆေးအကဲဖြတ်ခြင်းတွင်ပါဝင်သူများ။** ။ စစ်ဆေးအကဲဖြတ်ရာတွင် ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ထိခိုက်ခံရလွယ်သောအုပ်စုများ အပါအဝင် ဘေးဒဏ်ခံရသူကိုယ်စားလှယ်များ ပါဝင်သင့်သည်။ ကနဦးစစ်ဆေးအကဲဖြတ်စဉ် ကာလအတွင်း ခက်ခဲသော အခြေအနေများကြောင့် သတင်းအချက်အလက်စုဆောင်းခြင်း၊ စိစစ်ပိုင်းခြားခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ဖြန့်ဝေခြင်းတို့တွင် ဘေးဒဏ်ခံရသူ ကိုယ်စားလှယ်များအနေဖြင့် အကန့်အသတ်ဖြင့်သာ ပါဝင်ဆောင်ရွက်နိုင်ပေမည်။ အခြေအနေ ပိုမိုတည်ငြိမ်လာသည်နှင့်အမျှ ၎င်းတို့၏ပါဝင်ဆောင်ရွက်မှုကို တိုးမြှင့်သင့်သည်။ စစ်ဆေးအကဲဖြတ်ခြင်းများတွင် ဖြစ်နိုင်လျှင် နားမကြားသူများ သုံးသည့် လက်ဟန်ခြေဟန်ပြဘာသာစကား၊ မျက်မမြင်များ သုံးသည့် 'ဘရေး' လက်ဖတ်စာ အပါအဝင် ရပ်ရွာလူထုသုံးစွဲသည့် ဘာသာစကားအားလုံးကို သုံးခြင်းဖြင့် ဆက်သွယ်မှုကို အဆင်ပြေချောမွေ့စေသင့်သည် (ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၁၀၉-၁၁၀) ကိုလည်း ကြည့်ပါ)။

၆။ **ပညာရေးကဏ္ဍအတွင်းနှင့် အခြားကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** ။ ပူးပေါင်းဆောင်ရွက်ခြင်းသည် စစ်ဆေးအကဲဖြတ်မှုများ၏ အရည်အသွေး၊ ပြီးပြည့်စုံမှုနှင့် အသုံးဝင်မှုတို့ကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရာတွင် အရေးပါသည်။ အခြားအဖွဲ့အစည်းများ၏ လုပ်ငန်းများနှင့် ထပ်တူပြိုင်တူ လုပ်မိစေခြင်း မရှိစေရန် ပညာရေးတွင် ပါဝင်ပတ်သက်သူများသည် လိုအပ်ချက် စစ်ဆေးအကဲဖြတ်ခြင်းများကို ပူးတွဲညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ညီညွတ်လိုက်ဖက်သဟဇာတ ဖြစ်အောင် ဆောင်ရွက်သင့်သည်။ ညှိနှိုင်းမှုဖြင့် စစ်ဆေးအကဲဖြတ်ခြင်းသည် အရေးပေါ်အခြေအနေများ၏ သက်ရောက်မှုကို ဖော်ပြရာတွင် အထောက်အထား ပိုမိုခိုင်လုံစေပြီး ဆီလျော်သော တုံ့ပြန်မှုများကို ဖြစ်ပေါ်စေသည်။ သတင်းအချက်အလက်များ မျှဝေရန် အားပေးခြင်းဖြင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများ၏ တာဝန်ခံမှုကို တိုးမြှင့်ပေးနိုင်သည် (ညှိနှိုင်းဆောင်ရွက်မှု စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၃၃) ကိုလည်း ကြည့်ပါ)။

ခြိမ်းခြောက်မှုများ၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများ၊ ဝန်ဆောင်မှုများရရှိနိုင်ခြင်းနှင့် စပ်လျဉ်းသော ပညာရေးတုံ့ပြန်မှု အခြေအနေကို သိရှိနိုင်ရန် ပညာရေးကဏ္ဍသည် အခြားကဏ္ဍများနှင့် ပူးတွဲဆောင်ရွက်သင့်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အောက်ပါကဏ္ဍတို့ပါဝင်နိုင်သည်။

- ကျန်းမာရေးကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကူးစက်ရောဂါပြန့်ပွားမှု ကာကွယ်ခြင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရရှိရန်၊ လိင်နှင့်မျိုးဆက်ပွားကျန်းမာရေး၊ HIVကာကွယ်ရေး၊ ကုသရေး၊ စောင့်ရှောက်ရေးနှင့် ပံ့ပိုးကူညီခြင်းများ အပါအဝင် အခြေခံကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်မှုတို့ကို သိရှိနိုင်သည်။
- ကာကွယ်စောင့်ရှောက်ရေးကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျား-မလူမှုဘဝအပေါ် အခြေခံသော အကြမ်းဖက်မှုနှင့်၊ လိင်အကြမ်းဖက်မှု၊ မိဘမဲ့ကလေးများနှင့် ရပ်ရွာတွင်းရှိ ထိခိုက်ခံရလွယ်သူများနှင့် ဆက်နွယ်နေသော ဘေးအန္တရာယ်ဖြစ်နိုင်ခြေများ၊ ပညာရေးအတွက် အဟန့်အတားများနှင့် ရရှိနိုင်သော လူမှုရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်ပံ့ပိုးမှုများအကြောင်းကို သိရှိနိုင်သည်။
- အာဟာရကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျောင်းအခြေပြု၊ ရပ်ရွာလူထုအခြေပြုနှင့် အခြား အာဟာရဆိုင်ရာ ဝန်ဆောင်မှုများအကြောင်း သိရှိနိုင်သည်။
- ခိုလှုံရာနှင့် ယာယီစခန်းများ စီမံခန့်ခွဲမှုကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သင်ယူခြင်းနှင့် အပန်းဖြေခြင်း ပြုလုပ်နိုင်ရန်အတွက် လုံခြုံသင့်တော်သည့်နေရာ ရွေးချယ်ခြင်း၊ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်း၊ ကျောင်းများအတွက် အစားအစာမဟုတ်သည့် အခြားလိုအပ်သော ပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို ညှိနှိုင်းဆောင်ရွက်နိုင်သည်။
- ရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သင်ယူမှုတည်နေရာများ၌ စိတ်ချရသော ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ပံ့ပိုးကူညီမှု ရရှိနိုင်သည်။
- ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စာအုပ်များနှင့် အခြားပံ့ပိုးကူညီသည့် ပစ္စည်းများ ရယူခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်နိုင်သည်။

(ညှိနှိုင်းဆောင်ရွက်ခြင်း စံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စုများ ၁၊ ၃ နှင့် ၄ (စာမျက်နှာ ၃၁-၃၃)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၁၁၂) ကိုလည်း ကြည့်ပါ။)

၇။ **ပညာရေးနှင့်လူမှုစိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များ။** ။ ယေဘုယျလိုအပ်ချက်စစ်ဆေးအကဲဖြတ်ခြင်းများတွင် ပညာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ရင်းမြစ်များနှင့် ပတ်သက်၍ အချက်အလက်များကို အသေးစိတ် ခွဲခြားရန် အချက်အလက်များကောက်ယူသင့်သည်။ ဒေသကျွမ်းသည့် စစ်ဆေးအကဲဖြတ်ရေးအဖွဲ့ဝင်များသည် ပညာရေး၊ လူမှုစိတ်ပိုင်းနှင့် ရင်းမြစ်များကိုစစ်ဆေးအကဲဖြတ်ရာတွင် ပံ့ပိုးကူညီနိုင်သည်။ လိုအပ်ချက် စစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်ရန် အဖွဲ့အစည်းများအနေဖြင့် ရင်းမြစ်များ၊ ဝန်ထမ်းများနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များကို အသုံးပြုသင့်သည်။

၈။ **စစ်ဆေးအကဲဖြတ်ခြင်းမှ တွေ့ရှိချက်များ။** ။ စစ်ဆေးအကဲဖြတ်တွေ့ရှိချက်များကို တတ်နိုင်သမျှ အစောဆုံး ရရှိအောင် လုပ်ဆောင်သင့်သည်။ သို့မှသာ ပညာရေးလုပ်ငန်းများဆောင်ရွက်ရန် အစီအစဉ်ကိုရေးဆွဲနိုင်မည် ဖြစ်သည်။ ရင်းမြစ်များ၊ ပညာရေးလိုအပ်ချက်များနှင့် ပညာရေးဆိုင်ရာတာဝန်ရှိသူများ၊ အန်ဂျီအိုများ၊ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ရပ်ရွာလူထု၏ ပညာရေးဆိုင်ရာ ရပိုင်ခွင့်များကို ချိုးဖောက်ခြင်း သို့မဟုတ် ဖြည့်ဆည်းပေးခြင်းကို ဖော်ထုတ်ပေးသော အကျပ်အတည်းကာလမတိုင်မီ အချက်အလက်များနှင့် အကျပ်အတည်းကာလနောက်ပိုင်း စစ်ဆေးအကဲဖြတ်ခြင်း အချက်အလက်များကို ဝေမျှသင့်သည်။

ရပ်ရွာဒေသနှင့် နိုင်ငံအဆင့် ပညာရေးဆိုင်ရာတာဝန်ရှိသူများသည် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိလာသည့် တွေ့ရှိချက်များ မျှဝေခြင်းကို ညှိနှိုင်းဆောင်ရွက်ပေးသင့်သည်။ ပညာရေးဆိုင်ရာတာဝန်ရှိသူများက ယင်းသို့ လုပ်ဆောင်နိုင်စွမ်း မရှိလျှင် ပညာရေးကဏ္ဍညှိနှိုင်းဆောင်ရွက်မှုကော်မတီ သို့မဟုတ် Education Cluster ကဲ့သို့သော နိုင်ငံတကာအဆင့် ဦးဆောင်သူက ဤလုပ်ငန်းစဉ်ကို စီမံခန့်ခွဲနိုင်သည်။ သတင်းအချက်အလက်များကို အလွယ်တကူ အသုံးပြုနိုင်ရန် ဖြစ်နိုင်လျှင် စစ်ဆေးအကဲဖြတ်ခြင်း၌ အချက်အလက်များ တင်ပြပုံကို စံသတ်မှတ်ထားသင့်သည် (ညှိနှိုင်းဆောင်ရွက်မှု စံသတ်မှတ်ချက် ၁ (စာမျက်နှာ ၃၁-၃၄) ကိုလည်း ကြည့်ပါ)။

## စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၂။
## တုံ့ပြန်မှုနည်းဗျူဟာများ

လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ တုံ့ပြန်မှုနည်းဗျူဟာများသည် ဆက်စပ်အခြေအနေ၊ ပညာသင်ယူခွင့်ကို အဟန့်အတားဖြစ်စေသောအရာများနှင့် ထိုအဟန့်အတားများကို ကျော်လွှားနည်းများကို ရှင်းလင်းစွာဖော်ပြသည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်)

- တုံ့ပြန်မှုနည်းဗျူဟာများသည် စစ်ဆေးအကဲဖြတ်ခြင်းရလဒ်များကို တိကျစွာထင်ဟပ်သည် (လမ်းညွှန်ချက်မှတ်စု ၁နှင့်၂ ကို ကြည့်ပါ)။
- ပညာရေးတုံ့ပြန်ဆောင်ရွက်မှုများသည် ဘေးဒဏ်ခံရသူများအတွက် လူတိုင်းအကျုံးဝင်သော အရည်အသွေးရှိ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို တိုးတက်ပြည့်မီစေသည် (လမ်းညွှန်ချက်မှတ်စု ၁၊ ၅ နှင့် ၈ ကို ကြည့်ပါ)။
- တုံ့ပြန်မှုနည်းဗျူဟာများကို စီစဉ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရပ်ရွာလူထုနှင့် ပံ့ပိုးကူညီပေးသူများအား မထိခိုက်စေဘဲ အရေးပေါ်အခြေအနေ၏ သက်ရောက်မှုကို ပိုမို မဆိုးရွားစေသော နည်းလမ်းများဖြင့်သာ ဆောင်ရွက်သည်။ (လမ်းညွှန်ချက်မှတ်စု ၃ နှင့် ၇ ကို ကြည့်ပါ) ။
- ဆောင်ရွက်ဆဲ ပညာရေးတုံ့ပြန်မှုများနှင့် စပ်လျဉ်း၍ သတင်းပေးရန် ကနဦးစစ်ဆေးအကဲဖြတ်ခြင်းနှင့် ဆက်စပ်အခြေအနေ စိစစ်ပိုင်းခြားမှုများမှ စုဆောင်းရရှိထားသော သတင်းအချက်အလက်များကို အချက်အလက် အသစ်များဖြင့် ပုံမှန် ပြန်လည်ဖြည့်စွက်ပြင်ဆင်သည် (လမ်းညွှန်ချက်မှတ်စု ၄ ကို ကြည့်ပါ) ။
- တုံ့ပြန်မှုနည်းဗျူဟာများတွင် ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ရွာလူထုက စစ်ဆေးအကဲဖြတ်ခြင်းများနှင့် တုံ့ပြန်မှုများ အကောင်အထည်ဖော်နိုင်ရန် စွမ်းဆောင်ရည်တည်ဆောက်ပေးမှု ပါဝင်သည် (လမ်းညွှန်ချက်မှတ်စု ၂ ကို ကြည့်ပါ) ။
- ပညာရေးတုံ့ပြန်မှုများသည် နိုင်ငံတော်၏ပညာရေးအစီအစဉ်များကို အထောက်အကူပြုပြီး၊ နိုင်ငံတော်၏ ပညာရေးအစီအစဉ်များနှင့် ညီညွတ်လိုက်ဖက်ကာ သဟဇာတဖြစ်သည် (လမ်းညွှန်ချက်မှတ်စု ၆ နှင့် ၈ ကို ကြည့်ပါ)။
- အစီအစဉ်၏အစတွင် အခြေခံအချက်အလက်များ (baseline data) ကို စနစ်တကျစုဆောင်းသည် (လမ်းညွှန်ချက်မှတ်စု ၉ ကို ကြည့်ပါ) ။

## လမ်းညွှန်ချက်မှတ်စုများ

၁။ **တုံ့ပြန်မှုနည်းဗျူဟာများ ။ ။** ပညာရေးတွင်ပါဝင်ပတ်သက်နေသူများအနေဖြင့် ယင်းတို့၏ တုံ့ပြန်မှုနည်းဗျူဟာများသည် အဓိကတွေ့ရှိချက်များနှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ဖော်ထုတ်ရရှိသည့် အဓိက ဦးစားပေးဆောင်ရွက်ရန် ကိစ္စများအပေါ် အခြေခံဆောင်ရွက်နိုင်ရန် စိစစ်ပိုင်းခြားခြင်းနှင့် စိစစ်ရရှိသော အချက်အလက်များကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် စေ့စပ်သေချာစွာ ဆောင်ရွက်ရမည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် တုံ့ပြန်မှုအစီအစဉ်များအတွက် ကြိုတင်စိတ်ကူးများကို စစ်ဆေးအကဲဖြတ်ခြင်းမှ တွေ့ရှိချက်များဖြင့် အတည်ပြုမိခြင်းများ မဖြစ်ပေါ်စေနိုင်ပါ။

တုံ့ပြန်မှုနည်းဗျူဟာများသည် ပညာရေးဆိုင်ရာ တာဝန်ရှိသူများ၏ ဦးဆောင်မှုအခန်းကဏ္ဍနှင့် အခြား ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို ထင်ရှားစေသင့်သည်။ ဥပမာ- ရေရှည်အတွက် အသုံးစရိတ် ကာမိစေမည့်အချက်များကို ထည့်သွင်းစဉ်းစားကာ ဆရာ/မများလစာနှင့် ပစ္စည်းကရိယာများအတွက် သုံးစွဲရသော ပညာရေး အသုံးစရိတ်အဆင့်များကို အဖွဲ့အစည်းများအကြား ညီညွတ်အောင်ညှိ၍ ဆောင်ရွက်သင့်သည်။

တုံ့ပြန်မှုနည်းဗျူဟာများသည်။ သင့်တော်သော အရေးပေါ် စီမံချက်ပေါ်အခြေခံပြီး ရပ်ရွာလူထု၏ တက်ကြွသော ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲသင့်သည်။ ယင်းနည်းဗျူဟာများသည် ပညာရေးအဆင့်များနှင့် အမျိုးအစားများ၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် အန္တရာယ်များကို သိရှိပြီး အခြားအဖွဲ့အစည်းများကပါ ပညာရေးလုပ်ငန်းများကို ပံ့ပိုးကူညီမှု ရှိ၊ မရှိကို ညွှန်ပြသင့်သည်။ အခြေခံအချက်အလက်များ စုဆောင်းခြင်းနှင့် အကဲဖြတ်ခြင်းများအပါအဝင် အရေးပါသော ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရန် အသုံးစရိတ်ရှိသင့်သည် (ရပ်ရွာလူထု ပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၂၂-၂၃) ကိုလည်း ကြည့်ပါ)။

ကျား-မ လူမှုရေးရာ ဟန့်တားမှုများအပါအဝင် ပညာရေးအဆင့်အားလုံးနှင့် အမျိုးအစားအားလုံးကို လက်လှမ်းမမီစေသည့် အဟန့်အတားများကို ဖြေရှင်းနိုင်ရန် ယင်းအဟန့်အတားများကို စိစစ်ပိုင်းခြားသင့်သည်။ လူတိုင်းအကျုံးဝင်ပညာရေး ပေးရန်နှင့် ပညာရေးနှင့် ပတ်သက်၍ များပြားလာသော တောင်းဆိုချက်များကို တုံ့ပြန်ဆောင်ရွက်ပေးရန် ပြုပြင်လွယ်ပြောင်းလဲလွယ်မှု ရှိသင့်သည်။

**၂။ အချက်အလက်စုဆောင်းခြင်းနှင့် စိစစ်ပိုင်းခြားခြင်း ဆောင်ရွက်ရန် စွမ်းဆောင်ရည်တည်ဆောက်ခြင်း။ ။** တုံ့ပြန်မှုနည်းဗျူဟာများတွင် ပညာရေးဆိုင်ရာ တာဝန်ရှိသူဝန်ထမ်းများနှင့် ရပ်ရွာလူထုအတွက် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း ပါဝင်သင့်သည်။ အထူးသဖြင့် ဒေသခံလူငယ်များကို အချက်အလက် စုဆောင်းခြင်းနှင့် စိစစ်ပိုင်းခြားခြင်း၊ စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်နိုင်စေသည်။ ဘက်စုံပြည့်စုံသည့် ထိရောက်သော အချက်အလက် စုဆောင်းခြင်းနှင့် စိစစ်ပိုင်းခြားခြင်း ဖြစ်စေရန် ဆောင်ရွက်မည့်သူများကို ရွေးချယ်တာဝန်ပေးရာတွင် ကျား-မ အရေအတွက်ညီမျှမှုသည် အရေးကြီးသည် (စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၃ ၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၄၆)၊ စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၄ ၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၄၉) တို့ကိုလည်း ကြည့်ပါ)။

**၃။ ထိခိုက်နစ်နာမှုမရှိစေခြင်း။ ။** အရေးပေါ်အခြေအနေအတွင်း ပညာရေးဆိုင်ရာတုံ့ပြန်မှုများတွင် သင်တန်းများ၊ အလုပ်အကိုင်များ၊ ထောက်ပံ့ပစ္စည်းများနှင့် အစားအစာများကဲ့သို့သော ရင်းမြစ်များကို လုံလောက်မှုမရှိသော နေရာများသို့ ပြောင်းရွှေ့သယ်ပို့ပေးခြင်း ပါဝင်သည်။ ဤရင်းမြစ်များသည် တစ်ခါတစ်ရံ လုပ်ဆောင်နိုင်သည့် အင်အားနှင့် ငွေကြေး ပြည့်စုံကြွယ်ဝမှုကို ကိုယ်စားပြုတတ်သည်။ ထို့ပြင် ယင်းတို့သည် ရပ်ရွာဒေသအတွင်း ပဋိပက္ခ၊ ဘေးဖယ်ထားခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့ကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။ ပဋိပက္ခအခြေအနေတစ်ရပ်တွင် အချို့သောသူများသည် ဤရင်းမြစ်များကို ထိန်းချုပ်၍ မိမိတို့ဘက်သာ ပိုမိုထောက်ပံ့ပေးပြီး အခြားတစ်ဘက်ကို လျှော့ပေးခြင်း သို့မဟုတ် မိမိကိုယ်ကျိုးအတွက် အမြတ်ထုတ်ခြင်းတို့ဖြစ်လာနိုင်သည်။ ထိုသို့ဖြစ်လာပါက ပညာရေးဆိုင်ရာတုံ့ပြန်မှုများသည် ထိခိုက်နစ်နာမှုကို ဖြစ်ပေါ်စေနိုင်သည်။ ထိုသို့မဖြစ်အောင် ရှောင်ရှားနိုင်ရန် ဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် ပဋိပက္ခ စိစစ်ပိုင်းခြားခြင်းကို နားလည်မှုအပေါ် အခြေခံထား ဆောင်ရွက်သင့်သည် (စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၇-၃၈) ကိုလည်း ကြည့်ပါ)။

ရင်းမြစ်များကိုပြောင်းရွှေ့သယ်ပို့ပေးခြင်းနှင့် အရေးပေါ်အခြေအနေတွင် ပညာရေးဆိုင်ရာတုံ့ပြန်မှုများကို စီမံဆောင်ရွက်ခြင်းသည် ငြိမ်းချမ်းရေးအတွက် ရပ်ရွာဒေသ၏ စွမ်းဆောင်ရည်ကိုလည်း အားဖြည့်ပေးနိုင်သည်။ လုပ်ငန်းဆောင်ရွက်မှုများသည် ရပ်ရွာလူထုအား ပြန်လည်သင့်မြတ်စေခြင်း၊ ပဋိပက္ခဖြစ်စေနိုင်သော မညီမျှမှုများနှင့် တင်းမာမှုများကို လျှော့ချပေးခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။ ဥပမာ- ဆရာဖြစ်သင်တန်းအစီအစဉ်များသည် ပညာရပ်ဆိုင်ရာ စိတ်ဝင်စားမှုအပေါ် အခြေခံ၍ တိုင်းရင်းသားလူမျိုးကွဲပြားသော ဆရာ/မများအား စုစည်း ညီညွတ်စေနိုင်သည်။ ယခင်က လက်လှမ်းမမီခဲ့သောအုပ်စုများ၏ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရပ်ရွာလူထုအကြား သာတူညီမျှဆက်ဆံရေးများကို တိုးမြှင့်ပေးနိုင်သည်။

၄။ **တုံ့ပြန်မှုနည်းဗျူဟာများကိုဖြည့်စွက်ပြင်ဆင်ခြင်း။** ။ ပညာရေးဆိုင်ရာ ပါဝင်ပတ်သက်သူများသည် အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးကာလတိုင်အောင် ယင်းတို့၏ တုံ့ပြန်မှုနည်းဗျူဟာများကို ပုံမှန်ပြန်လည်သုံးသပ်ပြီး ဖြည့်စွက်ပြင်ဆင်သင့်သည်။ လက်ငင်းအချိန်ထိ ရရှိထားသော အောင်မြင်မှုများ၊ အရေးပေါ်အခြေအနေနှင့် လုံခြုံရေးအခြေအနေအရ ပြောင်းလဲမှုများ၊ ယင်းတို့နှင့် ဆက်စပ်ဖြစ်ပေါ်သော နည်းဗျူဟာပြောင်းလဲမှုများကို ဖော်ပြသင့်သည်။ ဖြည့်ဆည်းရန် ကျန်နေသေးသော လိုအပ်ချက်များနှင့် အခွင့်အရေးများကို ခန့်မှန်းပြီး ယင်းတို့ကို ပြည့်မီစေရန် နည်းဗျူဟာများကို သင့်လျော်သလို ပြောင်းလဲရမည်။ ကြားဝင်ကူညီဆောင်ရွက်မှုများသည် အရည်အသွေးပြည့်မီခြင်း၊ လူတိုင်းအကျုံးဝင်ခြင်း၊ လွှမ်းခြုံနိုင်မှုရှိခြင်း၊ ရေရှည်တည်တံ့ခြင်းနှင့် မျှဝေပိုင်ဆိုင်ခံစားကြရမည်ဟူသော တာဝန်သိစိတ်တို့ကိုလည်း တိုးတက်ဖြစ်ပေါ်စေရန် မြှင့်တင်ပေးသင့်သည်။

၅။ **အလှူရှင်၏တုံ့ပြန်မှု။** ။ အလှူရှင်များသည် အရေးပေါ်အခြေအနေအတွင်း ပညာရေးဆိုင်ရာတုံ့ပြန်မှု၏ အရည်အသွေးနှင့် လွှမ်းခြုံနိုင်မှုတို့ကို ပုံမှန် သုံးသပ်သင့်သည်။ သို့မှသာ ပညာရေးဆိုင်ရာ အရည်အသွေးနှင့် အခွင့်အလမ်းများသည် အနိမ့်ဆုံးပြည့်မီမှု အဆင့်အတိုင်းအတာကို သိနိုင်မည် ဖြစ်သည်။ အရေးပေါ်အခြေအနေ ကျရောက်သော ဒေသများတွင် ပညာရေးအခွင့်အလမ်းများ တူညီစွာရရှိစေရန် ထိခိုက်ခံရလွယ်သော အုပ်စုများမှ သင်ယူသူများ၏ ကျောင်းအပ်နှံခြင်းနှင့် ကျောင်းတက်မှန်ခြင်းကို ထိန်းထားရန် အထူးဂရုပြုသင့်သည်။ 'တန်းတူညီမျှလက်လမ်းမီမှု' ဟူသည် မိန်းကလေးနှင့် ယောကျ်ားလေး၊ လူငယ်နှင့်လူကြီး၊ အထူးသဖြင့် လူမျိုးဘာသာစကား မတူသူများနှင့် မသန်စွမ်းသူများအားလုံး တန်းတူပညာသင်ယူခွင့် ရရှိစေခြင်းကို ရည်ညွှန်းသည်။ ပညာရေးပံ့ပိုးမှုများအတွက် ရန်ပုံငွေကို ရေရှရှိရေး၊ အစားအစာ၊ ခိုလှုံရာနေရာနှင့် ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှုများကဲ့သို့ အညီအမျှ ဦးစားပေး ထောက်ပံ့သင့်သည်။ ယင်းတွင် ဒုက္ခသည် သို့မဟုတ် ပြည်တွင်း ရွှေ့ပြောင်းနေရာချထားခံရသူများကို လက်ခံထားသည့် ရပ်ရွာအတွက်လည်း ထည့်သွင်းစဉ်းစားသင့်သည်။ လူတိုင်းအတွက်ပညာရေးကို ဆောင်ရွက်ရန် လုံလောက်သော ရန်ပုံငွေ ထောက်ပံ့မှုရရန် အရေးကြီးသည်။ ပညာရေးတုံ့ပြန်မှုအစီအစဉ်များအတွက် ရန်ပုံငွေထောက်ပံ့မှုများကို ရေတိုကာလ သာမက ပြန်လည်ထူထောင်သည့် ကာလအထိ ဆက်၍ပေးသင့်သည် (စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၇၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁ နှင့် ၂ (စာမျက်နှာ ၅၅-၅၇) INEE Toolkit: www.ineesite.org/toolkit နှင့် *INEE Reference Guide to External Education Financing* ကိုလည်းကြည့်ပါ)။

၆။ **နိုင်ငံအဆင့်အစီအစဉ်များကိုအားဖြည့်ပေးခြင်း။** ။ အရေးပေါ်အခြေအနေအတွင်း ပညာရေးတုံ့ပြန်မှုများသည် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် သက်မွေးပညာရေး အစီအစဉ်များအပါအဝင် နိုင်ငံအဆင့် ပညာရေးအစီအစဉ်များနှင့် ညီညွတ်လိုက်ဖက်ပြီး ယင်းအစီအစဉ်များကို အားဖြည့်ပေးသင့်သည်။ ဤသို့ဆောင်ရွက်ရာတွင် နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်အဆင့် ပညာရေးအစီအစဉ်များရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့အပြင် အခြေခံအဆောက်အအုံ၊ ဆရာ/မများ လုပ်ငန်းခွင်သင်တန်းနှင့် ပံ့ပိုးကူညီမှုများဆိုင်ရာ ကိစ္စရပ်များပါဝင်သည်။ အနာဂတ်တွင် ပိုမိုကောင်းမွန်သော စနစ်တစ်ခုကို တည်ဆောက်ရန် အရေးပေါ်အခြေအနေအတွင်း ပညာရေးတုံ့ပြန်မှုများသည် ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တွဲဖက်၍ မသန်စွမ်းကလေးငယ်များ၊ လူနည်းစုမျိုးနွယ်များ အပါအဝင် လူတိုင်းအကျုံးဝင် ပညာရေးစနစ်ကို အားဖြည့်ပေးသင့်သည် (ပညာရေးမူဝါဒများ စံသတ်မှတ်ချက် ၁ (စာမျက်နှာ ၁၀၇-၁၁၁) ၊ ပညာရေးမူဝါဒများ စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၁၁၃) ကိုလည်း ကြည့်ပါ)။

**၇။ အရေးပေါ်အခြေအနေတုံ့ပြန်မှုများအတွက်ကြိုတင်ပြင်ဆင်ခြင်းနှင့်ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချခြင်း။ ။** ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် အလှူရှင်များသည် ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေး လုပ်ငန်းများနှင့် အရေးပေါ်အခြေအနေတုံ့ပြန်မှုများအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအဖြစ် ဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်စဉ်ကာလအတွင်း တိုးမြှင့်ပံ့ပိုးပေးသင့်သည်။ ယင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အစီအစဉ် ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် တုံ့ပြန်မှုများကို ပိုမိုကောင်းမွန်စေနိုင်သောကြောင့် ကုန်ကျစရိတ်သက်သာပြီး သာလွန်သော ထိရောက်မှု ရရှိနိုင်သည်။ ဤသို့ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေးနှင့် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားခြင်းဖြင့် အရေးပေါ်အခြေအနေကျရောက်ချိန်တွင် လိုအပ်မည့် ရင်းနှီးမြှုပ်နှံမှုကို လျှော့နည်းစေနိုင်သည်။

**၈။ အဖွဲ့အစည်းဆိုင်ရာလုပ်ပိုင်ခွင့်ပြဌာန်းချက်ကန့်သတ်မှုများကိုကျော်လွှားခြင်း။ ။** ကလေးများအတွက်၊ မူလတန်း ပညာရေးအတွက် သို့မဟုတ် ဒုက္ခသည်များအတွက် စသည်ဖြင့် လုပ်ပိုင်ခွင့်ပြဌာန်းချက် ကန့်သတ်မှုရှိသော လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများသည် မိမိတို့၏ ပညာရေးတုံ့ပြန်မှုများဖြင့် ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အခြား ပညာရေးတွင် ပါဝင်ပတ်သက်နေသူများ၏ တုံ့ပြန်မှုများတွင် ဖြည့်စွက်ပံ့ပိုး ကူညီပေးသင့်သည်။ ယေဘုယျအားဖြင့် ပညာရေးနည်းဗျူဟာများသည်-

- ကလေးသူငယ်ပြုစုပျိုးထောင်ရေး
- လူတိုင်းအကျုံးဝင်သည့် မူလတန်းပညာရေး
- လူငယ်တို့၏အလယ်တန်း၊ အထက်တန်းနှင့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာလိုအပ်ချက်များ
- သက်ကြီးပညာရေး
- လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်အတွင်း ဆရာအတတ်သင်ပညာရေးတို့ကို လွှမ်းခြုံဆောင်ရွက်သင့်သည်။

သက်ကြီးသင်ယူသူများအတွက် နည်းဗျူဟာများတွင် ကျောင်းပြင်ပ ပညာရေးအစီအစဉ်များဖြစ်သည့် စာရေးစာဖတ်နှင့် အတွက်အချက် သင်ကြားရေး၊ ဘဝတွက်တာ ကျွမ်းကျင်စရာများ တိုးတက်ရေး၊ ဘေးကင်းလုံခြုံရေးအတွက် အသိပညာများ တိုးမြှင့်ပေးရေး (ဥပမာ- မြေမြှုပ်မိုင်းများအကြောင်းသိရှိခြင်း)တို့ ပါဝင်သင့်သည်။ မိမိရပ်ရွာဒေသသို့ ပြန်လည်ရောက်ရှိလာ သူများ ရှိသည့် ဒေသများ၏ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် အချိန်ပိုင်သင်တန်းများ၊ သက်မွေးပညာ သင်တန်းများကဲ့သို့ ရေရှည်ပံ့ပိုးပေးနိုင်မည့် ကူညီထောက်ပံ့မှုများ ပါဝင်သင့်သည် (ညှိနှိုင်းဆောင်ရွက်မှု စံသတ်မှတ်ချက် ၁ (စာမျက်နှာ ၃၁-၃၄) နှင့် သင်ကြားခြင်းနှင့်သင်ယူခြင်း၏ စံသတ်မှတ်ချက် ၁ နှင့် ၂ (စာမျက်နှာ ၇၇-၈၆) ကိုလည်း ကြည့်ပါ)။

**၉။ အခြေခံအချက်အလက်များစုဆောင်းခြင်း။ ။** အခြေခံအချက်အလက်များဆိုသည်မှာ ပညာရေးလုပ်ငန်းအသစ်များ မစတင်မီ ဦးတည်အုပ်စုထံမှ ကောက်ယူစုဆောင်းထားသည့် သတင်းအချက်အလက်များကို ရည်ညွှန်းသည်။ ဤအချက်အလက်များက စီမံချက်ဝန်ထမ်းများအား ပညာရေးဆိုင်ရာအခြေအနေကို နားလည်စေသည်။ နောက်ပိုင်း စစ်ဆေးကြီးကြပ်စဉ်နှင့် အကဲဖြတ်စဉ်ကာလအတွင်း ကောက်ယူသည့် သတင်းအချက်အလက်များနှင့် နှိုင်းယှဉ်ကြည့်ရန် အခြေခံတစ်ခုအဖြစ်လည်း အသုံးပြုသည်။ ထို့ကြောင့် အခြေခံအချက်အလက်များကို စနစ်တကျ ကောက်ယူ စုဆောင်းသင့်သည်။ ဥပမာ- အသေးစိတ်ခွဲခြားထားသော လူဦးရေဆိုင်ရာ အချက်အလက်များ၊ ကျောင်းတက်နှုန်းများနှင့် ဆရာ-ကျောင်းသားအချိုးများ ပါဝင်သည်။ ကောက်ယူရန်အချက်အလက်များကို လုပ်ငန်း ဆောင်ရွက်မှုအပေါ် မူတည်၍ သတ်မှတ်နိုင်သည်။ ဥပမာ- မိန်းကလေးများ၏ ကျောင်းတက်နှုန်းတိုးတက်စေရန် ရည်ရွယ်သည့် အစီအစဉ်ဖြစ်လျှင် ယင်းအစီအစဉ်မစတင်ခင်အချိန်တွင် ရှိနေသည့် မိန်းကလေးများ၏ကျောင်းတက်နှုန်းကို အခြေခံအချက်အလက်အဖြစ် ကောက်ယူရန်လိုအပ်မည်ဖြစ်သည်။

## စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၃။
## စစ်ဆေးကြီးကြပ်ခြင်း

ပညာရေးဆိုင်ရာတုံ့ပြန်မှုများနှင့် ဘေးအန္တရာယ်ဒဏ်ခံရသူများ၏ အစဉ်ပြောင်းလဲဖြစ်ပေါ်နေသော သင်ယူမှု လိုအပ်ချက်များကို မှန်မှန်စစ်ဆေးကြီးကြပ်သည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်)

- အရေးပေါ်အခြေအနေဖြစ်ပွားစဉ်မှ ပြန်လည်ထူထောင်စဉ်ကာလတစ်လျှောက် ပညာရေးဆိုင်ရာတုံ့ပြန်မှုများကို မှန်မှန် စစ်ဆေးကြီးကြပ်ရန်အတွက် ထိရောက်သောစနစ်များ ရှိသည် (လမ်းညွှန်ချက်မှတ်စု ၁ ကိုကြည့်ပါ)။
- သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ ဘေးကင်းလုံခြုံရေးအတွက် ပညာရေးဆိုင်ရာ တုံ့ပြန်မှုများကို စစ်ဆေးကြီးကြပ်သည် (လမ်းညွှန်ချက်မှတ်စု ၁ ကို ကြည့်ပါ) ။
- ထိခိုက်ခံရလွယ်သူများကို ပုံမှန်အကြံပြုဆွေးနွေးပေးသည်။ အချက်အလက် စုဆောင်းတတ်ရန် နည်းလမ်းများကို လေ့ကျင့်သင်ကြားပေးသည်။ စစ်ဆေးကြီးကြပ်ခြင်းလုပ်ငန်းများတွင်လည်း ပါဝင်စေသည် (လမ်းညွှန်ချက်မှတ်စု ၂ ကို ကြည့်ပါ)။
- အသေးစိတ်ခွဲခြားကောက်ယူသော ပညာရေးဆိုင်ရာအချက်အလက်များအား စနစ်တကျမှန်မှန် ကောက်ယူစုဆောင်းသည်။ ပညာရေးဆိုင်ရာတုံ့ပြန်မှုများအတွက် သတင်းပေးပို့သည် (လမ်းညွှန်ချက်မှတ်စု ၃နှင့်၄ကို ကြည့်ပါ)။
- ပညာရေးဆိုင်ရာအချက်အလက်များကို စိစစ်ပိုင်းခြားပြီး ပါဝင်ပတ်သက်သူများအားလုံး အထူးသဖြင့် ဘေးဒဏ်ခံရသူများနှင့် ထိခိုက်ခံရလွယ်သူများထံ ပုံမှန်မျှဝေပေးသည် (လမ်းညွှန်ချက်မှတ်စု ၃နှင့်၄ကို ကြည့်ပါ)။

### လမ်းညွှန်ချက်မှတ်စုများ

၁။ **စစ်ဆေးကြီးကြပ်ခြင်း။** ။ စစ်ဆေးကြီးကြပ်ခြင်းဖြင့် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များသည် ပြည်သူလူထု၏ ပြောင်းလဲဖြစ်ပေါ်နေသော ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှုရှိမရှိနှင့် အဆင့်ဆင့်ပြောင်းလဲနေသည့် ဆက်စပ်အခြေအနေများအလိုက် မည်မျှတုံ့ပြန်ဆောင်ရွက်နိုင်ပုံတို့ကို တိုင်းတာနိုင်သည်။ စစ်ဆေးကြီးကြပ်ခြင်းသည်-

- စီမံချက်အစီအစဉ်များ၏ ဆီလျော်မှုနှင့်အလိုက်သင့်တုံ့ပြန်နိုင်မှုရှိကြောင်းကို သိစေနိုင်သည်၊
- တိုးတက်မှု အလားအလာများကို ဖော်ထုတ်ပေးသည်၊
- ပဋိပက္ခလျော့ပါးရေးနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေးကို အကျိုးပြုသည်၊
- တာဝန်ခံခြင်းကို မြှင့်တင်ပေးသည်။

ဘေးဖယ်ထားခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ပဋိပက္ခ သို့မဟုတ် သဘာဝအန္တရာယ်များ မရည်ရွယ်ပဲ တိုးပွားလာစေခြင်းတို့ကို မဖြစ်ပေါ်စေရန် ပညာရေးအစီအစဉ်များ၏ ကြိုတင်မှန်းဆထားသော အကျိုးသက်ရောက်မှုများ၊ ကြိုတင်မှန်းဆမထားသော အကျိုးသက်ရောက်မှုများကို စစ်ဆေးကြီးကြပ်သင့်သည်။ ရှောင်တခင်သွားရောက် စစ်ဆေးကြီးကြပ်ခြင်းဖြင့် ပိုမိုခိုင်လုံမှုရှိသည့် အချက်အလက်များကို ကောက်ယူရရှိနိုင်ပါသည်။

စစ်ဆေးကြီးကြပ်ခြင်းအစီအစဉ်သည် အချက်အလက်အမျိုးမျိုးအား အကြိမ်မည်မျှ ကောက်ယူစုဆောင်းသင့်ကြောင်း၊ လိုအပ်ချက်အရ အချက်အလက်စုဆောင်းခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့အတွက် လိုအပ်သော ရင်းမြစ်များစသည်တို့ကို သတ်မှတ်ပေးသည်။ နမူနာကောက်ယူခြင်းကို အခြေခံပြီး ကျောင်းများ၊ အခြား ပညာရေးအစီအစဉ်များနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို ကောက်ယူနိုင်၍ လိုအပ်ချက်နှင့် ပြဿနာများကို လျင်မြန်စွာသိရှိနိုင်သည်။ အဆိုပါ သတင်းအချက်အလက်များတွင်-

- အသေးစိတ် ခွဲခြားကောက်ယူထားသည့် ကျောင်းအပ်နှံခြင်း၊ ကျောင်းထွက်ခြင်းဆိုင်ရာ အချက်အလက်များ၊
- ကျောင်းမတက်မီ ကျောင်းသားများ အစားအစာ စားနိုင်ခဲ့ခြင်း ရှိ၊ မရှိ၊
- ဖတ်စာအုပ်များနှင့် သင်ကြား-သင်ယူမှုပစ္စည်းများ ရရှိနိုင်မှု တို့ပါဝင်နိုင်သည်။

ကျောင်းပြင်ပရောက် ကလေးများနှင့် လူငယ်များအကြောင်း၊ ၎င်းတို့ ကျောင်းမအပ်နိုင်ခြင်း၊ ကျောင်းမတက်နိုင်ခြင်း အကြောင်းရင်းများကို သိရှိရန် အဆိုပါ အိမ်ထောင်စုများရှိရာသို့ ကျပန်းသွားရောက် ကောက်ယူစစ်ဆေးနိုင်သည်။ စစ်ဆေးကြီးကြပ်စဉ် ကာလအတွင်းတွင် အမျိုးသမီးများနှင့် ထိခိုက်ခံရလွယ်သော အုပ်စုများ၏ပြောသံကို တိုက်ရိုက်နားထောင်ရန် အရေးကြီးသည်။ အကယ်၍ တိုင်းရင်းသားမျိုးနွယ်စု သို့မဟုတ် အခြား လူမှုရေးဆိုင်ရာ အုပ်စုများနှင့် သက်ဆိုင်သော အချက်အလက်များကို ပြည့်စုံအောင် ကောက်ယူနိုင်ရန် အထူးသတိထားရလွန်း သို့မဟုတ် ခက်ခဲလွန်းပါက ထိုသူတို့အား နမူနာကောက်ယူ ကွင်းဆင်းလေ့လာခြင်းနှင့် ၎င်းတို့ထံမှ ဆွေးနွေးအကြံပြုချက်များ (ဥပမာ-စကားစမြည် ပြောဆိုခြင်း ကဲ့သို့သောနည်း) ပေါ်မူတည်၍ ရရှိသော အချက်အလက်များမှ အုပ်စုအလိုက် သီးခြားပြဿနာများကို သိရှိနိုင်သည်။

သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ လုံခြုံရေးနှင့်ကိုယ်စိတ်နှစ်ပါးချမ်းသာမှုကို ထိပါးနှောင့်ယှက်ခြင်းများ၊ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၏ အခြေအနေများအတွက် စစ်ဆေးကြီးကြပ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ လိုအပ်သည်။ အထူးသဖြင့် လက်နက်ကိုင် တိုက်ခိုက်မှုများ၊ အဓမ္မ သွေးဆောင်မှုများ၊ ကလေးသူငယ်များအား လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများသို့ တာဝန်ပေး သွတ်သွင်းခြင်း၊ ကျား-မ လူမှုဘဝအပေါ် အခြေခံသောအကြမ်းဖက်မှုများ၊ သဘာဝဘေးအန္တရာယ်များ မည်သည့်နေရာတွင်ပေါ်ပေါက်နေသည်ကို စစ်ဆေးကြီးကြပ်ပြီး အစီရင်ခံတင်ပြရန် အရေးကြီးသည်။ ဤစစ်ဆေးကြီးကြပ်ခြင်းကဏ္ဍအတွက် ပညာရေးတွင် ပါဝင်ပတ်သက်သူများသည် ရပ်ရွာဒေသနှင့် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လုံခြုံရေး၊ တရားမျှတရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် လူ့အခွင့်အရေးတို့အတွက် ဖွဲ့စည်းထားသော အန်ဂျီအိုများနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်သည်။ အစီရင်ခံတင်ပြရာတွင် သတင်းအချက်အလက်များ၏ အထူးသတိထားရန် လိုအပ်မှုကို သိရှိရန် အရေးကြီးသည်။

စစ်ဆေးကြီးကြပ်ခြင်း၏ ရလဒ်ပေါ်မူတည်၍ လက်ရှိဆောင်ရွက်လျက်ရှိသော ပညာရေးဆိုင်ရာတုံ့ပြန်မှုများကို လိုအပ်သလို ပြင်ဆင်သင့်သည်။

၂။ **စစ်ဆေးကြီးကြပ်ခြင်းတွင်ပါဝင်သူများ။ ။** ယင်းတို့သည် ယဉ်ကျေးမှုပိုင်းဆိုင်ရာ အထူးသတိထားရမည့်အချက်များကို သိရှိလိုက်နာပြီး ဘေးဒဏ်ခံရသူ အုပ်စုအားလုံးထံမှ သတင်းအချက်အလက်များကို ကောက်ယူစုဆောင်းရန် လိုအပ်သည်။ စစ်ဆေးကြီးကြပ်သောအဖွဲ့သည် ကျား-မ ညီမျှမှုရှိရန်၊ ဒေသသုံး ဘာသာစကား(များ) ကျွမ်းကျင်ရန်နှင့် အချက်အလက်ကောက်ယူမှု သင်တန်းတက်ထားရန် အရေးကြီးသည်။ ရပ်ရွာဓလေ့ထုံးတမ်း အစဉ်အလာများအရ အမျိုးသမီးများ၊ လူနည်းစုမျိုးနွယ်များအတွက် ၎င်းတို့ ယုံကြည်စိတ်ချသူများနှင့် သီးသန့်တစ်ဦးချင်း တိုင်ပင်ဆွေးနွေးအကြံပြုပေးရန် လိုအပ်ပါသည်။ လူငယ်များအပါအဝင် ဘေးဒဏ်ခံရသည့် ရပ်ရွာကိုယ်စားလှယ်များသည် ၎င်းတို့၏ဘဝကို တိုက်ရိုက်အကျိုးရှိမည့် ပညာရေးအစီအစဉ်များ၏ထိရောက်မှုကို စစ်ဆေးကြီးကြပ်ရာတွင် တတ်နိုင်သမျှ အစောဆုံး ပါဝင်ဆောင်ရွက်သင့်သည်။ ဤအချက်သည် အထူးသဖြင့် ပျိုဖော်ဝင်အရွယ် မိန်းကလေးများနှင့် မသန်စွမ်း သင်ယူသူများကဲ့သို့သော သီးသန့်အုပ်စုများ အတွက် ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် အရေးကြီးသည် (စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၄၂)၊ စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၄ ၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၄၉) ကိုလည်း ကြည့်ပါ)။

၃။ **ပညာရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ်။ ။** ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်ကို ပုံမှန်အားဖြင့် နိုင်ငံတော်အဆင့် ပညာရေးဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲပြီး ပညာရေးဆိုင်ရာအချက်အလက်များကို စုစည်းပြီး

စိစစ်ပိုင်းခြားသည်။ အကယ်၍ ဆက်စပ်အခြေအနေတစ်ခုတွင် ယင်းစနစ် တည်ရှိလျှင် အရေးပေါ်အခြေအနေကြောင့် ပျက်ယွင်းနိုင်သည်၊ သို့မဟုတ် ၎င်းကို ပြန်လည်ဖြည့်စွက်ပြင်ဆင်ရန် လိုအပ်မည်။ နိုင်ငံအဆင့် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် သို့မဟုတ် ယင်းနှင့် အလားတူ စနစ်တစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် ပြန်လည်ထူထောင်မှုအတွက် နိုင်ငံအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်နှင့် ရပ်ရွာအဆင့် စွမ်းဆောင်ရည် တည်ဆောက်မှုများ ပြုလုပ်ရန် လိုအပ်နိုင်သည်။ စွမ်းဆောင်ရည်တည်ဆောက်ပေးမှုသည် သတင်းအချက်အလက် ကောက်ယူခြင်း၊ စီမံခန့်ခွဲခြင်း၊ အဓိပ္ပာယ်သတ်မှတ်ခြင်း၊ အသုံးပြုခြင်းနှင့် မျှဝေပေးခြင်းတို့ကို ဆောင်ရွက်နေသူများအား ပံ့ပိုးကူညီပေးခြင်းဖြစ်သည်။ ပုံမှန်လည်ပတ်သော စနစ်ဖြစ်စေရန် နိုင်ငံအဆင့်အဖွဲ့အစည်းများက စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းကို ပြန်လည်ထူထောင်ရေးအဆင့်တွင် စောနိုင်သမျှအစောဆုံး စတင်သင့်သည် (ညှိနှိုင်းဆောင်ရွက်မှု စံသတ်မှတ်ချက်၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၂-၃၃)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၅ (စာမျက်နှာ ၁၁၀)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၁၁၃) တို့ကိုလည်း ကြည့်ပါ)။

ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်အတွက် လိုက်လျောညီထွေတွဲဖက်သုံးနိုင်သော ကွန်ပျူတာဆော့ဖ်ဝဲနှင့် ဟာ့ဒ်ဝဲများသည် မရှိမဖြစ် လိုအပ်သည်။ နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်အဆင့်ပညာရေးဌာန၊ ရုံးများနှင့် သင်တန်းကျောင်းများကဲ့သို့သော ပညာရေးကဏ္ဍခွဲများတွင် သတင်းအချက်အလက်များ အဆင်ပြေ ချောမွေ့စွာ ဖလှယ်နိုင်ရန် လိုက်လျောညီထွေတွဲဖက်သုံးနိုင်သော ပစ္စည်းများ ရှိသင့်သည်။ အထူးဆော့ဖ်ဝဲများ တပ်ဆင်ထားသည့် မိုဘိုင်းလ်ဖုန်းများသည် အချက်အလက် စုဆောင်းမှုကို ပိုမိုကောင်းမွန်စေနိုင်သည်။ သို့သော် နည်းပညာ လိုအပ်မှုသည် ရင်းမြစ်များနည်းပါးနေသေးသော ရပ်ရွာဒေသများမှ အချက်အလက် ကောက်ယူခြင်းကို အဟန့်အတား ဖြစ်နိုင်သည်။

၄။ **သင်ယူသူများအားစစ်ဆေးကြီးကြပ်ခြင်း။** ။ သင်ယူသူများအား စစ်ဆေးကြီးကြပ်ခြင်းကို သင်ယူနေစဉ်နှင့် သင်ယူမှု ပြီးဆုံးချိန်တွင် တတ်နိုင်သမျှဆောင်ရွက်သင့်သည်။ ဥပမာ- အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ စစ်ဆေးခြင်းတွင်-

- ကလေးသူငယ်များ၏ ကာယပိုင်း၊ သိမှုနှင့် လူမှု-စိတ်ခံစားမှုပိုင်းဆိုင်ရာ နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ခြင်း
- စာရေးစာဖတ်နှင့် အတွက်အချက် ကျွမ်းကျင်မှုများကို ထိန်းထားခြင်း
- အဓိကကျသော ဘဝတွက်တာ ကျွမ်းကျင်စရာများကို သိရှိနားလည်အသုံးချခြင်း
- စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာတမ်းများကို လက်လှမ်းမီရရှိစေခြင်း စသည်တို့ကို ပါဝင်နိုင်သည်။

သက်မွေးပညာရေးတွင် သင်ယူသူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိမှုကို မျက်ခြည်မပြတ်စစ်ဆေးကြီးကြပ်သင့်သည်။ သင်ယူမှုအစီအစဉ်အပြီး သင်ယူသူများကို စစ်ဆေးကြီးကြပ်မှုမှ အစီအစဉ်ရေးဆွဲခြင်းအတွက် တန်ဖိုးရှိသော တုန့်ပြန်အကြံပြုချက်များကို ရရှိနိုင်သည် (သင်ကြားခြင်းနှင့်သင်ယူခြင်း စံသတ်မှတ်ချက် ၄ (စာမျက်နှာ ၈၉-၉၀)၊ နှင့် SEEP Network *Minimum Standards for Economic Recovery after Crisis* ၏ *Employment Creation standard and Enterprise Development standards* ကိုကြည့်ပါ)။

## စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၄။
## အကဲဖြတ်ခြင်း

စနစ်ကျပြီး သမာသမတ်ကျသော အကဲဖြတ်ခြင်းများသည် ပညာရေးဆိုင်ရာတုံ့ပြန်မှုကို တိုးတက်ကောင်းမွန်နိုင်စေပြီး တာဝန်ခံမှုကို မြှင့်တင်ပေးသည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲလေ့လာရန်ဖြစ်သည်)

- ပညာရေးဆိုင်ရာ တုံ့ပြန်မှုများကို ပုံမှန်အကဲဖြတ်ခြင်းသည် အနာဂတ်ပညာရေးဆောင်ရွက်မှုများအတွက် အသုံးပြုနိုင်ရန် ယုံကြည်ကိုးစားနိုင်ပြီး ပွင့်လင်းမြင်သာသော အချက်အလက်များကို ရရှိစေသည်။ (လမ်းညွှန်ချက်မှတ်စု ၁နှင့်၂ ကိုကြည့်ပါ)။
- ဘေးဒဏ်ခံရပ်ရွာလူထုမှ ကိုယ်စားလှယ်များ၊ ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် ပါဝင်ပတ်သက်သူများအားလုံးသည် အကဲဖြတ်ခြင်းလုပ်ငန်းများတွင် ပါဝင်သည် (လမ်းညွှန်ချက်မှတ်စု ၃ ကိုကြည့်ပါ)။
- အတွေ့အကြုံများမှ ရရှိသောသင်ခန်းစာများနှင့် လက်တွေ့လုပ်ဆောင်မှု နမူနာကောင်းများ အကြောင်းကို ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ မူဝါဒများနှင့် သဘောတူလက်ခံလာအောင်ပြုလုပ်ခြင်းတို့အတွက် ကျယ်ကျယ်ပြန့်ပြန့် မျှဝေသည် (လမ်းညွှန်ချက်မှတ်စု ၄ ကို ကြည့်ပါ)။

## လမ်းညွှန်ချက်မှတ်စုများ

၁။ **စစ်ဆေးကြီးကြပ်ခြင်းနှင့်အကဲဖြတ်ခြင်းတို့၏ခြားနားချက်။။** စစ်ဆေးကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့သည် ပညာရေးအစီအစဉ်များ၏ ရည်မှန်းချက်ပန်းတိုင်များကို ရောက်ရှိစေနိုင်သည့် အဓိကကျသောလုပ်ငန်းများဖြစ်သည်။ စစ်ဆေးကြီးကြပ်ခြင်းသည် ပညာရေးအစီအစဉ်များ၏ ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များအပေါ် အခြေခံကာ တိုးတက်မှုကို လုပ်ငန်းဆောင်ရွက်စဉ် ပုံမှန်တိုင်းတာသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ စစ်ဆေးကြီးကြပ်ခြင်းများဆောင်ရွက်ခြင်းဖြင့် အစီအစဉ် သို့မဟုတ် စီမံချက်အကောင်အထည်ဖော်စဉ်ကာလအတွင်း ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များ အောင်မြင်စေမည့် မှန်ကန်သည့် လမ်းကြောင်းပေါ်တွင် ရှိနေစေရန် ပညာရေးအစီအစဉ်ဝန်ထမ်းများသည် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်သည်။

အကဲဖြတ်ခြင်းကို လုပ်ငန်းအစီအစဉ်၏ အလယ် သို့မဟုတ် အဆုံးတွင် ဆောင်ရွက်လေ့ရှိပြီး အခြားပြင်ပပုဂ္ဂိုလ်များက ဆောင်ရွက်ကြသည်။ ရလဒ်များကို တိုင်းတာပြီး မျှော်မှန်းရလဒ်များအတိုင်း ပြီးမြောက်ခြင်းရှိ၊ မရှိကို အကဲဖြတ်သည်။ အကဲဖြတ်ခြင်းဖြင့် လုပ်ငန်းများသည် သတ်မှတ်ထားသည့် ဦးစားပေးလုပ်ငန်းများ၊ မူဝါဒများ၊ ဥပဒေများနှင့် ဆီလျော်ဆက်စပ်မှု ရှိ၊ မရှိ ကိုလည်းကောင်း၊ လုပ်ငန်းအစီအစဉ်များကို ကျွမ်းကျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိ၊ မရှိ ကိုလည်းကောင်း သိရှိနိုင်သည်။

၂။ **ပညာရေးဆိုင်ရာတုံ့ပြန်မှုလုပ်ငန်းများကို အကဲဖြတ်ခြင်း။** ။ ပညာရေးဆိုင်ရာတုံ့ပြန်မှုလုပ်ငန်းများကို အကဲဖြတ်ရာတွင် အချိန်မီပြီးစီးနိုင်ခြင်း၊ ယုံကြည်ကိုးစားနိုင်သော ရလဒ်အထောက်အထား ပေးနိုင်ခြင်း၊ အနာဂတ် လုပ်ငန်းများအတွက် အသုံးချနိုင်သော သက်ရောက်မှုရှိခြင်း တို့ကိုပေးစွမ်းနိုင်သည့် ချဉ်းကပ်ပုံနည်းလမ်းများကို အသုံးပြုသင့်သည်။ သက်ရောက်မှုဆိုသည်မှာ လုပ်ငန်းအစီအစဉ်များကြောင့် ဖြစ်ပေါ်လာသည့် မြင်သာ/တိုင်းတာနိုင်သော လူတို့၏ပြောင်းလဲလာမှုကို ဆိုလိုသည်။ ကျား-မနှင့် အသက်အရွယ်အလိုက် အသေးစိတ်ခွဲခြားကောက်ယူထားသော အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ အချက်အလက်များသည် အရေးကြီးသည်။ အရေအတွက်ဆိုင်ရာ

အချက်အလက်များဆိုသည်မှာ ကိန်းဂဏန်းဖြင့် ရေတွက်ဖော်ပြနိုင်သော အကြောင်းအရာများဖြစ်သည်။ ဥပမာ- ကျောင်းအပ်နှံမှု၊ ကျောင်းတက်ရောက်မှု၊ ကျောင်းထွက်မှုနှင့် တတ်မြောက်မှုကဲ့သို့သော ရလဒ်အချက်အလက်များဖြစ်သည်။ အရည်အသွေးဆိုင်ရာ အချက်အလက်များဆိုသည်မှာ ကိန်းဂဏန်းဖြင့် တိုင်းတာဖော်ပြ၍မရနိုင်သော အကြောင်းအရာများ ဖြစ်သည်။ ယင်းအချက်အလက်များသည် လုပ်ငန်းစဉ်များကို နားလည်စေပြီး ရလဒ်များကို ရှင်းပြနိုင်သည်။ ဥပမာ- ယင်းအချက်အလက်များတွင် ကျောင်းများ သို့မဟုတ် အခြားသင်ယူရာနေရာများတွင် ဖြစ်ပျက်နေမှုများ၊ ကျောင်းအပ်နှံမှု၊ ကျောင်းတက်ရောက်မှုနှင့် ကျောင်းထွက်မှုများ၏ အကြောင်းရင်းများ ပါဝင်သည် (စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၃၅-၃၆)၊ ညှိနှိုင်းဆောင်ရွက်မှုစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၂-၃၃) တို့ကိုကြည့်ပါ)။

၃။ **အကဲဖြတ်ခြင်းဖြင့်စွမ်းဆောင်ရည်တည်ဆောက်ခြင်း။** ။ အကဲဖြတ်ခြင်းအတွက် သုံးစွဲငွေတွင် ပညာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ရွာကိုယ်စားလှယ်များနှင့် သင်ယူသူများအပါအဝင် ပါဝင်ပတ်သက်သူများအားလုံး၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးရန် ကုန်ကျစရိတ်များ ပါဝင်သင့်သည်။ ဤဆွေးနွေးပွဲများမှ တစ်ဆင့် ပါဝင်ပတ်သက်သူများအား အကဲဖြတ်ခြင်းကို သိရှိနားလည်စေနိုင်သည်။ ပူးပေါင်းပါဝင်ပြီး ပွင့်လင်းမြင်သာသော နည်းဖြင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များကို ရေးဆွဲပြုစုနိုင်စေသည်။ ထို့အပြင် ပါဝင်ပတ်သက်သူများအား တွေ့ရှိချက်များကို အတူတကွသုံးသပ်ပြီး အဓိပ္ပာယ်ဖော် ကောက်ချက်ချနိုင်သည်။ သတင်းအချက်အလက် တိကျမှု ရှိစေရန်နှင့် အမှန်တကယ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ပံ့ပိုးပေးသည်။ ထောက်ခံတင်ပြချက်များ ပေါ်ထွက်လာစေရန် သင်ယူသူများ၊ ဆရာ/မများနှင့် ပညာရေးဆိုင်ရာတာဝန်ရှိသူများကို အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်စေသင့်သည်။ ဥပမာ- ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာ တာဝန်ရှိသူများသည် အဆိုပြုထားသည့် ထောက်ခံချက်များကို လက်တွေ့ဆောင်ရွက်ရာ၌ တွေ့ရှိနိုင်သည့် အခက်အခဲများတွင် ၎င်းတို့၏ အတွေ့အကြုံများအရ ဖြေရှင်းနိုင်သည့် အကြံဉာဏ်များကို ဖြည့်စွက်ပေးနိုင်သည် (စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၄၂)၊ စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၃၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၄၆)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၁၁၃) တို့ကိုလည်း ကြည့်ပါ)။

၄။ **အကဲဖြတ်ခြင်းမှတွေ့ရှိချက်များနှင့် ရရှိသည့်သင်ခန်းစာများကို မျှဝေခြင်း။** ။ အကဲဖြတ်ခြင်းအစီရင်ခံစာမှ အဓိကတွေ့ရှိချက်များ (အထူးသဖြင့် ထောက်ခံချက်များနှင့် ရရှိသည့်သင်ခန်းစာများ)ကို ရပ်ရွာလူထုအပါအဝင် အားလုံး နားလည်နိုင်သောပုံစံဖြင့် မျှဝေအသိပေးသင့်သည်။ ယင်းတို့တွင် အနာဂတ်လုပ်ငန်းများအတွက် အသိပေးမှုများ ပါဝင်သင့်သည်။ သတင်းအချက်အလက်များကြောင့် အရေးပေါ်အခြေအနေ သို့မဟုတ် ပဋိပက္ခများ ဖြစ်ပေါ်မလာစေရန်နှင့် သတင်းအချက်အလက်ပေးသူ၏ အမည်ကို မဖော်ပြခြင်းဖြင့် ၎င်းအား အန္တရာယ်မကျရောက်စေရန် သတင်းအချက်အလက်များကို ဂရုတစိုက်ကိုင်တွယ်ရမည်ဖြစ်သည် (ညှိနှိုင်းဆောင်ရွက်မှုစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၃ နှင့် ၅ (စာမျက်နှာ ၃၂-၃၃)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၁၁၃) တို့ကိုလည်း ကြည့်ပါ)။

**ဤစံသတ်မှတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းလမ်းအကူအညီအတွက် INEE Toolkit:** www.ineesite.org/toolkit ကိုကြည့်ပါ။

INEE Toolkit
↳ INEE Minium Standards
↳Implementation Tools
↳Foundation Standards

# ၂

# ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်

**အခြေခံစံသတ်မှတ်ချက်များ-**
**ရပ်ရွာလူထုပူးပေါင်းပါဝင်မှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ စိစစ်ပိုင်းခြားမှု**

**ပညာသင်ယူခွင့်နှင့်သင်ယူမှုပတ်ဝန်းကျင်**

**စံသတ်မှတ်ချက် ၁- ပညာသင်ယူခွင့်တန်းတူညီမျှရရှိခြင်း**

အရည်အသွေးရှိပြီး ဆီလျော်ဆက်စပ်မှုရှိသော ပညာရေးအခွင့်အလမ်းများကို လူတိုင်းလက်လှမ်းမီ ရရှိသည်။

**စံသတ်မှတ်ချက် ၂- ကာကွယ်စောင့်ရှောက်ခြင်းနှင့် ချမ်းသာသုခရရှိခြင်း**

သင်ယူမှုပတ်ဝန်းကျင်သည် ဘေးကင်းလုံခြုံပြီး သင်ယူသူများ၊ ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာ တာဝန်ရှိသူများအား ကာကွယ်စောင့်ရှောက်မှုနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ချမ်းသာသုခတို့ကို ပိုမိုရရှိစေသည်။

**စံသတ်မှတ်ချက် ၃- ပညာရေးအထောက်အကူပစ္စည်းများနှင့်ဝန်ဆောင်မှုများ**

ပညာရေးအထောက်အကူပစ္စည်းများသည် သင်ယူသူများ၊ ဆရာ/မများနှင့်အခြား ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ ဘေးကင်းလုံခြုံရေးနှင့် ကိုယ်စိတ်နှစ်ပါးချမ်းသာမှုကို ပိုမိုဖြစ်ပေါ်စေပြီး၊ ကျန်းမာရေး၊ အာဟာရ၊ လူမှုစိတ်ပိုင်းနှင့် ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဆက်စပ်နေသည်။

အကျပ်အတည်းကာလများတွင် အရေးကြီးသော ရပိုင်ခွင့်နှင့် ရင်းမြစ်ဖြစ်သည့် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ လွန်စွာနည်းပါးသည်။ ဘေးဒဏ်ခံရသူများအား ၎င်းတို့၏လက်ရှိအခြေအနေကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်နှင့် ပုံမှန်ဘဝအခြေအနေသို့ ရောက်ရှိနိုင်ရန် ကူညီပေးရာ၌ ပညာရေးသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ပညာရေးသည် အရေးကြုံလာပါက အသက်ရှင်ရပ်တည်နိုင်ရန် အသိပညာဗဟုသုတနှင့် စွမ်းရည်များကို ပေးစွမ်းနိုင်သည်။ ထို့အပြင် ညီညွတ်မျှတမှုနှင့် အရည်အသွေး ရှိသော ပညာရရှိရေးအတွက် တိုးတက်ပြောင်းလဲလာအောင် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကိုလည်း ပေးစွမ်းနိုင်ပါသည်။

အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ရေးကာလတစ်လျှောက် ပညာရေးလုပ်ငန်းများကို စုစည်းစီစဉ်ဆောင်ရွက်ရာတွင် အခက်အခဲများ တွေ့ရလေ့ရှိသည်။ အသစ်တိုးလာသည့် ထိခိုက်ခံရလွယ်သော အုပ်စုများသည် ပညာရေးလုပ်ငန်းမှ အကျိုးကျေးဇူး ခံစားခွင့်မရသည့် အခြေအနေ၊ သို့မဟုတ် အရေးပေါ်တုံ့ပြန်မှုပြုရာတွင် ယခင်ကဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် ၎င်းတို့အား ဖယ်ကြဉ်ချန်လှပ်ထားမှုများကို ပိုမိုဖြစ်ပေါ်စေလျှင် အခက်အခဲ အန္တရာယ်ရှိသည်။ လူတိုင်းတွင် ဘေးကင်းလုံခြုံသော သင်ယူမှုပတ်ဝန်းကျင်တွင် ဆီလျော်ပြီး အရည်အသွေးရှိသော ပညာရေးကို သင်ယူခွင့်ရှိစေရန် နိုင်ငံတော်အဖွဲ့အစည်းများ၊ ရပ်ရွာလူထုနှင့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများတွင် တာဝန်ရှိသည်။ ဤအချက်သည် သင်ယူသူများ၊ ဆရာ/မများနှင့် ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုကို ဖြစ်ပေါ်တိုးတက်စေသည်။

သင်ယူသူများ၊ ဆရာ/မများနှင့် ပညာရေးဆိုင်ရာပုဂ္ဂိုလ်များအတွက် ကျောင်းအသွားအပြန်လမ်းနှင့် သင်ယူမှုပတ်ဝန်းကျင်တို့တွင် ရုပ်ပိုင်း သို့မဟုတ် လူမှုစိတ်ပိုင်းဆိုင်ရာ အန္တရာယ်များ မကြာခဏ ကြုံတွေ့နိုင်သည်။ အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ရေး ကာလတစ်လျှောက် ပညာရေးအစီအစဉ်များသည် ရုပ်ပိုင်းနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကို ပံ့ပိုးပေးနိုင်သည်။ ကျောင်းများ၊ သင်ယူရာနေရာများနှင့် ကလေးပျော်နေရာများအပါအဝင် ယာယီနှင့် အမြဲတမ်း အသုံးပြုသည့် ပညာရေးအထောက်အကူပစ္စည်းများကို ကျရောက်နိုင်သော အန္တရာယ်အားလုံး၏ ဒဏ်မှ ကြံ့ကြံ့ခံနိုင်နိုင်စေရန် နေရာရွေးချယ်ခြင်းနှင့် ပုံစံဒီဇိုင်း ရေးဆွဲတည်ဆောက်ခြင်းတို့ကို သေချာစွာ ဆောင်ရွက်သင့်သည်။ ဖေါ်ပြပါနေရာများကို သက်ဆိုင်သူအားလုံးက လက်လှမ်းမီ အသုံးပြုခွင့်ရှိသင့်သည်။

ဘေးကင်းလုံခြုံသော ပညာရေးအဆောက်အအုံများသည် အဆက်မပြတ် ပညာသင်ကြားနိုင်မှုကို ဖြစ်ထွန်းစေပြီး၊ ပညာသင်ကြားခြင်း ရပ်ဆိုင်းမှုကို နည်းပါးစေသည်။ ယင်းနေရာများသည် ရပ်ရွာ၏ လုပ်ငန်းမှုများဆောင်ရွက်ရာ ဌာနများ ဖြစ်လာပြီး ဆင်းရဲမှု၊ စာမတတ်မြောက်မှုနှင့် ရောဂါဖြစ်ပွားမှုများကို လျှော့ချရန် အရေးပါသော ဝန်ဆောင်မှုများ ဆောင်ရွက်နိုင်သော နေရာလည်းဖြစ်သည်။ အရေးပေါ်အခြေအနေမတိုင်မီက ပညာရေးဆိုင်ရာ တန်းတူညီမျှမှု မရှိခဲ့သော နေရာများတွင် ဘေးကင်းလုံခြုံ၍ ညီညွတ်မျှတမှုရှိသော ပညာရေးကို ပေးခြင်းဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အရေးပါသော နေရာမှ ပံ့ပိုးပေးနိုင်သည်။

ခွဲခြားဆက်ဆံမှုကြောင့် ပညာသင်ယူခွင့်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ လက်လွှတ်ဆုံးရှုံးရခြင်း မဖြစ်စေသင့်ပါ။ ပညာသင်ယူခွင့်ရရှိရန်နှင့် ပညာသင်ယူခွင့် အတားအဆီးများကို လျှော့ချရန် ကျောင်းသင်နှင့် ကျောင်းပြင်ပ ပညာရေးကို စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။ ပညာရေးဆိုင်ရာ ပံ့ပိုးပေးသူများအားလုံးသည် အထူးသဖြင့် ကျား-မ ခွဲခြားဆက်ဆံခြင်းများ၊ ယောကျာ်းလေးနှင့် မိန်းကလေးများအတွက် သီးခြားအန္တရာယ်ဖြစ်နိုင်ခြေများကို အမြဲသတိရှိနေရပါမည်။ ယင်းအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းတတ်ရန်လည်း လိုအပ်ပေသည်။ ခွဲခြားဆက်ဆံခြင်းသည် ကျောင်းစရိတ်မတတ်နိုင်ခြင်း၊ ဘာသာစကား အခက်အခဲနှင့် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကြောင့် ဖြစ်ပေါ်တတ်သည်။

## ပညာသင်ယူခွင့်နှင့်သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၁။
## ပညာသင်ယူခွင့်တန်းတူညီမျှရရှိခြင်း

အရည်အသွေးရှိပြီး ဆီလျော်ဆက်စပ်မှုရှိသော ပညာရေးအခွင့်အလမ်းများကို လူတိုင်း လက်လှမ်းမီရရှိသည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲလေ့လာရန်ဖြစ်သည်)

- ခွဲခြားဆက်ဆံမှုကြောင့် မည်သူတစ်ဦးတစ်ယောက် သို့မဟုတ် မည်သည့်လူတစ်စုမျှ ပညာသင်ယူခွင့်ကို လက်လွတ်ဆုံးရှုံးခြင်း မဖြစ်စေရပါ (လမ်းညွှန်ချက်မှတ်စု ၁ ကိုကြည့်ပါ) ။
- သင်ယူမှုအဆောက်အအုံနှင့် တည်နေရာများသည် လူတိုင်းလက်လှမ်းမီမှုရှိစေရမည် (လမ်းညွှန်ချက်မှတ်စု ၁ ကို ကြည့်ပါ)။
- စာရွက်စာတမ်းများ မပြည့်စုံခြင်း၊ အခြားလိုအပ်သည့် အချက်အလက်များမပါလာခြင်း စသည့် ကျောင်းအပ်နှံရာ၌ ကြုံရလေ့ရှိသော အတားအဆီးများကို ဖယ်ရှားရမည် (လမ်းညွှန်ချက် မှတ်စု ၂ နှင့် ၄ ကိုကြည့်ပါ) ။
- ဘေးဒုက္ခခံရသူများ၏ ပညာရေးလိုအပ်ချက်များ ပြည့်ဝစေရန်အတွက် လိုအပ်ပါက ပြုပြင်ပြောင်းလဲနိုင်သော ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးဆိုင်ရာ အခွင့်အလမ်းများကို အစဉ်အမြဲ ဖြည့်ဆည်းပေးသည် (လမ်းညွှန်ချက်မှတ်စု ၃ နှင့် ၅ ကို ကြည့်ပါ) ။
- ကလေး၊ လူငယ်၊ လူကြီးအားလုံးအတွက် အရည်အသွေးရှိပြီး ဆီလျော်သော ပညာရေး လုပ်ငန်းများတွင် ရပ်ရွာလူထု ပူးပေါင်းပါဝင်လာစေရန် အသိပညာပေးခြင်းနှင့် သင်တန်းများပို့ချပေးခြင်းတို့ကို ဆောင်ရွက်ပေးသည် (လမ်းညွှန်ချက်မှတ်စု ၆ နှင့် ၇ ကို ကြည့်ပါ) ။
- ရင်းမြစ်များ လုံလောက်စွာရရှိရန် စီစဉ်ထားပြီး ပညာရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ရှိမှု၊ ညီညွတ်မျှတမှုနှင့် အရည်အသွေးပြည့်ဝမှုတို့ကို ဖြစ်ပေါ်စေသည် (လမ်းညွှန်ချက်မှတ်စု ၈ ကို ကြည့်ပါ) ။
- အရေးပေါ်အခြေအနေကြောင့် ရပ်ဆိုင်းသွားသော ပညာရေးကို အမြန်ဆုံး ပြန်လည်ရရှိရန် ဆောင်ရွက်ပေးခြင်းဖြင့် သင်ယူသူများသည် ကျောင်းတွင် ပညာသင်ယူခွင့်၊ သို့မဟုတ် ပြန်လည်သင်ယူခွင့်ရှိသည် (လမ်းညွှန်ချက်မှတ်စု ၉ ကို ကြည့်ပါ) ။
- ဘေးဒုက္ခခံရသူများအတွက် ပညာရေးအစီအစဉ်များကို ရပ်ရွာဒေသမှ ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် ၄င်းတို့၏ မူလတိုင်းပြည်တို့က အသိအမှတ်ပြုသည်။
- ဘေးဒုက္ခခံရသူများအတွက် ပညာရေးလုပ်ငန်းများသည် ဒေသခံရပ်ရွာလူထုအပေါ် ဆိုးကျိုးသက်ရောက်မှုမရှိပါ။

## လမ်းညွှန်ချက်မှတ်စုများ

**၁။ ခွဲခြားဆက်ဆံခြင်း။** ။ ခွဲခြားဆက်ဆံခြင်းတွင် ကျား-မ၊ အသက်အရွယ်၊ မသန်မစွမ်းဖြစ်မှု၊ HIV ရောဂါပိုးရှိမှု၊ နိုင်ငံသား။ တိုင်းရင်းသား၊ လူမျိုးစု၊ မျိုးနွယ်စု၊ ဇာတ်အနိမ့်အမြင့်၊ ဘာသာရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ နိုင်ငံရေးအသင်းအဖွဲ့၊ လိင်ပိုင်းဆိုင်ရာ ကိုင်းညွတ်မှု၊ လူမှုစီးပွားရေးနောက်ခံ၊ ပထဝီအနေအထား သို့မဟုတ် ပညာရေးဆိုင်ရာ သီးသန့်လိုအပ်ချက်များကြောင့် ဖြစ်ပေါ်လာသည့် အဟန့်အတားများ ပါဝင်သည်။ ခွဲခြားဆက်ဆံခြင်းကို ရည်ရွယ်ချက်ဖြင့် တမင်ပြုလုပ်တတ်ပါသည်။ အဆောက်အဦးများ ဆောက်လုပ်ရာတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားထားမှု မရှိခြင်း၊ ၄င်းတို့၏ သင်ယူနိုင်မှုကို ပံ့ပိုးပေးသည့်မူဝါဒနှင့် ဆောင်ရွက်ချက်များမရှိခြင်းတို့ကြောင့် မရည်ရွယ်သော ခွဲခြားဆက်ဆံမှုကိုလည်း ဖြစ်စေနိုင်သည်။ ဥပမာ- ကိုယ်ဝန်ဆောင် အမျိုးသမီးငယ်များ သို့မဟုတ် HIV ပိုး ရှိသူစသည့်

သင်ယူသူများအား ကျောင်းတက်ရန် တားမြစ်ထားခြင်း၊ ကျောင်းစရိတ်၊ ကျောင်းဝတ်စုံ၊ စာအုပ်နှင့် အခြား ထောက်ပံ့ပစ္စည်းများ၏ ကုန်ကျစရိတ်များ မတတ်နိုင်၍ ကျောင်းမတက်ရခြင်းတို့ဖြစ်သည်။

အရေးပေါ်အခြေအနေကာလတွင် အုပ်စုတစ်စုချင်းအလိုက် လူတစ်ဦးတစ်ယောက်ချင်းအလိုက် ပညာသင်ယူခွင့် လက်လှမ်းမမီနိုင်မှုများ ရှိနိုင်သည်။ အချို့အုပ်စုများသည် အရေးပေါ်အခြေအနေများနှင့် နေရာရွှေ့ပြောင်းရခြင်းများကြောင့် ပိုမိုထိခိုက်ခံရလွယ်နိုင်သည်။ ထိုအုပ်စုများတွင်-

- ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းနေသူများ
- စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပြဿနာရှိနေသူများ
- မိန်းကလေးများ
- လူငယ်များ
- လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်နေသည့် ကလေးများ
- ဆယ်ကျော်သက်အရွယ်အိမ်ထောင်ဦးစီးများ
- ဆယ်ကျော်သက်အရွယ် မိခင်များ
- တိုင်းရင်းသားလူမျိုးစု သို့မဟုတ် အခြားလူမှုရေးအဖွဲ့များပါဝင်သည်။

ပညာရေးကိုလူတိုင်း လက်လှမ်းမီစေရန် နိုင်ငံတော်အဖွဲ့အစည်းများ၊ ရပ်ရွာလူထုနှင့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများတွင် တာဝန်ရှိသည်။ ဆိုလိုသည်မှာ ခွဲခြားဆက်ဆံခံရသည့် အုပ်စုများနှင့် သီးခြားသင်ယူမှု လိုအပ်သူများ၏ လိုအပ်ချက်များနှင့် ဦးစားပေးရမည့် အချက်များကို စိစစ်ခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့ ဖြစ်သည်။ သင်ယူမှု အခွင့်အလမ်းများ ရရှိရေးအတွက် ခွဲခြားဆက်ဆံသည့် မူဝါဒနှင့် လက်တွေ့ကျင့်သုံးမှုများကို ဖော်ထုတ်ပြီး ဖြေရှင်း ပေးသင့်သည်။ အချို့သော လူမျိုးစု၊ ဘာသာစကားနှင့် နေထိုင်ရာနေရာ အနေအထားအလိုက် အုပ်စုများ သို့မဟုတ် အသက်အုပ်စုများအတွက် ပညာသင်ယူခွင့်မရရှိခြင်းသည် ပဋိပက္ခများနှင့် ရေရှည်တင်းမာမှုများကို ဖြစ်ပေါ်လာစေနိုင်သည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရပိုင်ခွင့်များဆိုင်ရာ နိုင်ငံတကာပဋိညာဉ်စာချုပ်(၁၉၆၆)တွင် ပညာသင်ယူခွင့်ကို ရှင်းလင်းထားသည်-

- ပိုဒ်ခွဲ ၂ တွင် 'လူမျိုး၊ အသားအရောင်၊ ကျား-မ၊ ဘာသာစကား၊ နိုင်ငံရေး သို့မဟုတ် အခြားခံယူချက်၊ နိုင်ငံသားနှင့် လူတန်းစားအလွှာ၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှု သို့မဟုတ် အခြားအခြေအနေ စသည်တို့ကြောင့် ခွဲခြားဆက်ဆံခြင်း မရှိသော ပညာသင်ယူခွင့်' ကို အသိအမှတ်ပြုထားသည်။
- ပိုဒ်ခွဲ ၁၃ တွင် လူတိုင်း ပညာသင်ယူခွင့်သည် 'လူတို့၏ ကိုယ်ရည်ကိုယ်သွေးနှင့် ဂုဏ်သိက္ခာကို အပြည့်အဝ ဖွံ့ဖြိုးတိုးတက်စေပြီး လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ပိုမိုလေးစားလာစေမည်ဖြစ်သည်။ ပညာရေးသည် လူတိုင်းအား လွတ်လပ်သော လူ့အဖွဲ့အစည်းတွင် ထိရောက်စွာ ပူးပေါင်းပါဝင်ခွင့် ရစေနိုင်သည်။ ပညာရေးသည် နိုင်ငံများ၊ လူမျိုး၊ လူမျိုးနွယ်စုနှင့် ဘာသာရေးအစုအဖွဲ့ အားလုံးအကြား နားလည်မှု၊ သည်းခံမှု၊ ခင်မင်ရင်းနှီးမှုနှင့် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း မြှင့်တင်ပေးနိုင်သည်၊' ဟူသောအချက်ကို အသိအမှတ်ပြုထားသည်။ ဤရပိုင်ခွင့်ကို အပြည့်အဝ အသိအမှတ်ပြုစေရန်ရည်ရွယ်ချက်ဖြင့် ပိုဒ်ခွဲ ၁၃ သည် နိုင်ငံများအား အောက်ပါအချက်များကို ဆောင်ရွက်စေသည်။ '(၁) မူလတန်းပညာရေးသည် မသင်မနေရဖြစ်ပြီး လူတိုင်း အခမဲ့ သင်ယူခွင့် ရစေရမည်။ (၂) စက်မှုလက်မှုနှင့် သက်မွေးပညာရပ်များ ပါဝင်သည့် အလယ်တန်းအဆင့်

ပညာရေးပုံစံအမျိုးမျိုးကို သင့်လျော်သော နည်းလမ်းများသုံး၍ ယေဘုယျအားဖြင့် လူတိုင်း လက်လှမ်းမီ ရရှိနိုင်စေရမည်၊ အထူးသဖြင့် အခမဲ့ပညာရေးကို တဖြည်းဖြည်းတိုးမြှင့် ကျင့်သုံးသွားခြင်းဖြင့် လူတိုင်း သင်ယူနိုင်ခွင့် ရှိစေရမည်။ (၃) မူလတန်းပညာရေး မရရှိထားသေးသူ သို့မဟုတ် မပြီးဆုံးသေးသူများအတွက် အခြေခံပညာသင်ယူရန် အရှိန်အဟုန်မြှင့် တိုက်တွန်းအားပေးခြင်းများ ပြုလုပ်ရမည်' (ပညာရေးမူဝါဒများ စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁ နှင့် ၇ (စာမျက်နှာ ၁၀၇-၁၀၈) နှင့် (စာမျက်နှာ ၁၁၀-၁၁၁)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၁၁၃) ကိုလည်းကြည့်ပါ)။

၂။ **ကျောင်းဝင်ခွင့်ပြုခြင်း၊ ကျောင်းအပ်နှံခြင်းနှင့် ကျောင်းနေမြဲခြင်း။** ။ ကျောင်းဝင်ခွင့်အတွက် စာရွက်စာတမ်းလိုအပ်မှုကို မတင်းကျပ်သင့်ပါ။ ဘေးဒဏ်ခံရသူများအတွက် ကျောင်းဝင်ခွင့်ရရန် နိုင်ငံသားကတ်၊ မွေးစာရင်း သို့မဟုတ် အသက်အထောက်အထား၊ မှတ်ပုံတင်စာရွက်စာတမ်းများ၊ ကျောင်းပညာ အရည်အချင်းမှတ်တန်း စသည်တို့ တောင်းခံခြင်းမပြုပဲ အလွယ်တကူ ဆောင်ရွက်ပေးရမည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့တွင် ယင်းစာရွက်စာတမ်းများ မရှိနိုင်သောကြောင့် ဖြစ်သည်။ ကာကွယ်စောင့်ရှောက်မှုရှုထောင့်နှင့် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများကို အလေးထားပြီး အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးသင့်သည်။ မပြီးဆုံးမီ ကျောင်းထွက်သူများအတွက် ဒုတိယအကြိမ် ကျောင်းပြန်အပ်ခွင့်ပြုသင့်သည်။ ထိခိုက်ခံရအလွယ်ဆုံးဖြစ်သူများကို ဖော်ထုတ်သတ်မှတ်ပြီး ၄င်းတို့ ပညာသင်ကြားခွင့် ရရှိစေရန် အထူးကြိုးပမ်းသင့်သည်။ လုံခြုံရေးအတွက် အလေးထားရမည့် ကိစ္စများရှိလျှင် စာရွက်စာတမ်းများနှင့် ကျောင်းအပ်နှံမှု သတင်းအချက်အလက်များကို လျှို့ဝှက်သိမ်းဆည်းထားသင့်သည် (လမ်းညွှန်ချက်မှတ်စု ၄၏ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁၊ လမ်းညွှန်ချက်မှတ်စု ၁၊ ၂ နှင့် ၇ (စာမျက်နှာ ၁၀၇-၁၁၁)၊ ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၁၁၂) တို့ကိုလည်းကြည့်ပါ)။

၃။ **အရည်အသွေးရှိပညာရေးအခွင့်အလမ်းများ။** ။ အရည်အသွေးရှိပညာရေး အခွင့်အလမ်းများရှိနေရန် လိုအပ်သည်။ ရည်ရွယ်ချက်များမှာ သင်ယူသူအားလုံး၏ ပညာရေးလိုအပ်ချက်များ ပြည့်မီစေရန်နှင့် တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုများတွင် အထောက်အပံ့ အကူအညီပေးနိုင်ရန်တို့ ဖြစ်သည်။ ဤအခွင့်အလမ်းများသည် သင်ယူသူများ၊ ဆက်စပ်အခြေအနေတို့နှင့် ဆီလျော်မှုရှိသင့်သည်။ ယင်းတို့တွင်-

- ကလေးသူငယ်ပြုစုပျိုးထောင်ရေး
- မူလတန်း အလယ်တန်းနှင့် အထက်တန်းပညာရေး
- အရေးအဖတ်နှင့် အတွက်အချက်သင်တန်းများ
- ဘဝတွက်တာကျွမ်းကျင်စရာပညာရေး
- စက်မှုလက်မှုနှင့် သက်မွေးပညာကဲ့သို့သော လူငယ်နှင့် သက်ကြီး ပညာရေးအစီအစဉ်များ ပါဝင်နိုင်သည်။

ပြင်းထန်သော အကျပ်အတည်းကာလအတွင်း ကျောင်းသင်ပညာရေးကို ထူထောင်ဆဲ သို့မဟုတ် ပြန်လည်ရှင်သန်အောင် ဆောင်ရွက်နေဆဲတွင် ကလေးပျော်နေရာများ သို့မဟုတ် လုံခြုံသောနေရာများ ရရှိရေးသည် ပထမဆုံး တုံ့ပြန်ဆောင်ရွက်ရမည့် အရာများဖြစ်သည်။ ကလေးပျော်နေရာများသည် ကလေးများနှင့် လူငယ်များ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကို ကာကွယ်ပေးရန်နှင့် မြှင့်တင်ပေးရန် ရည်ရွယ်သည်။ အချို့က ကလေးများနှင့် လူငယ်များကို ပုံမှန်ကျောင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန်၊ အချို့က ကျောင်းပြင်ပပညာရေး လုပ်ငန်းများတွင် ပါဝင်ခွင့်ရရန် ပြင်ဆင်ကြိုးစားပေးပါသည်။ ၄င်းတို့သည် ကလေးအရွယ်မှ လူငယ်အထိ အသက်အရွယ်အုပ်စု အသီးသီးအား

စနစ်ကျသော သင်ယူမှုများ၊ ကစားခြင်း၊ အားကစားနည်းများ၊ ပြဇာတ်၊ အနုပညာ၊ ဂီတ၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသည်။ ကလေးပျော်နေရာများသည် ရပ်ရွာလူထုများ၊ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရဝန်ထမ်းများအတွက် ကျောင်းသင်နှင့် ကျောင်းပြင်ပ စွမ်းဆောင်ရည်နှင့် ပညာရေးဆိုင်ရာ လိုအပ်ချက်များကို အကဲဖြတ်စိစစ်နိုင်သော နေရာဖြစ်ပြီး ရပ်ရွာ၏ အစပျိုး ဆောင်ရွက်မှုများနှင့် မည်သို့ ပေါင်းစပ်ပံ့ပိုး ကူညီပေးနိုင်မည်ကိုလည်း နားလည်စေနိုင်သည်။

၄။ **ပြုပြင်ပြောင်းလဲနိုင်မှု။** ။ သင်ယူမှုအခွင့်အလမ်းများသည် လိုအပ်ပါက ပြုပြင်ပြောင်းလဲနိုင်ပြီး ဆက်စပ် အခြေအနေများနှင့်လည်း လိုက်ဖက်အောင် ပြင်ဆင်ရန်လိုအပ်သည်။ ယင်းသို့ ပြင်ဆင်ခြင်းများတွင်-

- စာသင်ခန်းအချိန်ဇယားများ၊ သင်ချိန်အတိုင်းအတာများ၊ ကျောင်းချိန်အဆိုင်းများ (နံနက်/ညနေအဆိုင်း စသည်ဖြင့်) နှင့် တစ်နှစ်တာ လုပ်ငန်းဇယား/ပြက္ခဒိန်များကို သင်ယူသူ အုပ်စုများ၏ လိုအပ်ချက်နှင့် ကိုက်ညီအောင် ပြောင်းလဲ နိုင်ခြင်းများ
- ပညာသင်ကြားမှု ပုံစံအမျိုးမျိုး၊ ဥပမာ- မိမိဘာသာလေ့လာသင်ယူခြင်း၊ အဝေးသင်ပညာရေး၊ အရှိန်မြှင့်တင် သင်ကြားခြင်း သို့မဟုတ် အချိန်ပိုသင်ကြားခြင်းအစီအစဉ်များ
- ငယ်ရွယ်သော မိဘများအတွက် ကလေးပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုပေးခြင်း
- မွေးစာရင်း သို့မဟုတ် အသက်အထောက်အထားစာရွက်စာတမ်းလိုအပ်ချက်များကို လျှော့ပေါ့ပေးခြင်းများပါဝင်သည် (လမ်းညွှန်ချက်မှတ်စု ၂ ကိုကြည့်ပါ)။

ဆီလျော်အောင် ပြုပြင်ပြောင်းလဲခြင်းများ ပြုလုပ်လျှင် လူငယ်များ၊ အမျိုးသမီးများနှင့် ခွဲခြားဆက်ဆံခံရသူများ အပါအဝင် ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်သင့်သည်။ ရည်ရွယ်ထားသည့်အတိုင်း ပြုပြင်ပြောင်းလဲမှုများကို တရားဝင် အသိအမှတ်ပြုခွင့် ရရှိရန် သက်ဆိုင်သည့် ပညာရေးဆိုင်ရာတာဝန်ရှိသူများလည်း ပါဝင်သင့်သည်။ အကယ်၍ သင်ယူသူများသည် ကျယ်ဝန်းသည့် ဒေသအတွင်း ပျံ့နှံ့နေထိုင်ပါက ကုန်ကျစရိတ်သက်သာ၍ လက်လှမ်းမီနိုင်မည့် နေရာများ ရွေးချယ်ကာ ကျောင်းများနှင့် အခြားသင်ယူမှုတည်နေရာများကို စီစဉ်ဆောင်ရွက်ပေးနိုင်သည် (ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၇ (စာမျက်နှာ ၁၁၀-၁၁၁)၊ ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၁၁၂) တို့ကိုလည်း ကြည့်ပါ)။

၅။ **လတ်တလောဦးစားပေးရမည့် ပညာရေးလုပ်ငန်းများ။** ။ လတ်တလောဦးစားပေးရမည့် ပညာရေးလုပ်ငန်းများသည် ကနဦးစိစစ်ခြင်းပေါ် အခြေခံသင့်သည်။ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်-

- ကျား-မ၊ အသက်စသည်တို့ဖြင့် အသေးစိတ်ခွဲခြား ကောက်ယူထားသည့် အချက်အလက်များ
- ထိခိုက်ခံရလွယ်မှုနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အလေးထားရမည့်ကိစ္စများ
- အသက်ရှင်သန်ရေး သတင်းအချက်အလက်များ
- ပညာရေးစနစ် ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆက်စပ်ဆောင်ရွက်ချက်များ

ဦးစားပေးဆောင်ရွက်ရန်များ သတ်မှတ်ရာတွင် ရန်ပုံငွေရရှိမှု၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် လုံခြုံရေးကန့်သတ်ချက်များကိုလည်း ထည့်သွင်း စဉ်းစားသင့်သော်လည်း ထိခိုက်ခံရလွယ်သော အုပ်စုများကို ချန်လှပ်ခြင်း မဖြစ်ပေါ်စေသင့်ပါ (စိစစ်ပိုင်းခြားမှု

စံသတ်မှတ်ချက် ၁ (စာမျက်နှာ ၃၅-၄၀)၊ သင်ကြားခြင်းနှင့် သင်ယူခြင်း စံသတ်မှတ်ချက် ၁ (စာမျက်နှာ ၇၇-၈၂)၊ ပညာရေးမူဝါဒစံသတ်မှတ် ၁ နှင့် ၂ (စာမျက်နှာ ၁၀၇-၁၁၄) တို့ကိုလည်း ကြည့်ပါ)။

၆။ **'အရည်အသွေး' နှင့် 'ဆီလျော်မှု' ရှိသော ပညာရေး။** ။ ဤဝေါဟာရများ၏ အဓိပ္ပာယ်သတ်မှတ်ချက်များကို နောက်ဆက်တွဲ ၁- ဝေါဟာရအဓိပ္ပါယ်များ (စာမျက်နှာ ၁၁၂) တွင်ကြည့်ပါ။

၇။ **ရပ်ရွာလူထုပါဝင်ဆောင်ရွက်မှု။** ။ ပညာသင်ယူခွင့်လက်လှမ်းမီစေရန် ရပ်ရွာလူထုသည် ပညာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ပေးသင့်သည်။ ရပ်ရွာလူထုပါဝင်မှုသည်-

- ဆက်သွယ်ရေးဆိုင်ရာ ကွာဟမှုများကို ဖြေရှင်းရန်
- ရင်းမြစ်များ ထပ်မံပိုမိုရရှိအောင် စည်းရုံးဆော်ဩရန်
- လုံခြုံရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရန်
- သင်ယူမှုအခွင့်အလမ်းများ ရရှိရန်အတွက် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ရန်
- သက်ဆိုင်သောအစုအဖွဲ့အားလုံး အထူးသဖြင့် ထိခိုက်ခံရလွယ်သောအုပ်စုများအား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် အထောက်အကူဖြစ်စေသည်။

('ပူးပေါင်းပါဝင်ခြင်း' ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို နောက်ဆက်တွဲ ၁- ဝေါဟာရအဓိပ္ပါယ်များ (စာမျက်နှာ ၁၂၁) *ဝေါဟာရအဓိပ္ပာယ်များ*၊ ရပ်ရွာလူထုပူးပေါင်း ပါဝင်ခြင်းစံသတ်မှတ်ချက် ၁ နှင့် ၂ (စာမျက်နှာ ၂၂-၃၀)၊ သင်ကြားခြင်းနှင့် သင်ယူခြင်းစံသတ်မှတ်ချက် ၃၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၈၈) တို့ကိုလည်းကြည့်ပါ)။

၈။ **ရင်းမြစ်များ** ။ ။ နိုင်ငံတော်အဖွဲ့အစည်းများသည် ပညာရေးအခွင့်အလမ်းများ ရရှိဆောင်ရွက်ပေးရန် မူလတာဝန်ရှိသူဖြစ်သည်။ ယင်းတွင် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ငွေကြေး၊ ရုပ်ဝတ္ထုပစ္စည်းနှင့် လူ့သားရင်းမြစ်များ လုံလောက်စွာ ပံ့ပိုးပေးခြင်း စသည်တို့ ပါဝင်သည်။ နိုင်ငံတော်အဖွဲ့အစည်းများက အရေးပေါ်အခြေအနေအစမှ ပြန်လည်ထူထောင်စဉ်ကာလတစ်လျှောက် ပညာရေးအတွက် အပြည့်အဝ မပံ့ပိုးပေးနိုင်လျှင် အခြားအဖွဲ့အစည်းများက လိုအပ်သည်များကို ပံ့ပိုးပေးနိုင်သည်။ ဥပမာ- နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအန်ဂျီအိုများ၊ ရပ်ရွာဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ရွာလူထုများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြားမိတ်ဖက်များ ပါဝင်သည်။ အလှူရှင်များသည် လိုအပ်ပါက ညှိနှိုင်းပြုပြင်ဆောင်ရွက်ပေးသင့်ပြီး၊ ပညာသင်ကြားရေး စဉ်ဆက်မပြတ်ဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်မှုရှိသောချဉ်းကပ်နည်းအမျိုးမျိုးကို ပံ့ပိုးသင့်သည် (ရပ်ရွာလူထုပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၂၈)၊ ပိုင်းခြားစိစစ်မှုစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၁ နှင့် ၅ (စာမျက်နှာ ၄၁-၄၃) တို့ကိုလည်း ကြည့်ပါ)။

၉။ **ပညာရေးအဆောက်အဦးနှင့်အထောက်အကူပစ္စည်းများကို ယာယီခိုလှုံရာနေရာများအဖြစ် အသုံးပြုခြင်းကို အနည်းဆုံးဖြစ်စေခြင်း။** ။ နေရာရွှေ့ပြောင်းခံရသူများအတွက် အခြားရွေးချယ်စရာ မရှိမှသာ ပညာရေးအဆောက်အဦးများကို ခိုလှုံရာနေရာများအဖြစ် အသုံးပြုစေသင့်သည်။ အရေးပေါ်အခြေအနေ သို့မဟုတ် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုအစီအစဉ် ရေးဆွဲစဉ်ကာလအတွင်း ခိုလှုံရာနေရာများကို ဖော်ထုတ်သတ်မှတ်ထားသင့်သည်။

ပညာရေးအဆောက်အဦးများကို ယာယီခိုလှုံရာနေရာများအဖြစ် အသုံးပြုသောအခါ ဆိုးကျိုးသက်ရောက်မှုများနှင့် ကာကွယ်စောင့်ရှောက်မှုအန္တရာယ်များကို လျှော့ချနိုင်ရန် ခိုလှုံရာနေရာနှင့် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများမှ သက်ဆိုင်သူများ ပူးပေါင်းဆောင်ရွက်မည်။ ပါဝင်ပတ်သက်သူများသည် ပညာရေးအဆောက်အဦးများတွင် မူလပညာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ပြန်လည်အပ်နှံရမည့်ရက်စွဲကို သဘောတူသတ်မှတ်ပေးသင့်သည်။

ဤသို့ဖြင့် အရေးပေါ်အခြေအနေဖြစ်ပွားပြီးနောက် ပညာသင်ယူမှုရပ်တန့်သွားခြင်းကို လျော့နည်းစေပြီး၊ ပညာရေးအဆောက်အဦးများတွင် မိသားစုများ ကြာမြင့်စွာ နေထိုင်ခြင်းကိုလည်း ရှောင်ရှားစေနိုင်သည်။

ပညာရေးအဆောက်အဦးများကို ယာယီခိုလှုံရာများအဖြစ် အသုံးပြုလျှင် စာအုပ်များ၊ စာကြည့်တိုက်များ၊ ပရိဘောဂများ၊ ကျောင်းမှတ်တမ်းနှင့် အပန်းဖြေခြင်းဆိုင်ရာပစ္စည်းများအပါအဝင် ကျောင်းပိုင်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန် အရေးကြီးသည်။ ပညာရေးအဆောက်အဦးနှင့် အထောက်အကူပစ္စည်းများကို အသုံးပြုနိုင်သော အနေအထားဖြင့် ပြန်လည်အပ်နှံသင့်သည်။ ဖြစ်နိုင်ပါက ပါဝင်ပတ်သက်သူများအနေဖြင့် ပညာရေးအဆောက်အဦးများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကို အသုံးချသင့်သည်။ ဥပမာ- အိမ်သာနှင့်သောက်သုံးရေ စသည့် သန့်ရှင်းရေးဆိုင်ရာ အဆောက်အဦးနှင့် အထောက်အကူပစ္စည်းများကို မွမ်းမံပြင်ဆင်နိုင်ပြီး၊ အဆောက်အအုံဖွဲ့စည်းတည်ဆောက်မှုကိုလည်း ထပ်မံအားဖြည့်ပေးနိုင်သည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၃ ၏ လမ်းညွှန်ချက် မှတ်စု ၄ နှင့် ၆ (စာမျက်နှာ- ၇၀-၇၁)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၁၀၉) ကိုလည်း ကြည့်ပါ)။

## ပညာသင်ယူခွင့်နှင့်သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၂။
## ကာကွယ်စောင့်ရှောက်ခြင်းနှင့်ချမ်းသာသုခရရှိခြင်း

သင်ယူမှုပတ်ဝန်းကျင်သည် ဘေးကင်းလုံခြုံပြီး သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာ တာဝန်ရှိသူများအား ကာကွယ်စောင့်ရှောက်မှုနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ချမ်းသာသုခတို့ကို ပိုမိုရရှိစေသည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန် ဖြစ်သည်)

- သင်ယူမှုပတ်ဝန်းကျင်သည် သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအား အန္တရာယ်များမှ ကင်းဝေးစေသည် (လမ်းညွှန်ချက်မှတ်စု ၁ နှင့် ၃-၄ တို့ကို ကြည့်ပါ)။
- ပံ့ပိုးကူညီမှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးရန်နှင့် သင်ယူသူများ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ချမ်းသာသုခကို တိုးမြှင့်ပေးရန် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာတာဝန်ရှိသူများသည် လိုအပ်သောကျွမ်းကျင်မှုနှင့် ဗဟုသုတကို ဆည်းပူးရရှိသည် (လမ်းညွှန်ချက်မှတ်စု ၂၊ ၃၊ ၈ နှင့် ၉ တို့ကိုကြည့်ပါ)။
- ကျောင်းများ၊ ယာယီသင်ယူရာနေရာများနှင့် ကလေးပျော်နေရာများသည် ၎င်းတို့က အလုပ်အကျွေးပြုမည့် ပြည်သူလူထုအနီးတွင် တည်ရှိသည် (လမ်းညွှန်ချက်မှတ်စု ၅ နှင့် ၆ ကိုကြည့်ပါ)။
- သင်ယူမှုပတ်ဝန်းကျင်သို့ သွားရောက်သည့်လမ်းခရီးများသည် လုံခြုံဘေးကင်းပြီး လူတိုင်းအသုံးပြုခွင့်ရှိသည် (လမ်းညွှန်ချက်မှတ်စု ၅ နှင့် ၇ ကိုကြည့်ပါ)။
- သင်ယူမှုပတ်ဝန်းကျင်များသည် တိုက်ခိုက်သိမ်းပိုက်ခံရခြင်းမှ ကင်းဝေးသည် (လမ်းညွှန်ချက်မှတ်စု ၁၊ ၃၊ ၆ နှင့် ၇ တို့ကို ကြည့်ပါ)။
- သင်ယူမှုပတ်ဝန်းကျင် တည်နေရာနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ရာတွင်လည်းကောင်း၊ စနစ်၊ မူဝါဒများနှင့် စပ်လျဉ်း၍ သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာတာဝန်ရှိသူများအား ဘေးကင်းလုံခြုံစေမှု ရှိ၊ မရှိ ဆုံးဖြတ်ရာတွင်လည်းကောင်း၊ ရပ်ရွာလူထုက ပါဝင်ကူညီပေးသည် (လမ်းညွှန်ချက်မှတ်စု ၁ နှင့် ၁၀ ကို ကြည့်ပါ)။
- သင်ယူမှုပတ်ဝန်းကျင်ကို ဘေးအန္တရာယ်လျော့ချရေးနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဘေးကင်းလုံခြုံစေသည် (လမ်းညွှန်ချက်မှတ်စု ၁၁ ကို ကြည့်ပါ)။

## လမ်းညွှန်ချက်မှတ်စုများ

၁။ **ဘေးကင်းလုံခြုံခြင်း။** ။ လုံခြုံသော သင်ယူမှုပတ်ဝန်းကျင်သည် ခြိမ်းခြောက်မှု၊ အန္တရာယ်၊ ဒဏ်ရာအနာတရဖြစ်မှု၊ ဆုံးရှုံးမှုတို့မဖြစ်စေရန် ကာကွယ်စောင့်ရှောက်ပေးသည်။ ဘေးကင်းသော ပတ်ဝန်းကျင်သည် ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုတို့မှ ကင်းဝေးစေသည် (အဓိပ္ပါယ်သတ်မှတ်ချက်များကို *ဝေါဟာရအဓိပ္ပါယ်များ* (စာမျက်နှာ ၁၂၂-၁၂၃) တွင် ကြည့်ပါ)။

နိုင်ငံတော်အဖွဲ့အစည်းများသည် လုံခြုံမှုပေးရန် တာဝန်ရှိသည်။ ယင်းတွင် အရည်အချင်းပြည့် ရဲများ လုံလောက်စွာ ချထားခြင်းနှင့် သင့်လျော်၍ လိုအပ်သော နေရာများတွင် လုံခြုံရေးတပ်များချထားခြင်းတို့ ပါဝင်သည်။ အသုံးပြုနေကြ သင်ယူမှုနေရာများသည် မလုံခြုံတော့လျှင် သို့မဟုတ် သင်၍မရနိုင်တော့လျှင် အခြားလုံခြုံဘေးကင်းသည့်နေရာ သို့မဟုတ် သင်ယူမှုနည်းလမ်းများကို စီစဉ်သင့်သည်။ ထိုသို့သောအခြေအနေများတွင် နေအိမ်တွင် သင်ယူမှု သို့မဟုတ် အဝေးမှ သင်ယူမှုများကို ပြုလုပ်နိုင်သည်။ လုံခြုံမှုမရှိသော အခြေအနေများတွင် ရပ်ရွာလူထုအနေဖြင့် သင်ယူသူများ ကျောင်းတက်ရန် သင့်၊ မသင့်ကို အကြံပြုသင့်သည်။ လုံခြုံရေးတပ်ဖွဲ့များသည် ပညာရေးအဆောက်အဦးများကို ယာယီနေထိုင်ရာအဖြစ် မည်သည့်အခါမျှ အသုံးမပြုသင့်ပါ ('လုံခြုံခြင်း'အတွက် လမ်းညွှန်ချက်မှတ်စု ၅ နှင့် ၇ ကိုလည်းကောင်း၊ 'ဘေးကင်းခြင်း' အတွက် လမ်းညွှန်ချက်မှတ်စု ၂ - ၄၊ ၈၊ ၉ နှင့် ၁၁၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၁၀၇-၁၀၈) ကိုလည်း ကြည့်ပါ)။

**၂။ စိတ်ခံစားမှုပိုင်း၊ ရုပ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ချမ်းသာသုခရရှိခြင်း။ ။** စိတ်ခံစားမှုပိုင်း၊ ရုပ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ချမ်းသာသုခသည်-

- ဘေးကင်းလုံခြုံခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊
- ကျန်းမာခြင်း၊
- ပညာရေးဆိုင်ရာ ပံ့ပိုးကူညီပေးသူနှင့် သင်ယူသူများအကြား၊ သင်ယူသူများအချင်းချင်းအကြား ပျော်ရွှင်မှုနှင့် နွေးထွေးစွာ ဆက်ဆံမှုရှိခြင်း စသည်တို့အပေါ်တွင် မူတည်သည်။

ဘေးကင်းလုံခြုံသော ပြုစုပျိုးထောင်ရန် ပတ်ဝန်းကျင်ကောင်းတွင် ကလေးများနှင့် ပြုစုစောင့်ရှောက်သူတို့အကြား နွေးထွေးသည့် အပြန်အလှန် ဆက်ဆံမှုက ကလေးသူငယ်အရွယ်မှစ၍ ယင်းကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သင်ယူမှုကို ပံ့ပိုးကူညီသည်။ သင်ယူသူများအား ချမ်းသာသုခရရှိစေသည့် ဆောင်ရွက်ချက်များသည် ခိုင်မာသည့် တိုးတက်မှု၊ လူမှုရေးဆိုင်ရာ အပြန်အလှန်ကောင်းကျိုးပြုမှုနှင့် ကျန်းမာရေး ကောင်းမွန်မှုတို့ကို အဓိကထားသည်။ ယင်းတို့သည် သင်ယူသူများနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် ၎င်းတို့ကိုယ်တိုင် ပူးပေါင်းပါဝင်ခြင်းကို အားပေးသည်။ ပြဿနာဖြေရှင်းခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် ဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းတို့တွင် ပူးပေါင်းပါဝင်ခြင်းဖြင့် ကလေးများနှင့် လူငယ်များအနေဖြင့် အကူအညီမဲ့သည်ဟု ခံစားရသော ခံစားမှုမျိုး လျော့နည်းလာပြီး ၎င်းတို့၏ ချမ်းသာသုခအတွက် ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်လာနိုင်သည်။

မိဘများက သားသမီးများကို အိမ်တွင် ချမ်းသာသုခရရှိအောင် ဆောင်ရွက်မပေးနိုင်လျှင် အခြားသူများက ကူညီသင့်သည်။ ထိုသို့ကူညီခြင်းတွင် ဆီလျော်သော ဝန်ဆောင်မှုလုပ်ငန်းများထံ လွှဲပြောင်းပေးခြင်းများလည်းပါဝင်နိုင်သည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၃၏ လမ်းညွှန်ချက်မှတ်စု ၈ (စာမျက်နှာ ၇၂) ကိုလည်း ကြည့်ပါ)။

**၃။ ကာကွယ်စောင့်ရှောက်ခြင်း ။ ။** ကာကွယ်စောင့်ရှောက်ခြင်းဟူသည် ရုပ်ပိုင်း၊ စိတ်ခံစားမှုပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ခြိမ်းခြောက်မှု၊ စော်ကားအနိုင်ကျင့်မှု၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု၊ အကြမ်းဖက်မှု ပုံစံအားလုံးမှ လွတ်မြောက်ခြင်းကို ဆိုလိုသည်။ သင်ယူမှုပတ်ဝန်းကျင်အတွင်း သို့မဟုတ် အနီးတဝိုက်အတွင်း ဖြစ်ပွားနေသော အန္တရာယ်အကြောင်းကို သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များထံ သတင်းပေးပို့ပြီး ကာကွယ်စောင့်ရှောက်ပေးသင့်သည်။ အန္တရာယ်များတွင်အောက်ပါအကြောင်းအရာများပါဝင်သည်။

- အနိုင်ကျင့်ဗိုလ်ကျခံရခြင်း
- လိင်မှုဆိုင်ရာ အမြတ်ထုတ်ခံရခြင်း
- သဘာဝနှင့် ပတ်ဝန်းကျင်အန္တရာယ်များကျရောက်ခြင်း
- လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ မြေမြှုပ်ဗုံးများနှင့် မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်းများရှိခြင်း
- လက်နက်ကိုင်များ၊ အပြန်အလှန်ပစ်ခတ်နေသောနေရာများ၊ အဓမ္မလူသစ်စုဆောင်းမှု အပါအဝင် စစ်ဘက်ဆိုင်ရာခြိမ်းခြောက်မှုများရှိခြင်း
- နိုင်ငံရေးဆိုင်ရာ မလုံခြုံမှုများ

ကာကွယ်စောင့်မှုဆိုင်ရာလိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်အချက်များကို နားလည်ရန် ရပ်ရွာလူထုများ၊ သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းတိုင်ပင်မှုပါဝင်သော ဘေးအန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်းများသည် အရေးကြီးသည်။ ဤဆန်းစစ်ခြင်းများကို မှန်မှန်ပြုလုပ်သင့်ပြီး ယင်းတွင် ဆီလျော်သော ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ အကြောင်းရင်းများကို အကဲဖြတ်စိစစ်ပိုင်းခြားခြင်း ပါဝင်သင့်သည် (စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၂ နှင့် ၃ (စာမျက်နှာ ၃၅-၃၈) ကိုလည်း ကြည့်ပါ)။

ကာကွယ်စောင့်ရှောက်ခြင်းကို ထိပါးနှောင့်ယှက်မှုဖြစ်ရပ်များ ပေါ်ပေါက်လာပါက လျှို့ဝှက်မှတ်တမ်းတင်ပြီး သတင်းပေးပို့သင့်သည်။ ဖြစ်နိုင်ပါက လူ့အခွင့်အရေး စစ်ဆေးကြီးကြပ်မှုနှင့် ပတ်သက်ပြီး လေ့ကျင့်သင်ယူဖူးသူများ၏ အကူအညီကို ရယူသင့်သည်။ ကျား-မ၊ အသက်နှင့် ထူးခြားလက္ခဏာအပေါ်အခြေခံ၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ပစ်မှတ်ထားခံရခြင်း ရှိ၊ မရှိ စသည့်အချက်များအပါအဝင် ဖြစ်ရပ်နှင့်ဆိုင်သည့် အဓိကသတင်းအချက်အလက်များကို မှတ်သားထားသင့်သည်။ အဆိုပါ သတင်းအချက်အလက်များသည် ဖြစ်စဉ်များ သတ်မှတ်ဖော်ထုတ်ရာတွင် အရေးကြီးသည်။ ထို့အပြင် ပြဿနာဖြေရှင်းရန်အတွက် ထိရောက်စွာ ကြားဝင်ကူညီဆောင်ရွက်ရာတွင် ယင်းသတင်းအချက်အလက်များ လိုအပ်နိုင်သည်။ အစီရင်ခံထားသော အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ကျန်းမာရေး၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် လူမှုစိတ်ပိုင်းဆိုင်ရာလုပ်ငန်းများကို ကူညီပံ့ပိုးပေးသူများထံ လွှဲပြောင်းပေးခြင်းများ အပါအဝင် တုံ့ပြန်ဆောင်ရွက်မှုများကို မှတ်တမ်းတင်ထားသင့်သည်။

သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာတာဝန်ရှိသူများ၏ ရုပ်ပိုင်းနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကို ခြိမ်းခြောက်နေသော အကြမ်းဖက်မှုများနှင့် အခြားခြိမ်းခြောက်မှုများ တွေ့ရလေ့ရှိသော ပတ်ဝန်းကျင်များတွင် အိမ်နှင့် ရပ်ရွာဘေးကင်းလုံခြုံရေးအတွက် မိသားစုများနှင့် ရပ်ရွာလူထုများက ပါဝင်ဆောင်ရွက်ရန်အရေးကြီးသည်။ အိမ်နှင့်ရပ်ရွာဘေးကင်းလုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်ရာတွင်-

- ကလေးသူငယ်ပြုစုပျိုးထောင်မှုဆိုင်ရာ အပြုသဘောဆောင်သော စည်းမျဉ်းစည်းကမ်းများနှင့် နည်းလမ်းကောင်းများကို ကျင့်သုံးနိုင်ရန် မိဘများနှင့် လူကြီးသူမများအား အသိပညာပေး စည်းရုံးခြင်း
- ရဲနှင့် လုံခြုံရေးတပ်ဖွဲ့များက ရပ်ရွာအတွင်း ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များကို ပိုမိုသတိပြုမိလာစေရန် ဆောင်ရွက်ခြင်း
- ရပ်ရွာ၏ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ (ဥပမာ- သင်ယူသူများအတွက် ကျောင်းသွားကျောင်းပြန် အစောင့်အကြပ်များ စီစဉ်ပေးခြင်း) ကိုဖြေရှင်းရန် ရပ်ရွာလူထုက သက်ဆိုင်ရာအာဏာပိုင်များနှင့်အတူ ပူးတွဲ ဆောင်ရွက်ခြင်းတို့ပါဝင်နိုင်သည် (ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁၊ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၁၀၇-၁၀၈) ကိုကြည့်ပါ)။

၄။ **ကျား-မ လူမှုဘဝအပေါ် အခြေခံသောအကြမ်းဖက်မှု။** ။ ကျား-မလူမှုဘဝအပေါ် အခြေခံသော အကြမ်းဖက်မှု အထူးသဖြင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုသည် ဆိုးဝါးပြီး အသက်အန္တရာယ်ရှိသည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်တစ်ခုဖြစ်သည် (အဓိပ္ပါယ်သတ်မှတ်ချက်ကို *ဝေါဟာရအဓိပ္ပါယ်များ* (စာမျက်နှာ ၁၁၈) တွင်ကြည့်ပါ)။ ကျား-မ လူမှုဘဝအပေါ် အခြေခံသော အကြမ်းဖက်မှုသည် အမျိုးသမီးများနှင့် မိန်းကလေးများတွင် အဖြစ်များသော်လည်း အမျိုးသားများနှင့် ယောကျ်ားလေးများတွင်လည်း ဖြစ်နိုင်သည်။ ပညာရေးအစီအစဉ်များသည် လိင်မှုဆိုင်ရာ အမြတ်ထုတ်ခံရခြင်းနှင့် နှောင့်ယှက်ခံရခြင်းတို့ကို စစ်ဆေးကြီးကြပ်ပြီး တုံ့ပြန်မှုများပြုသင့်သည်။ မိဘများ၊ သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာတာဝန်ရှိသူများသည် ကလေးများနှင့်လူငယ်များအတွက် သင်ယူမှုပတ်ဝန်းကျင်နှင့် ကျောင်းသွား ကျောင်းပြန်ရာတွင် အန္တရာယ်နည်းစေမည့် နည်းလမ်းများကို သဘောတူညီထားသင့်သည်။ ယင်း နည်းလမ်းများတွင်-

- လိင်မှုဆိုင်ရာအနှောင့်အယှက်ပြုခံရခြင်း၊ အမြတ်ထုတ်ခံရခြင်း၊ အလွဲသုံးစားပြုခံရခြင်းနှင့် အခြားကျား-မ လူမှုဘဝအပေါ် အခြေခံသော အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ တိကျသောစည်းမျဉ်းစည်းကမ်းများကို ချမှတ်ခြင်းနှင့် အများသိရှိအောင်ဆောင်ရွက်ခြင်း
- ဆရာ/မများနှင့်ပညာရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မည်သည့်အပြုအမူများသည် လက်သင့်မခံနိုင်ကြောင်း နားလည်သိရှိရန်လိုအပ်သည့်အတွက် ဤစည်းမျဉ်းစည်းကမ်းများကို ၄င်းတို့၏ ကျင့်ဝတ်စည်းကမ်းများထဲတွင် ထည့်သွင်းခြင်း၊
- အမျိုးသမီးများနှင့် မိန်းကလေးသင်ယူသူများကို ကာကွယ်စောင့်ရှောက်ရန် သင်ယူမှုပတ်ဝန်းကျင်တွင် အမျိုးသမီးအရေအတွက်ကို တိုးပွားလာအောင်ဆောင်ရွက်ခြင်းများ ပါဝင်သည်။ ဆရာ/မအရေအတွက် မညီမျှပါက

ရပ်ရွာတွင်းရှိ အမျိုးသမီးများက သင်ကြားရေးလက်ထောက်များအဖြစ် စေတနာ့ဝန်ထမ်းတာဝန်ယူခြင်းဖြင့် ကလေးများအား ပိုမိုကာကွယ် စောင့်ရှောက်ပေးနိုင်သော ပတ်ဝန်းကျင်ဖြစ်လာစေနိုင်သည်။

ကျား-မလူမှုဘဝအပေါ် အခြေခံသော အကြမ်းဖက်မှုများ ဖြစ်ပွားသောအခါ လျှို့ဝှက်အစီရင်ခံခြင်း၊ မကျေနပ်ချက်တိုင်ကြားခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ်များသည် အရေးကြီးသည်။ ယင်းတို့ကိုအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အဖွဲ့အစည်းများကဖြစ်စေ၊ ကျား-မလူမှုဘဝအပေါ် အခြေခံသော အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ကောင်းစွာသိနားလည်သော အဖွဲ့အစည်းများကဖြစ်စေ လွယ်ကူချောမောအောင် ကူညီပေးနိုင်သည်။ ညှိနှိုင်းဆောင်ရွက်မှုကောင်းသည့် လွှဲပြောင်းပေးမှုစနစ်ဖြင့် အကြမ်းဖက်ခံခဲ့ရသူတို့ကို ဆီလျော်သော ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာကာကွယ်စောင့်ရှောက်မှုနှင့် တရားရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ ရရှိစေသင့်သည် (လမ်းညွှန်ချက်မှတ်စု ၉၊ ဆရာ/မများနှင့် ပညာရေးဆိုင်ရာတာဝန်ရှိသူများ စံသတ်မှတ်ချက် ၂၊ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၉၉-၁၀၀)၊ ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁၊ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၁၀၇-၁၀၈) တို့ကိုလည်း ကြည့်ပါ)။

၅။ **သင်ယူသူများနှင့် သင်ယူမှုတည်နေရာများအကြား အများဆုံးအကွာအဝေး။** ။ ယင်းအကွာအဝေးကို ရပ်ရွာဒေသနှင့် နိုင်ငံတော်၏ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်သင့်သည်။ ဘေးကင်းလုံခြုံမှုနှင့် လက်လှမ်းမီမှုဆိုင်ရာ ပူပန်ရမှုများ (ဥပမာ- အနီးပတ်ဝန်းကျင်တွင် စစ်တန်းလျားများ၊ မြေမြှုပ်ဗုံးများနှင့် ချုံပုတ်ထူထပ်မှုများရှိမှု) ကဲ့သို့သော ကိစ္စများကိုပါ ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။ သင်ယူရာနေရာများ၏ တည်နေရာ၊ ကြုံတွေ့နိုင်သည့် အန္တရာယ်အလားအလာတို့နှင့် စပ်လျဉ်း၍ သင်ယူသူများ၊ မိဘများ၊ ရပ်ရွာလူထုကို တိုင်ပင်ဆွေးနွေးသင့်သည်။ ကျောင်းနှင့် အလွန်ဝေးသောကြောင့် ပညာသင်ယူခွင့်နည်းပါးစေသော နေရာများဖြစ်နေလျှင် သင်ယူသူများ၏ အိမ်နှင့်နီးသော နေရာများတွင် အရန် (အဝေးရောက် သို့မဟုတ် တွဲဘက်) စာသင်ခန်းများပြုလုပ်ရန် တိုက်တွန်းအားပေးနိုင်သည် (လမ်းညွှန်ချက်မှတ်စု ၃၊ ၆ နှင့် ၇ တို့ကိုလည်း ကြည့်ပါ)။

၆။ **သင်ယူမှုပတ်ဝန်းကျင်သို့ သွားရောက်သည့်ခရီးလမ်းကြောင်းများ။** ။ သင်ယူသူများအားလုံးအတွက် ဘေးကင်းလုံခြုံသော လမ်းကြောင်းများ ဖြစ်စေရန် ဆရာ/မများ၊ ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ အသက်အုပ်စုအသီးသီးရှိ ယောက်ျားလေးနှင့် မိန်းကလေးများ အပါအဝင် ရပ်ရွာလူထုက ဖြစ်ပေါ်နိုင်သောအန္တရာယ်များကို ကြိုတင်တွေးဆပြီး ယင်းတို့ကို ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ သဘောတူညီထားသင့်သည်။ ဥပမာ- လမ်းမီးမရှိသော လမ်းများမှ စာသင်ခန်းသို့ အသွားအပြန်ပြုလုပ်ရသော နေရာများတွင် လူကြီးတစ်ဦးကို အစောင့်အကြပ်အဖြစ် ထည့်ပေးခြင်း သို့မဟုတ် အဝတ်အစားများနှင့် လွယ်အိတ်များပေါ်တွင် ရောင်ပြန်ပြားများ တပ်ဆင်ပေးခြင်းတို့ဖြင့် လုံခြုံမှုကို တိုးမြှင့်ပေးနိုင်သည် (လမ်းညွှန်ချက်မှတ်စု ၃ နှင့် ၇၊ ရပ်ရွာလူထုပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၁၊ လမ်းညွှန်ချက်မှတ်စု ၂ မှ ၅ (စာမျက်နှာ- ၂၃-၂၆)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁၊ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၁၀၇-၁၀၈) တို့ကိုလည်း ကြည့်ပါ)။

၇။ **ပညာရေးလုပ်ငန်းများကိုတိုက်ခိုက်ခံရခြင်းမှ ကင်းဝေးစေခြင်း။** ။ အချို့အခြေအနေများတွင် သင်ယူသူများ၊ ဆရာ/မများနှင့် ပညာရေးဆိုင်ရာတာဝန်ရှိသူများသည် ပညာရေးအဆောက်အဦးများသို့ အသွားအပြန်လမ်းတွင် ရုပ်ပိုင်းနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ အန္တရာယ်များနှင့် ကြုံတွေ့ရနိုင်သည်။ ဤအန္တရာယ်ဖြစ်နိုင်ခြေများ လျော့ကျရေး ဆောင်ရွက်ရာတွင်-

- သင်ရိုးညွှန်းတမ်းတွင် ဘေးကင်းရေးအတွက်ဆောင်ရွက်ရမည့်အချက်များ၊ လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုနှင့် လူ့အခွင့်အရေး၊ ပဋိပက္ခဖြေရှင်းရေး၊ ငြိမ်းချမ်းမှုတည်ဆောက်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာဥပဒေများနှင့် စပ်လျဉ်းသော အသိပညာများပါဝင်စေခြင်း
- စစ်ပွဲကာလအတွင်းတွင် အရပ်သားများ (ကျောင်းသူကျောင်းသားများနှင့် ဆရာ/မများအပါအဝင်)နှင့် ပညာရေးအဆောက်အဦးကို တိုက်ခိုက်ခြင်းမှ တားမြစ်သော ဂျီနီဗာသဘောတူညီချက်နှင့် ရောမအပြည်ပြည်ဆိုင်ရာ ပြစ်မှုခုံရုံးဥပဒေတို့နှင့် စပ်လျဉ်းသော အကြောင်းအရာများကို အများပြည်သူသိရှိ နားလည်စေခြင်း
- အစိုးရနှင့်စစ်ဘက်ဆိုင်ရာတရားစီရင်ရေးစနစ်များ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများအား လူသားချင်း

စာနာမှုဥပဒေဆိုင်ရာ အခြေခံစည်းမျဉ်းစည်းကမ်းများနှင့် ယင်းတို့ကို ပညာရေးဆိုင်ရာ ကာကွယ် စောင့်ရှောက်မှုတွင် အသုံးပြုမှုများနှင့်စပ်လျဉ်း၍ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း

- အဆောက်အအုံများ၊ တံတိုင်းများကြံ့ခိုင်စေခြင်းနှင့် လုံခြုံရေးအစောင့်အကြပ်များ (ဥပမာ- အခကြေးငွေပေးထားသူ၊ သို့မဟုတ် ရပ်ရွာမှစေတနာ့ဝန်ထမ်းများ) ချထားခြင်း သင်ယူရာနေရာများတွင် ဆရာ/မများအတွက် အိမ်ရာ စီစဉ်ဆောင်ရွက်ပေးခြင်း
- သင်ယူမှုတည်နေရာများနှင့် အန္တရာယ်ရင်ဆိုင်ရသော ကျောင်းသူကျောင်းသားများ၊ ဆရာ/မများ၊ ပညာရေးဆိုင်ရာ တာဝန်ရှိသူများအား ပြန်လည်နေရာချထားခြင်း
- အိမ်အခြေပြုနှင့်ရပ်ရွာအခြေပြု ကျောင်းများ ထူထောင်ခြင်း တို့ပါဝင်သည်။

ရပ်ရွာအခြေအနေနှင့် လုံခြုံရေးကိစ္စရပ်များပေါ်မူတည်ပြီး ရပ်ရွာလူထု သို့မဟုတ် ရပ်ရွာပညာရေးကော်မတီက ကျောင်းများကို ကာကွယ်စောင့်ရှောက်ရေးအတွက် တာဝန်ယူနိုင်သည်။ ဥပမာ- အစောင့်အကြပ်များ ထည့်ပေးခြင်း၊ သင်ကြားရေးနှင့် ကျောင်းအတွက် ပံ့ပိုးကူညီနိုင်ရန် ယုံကြည်စိတ်ချရသော ရပ်ရွာခေါင်းဆောင်၊ ဘာသာရေး ခေါင်းဆောင်များကို ဖော်ထုတ်သတ်မှတ်ခြင်းတို့ ပါဝင်သည်။ ရပ်ရွာတွင်းပဋိပက္ခများတွင် ကျောင်းများနှင့် သင်ယူမှုတည်နေရာများကို 'ငြိမ်းချမ်းရေးဇုန်များ'အဖြစ် သတ်မှတ်နိုင်သည့် စည်းမျဉ်းသတ်မှတ်ချက်များ ပေါ်ပေါက်စေရန် ရပ်ရွာလူထုက ပဋိပက္ခဖြစ်နေသူများအကြား ညှိနှိုင်းဆွေးနွေးပေးနိုင်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၆၁၂ (၂၀၀၅)အရ ကျောင်းများနှင့် ဆေးရုံများကို တိုက်ခိုက်ခြင်းသည် အလွန်စိုးရိမ်ရသော ချိုးဖောက်မှု ၆ ခုထဲမှ တစ်ခုဖြစ်သည်။ ယင်းသို့ တိုက်ခိုက်မှုဖြစ်ပွားလာပါက ကုလသမဂ္ဂ ဦးဆောင်သော စစ်ဆေးကြီးကြပ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းနည်းစနစ်ဖြင့် သတင်းပေးပို့ အစီရင်ခံသင့်သည် (ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁၊ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၁၀၇-၁၀၈)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၂၊ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၁၁၃) တို့ကိုလည်း ကြည့်ပါ)။

၈။ **လူမှုစိတ်ပိုင်းဆိုင်ရာကူညီခြင်းနှင့် ကိုယ်စိတ်နှစ်ပါးချမ်းသာသုခရရှိရေးအတွက်သင်တန်း။** ။ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များသည် သင်ယူသူများအတွက် လူမှုစိတ်ပိုင်းဆိုင်ရာကူညီမှုဆိုင်ရာ သင်တန်းများ ရရှိထားသင့်သည်။ ယင်းသင်တန်းများတွင်-

- စနစ်တကျဖွဲ့စည်းထားသည့် သင်ယူခြင်းနည်းလမ်းသုံးခြင်း
- ကလေးများကိုပျော်ရွှင်စေသည့်နည်းစနစ်များသုံးခြင်း
- ကစားခြင်းနှင့် အနားယူအပန်းဖြေခြင်း
- ဘဝတွက်တာကျွမ်းကျင်စရာများ သင်ကြားပေးခြင်း
- သင့်လျော်သည့် နေရာသို့ လွှဲပြောင်းပေးခြင်းများ စသည်ဖြင့် သင်ကြားလေ့ကျင့်ပေးနိုင်သည်။

ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာသုခရရှိရေး ဆောင်ရွက်ပေးရန် အရေးကြီးသည်။ သို့မှသာ သင်ယူသူများ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာသုခရရှိရေးကို ဆောင်ရွက်နိုင်ပြီး ကျောင်းသင် ပညာရေး၊ သို့မဟုတ် ကျောင်းပြင်ပ ပညာရေးအစီအစဉ်များကို အောင်မြင်မှုရရှိစေမည် (သင်ကြားခြင်းနှင့် သင်ယူခြင်း စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၆ (စာမျက်နှာ ၈၀-၈၁)၊ သင်ကြားခြင်းနှင့်သင်ယူခြင်းစံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၈၃-၈၄)၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များစံသတ်မှတ်ချက် ၃ (စာမျက်နှာ ၁၀၁-၁၀၂) တို့ကိုလည်း ကြည့်ပါ)။

**၉။ အကြမ်းဖက်မှုကင်းသော စာသင်ခန်းစီမံခန့်ခွဲမှု။** ။ ဒါကာမူဘောင် (Dakar Framework)အရ ပညာရေးကို အပြန်အလှန် နားလည်နိုင်မှု၊ ငြိမ်းချမ်းရေးနှင့် သည်းခံနိုင်မှုတို့ကို တိုးမြှင့်ပေးနိုင်သော၊ အကြမ်းဖက်မှုနှင့် ပဋိပက္ခတို့ကို တားဆီးကာကွယ်နိုင်သော နည်းလမ်းများဖြင့် ဆောင်ရွက်သင့်ပေသည်။ ဤရည်မှန်းချက်ပြည့်မီရန် ဆရာ/မများသည် အပြုသဘောဆောင်သော စာသင်ခန်းစီမံခန့်ခွဲမှုအတွက် ပံ့ပိုးကူညီမှုကို လိုအပ်ပါသည်။ ဆိုလိုသည်မှာ သင်ယူမှုပတ်ဝန်းကျင်သည် အပြန်အလှန်နားလည်နိုင်မှု၊ ငြိမ်းချမ်းရေးနှင့် သည်းခံနိုင်မှုတို့ကို တိုးမြှင့်ပေးနိုင်ပြီး အကြမ်းဖက်မှုနှင့် ပဋိပက္ခများကို ကာကွယ်တားဆီးနိုင်သော ကျွမ်းကျင်မှုများရရှိစေရပါမည်။ အပြုသဘောဆောင်သော ပံ့ပိုးပေးမှုနှင့် အပြုသဘောဆောင်သော စည်းကမ်းထိန်းသိမ်းခြင်းစနစ်တို့သည် ထိုသို့သော သင်ယူမှုပတ်ဝန်းကျင် တည်ဆောက်ခြင်းအတွက် အခြေခံအုတ်မြစ်များဖြစ်သည်။ ရိုက်နှက်ပြစ်ဒဏ်ပေးခြင်း၊ စော်ကားပြောဆိုခြင်း၊ အရှက်ခွဲခြင်းနှင့် ခြိမ်းခြောက်မှုများကို ယင်းတို့နှင့် အစားထိုးပေးသင့်သည်။ ခြိမ်းခြောက်မှုဟုဆိုရာတွင် စိတ်ဖိစီးမှု၊ အကြမ်းဖက်မှု၊ စော်ကားအနိုင်ကျင့်မှုနှင့် ခွဲခြားဆက်ဆံမှုများပါဝင်သည်။ ဤအချက်များကို ဆရာ/မများ၏ လုပ်ငန်းကျင့်ဝတ်များတွင် ထည့်သွင်းသင့်ပြီး ဆရာအတတ်သင်တန်းနှင့် ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများတွင် စနစ်တကျ ထည့်သွင်း ရှင်းလင်းသင့်သည် (သင်ကြားခြင်းနှင့်သင်ယူခြင်း စံသတ်မှတ်ချက် ၂ နှင့် ၃ (စာမျက်နှာ- ၈၃-၉၀)၊ ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ- ၁၀၁-၁၀၂) ကိုလည်း ကြည့်ပါ)။

**၁၀။ ရပ်ရွာလူထုပူးပေါင်းပါဝင်မှု။** ။ ရပ်ရွာလူထုသည် သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးရာတွင်လည်းကောင်း၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရာတွင်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း ဦးဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်သင့်သည်။ အစီအစဉ်ရေးဆွဲရာ၌ ထိခိုက်ခံရလွယ်သော အုပ်စုများအားလုံး၏ ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်စေသင့်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ရပ်ရွာလူထုက မိမိကိုယ်ပိုင်လုပ်ငန်းကဲ့သို့ မှတ်ယူလာပြီး ပညာရေးအတွက် ပံ့ပိုးကူညီမှုကို ပိုမိုရရှိစေသည် (ရပ်ရွာလူထုပူးပေါင်းပါဝင်မှုစံသတ်မှတ်ချက် ၁ (စာမျက်နှာ ၂၂-၂၇)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၇ (စာမျက်နှာ ၅၉) တို့ကိုလည်းကြည့်ပါ)။

**၁၁။ ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် စီမံခန့်ခွဲမှု။** ။ ဘေးအန္တရာယ်ကာကွယ်တားဆီးခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းများကို ပံ့ပိုးကူညီရန် သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအား သင်တန်းပေး လေ့ကျင့်နိုင်သည်။ ဤသို့လေ့ကျင့်ရာတွင်-

- အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုအစီအစဉ်များ ချမှတ်ခြင်းနှင့် အသုံးချခြင်း
- ကြိုတင်မျှော်မှန်းထားသော ဘေးအန္တရာယ်များနှင့် မကြာခဏဖြစ်တတ်သည့် ဘေးအန္တရာယ်များအတွက် ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခြင်း
- ကျောင်းအဆောက်အဦး ဆောက်လုပ်ရေးနှင့်ဆိုင်သော ဘေးကင်းလုံခြုံရေးအစီအစဉ်များ၊ ဆောက်လုပ်ရေးနှင့် မသက်ဆိုင်သော အခြားဘေးကင်းလုံခြုံရေးအစီအစဉ်များ (ဥပမာ- ငလျင်ဖြစ်လေ့ရှိသော ဒေသများတွင် ကျောင်းအဆောက်အဦးမှ မည်သို့ထွက်ခွာရမည်ဆိုသည့် အစီအစဉ်) စသည်တို့ ပါဝင်နိုင်သည်။

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု သို့မဟုတ် ဘေးကင်းလုံခြုံရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို တိုးတက်စေရန်နှင့် ဦးဆောင်နိုင်ရန် ရပ်ရွာလူထု သို့မဟုတ် ကျောင်းဘေးကင်းလုံခြုံရေးကော်မတီများသည် ပံ့ပိုးကူညီမှုများ လိုအပ်နိုင်သည်။ ပံ့ပိုးကူညီမှုဟု ဆိုရာတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို ဆန်းစစ်ခြင်းနှင့် ဦးစားပေးအဆင့် သတ်မှတ်ခြင်းတို့တွင် ကူညီခြင်း၊ ရပ်ပိုင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ကာကွယ်တားဆီးရေး နည်းဗျူဟာများကို

အကောင်အထည်ဖော်ခြင်းနှင့် အစီအစဉ်များရေးဆွဲခြင်း၊ တုံ့ပြန်မှုဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းအတွက် ကျွမ်းကျင်မှုများ ပါဝင်သည်။

ကျောင်းနေရာရွှေ့ပြောင်းခြင်းအစီအစဉ်အပါအဝင် အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်မှုအစီအစဉ်များကို စာမတတ်သူ၊ ရုပ်ပိုင်း၊ သိမှုပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုရှိသူများ အပါအဝင် လူတိုင်း လက်လှမ်းမီ ရရှိစေနိုင်မည့် နည်းလမ်းများ ဖော်ထုတ်ပြီး မျှဝေသင့်သည် (ပိုင်းခြားစိစစ်မှုစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၇-၃၈)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၃၏ လမ်းညွှန်ချက်မှတ်စု ၁ နှင့် ၂ (စာမျက်နှာ ၆၈-၇၀)၊ သင်ကြားခြင်းနှင့်သင်ယူခြင်းစံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၆ (စာမျက်နှာ ၈၆)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၂ နှင့် ၆ (စာမျက်နှာ ၁၀၈-၁၁၀) တို့ကိုလည်း ကြည့်ပါ)။

## ပညာသင်ယူခွင့်နှင့်သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၃။ အထောက်အကူပစ္စည်းများနှင့်ဝန်ဆောင်မှုများ

ပညာရေးအထောက်အကူပစ္စည်းများသည် သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ ဘေးကင်းလုံခြုံရေးနှင့် ကိုယ်စိတ်နှစ်ပါးချမ်းသာမှုကို ပိုမိုဖြစ်ပေါ်စေပြီး၊ ကျန်းမာရေး၊ အာဟာရ၊ လူမှုစိတ်ပိုင်းနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဆက်စပ်နေသည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်။)

- သင်ယူမှုတည်နေရာများနှင့် အဆောက်အဦးများသည် ဘေးကင်းလုံခြုံပြီး သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာတာဝန်ရှိသူများအားလုံး သွားရလွယ်သည့်နေရာမျိုးဖြစ်သည် (လမ်းညွှန်ချက်မှတ်စု ၁ မှ ၄ ကိုကြည့်ပါ)။
- ယာယီနှင့်အမြဲတမ်း သင်ယူမှုဝန်းကျင်များကို ဘေးအန္တရာယ်ဒဏ်ခံဒီဇိုင်းနှင့် တည်ဆောက်ပုံများနှင့်အညီ ပြင်ဆင်မွမ်းမံ၊ ပြုပြင်၊ အစားထိုးဆောက်လုပ်သည် (လမ်းညွှန်ချက်မှတ်စု ၂ နှင့် ၄ ကိုကြည့်ပါ)။
- သင်ယူရာနေရာများကိုမြင်သာသိသာအောင် အကာကွယ်ပြုစည်းရိုးကာခြင်း၊ ထင်ရှားသည့် အမှတ်အသားများဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။
- သင်ယူမှုတည်နေရာအဖြစ် အသုံးပြုသော အဆောက်အဦးများသည် လက်ရှိအခြေအနေနှင့် ဆီလျော်ကိုက်ညီမှုရှိပြီး စာသင်ခန်းများ၊ ရုံးခန်း၊ အပန်းဖြေရန်နေရာ၊ သန့်စင်ခန်းများအတွက် နေရာ အလုံအလောက်ရှိသည် (လမ်းညွှန်ချက်မှတ်စုများ ၂ နှင့် ၄ ကို ကြည့်ပါ)။
- စာသင်ခန်းအကျယ်အဝန်းနှင့် ထိုင်ခုံနေရာချထားမှုများသည် ကလေးအားလုံးပူးပေါင်းပါဝင်သော သင်နည်းစနစ်နှင့် ကလေးဗဟိုပြု ချဉ်းကပ်နည်းစနစ်များနှင့် ကိုက်ညီမှုရှိပြီး ဆရာများနှင့် ကျောင်းသားများအတွက် အချိုးကျ သတ်မှတ်ထားသော နေရာအကျယ်အဝန်း ရှိရမည်ဖြစ်သည် (လမ်းညွှန်ချက်မှတ်စု ၄ ကို ကြည့်ပါ)။
- လူငယ်များအပါအဝင် ရပ်ရွာလူထုသည် သင်ယူမှုပတ်ဝန်းကျင်တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြသည် (လမ်းညွှန်ချက်မှတ်စု ၁ မှ ၃ ကို ကြည့်ပါ) ။
- ကျား-မ၊ အသက်အရွယ်၊ မသန်စွမ်းဖြစ်မှုတို့ကိုပါ ထည့်သွင်းစဉ်းစားလျက် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ရေကောင်းရေသန့်နှင့် သလျော်သော သန့်ရှင်းရေး အထောက်အကူပြု ပစ္စည်းများကို အလုံအလောက်ပံ့ပိုးထားသည် (လမ်းညွှန်ချက်မှတ်စု ၃ နှင့် ၅-၆ တို့ကို ကြည့်ပါ)။
- သင်ယူမှုပတ်ဝန်းကျင်တွင် ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသိပညာနှင့် အလေ့အထများကို မြှင့်တင်ပေးသည် (လမ်းညွှန်ချက်မှတ်စု ၆ ကို ကြည့်ပါ)။
- ထိရောက်သော သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်စေသည့် ဆာလောင်မွတ်သိပ်ခြင်းနှင့် အခြားအဟန့်အတားများကို ဖြေရှင်းပေးနိုင်သည့် ကျောင်းအခြေပြု ကျန်းမာရေးနှင့် အာဟာရဖြည့်တင်းရေး လုပ်ငန်းများကို ရရှိနိုင်သည် (လမ်းညွှန်ချက်မှတ်စု ၇ ကိုကြည့်ပါ)။
- ကျောင်းများနှင့် သင်ယူရန်နေရာများသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ကျန်းမာရေး၊ အာဟာရ၊ လူမှုရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာလုပ်ငန်းများနှင့် ချိတ်ဆက်ထားသည် (လမ်းညွှန်ချက်မှတ်စု ၈ ကိုကြည့်ပါ)။

## လမ်းညွှန်ချက်မှတ်စုများ

၁။ **တည်နေရာ။** ။ ပညာရေးဆိုင်ရာအဆောက်အဦးများသည် သင်ယူသူများ၊ ဆရာ/မများနှင့် ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များအတွက် ညီညွတ်မျှတမှုရှိပြီး ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှုကို မြှင့်တင်ပေးနိုင်သော နေရာများတွင် ပြန်လည်တည်ဆောက်၊ ပြုပြင်၊ ပြန်လည်နေရာချမှုများ ပြုလုပ်သင့်သည်။ အရေးပေါ်အခြေအနေမတိုင်မီက အသုံးပြုခဲ့သော

နေရာကို ပြန်လည်အသုံးပြုသင့်၊ မသင့်ကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။ မူလနေရာတွင် ပြည်လည်တည်ဆောက်ခြင်းဖြင့် ရပ်ရွာအတွင်းရှိ အချို့သောအုပ်စုများအား ဆက်လက်ခွဲခြားဆက်ဆံခြင်း၊ သို့မဟုတ် သင်ယူသူများအား သဘာဝဘေးအန္တရာယ် ထပ်မံကြုံတွေ့နိုင်စေခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ပဋိပက္ခနှင့် ဘေးအန္တရာယ် ဖြစ်နိုင်ခြေရှိသည်များကို သေချာစွာ စစ်ဆေးအကဲဖြတ်ရန် အလွန်အရေးကြီးသည်။ စစ်ဆေးမှုများတွင် နိုင်ငံတော် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ရပ်ရွာလူထု အထူးသဖြင့် ထိခိုက်ခံရလွယ်သော ရပ်ရွာလူထုများနှင့် ဆွေးနွေးအကြံပြုချက် ရယူခြင်းများပါဝင်သည်။ ဤစစ်ဆေးမှုမှ ပညာရေးအဆောက်အဦးနှင့် အထောက်အကူပစ္စည်းများ တည်ဆောက်သင့်သည့် နေရာနှင့် ပတ်သက်သော အဖိုးတန် သတင်းအချက်အလက်များ ရရှိနိုင်သည်။ အခြားကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (ယာယီစခန်းအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ခိုလှုံရာနေရာနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း) ဖြင့် ကျောင်းနှင့် ပညာရေးအထောက်အကူပစ္စည်းများသည် သင်ယူသူများ၏အိမ်များ၊ အခြားဝန်ဆောင်မှုလုပ်ငန်းများနှင့် အလှမ်းမဝေးအောင် စီစဉ်ဆောင်ရွက်နိုင်သည် (ပိုင်းခြားစိစစ်မှုစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၁ မှ ၆ (စာမျက်နှာ ၃၅-၃၉)၊ ပညာသင်ယူခွင့်နှင့်သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၁၁ (စာမျက်နှာ ၆၆-၆၇)၊ ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၁၀၉)၊ နှင့် ညှိနှိုင်းဆောင်ရွက်မှုစံသတ်မှတ်ချက် ၁ (စာမျက်နှာ ၃၁-၃၄) တို့ကိုလည်း ကြည့်ပါ)။

၂။ **အဆောက်အဦးဖွဲ့စည်းတည်ဆောက်ပုံ၊ ဒီဇိုင်းနှင့် ဆောက်လုပ်ခြင်း။** ။ ယာယီနှင့်အမြဲတမ်းအသုံးပြုမည့် ပညာရေးဆိုင်ရာ အဆောက်အဦးများ၏ ဒီဇိုင်းရေးဆွဲခြင်းနှင့် ဆောက်လုပ်ခြင်းပြုလုပ်ရာတွင် အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။

- ဘေးကင်းလုံခြုံသောနေရာရွေးချယ်ခြင်း။ ။ ပျက်စီးသွားသော ကျောင်းအဆောက်အဦးများ၏ဖွဲ့စည်းပုံ ဘေးကင်းလုံခြုံခြင်း ရှိ၊ မရှိကို ကျွမ်းကျင်ပညာရှင်များက စစ်ဆေးရန်လိုသည်။ ပြန်လည်နေထိုင်ရန်၊ ပြင်ဆင်ရန်၊ ပြန်လည်အားဖြည့် တတ်ဆင်ရန်၊ သို့မဟုတ် အစားထိုးရန် တို့အတွက် လိုအပ်ချက်နှင့် ကုန်ကျစရိတ်အပေါ် အခြေခံကာ ဦးစားပေး ဆောင်ရွက်ရမည့် အဆောက်အအုံများကို သတ်မှတ်ရန်လိုသည်။
- လူတိုင်းပါဝင်နိုင်ပြီး ဘေးအန္တရာယ်ဒဏ်ခံနိုင်သော ဒီဇိုင်းနှင့် ဆောက်လုပ်မှု။ ။ ကျောင်းများအတွက် ယာယီနှင့်အမြဲတမ်း အဆောက်အဦးများ ဆောက်လုပ်ခြင်းများတွင် နိုင်ငံတကာအဆင့် အစီအစဉ်ရေးဆွဲခြင်းနှင့် အဆာက်အအုံဆိုင်ရာ ဥပဒေများ (သို့မဟုတ် ယင်းသတ်မှတ်ချက်များက အဆင့်မြင့်လွန်းနေပါက ပြည်တွင်း အဆာက်အအုံဆိုင်ရာဥပဒေများ)ကို အသုံးပြုသင့်သည်။ ကျောင်းအဖြစ် အသုံးပြုနိုင်သော အဆောက်အအုံများကို မီးဘေး၊ မုန်တိုင်း၊ မြေငလျင်နှင့် မြေပြိုခြင်းကဲ့သို့သော အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါ ခံနိုင်ရည်ရှိစေမည့် ဒီဇိုင်းရေးဆွဲကာ ဆောက်လုပ် ထိန်းသိမ်းသင့်သည်။ ကျောင်းဆောင် ပြန်လည်တည်ဆောက်မှုလုပ်ငန်းများသည် သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များ ကျောင်းသွားကျောင်းပြန်ရာတွင် အန္တရာယ်ကင်းဝေးစေသင့်သည်။ အဆောက်အအုံ ဒီဇိုင်းဆွဲခြင်းနှင့် ဆောက်လုပ်ခြင်းများတွင် အလင်းရောင်၊ လေဝင်လေထွက်နှင့် (လိုအပ်ပါက) အပူပေးခြင်းတို့ အလုံအလောက် ရရှိအောင် စီစဉ်ခြင်းဖြင့် အရည်အသွေးရှိသင်ကြား-သင်ယူမှုပတ်ဝန်းကျင် ဖြစ်ပေါ်စေသည်။
- အဆောက်အအုံများကို ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုက တတ်နိုင်သောစရိတ်ဖြင့် ထိန်းသိမ်းနိုင်ခြင်း ရှိ၊ မရှိ။ ။ အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ရပ်ရွာဒေသအတွင်း ဝယ်ယူရရှိနိုင်သော ပစ္စည်းများနှင့် လုပ်အားကို တတ်နိုင်သမျှ အသုံးပြုသင့်သည်။ အဆောက်အအုံများသည် ကုန်ကျသလောက် အကျိုးများစေရမည်ဖြစ်ပြီး ခေါင်မိုး၊ ကြမ်းခင်းစသည်တို့ကို တာရှည်ခံရန်အတွက် ဆောင်ရွက်သင့်သည်။
- ရနိုင်သောဘတ်ဂျက်၊ လတ်တလောနှင့် ရေရှည်အသုံးပြုနိုင်မှု၊ ရပ်ရွာလူထု၊ ပညာရေးစီမံကိန်းရေးဆွဲသူများနှင့် စီမံခန့်ခွဲသူများ၏ ပူးပေါင်းပါဝင်မှု

အဆောက်အအုံဖွဲ့စည်းတည်ဆောက်ပုံသည် ယာယီအသုံးပြုရန်၊ ကာလအတိုင်းအတာ တစ်ခုအထိ အသုံးပြုရန်၊ အမြဲတမ်းအသုံးပြုရန်၊ ထပ်မံတိုးချဲ့ရန်၊ သို့မဟုတ် ရွှေ့ပြောင်းရန်အတွက် ဖြစ်နိုင်သည်။ အရေးပေါ်အခြေအနေတွင် ဘေးဒဏ်ခံရပုံ ကွဲပြားခြားနားသော အုပ်စုများက ပူးပေါင်း၍ ကျောင်းဆောက်လုပ်ခြင်း၊ ကျောင်းဆောင်ထိန်းသိမ်းခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပဋိပက္ခနှင့် မသင့်မတင့်ဖြစ်မှုတို့ကို လျော့နည်းစေနိုင်သည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၁၁ (စာမျက်နှာ ၆၆-၆၇)၊ ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၁၀၉) INEE Toolkit: **www.ineesite.org/toolkit** တွင် ရနိုင်သော *INEE Guidance Notes on Safer School Construction*၊ *Shelter* နှင့် *Settlement and Non-Food Items* နှင့်စပ်လျဉ်းသော Sphere စံသတ်မှတ်ချက်များကို လည်းကြည့်ပါ)။

၃။ **မသန်စွမ်းသူများ။** ။ ပညာရေးအထောက်အကူ အဆောက်အဦးဒီဇိုင်းများ ရေးဆွဲရာတွင် ကိုယ်အင်္ဂါချို့ယွင်းသူများနှင့် အမြင်အာရုံချို့ယွင်းသူများ၏ လိုအပ်ချက်ကို အထူးဂရုပြုထည့်သွင်းစဉ်းစားသင့်သည်။ ဝင်ပေါက်ထွက်ပေါက်များသည် ဘီးတပ်ကုလားထိုင် သို့မဟုတ် အခြား အကူရွေ့လျားပစ္စည်းသုံးသူများ အလွယ်တကူဝင်ထွက်နိုင်ရန် လိုအပ်သည်။ စာသင်ခန်းအကျယ်နှင့် ပရိဘောဂများ၊ ရေနှင့်သန့်ရှင်းရေးသုံးပစ္စည်းများ၊ သန့်စင်ခန်းများသည် မသန်မစွမ်းသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီသင့်သည်။ ပညာရေးအထောက်အကူဖြစ်သော အဆောက်အဦးများအတွက် နေရာရွေးချယ်ခြင်းနှင့် ပြန်လည်ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည့်အခါ မသန်စွမ်းမှု ပုံစံအမျိုးမျိုးရှိနေသူများ၊ မသန်စွမ်းကလေးငယ်နှင့် လူငယ်များ၏ မိဘများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများနှင့်အတူ ရပ်ရွာဒေသအဆင့်နှင့် နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှုလည်း ရှိသင့်သည်။

၄။ **သင်ယူရာနေရာများအတွက် ဒီဇိုင်းရေးဆွဲမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု။** ။ သင်ယူရာနေရာများအတွက် ဒီဇိုင်းရေးဆွဲရာတွင် မည်သူတို့ အသုံးပြုမည်၊ မည်သို့အသုံးပြုမည်ကို သေချာစွာထည့်သွင်းစဉ်းစားသင့်သည်။ အသုံးပြုမည့်သူ အားလုံးအတွက် ကျား-မ၊ အသက်၊ ခန္ဓာကိုယ်သန်စွမ်းမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အချက်များ ထည့်သွင်းစဉ်းစားပြီး ရမည့်အချက်များနှင့်လျော်ညီမှုရှိရန် ဆောင်ရွက်ရမည်။ ရပ်ရွာအတွက် လက်တွေ့ကျသော စံချိန်စံညွှန်းများချမှတ်ရာတွင် ကလေးဦးရေများသော စာသင်ခန်းများ အတွက် စဉ်းစားပေးသင့်သည်။ ကျောင်းဝင်နှုန်း တိုးလာပါက အဆိုင်းခွဲ၍ ကျောင်းတက်ရခြင်းကို တဖြည်းဖြည်း လျှော့ချနိုင်ရန်အတွက် ဖြစ်နိုင်လျှင် စာသင်ခန်း တိုးချဲ့နိုင်ရန်အတွက် နေရာလုံလုံလောက်လောက်ရှိသင့်သည်။ အရေးပေါ် အခြေအနေတွင် သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ ဘေးကင်းလုံခြုံစွာ ထွက်နိုင်ရန် ဝင်ပေါက်ထွက်ပေါက်များ ထားပေးရန်လိုသည်။

သန့်စင်ခန်းနှင့် စားပွဲ၊ ကုလားထိုင်၊ သင်ပုန်းစသည့် ပရိဘောဂများ အပါအဝင် အဆောက်အအုံဖွဲ့စည်းတည်ဆောက်မှုကို ပုံမှန် ထိန်းသိမ်းစောင့်ရှောက်သင့်သည်။ ရပ်ရွာလူထုနှင့် ရပ်ရွာပညာရေးကော်မတီများသည် သင်ယူရာနေရာများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် လုပ်အား၊ အချိန် သို့မဟုတ် ပစ္စည်းတို့ဖြင့် ပါဝင်ကူညီနိုင်သည် (ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များစံသတ်မှတ်ချက် ၃ ၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၁၀၁) ကိုလည်း ကြည့်ပါ)။

၅။ **ပတ်ဝန်းကျင်သန့်ရှင်းရေး အထောက်အကူပစ္စည်းများ။** ။ ယင်းအထောက်အကူပစ္စည်းများသည် သင်ယူမှု ပတ်ဝန်းကျင်အတွင်း သို့မဟုတ် အနီးတွင် ရှိသင့်သည်။ ဤသို့စီစဉ်နိုင်ရေးအတွက် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးတွင်-

- အမှိုက်ပုံးများ၊ အမှိုက်ကျင်းများကဲ့သို့သော အမှိုက်စွန့်ပစ်ရန်နေရာများ
- ရေစိမ့်တွင်းများနှင့် ရေဆိုးများစီးဆင်းနိုင်သည့် ရေမြောင်းများ
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိမ်သာများ ဆေးကြောရန် လုံလောက်သောရေ တို့ပါဝင်သည်။

သန့်ရှင်းရေး အထောက်အကူပစ္စည်းများကို မသန်စွမ်းသူများလည်း သုံးစွဲနိုင်ပြီး၊ သီးသန့်၊ သိက္ခာရှိစွာနှင့် ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်သည့် နေရာမျိုးဖြစ်သင့်သည်။ အိမ်သာတံခါးများတွင် အတွင်းတံခါးဂျက်များ ထားသင့်သည်။ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာ ပြုကျင့်မှုနှင့် အနိုင်ကျင့်စော်ကားမှုကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန် (ကျား)၊ (မ) အိမ်သာ သီးသန့်ခွဲထားရမည် ဖြစ်ပြီး၊ (မ) အိမ်သာများသည် လုံခြုံသော၊ လက်လှမ်းမီသော၊ အလွယ်တကူ ရောက်နိုင်သော နေရာများတွင် တည်ရှိသင့်သည်။ ကျောင်းအိမ်သာများနှင့် ပတ်သက်၍ Sphere လမ်းညွှန်ချက်များတွင် မိန်းကလေး ၃၀ လျှင် အိမ်သာတစ်လုံး၊ ယောကျ်ားလေး ၆၀ လျှင် အိမ်သာတစ်လုံး လိုအပ်သည်ဟုဆိုသည်။ အစပိုင်းတွင် သီးသန့် အိမ်သာများ မပံ့ပိုးပေးနိုင်သေးလျှင် မိန်းကလေးနှင့် ယောကျ်ားလေးများအား အိမ်သာတစ်ချိန်တည်းတွင် အသုံးပြုခြင်းကို ရှောင်ရှားရန် စီစဉ်ပေးထားမှုများ ပြုလုပ်နိုင်သည်။ သင်ယူရာနေရာတွင် အိမ်သာများ ရှိမနေလျှင် အနီးအနားတွင် အသုံးပြုနိုင်ရန် သတ်မှတ်ပေးပြီး ကလေးများအသုံးပြုခြင်းကို စောင့်ကြည့်စစ်ဆေးရမည် (*Water Supply Sanitation and Hygiene Promotion Sphere* အခန်းရှိ အညစ်အကြေးစွန့်ပစ်ဖယ်ရှားခြင်းနှင့် စပ်လျဉ်းသော Sphere စံသတ်မှတ်ချက်များကိုလည်း ကြည့်ပါ)။

လိုအပ်ပါက ကျောင်းသူများအတွက် သန့်ရှင်းရေးသုံးပစ္စည်းများနှင့် ယဉ်ကျေးမှုနှင့် လျော်ညီသော အဝတ်အထည်များ ထောက်ပံ့ပေးခြင်းဖြင့် ၎င်းတို့အား သင်ယူမှုတွင် အပြည့်အဝ ပါဝင်နိုင်စေသည်။

၆။ **ရေကောင်းရေသန့်နှင့်တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ခြင်း။** ။ သင်ယူမှုပတ်ဝန်းကျင်များတွင် ရေကောင်းရေသန့် ရနိုင်သော နေရာရှိသင့်ပြီး ဆပ်ပြာကို ပံ့ပိုးပေးသင့်သည်။ လက်ဆေးခြင်း၊ မျက်နှာသစ်ခြင်းကဲ့သို့သော တစ်ကိုယ်ရေ သန့်ရှင်းမှုအလေ့အကျင့်များကို နေ့စဉ်ဆောင်ရွက်မှုကိစ္စများအဖြစ် ထည့်သွင်းထားသင့်သည်။ Sphere ၏ လမ်းညွှန်ချက်တွင် ကျောင်းများ၌ လိုအပ်သည့် အနိမ့်ဆုံး ရေပမာဏအဖြစ် ကျောင်းသားတစ်ဦးအတွက် တစ်နေ့တာ သောက်ရန်နှင့် လက်ဆေးရန် ၃ လီတာလိုအပ်သည်ဟု ဆိုသည် (*Water Supply, Sanitation and Hygiene Promotion* အခန်းရှိ ရေရရှိမှုနှင့်စပ်လျဉ်းသော Sphere စံသတ်မှတ်များကိုလည်း ကြည့်ပါ)။

၇။ **ကျောင်းကျန်းမာရေးနှင့်အာဟာရဝန်ဆောင်မှုများ။** ။ ကျောင်းကျန်းမာရေးနှင့် အာဟာရအစီအစဉ်များသည် ပညာရေးကို ကျန်းမာရေး၊ အာဟာရနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍများရှိ ရင်းမြစ်များနှင့် ဆက်စပ်ပေးသည်။ ယင်းတို့က သင်ယူခြင်းအတွက် အဟန့်အတားများကို ဖယ်ရှားပေးပြီး သင်ယူသူများကို ကျန်းမာဖွံ့ဖြိုးတိုးတက်စေနိုင်သည်။ အစီအစဉ်များတွင်-

- ဆာလောင်မွတ်သိပ်မှုများကို ဖြေရှင်းပေးရန် ကျောင်းတွင်းကျွေးမွေးရေးအစီအစဉ်
- ကပ်ပါးရောဂါပိုးများကို ကုသပေးရန် သံချပေးခြင်း
- ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာ အစီအစဉ်များ (ဝက်သက်၊ ဝမ်းရောဂါ၊ HIV နှင့် AIDS စသည်)
- ဗီတာမင်နှင့်သတ္တုဓာတ်ဖြည့်စွက်ပေးခြင်း (ဗီတာမင်-အေ၊ သံဓာတ်နှင့် အိုင်အိုဒင်းဓာတ် စသည်) တို့ ပါဝင်သည်။

အစီအစဉ်များသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ကျောင်းအာဟာရကျွေးမွေးခြင်းဆိုင်ရာ လမ်းညွှန်ချက်ကဲ့သို့သော တရားဝင်အသိအမှတ်ပြုလမ်းညွှန်ချက်များကို လိုက်နာသင့်သည်။ ကျန်းမာရေးကဏ္ဍ၊ အာဟာရကဏ္ဍတို့နှင့် ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးသည် (*Food Security and Nutrition* နှင့်စပ်လျဉ်းသော Sphere စံသတ်မှတ်ချက်များကိုလည်း ကြည့်ပါ)။

**၈။ ရပ်ရွာဒေသတွင်းရှိ ဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီခြင်းနှင့် လွှဲပြောင်းပေးခြင်းများ။ ။** ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များသည် သင်ယူသူများတွင် ရုပ်ပိုင်း၊ လူမှုစိတ်ပိုင်းနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ ချမ်းသာသုခရှိစေရေး ကူညီပေးနိုင်ရန် ရပ်ရွာဒေသတွင်းရှိ ဝန်ဆောင်မှုလုပ်ငန်းများထံ လွှဲပြောင်းပေးနိုင်သည်။ မိသားစုနှင့် ကွဲကွာသွားသော ကလေးများတွင် တွေ့ရတတ်သော ရုပ်ပိုင်း၊ လူမှုစိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုနှင့် အခြားကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သည့် အမှတ်လက္ခဏာများကို သတိပြုမိတတ်ရန် ဆရာ/မများနှင့် ပညာရေးဆိုင်ရာပုဂ္ဂိုလ်များအား လေ့ကျင့်သင်ကြားပေးသင့်သည်။ အခြားကဏ္ဍများမှ လုပ်ငန်းဆောင်ရွက်သူများနှင့်လည်း သင်ယူသူများ၏ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုကို ဟန့်တားနှောင့်ယှက်သည့် အကြောင်းအရာ၊ သတင်းအချက်အလက်များကို မျှဝေသင့်သည်။

လွှဲပြောင်းပေးခြင်းစနစ်ကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် ပြင်ပဝန်ဆောင်မှုလုပ်ငန်းများနှင့် တရားဝင် နည်းလမ်းတကျ ချိတ်ဆက်မှုကို ဆောင်ရွက်ထားသင့်သည်။ ဝန်ဆောင်မှုလုပ်ငန်းများထဲ၌ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ လိင်မှုဆိုင်ရာအကြမ်းဖက်မှုနှင့် ကျား-မလူမှုဘဝကိုအခြေခံသောအကြမ်းဖက်မှုများမှ လွတ်မြောက်လာသူများအတွက် လူမှုစိတ်ပညာဆိုင်ရာနှင့် ဥပဒေဆိုင်ရာ ဝန်ဆောင်ပေးမှုများနှင့် နှိပ်စက်ခံရမှု သို့မဟုတ် လျစ်လျူရှုခံရမှုဟု သံသယရှိသော ကိစ္စများအတွက် လူမှုရေးဆိုင်ရာ ဝန်ဆောင်ပေးမှုများ ပါဝင်သည်။ လက်နက်ကိုင်တပ်ဖွဲ့၊ လက်နက်ကိုင်အုပ်စုများနှင့် ဆက်စပ်ဆောင်ရွက်ဖူးသူကလေးများအတွက် မိသားစုခြေရာခံလိုက်မှုနှင့် ပြန်လည်ပေါင်းစည်းခြင်း အကူအညီပေးရန် လိုအပ်သည် (ပညာသင်ယူခွင့်နှင့်သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၆၂)၊ သင်ကြားခြင်းနှင့် သင်ယူခြင်းစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၆ (စာမျက်နှာ ၈၀-၈၁)၊ သင်ကြားခြင်းနှင့် သင်ယူခြင်းစံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၈၃-၈၄) တို့ကိုလည်း ကြည့်ပါ)။

**ဤစံသတ်မှတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းလမ်းအကူအညီ အတွက် INEE Toolkit:** www.ineesite.org/toolkit **ကိုကြည့်ပါ။**

INEE Toolkit
↳ INEE Minium Standards
↳Implementation Tools
↳Access and Learning Environment

# ၇

# သင်ကြားခြင်းနှင့် သင်ယူခြင်း

## အခြေခံစံသတ်မှတ်ချက်များ-
## ရပ်ရွာလူထုပူးပေါင်းပါဝင်မှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ စိစစ်ပိုင်းခြားမှု

### သင်ကြားခြင်းနှင့်သင်ယူခြင်း

**စံသတ်မှတ်ချက် ၁- သင်ရိုးညွှန်းတမ်းများ**

ယဉ်ကျေးမှု၊ လူမှုရေး၊ ဘာသာစကားတို့နှင့် ဆီလျော်မှုရှိသော သင်ရိုးညွှန်းတမ်းများကို ကျောင်းသင်နှင့် ကျောင်းပြင်ပပညာရေး တို့တွင် သင်ယူသူတို့၏ ဆက်စပ်အခြေအနေ၊ လိုအင်များနှင့် ကိုက်ညီ စွာ အသုံးပြုသည်။

**စံသတ်မှတ်ချက် ၂- သင်တန်းပေးခြင်း၊ အတတ်ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်စေခြင်းနှင့်ပံ့ပိုးကူညီခြင်း**

ဆရာ/မ များနှင့်အခြား ပညာရေးဆိုင်ရာပုဂ္ဂိုလ်များသည် လိုအပ်ချက်နှင့် အခြေအနေအရ ဆီလျော်ဆက်စပ်မှုရှိပြီး စနစ်ကျသောသင်တန်းများကို အခါအားလျော်စွာ တက်ရောက်ခွင့်ရရှိသည်။

**စံသတ်မှတ်ချက် ၃- သင်ကြား-သင်ယူမှုဖြစ်စဉ်များ**

သင်ကြား-သင်ယူမှုဖြစ်စဉ်များသည် သင်ယူသူကို ဗဟိုပြုသည်၊ ပူးပေါင်းပါဝင်မှုရှိသည်၊ လူတိုင်းအကျုံးဝင်သည်။

**စံသတ်မှတ်ချက် ၄- သင်ယူမှုရလဒ်များကို စစ်ဆေးအကဲဖြတ်ခြင်း**

သင်ယူမှုရလဒ်များကို အကဲဖြတ်ရန်နှင့် ခိုင်လုံမှုရှိကြောင်း အထောက်အထားပြရန်အတွက် ဆီလျော်သောနည်းများကို အသုံးပြုသည်။

ပညာရေးအစီအစဉ်များက အရည်အသွေးရှိသော သင်ကြားခြင်းနှင့် သင်ယူခြင်းကို ပေးစွမ်းနိုင်မှသာလျင် ပညာသင်ယူခွင့်ရရှိမှုသည် အဓိပ္ပာယ်ပြည့်ဝနိုင်သည်။ အရေးပေါ်အခြေအနေများသည် သင်ရိုးညွှန်းတမ်းများ၊ ဆရာများအတွက်သင်တန်း၊ အတတ်ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ပံ့ပိုးကူညီမှု၊ သင်ကြား-သင်ယူမှုဖြစ်စဉ်များ၊ သင်ယူမှုရလဒ်များစစ်ဆေးအကဲဖြတ်ခြင်းတို့ကို ပိုမိုကောင်းမွန်စေသည့် အခွင့်အလမ်းများကို ဖြစ်ပေါ်စေနိုင်သည်။ ဤသို့ဖြင့် သင်ယူသူများအတွက် ဆီလျော်မှု၊ ပံ့ပိုးကူညီမှုနှင့် ကာကွယ်စောင့်ရှောက်မှုရှိသော ပညာရေးဖြစ်လာနိုင်သည်။ သင်ရိုးညွှန်းတမ်းအမျိုးအစားနှင့် အဓိက ဦးစားပေးသင်ယူရန် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ပြုလုပ်ရန် အရေးကြီးသည်။ လတ်တလောနှင့်ရေရှည်တွင် ဖြစ်နိုင်ခြေရှိသော ထိခိုက်ဆုံးရှုံးမှုများ၊ ခြိမ်းခြောက်မှုများနှင့် အန္တရာယ်များကို တားဆီးရန်နှင့်လျှော့ချရန် ဗဟုသုတနှင့် ကျွမ်းကျင်မှုကို ပျိုးထောင်ပေးခြင်းသည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာပညာရေး၊ ငြိမ်းချမ်းရေးနှင့် တရားမျှတ၍လွတ်လပ်သော နိုင်ငံသားဆိုင်ရာ ပညာရေးတို့ကို အလေးပေးသင့်သည်။

အသက်မွေးမှုနှင့် အလုပ်အကိုင်ရရှိရေးဆိုင်ရာ ပညာရေး ဥပမာ- အသေးစားလုပ်ငန်းများ ထူထောင်ခြင်း၊ ဘဏ္ဍာငွေကြေးပိုင်းဆိုင်ရာအခြေခံတတ်မြောက်မှု၊ စက်မှုလက်မှုနှင့် သက်မွေးပညာရပ်ဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်းများကို လူငယ်အမျိုးသားများနှင့် အမျိုးသမီးငယ်များ အထူးသဖြင့် ကျောင်းသင်ပညာရေးမပြီးဆုံးသော ထိခိုက်ခံရလွယ်သူများအား ပံ့ပိုးပေးသင့်သည်။ လုပ်သားဈေးကွက်စိစစ်ခြင်း၊ စီးပွားရေးနှင့် အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့က ပညာရေးအစီအစဉ်များကို ဆီလျော်ဆက်စပ်မှုရှိစေပြီး သင်ယူရရှိသော စီးပွားရေး ကျွမ်းကျင်မှုများကို ပိုမိုအသုံးဝင်စေနိုင်ပါသည်။

အရေးပေါ်အခြေအနေအတွင်း သင်တန်းမတက်ရသေးသူ သို့မဟုတ် သင်တန်းတက်ဆဲဆရာ/မများနှင့် ပညာရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ အကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသော လိုအပ်ချက်ကွာဟမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရသည်။ ထို့ကြောင့်၄င်းတို့အား သင်ယူသူများကို ထိရောက်စွာ သင်ကြားနိုင်သည့် ကျွမ်းကျင်မှုများ ရရှိအောင် လေ့ကျင့်ပေးရန် လိုအပ်သည်။ စိတ်ဒဏ်ရာရထားသည့် ကလေးများအား ပံ့ပိုးကူညီနိုင်ရန် လူမှုစိတ်ပိုင်းပံ့ပိုးမှုသင်တန်းကဲ့သို့သော သင်တန်းများကိုလည်း တက်ရောက်သင့်သည်။

အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ရေးကာလအထိ နိုင်ငံတော်အဖွဲ့အစည်းများ၊ ပညာရေးဌာနများ၊ အလုပ်ရှင်များက သင်ရိုးညွှန်းတမ်းများကို တရားဝင်အသိအမှတ်ပြုရန်နှင့် သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပေးရန် အရေးကြီးသည်။ ရပ်ရွာလူထုအနေဖြင့် သူတို့ကလေးများ၏ ပညာရေးကို နိုင်ငံတော်ကအသိအမှတ်ပြုပေးစေလိုကြသည်။ သင်ကြား-သင်ယူခြင်းလုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆီလျော်စွာ စစ်ဆေးအကဲဖြတ်ခြင်းဖြင့်-

- ယုံကြည်လက်ခံမှုကို ရရှိစေသည်။
- သင်ကြားမှုလုပ်ငန်းများအကြောင်းကို သိရှိစေသည်။
- သင်ရိုးညွှန်းတမ်းနှင့် သင်ယူသူများ၏ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်သတ်မှတ်ပေးသည်။
- ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ ရပ်ရွာလူထုများနှင့် သင်ယူသူများအား တိုးတက်မှုနှင့် ဆောင်ရွက်ပေးရန် ကျန်ရှိနေသေးသည့် လိုအပ်ချက်များကိုသိရှိစေသည် ။

## သင်ကြားခြင်းနှင့်သင်ယူခြင်းမှု စံသတ်မှတ်ချက် ၁။
## သင်ရိုးညွှန်းတမ်းများ

ယဉ်ကျေးမှု၊ လူမှုရေး၊ ဘာသာစကားတို့နှင့် ဆီလျော်မှုရှိသော သင်ရိုးညွှန်းတမ်းများကို ကျောင်းသင်နှင့် ကျောင်းပြင်ပ ပညာရေးတို့တွင် သင်ယူသူတို့၏ ဆက်စပ်အခြေအနေ၊ လိုအင်များနှင့် ကိုက်ညီစွာအသုံးပြုသည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်။)

- ပညာရေးဆိုင်ရာတာဝန်ရှိသူများသည် သက်ဆိုင်သူအားလုံးနှင့်အတူ ကျောင်းသင်ရိုးညွှန်းတမ်းအား ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲခြင်းနှင့် ဆီလျော်အောင် ပြုပြင်ခြင်းတို့တွင် ဦးဆောင်သည် (လမ်းညွှန်ချက်မှတ်စု ၁ မှ ၃ ကိုကြည့်ပါ)။
- သင်ရိုးညွှန်းတမ်းများ၊ ပြဋ္ဌာန်းစာအုပ်များနှင့် ဖြည့်စွက်ပြဋ္ဌာန်းစာအုပ်စာတမ်းများသည် သင်ယူသူများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ စွမ်းဆောင်ရည်များ၊ လိုအင်များနှင့် ဆီလျော်ကိုက်ညီမှုသည် (လမ်းညွှန်ချက်မှတ်စု ၁ မှ ၄ ကိုကြည့်ပါ)။
- ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေရာချထားခံရသူများ၏ ပညာရေးတွင် အသုံးပြုသော သင်ရိုးညွှန်းတမ်းနှင့် စာမေးပွဲများကို အိမ်ရှင်အစိုးရနှင့် လက်ခံသူအစိုးရတို့က အသိအမှတ်ပြုသည် (လမ်းညွှန်ချက်မှတ်စု ၃ ကိုကြည့်ပါ)။
- ကျောင်းသင်နှင့် ကျောင်းပြင်ပ ပညာရေး သင်ရိုးညွှန်းတမ်းများသည် ဘေးအန္တရာယ်လျှော့ချရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပဋိပက္ခတားဆီးကာကွယ်ရေးတို့ကိုပါ သင်ကြားသည် (လမ်းညွှန်ချက်မှတ်စု ၃ နှင့် ၄ ကို ကြည့်ပါ)။
- သင်ရိုးညွှန်းတမ်းများ၊ ပြဋ္ဌာန်းစာအုပ်များနှင့် ဖြည့်စွက်ပြဋ္ဌာန်းစာအုပ်စာတမ်းများသည် အရေးအဖတ်၊ အတွက်အချက်၊ ကလေးသူငယ်များ၏သင်ယူမှု၊ ဘဝတွက်တာကျွမ်းကျင်မှုများ၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အထများ အပါအဝင် အခြေခံပညာဆိုင်ရာ အဓိကကျသော ကျွမ်းကျင်တတ်မြောက်မှုများကို ခြုံငုံမိသည်။ (လမ်းညွှန်ချက်မှတ်စု ၄ နှင့် ၅ ကိုကြည့်ပါ)။
- သင်ရိုးညွှန်းတမ်းများသည် သင်ယူသူများ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လိုအင်များကို ဖြည့်ဆည်းပေးသည် (လမ်းညွှန်ချက်မှတ်စု ၆ ကို ကြည့်ပါ)။
- သင်ယူမှုအကြောင်းအရာ၊ စာအုပ်စာတမ်းများနှင့် လမ်းညွှန်ချက်များ၊ သင်ကြားမှုများကို သင်ယူသူများ၏ ဘာသာစကား(များ)ဖြင့် ပံ့ပိုးပေးသည် (လမ်းညွှန်ချက်မှတ်စု ၇ ကိုကြည့်ပါ)။
- သင်ရိုးညွှန်းတမ်းများ၊ ပြဋ္ဌာန်းစာအုပ်များနှင့် ဖြည့်စွက်ပြဋ္ဌာန်းစာအုပ်စာတမ်းများသည် ကျား-မကဏ္ဍကွဲပြားခြားနားမှုကို အထူးသတိထားသည်၊ အမျိုးမျိုးကွဲပြားခြားနားခြင်းကို အသိအမှတ်ပြုသည်၊ ခွဲခြားဆက်ဆံခြင်းကို တားဆီးသည်၊ သင်ယူသူအားလုံးအတွက် လေးစားမှုကို မြှင့်တင်ပေးသည် (လမ်းညွှန်ချက်မှတ်စု ၈ ကိုကြည့်ပါ)။
- ပြည်တွင်း၌ဝယ်ယူရရှိနိုင်သော သင်ကြား-သင်ယူမှု အထောက်အကူပစ္စည်းများကို အချိန်မီအလုံအလောက် ပံ့ပိုးပေးသည် (လမ်းညွှန်ချက်မှတ်စု ၉ ကိုကြည့်ပါ)။

### လမ်းညွှန်ချက်မှတ်စုများ

**၁။ သင်ရိုးညွှန်းတမ်း။** ။ သင်ရိုးညွှန်းတမ်းသည် သင်ယူသူများ၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို တိုးမြှင့်ပေးရန်အတွက် ၎င်းတို့အား အထောက်အကူပြုသည့် လုပ်ငန်းအစီအစဉ်ဖြစ်သည်။ ၎င်းကို ကျောင်းသင်နှင့် ကျောင်းပြင်ပ ပညာရေးအစီအစဉ် နှစ်မျိုးစလုံးတွင်သုံးပြီး သင်ယူသူအားလုံးနှင့် ဆီလျော်အောင် ပြုပြင်ပြောင်းလဲနိုင်ရန် လိုအပ်သည်။ သင်ရိုးညွှန်းတမ်းတွင် သင်ယူမှုရည်ရွယ်ချက်များ၊ သင်ယူမှုအကြောင်းအရာ၊ စစ်ဆေးအကဲဖြတ်ခြင်းများ၊ သင်ကြားနည်းများနှင့် သင်ကြားရေးပစ္စည်းများ ပါဝင်သည်။

- 'သင်ယူမှုရည်ရွယ်ချက်များ'သည် သင်ကြား-သင်ယူမှုမှရရှိလာမည့် အသိပညာ၊ သဘောထားများနှင့် ကျွမ်းကျင်မှုများ ဖော်ထုတ်သတ်မှတ်သည်။ ဤသို့ဖြင့် သင်ယူသူတို့၏ သိမှု၊ လူမှုရေး၊ စိတ်ခံစားမှုနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို တိုးမြှင့်ပေးသည်။

- 'သင်ယူမှုအကြောင်းအရာ'သည် အရေးအဖတ်၊ အတွက်အချက်နှင့် ဘဝတွက်တာကျွမ်းကျင်စရာစသည့် ဘာသာရပ်နယ်ပယ်များကို ရည်ညွှန်းသည်။
- 'စစ်ဆေးအကဲဖြတ်ခြင်း' သည် သင်ယူမှုအကြောင်းအရာတွင် ပါဝင်သည့် အသိပညာ၊ သဘောထားနှင့် ကျွမ်းကျင်မှုများအနက် မည်သည်တို့ကို သင်ယူရရှိကြောင်းသိရှိရန်တိုင်းတာခြင်းဖြစ်သည်။
- 'သင်ကြားနည်းများ' သည် သင်ယူသူများအား သင်ယူမှုအကြောင်းအရာပါ အသိပညာနှင့် ကျွမ်းကျင်မှုများ ပို့ချရာတွင် ရွေးချယ်အသုံးပြုသော ချဉ်းကပ်နည်းကို ရည်ညွှန်းသည်။
- 'သင်ကြားရေးပစ္စည်းများ'သည် စာအုပ်များ၊ မြေပုံများနှင့် ကားချပ်များ၊ နောက်ဆက်တွဲလေ့လာရန် စာအုပ်စာတမ်းများ၊ ဆရာ/မများအတွက် လက်စွဲစာအုပ်၊ ပစ္စည်းကိရိယာများ၊ ကစားစရာများနှင့် အခြား သင်ကြား-သင်ယူမှုပစ္စည်းများကို ရည်ညွှန်းသည်။

**၂။ ဆက်စပ်အခြေအနေ၊ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်များနှင့် ကိုက်ညီသောသင်ရိုးညွှန်းတမ်းများ။ ။** သင်ရိုးညွှန်းတမ်းများသည် သင်ယူသူများ၏အသက်အရွယ်နှင့် ကိုက်ညီသင့်ပြီး အာရုံခံမှု၊ စိတ်ပိုင်း၊ သိမှု၊ လူမှုစိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအဆင့်များနှင့် လိုက်ဖက်ညီသင့်သည်။ အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်သည့် အခြေအနေများအထိ ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပပညာရေး အစီအစဉ်များအတွင်း အသက်အရွယ်နှင့် ဖွံ့ဖြိုးမှုအဆင့်များသည် အမျိုးမျိုး ကွဲပြားနိုင်သည်။ သို့ဖြစ်၍ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်များကို ဆီလျော်အောင် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်။ ဤသို့ ပြုပြင်ပြောင်းလဲနိုင်ရန် ဆရာ/မများအား ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသင့်သည် (သင်ကြားခြင်းနှင့်သင်ယူခြင်း စံသတ်မှတ်ချက် ၂ (စာမျက်နှာ ၈၃-၈၆) ကိုလည်း ကြည့်ပါ)။

**၃။ သင်ရိုးညွှန်းတမ်းပြန်လည်သုံးသပ်ခြင်းနှင့်ရေးဆွဲမှု။ ။** သင်ရိုးညွှန်းတမ်းပြန်လည်သုံးသပ်ခြင်းနှင့် ရေးဆွဲမှုသည် အချိန်ယူရပြီး အပိုင်းကဏ္ဍများစွာ ပါဝင်သည့်ရှုပ်ထွေးသောလုပ်ငန်းစဉ် ဖြစ်သဖြင့် သက်ဆိုင်ရာ ပညာရေးဆိုင်ရာ တာဝန်ရှိသူများကသာ ဆောင်ရွက်သင့်သည်။ အရေးပေါ်အခြေအနေအတွင်း သို့မဟုတ် အရေးပေါ်ကာလနောက်ပိုင်းတွင် ကျောင်းသင်ပညာရေး အစီအစဉ်များ ပြန်လည်ထူထောင်နေဆဲဖြစ်လျှင် သတ်မှတ်ထားသော မူလတန်းနှင့် အလယ်တန်းအဆင့် သင်ရိုးညွှန်းတမ်းများကို အသုံးပြုသင့်သည်။ ပညာရေးအစီအစဉ် မရှိသော အခြေအနေတွင် သင်ရိုးညွှန်းတမ်းများကို အလျင်အမြန် ရေးဆွဲရန်လိုသည်၊ သို့မဟုတ် ဆီလျော်မှုရှိအောင် ပြုပြင်ရန်လိုအပ်သည်။ အခြားနိုင်ငံသို့ ထွက်ပြေးခိုလှုံသော ဒုက္ခသည်များနှင့် ပတ်သက်ပါက လက်ခံသော တိုင်းပြည် သို့မဟုတ် မူရင်းတိုင်းပြည်မှ သင်ရိုးညွှန်းတမ်းများအပေါ် အခြေခံနိုင်သည်။ အခြားကိစ္စရပ်များတွင်မူ အလားတူ အရေးပေါ်အခြေအနေတွင် အသုံးပြုသော သင်ရိုးညွှန်းတန်းကို ဆီလျော်အောင် ပြုပြင်ပြောင်းလဲ၍အသုံးပြုနိုင်သည်။

အခြားနိုင်ငံသို့ ထွက်ပြေးခိုလှုံသည့် ဒုက္ခသည်များရှိသောအခြေအနေတွင် ၄င်းတို့၏ ဆန္ဒအလျောက် မူရင်းနိုင်ငံသို့ အဆင်ပြေစွာ ပြန်နိုင်ရန် မူရင်းနိုင်ငံနှင့် လက်ခံသောနိုင်ငံ နှစ်ခုစလုံးက လက်ခံသည့် သင်ရိုးညွှန်းတမ်းများကို အသုံးပြုခြင်းသည် အကောင်းဆုံးဖြစ်သည်။ ဘာသာစကား ကျွမ်းကျင်တတ်မြောက်ခြင်းနှင့် စာမေးပွဲရလဒ်များကို အသိအမှတ်ပြုခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစားလျက် ရပ်ရွာဒေသတွင်းနှင့် အဖွဲ့အစည်းအချင်းချင်းအကြား အကြေအလည် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန် လိုသည်။ ဤလုပ်ငန်းများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များချရာတွင် ဒုက္ခသည်နှင့် လက်ခံသောနိုင်ငံ၏ အမြင်များ၊ နိုင်ငံတကာဥပဒေတို့ကို ထင်ဟပ်သင့်သည် (ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၇ (စာမျက်နှာ- ၁၁၀-၁၁၁) ကိုလည်း ကြည့်ပါ)။

အရေးပေါ်အခြေအနေဖြစ်ပွားစဉ်မှ ပြန်လည်ထူထောင်သည့် ကာလတလျှောက်လုံး ကျောင်းသင်နှင့် ကျောင်းပြင်ပ ပညာရေး အစီအစဉ်များ၏ သင်ရိုးညွှန်းတမ်းများတွင် အရေးပေါ်အခြေအနေနှင့်ကိုက်ညီသော အသိပညာနှင့် ကျွမ်းကျင်မှုများ ပါဝင်သင့်သည် (လမ်းညွှန်ချက်မှတ်စု ၅ ကိုကြည့်ပါ)။

အချို့အုပ်စုများအတွက် သီးသန့်သင်ရိုးညွှန်းတမ်းများ လိုအပ်သည်။ ယင်းအုပ်စုများမှာ၊ ဥပမာ-
- အသက်မွေးမှုအတွက် အလုပ်လုပ်နေရသော ကလေးများနှင့် လူငယ်များ
- လက်နက်ကိုင်တပ်ဖွဲ့များ၊ လက်နက်ကိုင်အုပ်စုများနှင့် ယခင်က ပတ်သက်ခဲ့သူများ
- အတန်းနှင့်ကိုက်ညီသည့် အသက်ထက်ပိုကြီးနေသူများ သို့မဟုတ် ကျောင်းထွက်ပြီးနောက် နှစ်ရှည်ကြာပြီးမှ ကျောင်းပြန်တက်သူများ
- သက်ကြီးသင်ယူသူများ တို့ဖြစ်သည်။

သင်ရိုးညွှန်းတမ်းနှင့် ဖတ်စာအုပ်များကို ပြုစုခြင်းနှင့် အကဲဖြတ်ခြင်း၊ ပညာရေးအစီအစဉ်များကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်းတို့ကို သက်ဆိုင်ရာ ပညာရေးဆိုင်ရာတာဝန်ရှိသူများက ဦးဆောင်သင့်သည်။ သင်ယူသူများ၊ ဆရာ/မများ၊ ဆရာ/မများသမဂ္ဂနှင့် ဘေးဒဏ်သင့်ရပ်ရွာလူထုများက တက်ကြွစွာ ပါဝင်သင့်သည်။ ပြဌာန်းစာအုပ် ပြန်လည်သုံးသပ်ရေးအဖွဲ့တွင် တိုင်းရင်းသား လူမျိုးစုအသီးသီးနှင့် ထိခိုက်ခံရလွယ်သည့်အုပ်စုများမှ ကိုယ်စားလှယ်များကို ပါဝင်စေခြင်းဖြင့် ရေရှည်ဘက်လိုက်မှုများကို ဖယ်ရှားပေးနိုင်ပြီး ကွဲပြားခြားနားသော ရပ်ရွာလူထုများကြား ငြိမ်းချမ်းမှုကို တည်ဆောက်ပေးနိုင်သည်။ ၎င်းအဖွဲ့သည် ပြဌာန်းစာအုပ်များထဲမှ သဘောထားကွဲစေသော အကြောင်းအရာများကို ဖယ်ရှားရာတွင်တင်းမာမှုများ မဖြစ်ပေါ်အောင် ဂရုပြုသင့်သည်။

**၄ ။ အဓိကကျွမ်းကျင်တတ်မြောက်မှုများ။။** သင်ယူမှုအကြောင်းအရာနှင့် ဆရာအတတ်သင်ပညာရေး စာအုပ်စာတမ်းများ၊ သင်ထောက်ကူများကို ပြုစုခြင်းနှင့် ဆီလျော်အောင် ပြုပြင်ခြင်းတို့ကို မပြုလုပ်မီ အဓိကကျွမ်းကျင်တတ်မြောက်မှုများကို ဖော်ထုတ်သတ်မှတ်သင့်သည်။ အခြေခံပညာရေးဆိုင်ရာ အဓိကကျွမ်းကျင်တတ်မြောက်မှုများမှာ-

- လက်တွေ့အသုံးချ အရေးအဖတ်နှင့် အတွက်
- သိက္ခာရှိသောဘဝကို ရရှိနိုင်ရန်နှင့် ရပ်ရွာလုပ်ငန်းများတွင် တက်ကြွစွာနှင့် အဓိပ္ပာယ်ရှိစွာ ပါဝင်ဆောင်ရွက်နိုင်ရန် သင်ယူသူများအတွက် မရှိမဖြစ်လိုအပ်သော အသိပညာ၊ ဘဝတွက်တာကျွမ်းကျင်စရာများ၊ သဘောထားနှင့် လက်တွေ့ကျင့်သုံးမှု တို့ဖြစ်သည်။

လက်တွေ့အသုံးချဆောင်ရွက်စေခြင်းဖြင့် အဓိကကျွမ်းကျင်တတ်မြောက်မှုများကို ပိုမိုရရှိနိုင်သည်။ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများကို ကလေးတိုင်း ရရှိသင့်သည်။ ကလေးသူငယ်အရွယ်တွင် အခြေခံကောင်းများရရှိခြင်းသည် အဓိကကျွမ်းကျင်တတ်မြောက်မှုများကို ရရှိစေနိုင်ပြီး၊ ၎င်းတို့ကို ပိုင်နိုင်ကျွမ်းကျင်သောအဆင့်သို့ ရောက်ရှိစေနိုင်သည့် ခိုင်မာသောအခြေခံများ ဖြစ်ပါသည်။

**၅။ ဘဝတွက်တာကျွမ်းကျင်စရာဆိုင်ရာ သင်ယူမှုအကြောင်းအရာနှင့် အဓိကအသိသညာများ။။** ယင်းသည် သင်ယူသူများ၏ အသက်အရွယ်၊ သင်ယူမှုပုံစံအမျိုးမျိုး၊ အတွေ့အကြုံ ပတ်ဝန်းကျင်တို့နှင့် ဆီလျော်မှုရှိသင့်သည်။ ထို့အပြင် သင်ယူသူများက အမှီအခိုကင်းပြီး အကျိုးရှိသော ဘဝများကို ဦးဆောင်နိုင်ရန် ၎င်းတို့၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးသည်။ သင်ယူမှုအကြောင်းအရာနှင့် အသိသညာများသည် ဆက်စပ်အခြေအနေနှင့် ကိုက်ညီရမည်ဖြစ်ပြီး ၎င်းတို့တွင်-

- လိင်နှင့် မျိုးဆက်ပွားကျန်းမာရေး၊ HIVနှင့်AIDS တို့ပါဝင်သော ကျန်းမာရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးတိုးမြှင့်ခြင်း
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု
- လူ့အခွင့်အရေးဆိုင်ရာပညာရေး၊ နိုင်ငံသားကောင်းဖြစ်မှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ
- မြေမြှုပ်ဗုံးနှင့် မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများဆိုင်ရာ ပညာပေးမှုအပါအဝင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေးနှင့် အသက်ကယ်ဆယ်ရေးစွမ်းရည်များ
- ယဉ်ကျေးမှု၊ အပန်းဖြေ အနားယူမှု၊ အားကစားနှင့် ဂီတ၊ အက၊ ပြဇာတ် စသည့် အနုပညာရပ်များ

- အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ စက်မှုလက်မှုနှင့်သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိအောင် လေ့ကျင့်ပေးခြင်း
- ရိုးရာနှင့်ရပ်ရွာဒေသပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတ
- ယောက်ျားလေးများ၊ မိန်းကလေးများတွင် ကြုံတွေ့ရတတ်သည့် ခြိမ်းခြောက်မှုများ၊ အန္တရာယ်များမှ ကာကွယ်စောင့်ရှောက်မှုပေးနိုင်သော ကျွမ်းကျင်မှုများ ပါဝင်သည်။

သင်ယူမှုအကြောင်းအရာသည် သင်ယူသူများ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကျွမ်းကျင်မှုအခြေခံများရရှိစေသည်။ သက်မွေးပညာသင်တန်းအစီအစဉ်များ၌ သင်မည့်အကြောင်းအရာကို အလုပ်အကိုင် ရနိုင်သည့် အခွင့်အလမ်းများအပေါ် မူတည်ဆုံးဖြတ်သင့်ပြီး အလုပ်ခွင်လက်တွေ့အတွေ့အကြုံရရှိရန် အလုပ်သင်ဆင်းစေခြင်းစသည်တို့ ပါဝင်သင့်သည် (SEEP ကွန်ရက်၏ *Minimum Standards for Economic Recovery after Crisis*၊ အလုပ်အကိုင်ဖန်တီးပေးခြင်း စံသတ်မှတ်ချက်နှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုစံသတ်မှတ်ချက်များကိုလည်း ကြည့်ပါ)။

ပဋိပက္ခဖြစ်ပွားရာနေရာရှိ ရပ်ရွာလူထုများတွင် ပဋိပက္ခဖြေရှင်းရေး၊ ငြိမ်းချမ်းရေးအသိပညာပေးခြင်း အကြောင်းအရာများနှင့် သင်နည်းစနစ်များသည် အုပ်စုများအချင်းချင်း နားလည်မှုကို ဖြစ်ပေါ်စေသည်။ ပြန်လည်သင့်မြတ်စေရန် စေ့စပ်ညှိနှိုင်းခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းများကို ဆောင်ရွက်နိုင်သည့် ဆက်သွယ်ရေး စွမ်းရည်များကိုလည်း ဖြစ်ပေါ်စေသည်။ ငြိမ်းချမ်းရေးအသိပညာ သင်ကြားခြင်းကို စတင်အကောင်အထည် ဖော်ရာ၌ ရပ်ရွာလူထုက အငြင်းပွားနေသည့်ကိစ္စရပ်များ၊ ထိခိုက်နာကျင်စေသည့် ကိစ္စရပ်များကို ပြေလည်အောင် ဖြေရှင်းပေးရန် အဆင်သင့်ဖြစ်နေသည်အထိ ၎င်းတို့အား ဂရုစိုက်သင်ကြားပေးရန် လိုအပ်သည် (ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၁၀၇-၁၀၈) ကိုလည်း ကြည့်ပါ)။

၆။ **သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ လူမှုစိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ အခွင့်အရေးများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ။** ။ ယင်းအချက်များကို အရေးပေါ်အခြေအနေ၏ အဆင့်တိုင်းတွင် ပြန်လည်ထူထောင်ခြင်း ရောက်သည်အထိ ကိုင်တွယ်ဖြေရှင်းပေးသင့်သည်။ သင်ယူသူများတွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုဖြစ်သည့် လက္ခဏာများကို သတိထားမိရန် ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား သင်တန်းပေးရန် လိုအပ်သည်။ စိတ်ထိခိုက်နာကျင်မှုကို ဖြေရှင်းပေးရန်၊ သင့်လျော်သည့်နေရာသို့ လွှဲပြောင်းအပ်နှံခြင်း အပါအဝင် ပြင်ပအကူအညီများ ရရှိစေသည်အထိ ဆောင်ရွက်ပေးသင့်သည်။ ကျောင်းတွင်းနှင့် ကျောင်းပြင်ပ ကလေးများအား လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေးခြင်းနှင့် ပတ်သက်၍ ဆရာ/မများ၊ ပညာရေးကို ပံ့ပိုးကူညီပေးသူ ဝန်ထမ်းများနှင့် ရပ်ရွာလူထုအတွက် ရှင်းလင်းသော လမ်းညွှန်ချက်များရှိသင့်သည်။ စိတ်ထိခိုက်နာကျင်မှု ခံစားနေရသော သင်ယူသူများအတွက် ကြိုတင်ပြင်ဆင်ထားသော အဆောက်အအုံအတွင်း အပြုသဘောဆောင်သော စည်းကမ်း ထိန်းသိမ်းခြင်းစနစ်များကို သုံးလျက် အာရုံစူးစိုက်မှုကို ထိန်းထားနိုင်အောင်၊ သင်ယူချိန်တိုအောင် စီမံထားရန်လိုသည်။ သင်ယူသူအားလုံးသည် အားလုံးပူးပေါင်းပါဝင်သော အပန်းဖြေခြင်းနှင့် သင်ယူခြင်းဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်သည်။ ဆီလျော်သော သင်ကြားနည်းများနှင့် သင်ယူမှုအကြောင်းအရာတို့က သင်ယူသူများအား ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနှင့် အနာဂတ်အတွက် မျှော်လင့်ချက်များကို တိုးတက်စေသည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၈ နှင့် ၉ (စာမျက်နှာ ၆၅-၆၆)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၃၏ လမ်းညွှန်ချက်မှတ်စု ၈ (စာမျက်နှာ ၇၂)၊ ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၁၀၇-၁၀၈) ကိုလည်း ကြည့်ပါ)။

ဘေးဒဏ်ခံရသူများထဲမှ ရွေးချယ်ခန့်အပ်ထားသော ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များသည်လည်း သင်ယူသူများနည်းတူ စိတ်ထိခိုက်နာကျင်ခံစားမှုနှင့် ကြုံတွေ့နိုင်သည်။ ယင်းကို လေ့ကျင့်သင်တန်းပေးခြင်း၊ စစ်ဆေးကြီးကြပ်ခြင်းနှင့် ကူညီပံ့ပိုးပေးခြင်းတို့ဖြင့် ဖြေရှင်းပေးသင့်သည်။ ဆရာ/မများအနေဖြင့် မိမိကိုယ်တိုင်နှင့်

သင်ယူသူတို့၏ လူမှုစိတ်ပိုင်းထိခိုက်နစ်နာစေသည်အထိ တာဝန်များကိုဆောင်ရွက်ရန် မလိုအပ်ပါ (ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၃ ၏ လမ်းညွှန်ချက်မှတ်စု ၆ (စာမျက်နှာ ၁၀၂)၊ *Health Action* အခန်းရှိ *Mental Health and Psychosocial well-being* နှင့်စပ်လျဉ်းသော Sphere စံသတ်မှတ်ချက်များကိုလည်း ကြည့်ပါ)။

၇။ **သင်ကြားပို့ချသည့်ဘာသာစကား။** ။ သင်ကြားပို့ချသည့် ဘာသာစကားသည် ဘာသာစကားမျိုးစုံသုံးသော တိုင်းပြည်များနှင့် ရပ်ရွာလူထုများတွင် သဘောထားကွဲလွဲမှုများ ဖြစ်စေနိုင်သည်။ လက်လှမ်းမမီမှုကို လျှော့ချနိုင်ရန် သင်ကြားပို့ချရာတွင် သုံးမည့်ဘာသာစကား(များ)နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ချရာ၌ ရပ်ရွာလူထု၊ ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ပါဝင်ပတ်သက်သူများပါဝင်သည့် အများသဘောဆန္ဒအရ ပြုလုပ်သင့်သည်။ ဆရာ/မများသည် သင်ယူသူများနားလည်မည့် ဘာသာစကား(များ)ဖြင့် သင်ကြားသင့်ပြီး မိဘများနှင့် ရပ်ရွာလူထု နားလည်မည့် ဘာသာစကား(များ)ဖြင့်လည်း ဆက်သွယ်ပြောကြားသင့်သည်။ နားမကြားသော၊ မျက်စိမမြင်သော သင်ယူသူများလည်း အပြည့်အဝ ပါဝင်နိုင်ရန် ဆီလျော်မှုအရှိဆုံး ဘာသာစကားများသုံး၍ သင်ကြားပေးသင့်သည်။ အပိုဆောင်း သင်တန်းများနှင့်ဆောင်ရွက်မှုများ အထူးသဖြင့် ကလေးသူငယ် ပြုစုပျိုးထောင်ရေးသင်တန်းများကို သင်ယူသူ၏ ဘာသာစကား(များ)ဖြင့် သင်ကြားသင့်သည်။ ဒုက္ခသည်များနှင့် ပတ်သက်သည့် အခြေအနေတွင် လက်ခံတိုင်းပြည်များ၌ ဒုက္ခသည်များ သုံးစွဲသော ဘာသာစကား(များ)နှင့် သင်ရိုးညွှန်းတမ်းများအပါအဝင် စံသတ်မှတ်ချက်များကို လိုက်နာသည့် ကျောင်းများ လိုအပ်နိုင်သည်။ ယင်းတို့၏ အခွင့်အရေးများကို သိရှိရန်အရေးကြီးသည်။ ထိုသူတို့၏ အနာဂတ် အခွင့်အလမ်းများနှင့် အရေးပေါ်အခြေအနေ ပြီးဆုံးသွားပြီးနောက် မူရင်းနိုင်ငံ သို့မဟုတ် လက်ခံနိုင်ငံတွင် ပညာဆက်လက်သင်ကြားခွင့်ရစေမည့် လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုသည်။ နေရာရွှေ့ပြောင်းခံရသော အခြေအနေများတွင် သင်ယူသူများအား လက်ခံရပ်ရွာလူထု သို့မဟုတ် လက်ခံနိုင်ငံ၏ ဘာသာစကားကို သင်ယူနိုင်ရန် ထောက်ပံ့ကူညီပေးသင့်သည်။ ဤအချက်က ဒုက္ခသည်များအား လက်ခံရပ်ရွာလူထုအတွင်း အလုပ်လုပ်စေနိုင်ပြီး ပညာရေး အခွင့်အလမ်းများကို ဆက်လက်ရရှိစေသည်။ (ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၇ (စာမျက်နှာ ၁၁၀-၁၁၁) ကိုလည်း ကြည့်ပါ)။

၈။ **အမျိုးမျိုးကွဲပြားခြားနားခြင်း။** ။ အမျိုးမျိုးကွဲပြားခြားနားခြင်းကို အရေးပေါ်အခြေအနေဖြစ်ပွားသည်မှ ပြန်လည် ထူထောင်သည့် ကာလတစ်လျှောက် အဆင့်တိုင်း၌ ပညာရေးလုပ်ငန်းများစီစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ထည့်သွင်းစဉ်းစားသင့်သည်။ အမျိုးမျိုးကွဲပြားခြားနားခြင်းတွင် နောက်ခံအကြောင်းအရာ ကွဲပြားခြားနားသည့် ထိခိုက်ခံရလွယ်သောအုပ်စုများမှ သင်ယူသူများ၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ အပါအဝင်၊ သည်းခံနိုင်မှုနှင့် လေးစားမှုတိုးမြှင့်ခြင်းများ ပါဝင်သည်။

တိကျစွာဖော်ပြရလျှင် အမျိုးမျိုးကွဲပြားခြားနားခြင်းတွင် အောက်ပါကဏ္ဍများပါဝင်သည်-

- ကျား-မ ကွဲပြားမှု
- စိတ်ပိုင်းနှင့် ရုပ်ပိုင်းချို့တဲ့မှု
- သင်ယူနိုင်စွမ်း
- ဝင်ငွေရရှိမှု မတူသော အုပ်စုများမှ သင်ယူသူများ
- အသက်အရွယ်အမျိုးမျိုးရှိသည့် ကလေးများ ပါဝင်သော စာသင်ခန်းများ
- ယဉ်ကျေးမှုနှင့် လူမျိုး
- တိုင်းရင်းသားမျိုးနွယ်နှင့် ဘာသာရေး

သင်ရိုးညွှန်းတမ်းများ၊ သင်ကြားရေးဆိုင်ရာပစ္စည်းများနှင့် သင်ကြားမှုနည်းစနစ်များသည် ဘက်လိုက်မှုများကို ပပျောက်စေပြီး ညီညွတ်မျှတမှုကို အားဖြည့်ပေးသင့်သည်။ အစီအစဉ်များတွင် သည်းခံနိုင်မှုအကြောင်း ပြောကြားခြင်းအပြင်

စိတ်သဘောထားနှင့် အပြုအမူများပြောင်းလဲစေရန် ဆောင်ရွက်နိုင်သင့်သည်။ သို့မှသာ တစ်ပါးသူများ၏ အခွင့်အရေးကို ပိုမိုအသိအမှတ်ပြုခြင်းနှင့် လေးစားခြင်းကိုရှေးရှုနိုင်မည်ဖြစ်သည်။ ကျောင်းတွင်းနှင့် ကျောင်းပြင်ပ ပညာရေးမှတဆင့် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးခြင်းဖြင့် အသက်အရွယ်၊ ယဉ်ကျေးမှုနှင့် ကိုက်ညီသော နည်းလမ်းများဖြင့် အမျိုးမျိုး ကွဲပြားခြားနားခြင်းကို မြှင့်တင်ပေးရန် ပံ့ပိုးကူညီပေးသင့်သည်။ သင်ကြားမှုအကြောင်းအရာသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများ၊ လူသားချင်းစာနာမှုဆိုင်ရာဥပဒေ၊ ဘဝတွက်တာကျွမ်းကျင်စရာများနှင့် ချိတ်ဆက်နိုင်သည်။ ပြဋ္ဌာန်းစာအုပ်များနှင့် အခြားသင်ထောက်ကူပစ္စည်းများကို ပြန်လည်စိစစ်တည်းဖြတ်ရန်၊ လိုအပ်လျှင် လက်ရှိ သင်ထောက်ကူပစ္စည်းများနှင့် သင်ကြားနည်းစနစ်များကို မွမ်းမံပြုပြင်နိုင်ရန် ဆရာ/မများအနေဖြင့် ပံ့ပိုးကူညီမှု လိုအပ်နိုင်ပေသည် (သင်ကြားခြင်းနှင့်သင်ယူခြင်းစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၈၃-၈၄) နှင့် ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၇ (စာမျက်နှာ ၁၁၀-၁၁၁) တို့ကိုလည်း ကြည့်ပါ)။

၉။ **သင်ယူသူများအတွက် ပြည်တွင်း၌ ရနိုင်သော သင်ထောက်ကူပစ္စည်းများ။** ။ ယင်းသင်ထောက်ကူပစ္စည်းများ၏ အခြေအနေကို အရေးပေါ်အခြေအနေစတင်ချိန်တွင် စစ်ဆေးသင့်သည်။ ဒုက္ခသည်များ သို့မဟုတ် နေရာရွှေ့ပြောင်းခံရသူများတွင် ထိုသူတို့၏ မူရင်းတိုင်းပြည်မှ ယူဆောင်လာသော သင်ထောက်ကူပစ္စည်းများလည်း ပါဝင်သည်။ လိုအပ်လျှင် ယင်းပစ္စည်းများကို သင်ယူသူများနှင့် သင့်လျော်အောင် ပြင်ဆင်ခြင်း သို့မဟုတ် ရေးဆွဲပြုစုပေးသင့်ပြီး အားလုံးအတွက် အရေအတွက် လုံလောက်စွာ ရရှိစေသင့်သည်။ မသန်စွမ်းသူများ သင်ယူနိုင်ရန် ယင်းတို့နှင့် သင့်လျော်သော ပုံစံများဖြင့်လည်း ပံ့ပိုးသင့်သည်။ သင်ထောက်ကူပစ္စည်းများ သိုလှောင်မှု၊ ဖြန့်ဖြူးမှုနှင့် အသုံးပြုမှုများကို စစ်ဆေးကြီးကြပ်ရန် သက်ဆိုင်ရာပညာရေးတာဝန်ရှိသူများကို ပံ့ပိုးကူညီပေးသင့်သည် (ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များစံသတ်မှတ်ချက် ၃ ၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၁၀၁) ကိုလည်းကြည့်ပါ)။

## သင်ကြားခြင်းနှင့်သင်ယူခြင်း စံသတ်မှတ်ချက် ၂။ သင်တန်းပေးခြင်း၊ အတတ်ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ပံ့ပိုးကူညီခြင်း

ဆရာ/မ များနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များသည် လိုအပ်ချက်နှင့် အခြေအနေအရ ဆီလျော်ဆက်စပ်မှုရှိပြီး စနစ်ကျသော သင်တန်းများကို အခါအားလျော်စွာ တက်ရောက်ခွင့်ရရှိသည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်)

- ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များသည် ၄င်းတို့၏လိုအပ်ချက်များနှင့်အညီ သင်တန်းတက်ရန် အခွင့်အလမ်းများကို ရရှိနိုင်သည် (လမ်းညွှန်ချက်မှတ်စု ၁ နှင့် ၂ ကို ကြည့်ပါ)။
- သင်တန်းများသည် ဆက်စပ်အခြေအနေများနှင့် ဆီလျော်မှုရှိပြီး သင်ယူမှုရည်ရွယ်ချက်များနှင့် အကြောင်းအရာကို ထင်ဟပ်စေသည် (လမ်းညွှန်ချက်မှတ်စု ၁ နှင့် ၂ ကို ကြည့်ပါ)။
- ပညာရေးဆိုင်ရာတာဝန်ရှိသူများက သင်တန်းကို အသိအမှတ်ပြုသည်၊ ခွင့်ပြုသည် (လမ်းညွှန်ချက်မှတ်စု ၃ နှင့် ၄ကို ကြည့်ပါ)။
- လုပ်ငန်းခွင် သင်တန်းပေးခြင်း၊ ပံ့ပိုးကူညီခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ စစ်ဆေးကြီးကြပ်ခြင်းနှင့် စာသင်ခန်းကြီးကြပ်ခြင်း တို့ကို ပြည့်စုံအောင် အားဖြည့်ပေးမည့် သင်တန်းမျိုးကို ကျွမ်းကျင်သော သင်တန်းနည်းပြများက ဦးဆောင်ပို့ချသည် (လမ်းညွှန်ချက်မှတ်စု ၃ နှင့် ၄ ကိုကြည့်ပါ)။
- သင်တန်းနှင့် စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုများကြောင့်လည်းကောင်း၊ သင်ထောက်ကူပစ္စည်းများနှင့် ပူးပေါင်းပါဝင်သည့် သင်ကြားခြင်းနည်းစနစ်သုံး၍ သင်ကြားခြင်းကြောင့်လည်းကောင်း၊ ဆရာ/မများသည် သင်ယူမှုပတ်ဝန်းကျင်တွင် ထိရောက်သော ကူညီပံ့ပိုးပေးသူများ ဖြစ်လာကြသည် (လမ်းညွှန်ချက်မှတ်စု ၃ မှ ၆ ကိုကြည့်ပါ)။
- သင်တန်းများတွင် ကျောင်းသင်နှင့်ကျောင်းပြင်ပ သင်ရိုးညွှန်းတမ်းများအတွက် အန္တရာယ်ကိုသတိပြုနားလည်မှု၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျော့ချရေး၊ ပဋိပက္ခတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများ ပါဝင်သည် (လမ်းညွှန်ချက်မှတ်စု ၆ ကိုလည်း ကြည့်ပါ)။

## လမ်းညွှန်ချက်မှတ်စုများ

**၁။ ဆရာ/မ။** ။ 'ဆရာ/မ' ဟူသည် ကျောင်းသင်နှင့်ကျောင်းပြင်ပ ပညာရေးအစီအစဉ်များတွင် နည်းပြများ၊ ကူညီပံ့ပိုးသူများ၊ ပံ့ပိုးဖော်လုပ်ရှားသူများကို ရည်ညွှန်းသည်။ ဆရာ/မများတွင် အတွေ့အကြုံအမျိုးမျိုးနှင့် သင်တန်းအမျိုးမျိုး တက်ဖူးသူများ ရှိနိုင်သည်။ သူတို့သည် သက်ကြီးသင်ယူသူများ သို့မဟုတ် ရပ်ရွာလူထုများလည်းဖြစ်နိုင်သည် (ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များစံသတ်မှတ်ချက် ၁ မှ ၃ (စာမျက်နှာ ၇၇-၈၈) ကိုလည်း ကြည့်ပါ)။

**၂။ ဆရာ/မသင်တန်းများအတွက် သင်ရိုးညွှန်းတမ်းများနှင့်သင်ယူမှုအကြောင်းအရာများ ရေးဆွဲပြုစုခြင်း။** ။ ဆရာ/မသင်တန်းများအတွက် သင်ရိုးညွှန်းတမ်းများနှင့် သင်ယူမှုအကြောင်းအရာများ ရေးဆွဲပြုစုခြင်းသည် ပညာရေးဆိုင်ရာတာဝန်ရှိသူတို့၏ တာဝန်ဖြစ်သည်။ သတ်မှတ်ထားသောစရိတ်နှင့် အချိန်ကန့်သတ်ချက်ရှိသော ဆက်စပ်အခြေအနေအတွင်းတွင် သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုအကြောင်းအရာသည် သင်ယူသူများ၏ လိုအပ်ချက်များနှင့် ရပိုင်ခွင့်များ၊ ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ သီးသန့်လိုအပ်ချက်များကို ထင်ဟပ်စေသင့်သည်။

သင်တန်းတွင် ပို့ချမည့် အကြောင်းအရာများတွင်-

- ကျန်းမာရေးအသိပညာ အပါအဝင် ဆီလျော်သော အရေးအဖတ်၊ အတွက်အချက်၊ ဘဝတွက်တာကျွမ်းကျင်စရာ စသည့် အဓိကအသိပညာများ၊
- အပြုသဘောဆောင်သော စည်းမျဉ်းစည်းကမ်းနှင့် စာသင်ခန်းစီမံခန့်ခွဲမှု၊ ပူးပေါင်းပါဝင်သော နည်းလမ်းများနှင့် လူတိုင်းအကျုံးဝင်ပညာရေးအပါအဝင် သင်ကြားနည်းပညာနှင့် သင်ကြားနည်းစနစ်များ၊

- ဆရာ/မ များနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအတွက် ဝန်ထမ်းကျင့်ဝတ်၊ သင်ယူသူများအား ကျား-မ လူမှုရေးရာ အခြေခံသော အကြမ်းဖက်မှုရှိက အရေးယူခြင်း၊ သင့်လျော်သော အစီရင်ခံစာနှင့် လွှဲပြောင်းပေးမှု လုပ်ငန်းစဉ်များ၊
- ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ပဋိပက္ခတားဆီးကာကွယ်ခြင်းဆိုင်ရာမှုများ၊
- သင်ယူသူများနှင့် ဆရာ/မများ၏ လိုအပ်ချက်များ၊ ရပ်ရွာရှိဝန်ဆောင်မှု လုပ်ငန်းများနှင့် လွှဲပြောင်းပေးမှုစနစ်များကို ရရှိနိုင်မှု အပါအဝင် လူမှုစိတ်ပိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုနှင့် ပံ့ပိုးကူညီမှု၊
- လူ့အခွင့်အရေးဆိုင်ရာမှုများ၊ သုံးသပ်ရှုမြင်ချက်များနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ၊ ၎င်းတို့၏ အဓိပ္ပာယ်၊ ရည်မှန်းချက်၊ သင်ယူသူများ၏ လိုအပ်ချက်နှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောဆက်သွယ်မှု၊ သင်ယူသူများ၊ ဆရာ/မများ၊ ရပ်ရွာလူထုနှင့် ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ တာဝန်ဝတ္တရားများ၊
- သင့်လျော်သော အခြေအနေနှင့် ဆီလျော်မှုရှိသော အခြားအကြောင်းအရာများ ပါဝင်နိုင်သည်။

အစပျိုးသင်တန်းများတွင် အမျိုးမျိုးကွဲပြားခြားနားခြင်းနှင့် ခွဲခြားဆက်ဆံမှုကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းပုံကို ထည့်သွင်းသင့်သည်။ ဥပမာ- ကျား-မကဏ္ဍကွဲပြားမှုနှင့် ပတ်သက်၍ အထူးသတိထားသင်ကြားရမည့် နည်းဗျူဟာများသည် ဆရာ/မများအား စာသင်ခန်းအတွင်း ကျား-မကဏ္ဍ ညီညွတ်မျှတမှုရှိစေခြင်းကို နားလည်ပြီး လိုက်နာဆောင်ရွက်ရန် အားပေးသည်။ အမျိုးသမီး ပညာရေးဝန်ထမ်းများနှင့် ရပ်ရွာလူထုအဖွဲ့ဝင်များအား သင်တန်းပေးလေ့ကျင့်ခြင်းသည် စာသင်ခန်းတွင်းနှင့် ကျယ်ပြောသော လူ့အဖွဲ့အစည်းအတွင်း အပြုသဘောပြောင်းလဲမှုကို အားဖြည့်ပေးသည် (သင်ကြားခြင်းနှင့်သင်ယူခြင်း စံသတ်မှတ်ချက် ၁ (စာမျက်နှာ ၇၇-၈၂)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၂၊ ၃ နှင့် ၈ (စာမျက်နှာ ၆၂-၆၃)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၃၏ လမ်းညွှန်ချက်မှတ်စု ၈ (စာမျက်နှာ ၇၂) နှင့် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များစံသတ်မှတ်ချက် ၃ (စာမျက်နှာ ၁၀၁-၁၀၂) တို့ကိုလည်း ကြည့်ပါ)။

၃။ **သင်တန်းပံ့ပိုးကူညီခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။** ။ ပညာရေးဆိုင်ရာတာဝန်ရှိသူများသည် ကျောင်းသင်နှင့် ကျောင်းပြင်ပ ဆရာအတတ်သင် ပညာရေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် တတ်နိုင်သမျှ ဦးဆောင်သင့်သည်။ အကယ်၍ ပညာရေးဆိုင်ရာ တာဝန်ရှိသူများက ဤလုပ်ငန်းစဉ်ကို ဦးဆောင်ခြင်း မပြုနိုင်လျှင် အဖွဲ့အစည်းများကြား ညှိနှိုင်းရေးကော်မတီမှ လမ်းညွှန်ခြင်းနှင့် ညှိနှိုင်းခြင်းများ ဆောင်ရွက်ပေးနိုင်သည်။ သင်တန်းအစီအစဉ်များတွင် လုပ်ငန်းခွင်သင်တန်းများ၊ ပညာရေးကောလိပ်များနှင့် တက္ကသိုလ်များ၏ ပညာရေးအဆောက်အဦးများနှင့် အထောက်အကူပစ္စည်းများကို ပြန်လည်အသုံးပြုခြင်းတို့ ပါဝင်သင့်သည်။ ပညာရေးကောလိပ်များနှင့် တက္ကသိုလ်များသည် ရေရှည်တည်တံ့သော ပညာရေးကဏ္ဍကို ပြန်လည်ထူထောင်ရာတွင် အထူးအရေးပါသည် (ညှိနှိုင်းဆောင်ရွက်မှုစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၃၁-၃၂) ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၃၏ လမ်းညွှန်ချက် ၃ နှင့်၄ (စာမျက်နှာ ၁၀၂) တို့ကိုလည်း ကြည့်ပါ)။

နိုင်ငံတော်အဆင့် ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် အခြားပါဝင်ပတ်သက်သူတို့သည် ဆရာ/မများ လုပ်ငန်းခွင် သင်တန်းအတွက် သင်ရိုးညွှန်းတမ်းနှင့် ယင်းကိုအသိအမှတ်ပြုရန် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောဆိုဆွေးနွေးခြင်းတို့ကို အရေးပေါ်အခြေအနေအတွက် တုံ့ပြန်ဆောင်ရွက်ခြင်း၏ အစောပိုင်းကာလတွင် လုပ်ဆောင်သင့်သည်။ ဖြစ်နိုင်လျှင်

နိုင်ငံတော်၏ အရည်အချင်းပြည့်ဝသည့် ဆရာ/မလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် လုပ်ငန်းခွင်သင်တန်းအဖြစ် စီစဉ်ဆောင်ရွက်သင့်သည်။ အရေးပေါ်အခြေအနေနှင့် ဆက်စပ်မှုရှိသည့်အကြောင်းအရာများ (ဥပမာ- လူမှုစိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း)ကိုလည်း ထည့်သွင်းသင့်သည်။ ဒုက္ခသည်များအတွက် ကျောင်းစနစ်ကို ရပ်ရွာဒေသ၏ ပညာရေးစနစ်နှင့် သီးခြားခွဲထားသောနေရာများတွင်၊ ဒုက္ခသည်စခန်းမှ ဆရာ/မများ၏ လုပ်ငန်းခွင်သင်တန်းသည် မူရင်းတိုင်းပြည် သို့မဟုတ် ခိုလှုံရာတိုင်းပြည်၏ အရည်အချင်းရှိ ဆရာ/မများအဆင့်သို့ ရောက်ရှိရန် လေ့ကျင့်ဆောင်ရွက်ပေးသင့်သည်။

ဆရာ/မများအတွက် ဆီလျော်သည့်သင်တန်းများ ရေးဆွဲအကောင်အထည်ဖော်ရန် ဒေသခံ သင်တန်းနည်းပြများကို စိစစ်သတ်မှတ်သင့်သည်။ နည်းပြများ၏ သင်တန်းပို့ချမှု စွမ်းရည်များကို မြှင့်တင်ပေးရန် လိုအပ်သည်။ အမျိုးသားနှင့် အမျိုးသမီး သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူများအကြား ကျား-မအချိုးညီမျှစေရန် ဆောင်ရွက်သင့်သည်။ သင်တန်းနည်းပြရရှိမှု ခက်ခဲ၍သော်လည်းကောင်း သို့မဟုတ် လေ့ကျင့်မှုအပြည့်အဝ မရရှိသော နည်းပြများဖြစ်နေလျှင် သော်လည်းကောင်း လုပ်ငန်းခွင်သင်တန်းပေးခြင်းနှင့် လုပ်ငန်းခွင်အကြို ဆရာဖြစ်သင်တန်းပေးသော သင်တန်းတို့ဖြင့် အားဖြည့်ပေးနိုင်သည်။ ဤသို့စီစဉ်ရာတွင် နိုင်ငံတော်နှင့် ရပ်ရွာဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြင်ပ အဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အန်ဂျီအိုများသည် ညှိနှိုင်းဆောင်ရွက်သင့်သည်။ ယင်းလုပ်ငန်းစဉ်တွင်-

- ဆရာဖြစ်သင်တန်း သင်ရိုးညွှန်းတမ်းနှင့် ပြဌာန်းစာအုပ်များကို ပြန်လည်သုံးသပ်ခြင်း
- အရေးပေါ်အခြေအနေနှင့် ဆက်စပ်နေသည့် အကြောင်းအရာများ၊ ဖြည့်စွက်ပြင်ဆင်ထားသောအချက်အလက်များ ပါဝင်စေခြင်း
- လက်တွေ့သင်ကြားရေး အတွေ့အကြုံများရရှိစေရန် သင်ကြားရေးအကူဝန်ထမ်း သို့မဟုတ် အလုပ်သင် ဆရာအဖြစ် တာဝန်ထမ်းဆောင်စေခြင်းကဲ့သို့သော ပံ့ပိုးပေးခြင်းတို့ ပါဝင်သည်။

**၄။သင်တန်းကို တရားဝင်အသိအမှတ်ပြုပေးခြင်း။** ။အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ခြင်းကာလအတွင်းရှိ ဆရာဖြစ်သင်တန်းများ အရည်အသွေးရှိရေးနှင့် အသိအမှတ်ပြုခံရရေးအတွက် ပညာရေးဆိုင်ရာတာဝန်ရှိသူများ၏ သဘောတူညီမှုနှင့် တရားဝင်အသိအမှတ်ပြုမှုသည် အရေးပါသည်။ ဆရာဖြစ်သင်တန်းကို လက်ခံနိုင်ဖွယ်ရှိ/မရှိ၊ သင်ယူသူများနှင့် ဆရာ/မများ၏လိုအပ်ချက်နှင့်အညီ ဆီလျော်စွာ ပြင်ဆင်ပြောင်းလဲပေးနိုင်မှု ရှိ/မရှိ စသည်တို့ကို လက်ခံနိုင်ငံ သို့မဟုတ် အိမ်ရှင်နိုင်ငံမှ ပညာရေးဆိုင်ရာတာဝန်ရှိသူများက ဆုံးဖြတ်သင့်သည် (ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁၊ လမ်းညွှန်ချက်မှတ်စု ၇ (စာမျက်နှာ ၁၁၀-၁၁၁) ကိုလည်း ကြည့်ပါ)။

**၅။ သင်ကြား-သင်ယူမှုပစ္စည်းများ။** ။ သင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ သင်ထောက်ကူပစ္စည်း လိုအပ်ချက်ကို စိစစ်ဖော်ထုတ်တတ်ရန် ဆရာ/မများအား သင်တန်းတွင် ပို့ချပေးသင့်သည်။ ဆရာ/မများအနေဖြင့် ဒေသတွင်းတွင် ရနိုင်သော ပစ္စည်းများကို အသုံးပြုပြီး ထိရောက်၍ဆီလျော်မှုရှိသော သင်ထောက်ကူပစ္စည်းများ ဖန်တီးပုံကို သင်ယူသင့်သည် (သင်ကြားခြင်းနှင့်သင်ယူခြင်းစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၉ (စာမျက်နှာ- ၈၂)၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၃၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ- ၁၀၁) တို့ကိုလည်း ကြည့်ပါ)။

၆။ **အန္တရာယ်ကိုသတိပြုနားလည်ခြင်း၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် တုံ့ပြန်မှုအတွက် ကြိုတင်ပြင်ဆင်ခြင်း။** ။ အနာဂတ်တွင်ကျရောက်နိုင်သည့် ဘေးအန္တရာယ်များကို တားဆီးခြင်း၊ ဆိုးကျိုးများကို လျှော့နည်းစေခြင်းနှင့်ပတ်သက်၍ သင်ယူသူများနှင့် ရပ်ရွာလူထုတို့ကို ကူညီပေးနိုင်ရန် ဆရာ/မများတွင် ကျွမ်းကျင်မှုများနှင့် အသိပညာဗဟုသုတများရှိရန် လိုအပ်သည်။ ဆရာ/မများအနေဖြင့် သင်ကြား-သင်ယူမှုများတွင် ဘေးအန္တရာယ်လျှော့ချခြင်းနှင့် ပဋိပက္ခတားဆီးကာကွယ်ခြင်းဆိုင်ရာ အကြောင်းအရာများကို ထည့်သွင်းနိုင်စေရန် ပံ့ပိုးကူညီမှုလိုအပ်သည်။ ရပ်ရွာလူထု ရင်ဆိုင်ကြုံတွေ့ရနိုင်ဖွယ်ရှိသော ဘေးအန္တရာယ်များနှင့် အန္တရာယ်များကို စိစစ်ဖော်ထုတ်ရန်၊ တားဆီးရန်နှင့် တုံ့ပြန်ရန် ဆရာ/မများသည် သတင်းအချက်အလက်နှင့် ကျွမ်းကျင်မှုများ လိုအပ်သည်။ (စိစစ်ပိုင်းခြားခြင်းစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု၃ (စာမျက်နှာ ၃၇-၃၈) ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၁၁ (စာမျက်နှာ ၆၆-၆၇)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၃၏ လမ်းညွှန်ချက်မှတ်စု ၁နှင့်၂ (စာမျက်နှာ ၆၈-၇၀)၊ ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၂ နှင့် ၆ (စာမျက်နှာ ၁၀၈-၁၁၀) တို့ကိုလည်း ကြည့်ပါ)။

## သင်ကြားခြင်းနှင့်သင်ယူခြင်း စံသတ်မှတ်ချက် ၃။
## သင်ကြား-သင်ယူမှုဖြစ်စဉ်များ

သင်ကြား-သင်ယူမှုဖြစ်စဉ်များသည် သင်ယူသူကိုဗဟိုပြုသည်၊ ပူးပေါင်းပါဝင်မှုရှိသည်၊ လူတိုင်းအကျုံးဝင်သည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်။)

- သင်ကြားနည်းများသည် သင်ယူသူများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးတိုးတက်မှုအဆင့်၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ စွမ်းဆောင်ရည်များ၊ လိုအပ်ချက်များနှင့် ဆီလျော်သည် (လမ်းညွှန်ချက်မှတ်စု ၁ မှ ၃ ကို ကြည့်ပါ)။
- ဆရာ/မများသည် သင်ယူသူများနှင့် အပြန်အလှန်ဆက်သွယ်သင်ကြားရာတွင် သင်ခန်းစာအကြောင်းအရာကို သေချာစွာသိရှိနားလည်ပြီး သင်ကြားမှုစွမ်းရည်ရှိကြသည် (လမ်းညွှန်ချက်မှတ်စု ၁ မှ ၃ ကိုကြည့်ပါ)။
- သင်ကြား-သင်ယူမှုဖြစ်စဉ်များသည် လူတိုင်းပါဝင်မှုကို အားပေးခြင်း၊ သင်ယူမှုအတားအဆီးများကို လျှော့ချပေးခြင်းဖြင့် မသန်စွမ်းသူများ အပါအဝင် သင်ယူသူအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည် (လမ်းညွှန်ချက်မှတ်စု ၂ ကိုကြည့်ပါ)။
- မိဘများနှင့် ရပ်ရွာခေါင်းဆောင်များသည် သင်ယူမှုအကြောင်းအရာနှင့် အသုံးပြုသောသင်ကြားနည်းများကို သိရှိနားလည်လက်ခံကြသည် (လမ်းညွှန်ချက်မှတ်စု ၃ ကို ကြည့်ပါ)။

## လမ်းညွှန်ချက်မှတ်စုများ

၁။ **တက်ကြွသောပါဝင်ဆောင်ရွက်မှု။** ။ သင်ယူသူများ၏ တက်ကြွသော ပါဝင်ဆောင်ရွက်မှုသည် ဖွံ့ဖြိုးမှုအဆင့်တိုင်း၊ အသက်အရွယ်အဆင့်တိုင်းတွင် အရေးကြီးသည်။ သင်ကြားခြင်းသည် အပြန်အလှန်တုံ့ပြန်မှုရှိပြီး အားလုံး ပူးပေါင်းပါဝင်သင့်သည်။ သင်ယူသူအားလုံးကို သင်ခန်းစာတွင် ပါဝင်လာအောင် ဆောင်ရွက်သည်။ ဖွံ့ဖြိုးတိုးတက်မှုအဆင့်အလိုက် ဆီလျော်သော သင်ကြားခြင်းနှင့် သင်ယူခြင်းနည်းများကို အသုံးပြုသည်။ ယင်းတွင် အုပ်စုဖွဲ့လုပ်ဆောင်ခြင်း၊ လုပ်ငန်းပေးလေ့ကျင့်ခြင်း၊ အသက်အရွယ်တူချင်း သို့မဟုတ် အုပ်စုတူချင်း သင်ကြားခြင်း၊ သရုပ်ဆောင်ခြင်း၊ ပုံပြင် သို့မဟုတ် ဇာတ်လမ်းသရုပ်ဖော်ပြောခြင်း၊ ကစားနည်းများ၊ ဗီဒီယိုဇာတ်လမ်းများ၊ ပုံပြင်များ ပါဝင်သည်။ ဤနည်းလမ်းများကို ဆရာအတတ်သင်သင်တန်း၊ ပြဌာန်းစာအုပ်များနှင့် သင်တန်းအစီအစဉ်များတွင် ထည့်သွင်းသင့်သည်။ လက်ရှိသင်ရိုးညွှန်းတမ်းများကို တက်ကြွသောသင်ယူမှု ဖြစ်ပေါ်စေရန် ပြုပြင်ပေးရန် လိုအပ်နိုင်ပေသည်။

ကလေးငယ်များသည် ကစားခြင်းမှ သင်ယူသည်။ ကလေးတို့၏ သင်ယူခြင်းသည် တက်ကြွသောကစားခြင်းနှင့် အပြန်အလှန်ဆက်သွယ်တုန့်ပြန်ဆောင်ရွက်ခြင်းတို့အပေါ် အခြေခံသင့်သည်။ ဦးဆောင်လမ်းပြမှုဖြင့် ကစားခြင်းသည် ကျွမ်းကျင်မှုကို တည်ဆောက်ပေးနိုင်ပြီး ရွယ်တူချင်းနှင့် လည်းကောင်း၊ ဆရာ/မများနှင့်လည်းကောင်း ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေသည်။ ကလေးငယ်များ၏ မိဘများနှင့် ၎င်းတို့ကိုပြုစုစောင့်ရှောက်သူများအား အောက်ပါတို့ကို နားလည်သိရှိရန်နှင့် အသုံးချနိုင်ရန် ပံ့ပိုးကူညီသင့်သည်။

- ကလေးများ၏ လိုအပ်ချက်များကို တုံ့ပြန်ပေးနိုင်ခြင်းနှင့် သတိပြုနားလည်ခြင်းတို့၏ အရေးပါမှု
- ကလေးပြုစုစောင့်ရှောက်နည်းများ
- ကလေးများကို သင်ယူမှုဖြစ်စဉ်တွင် တက်ကြွစွာ ပါဝင်စေပြီး၊ ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးသည့် ကစားနည်းစနစ်များ။

၂။ **သင်ယူမှုအတားအဆီးများ။** ။ ဆရာ/မများက အရေးပေါ်အခြေအနေကာလအတွင်း ကျောင်းသင်နှင့် ကျောင်းပြင်ပ ပညာရေးဆောင်ရွက်မှု၏ အရေးပါမှုကို မိဘများ၊ ရပ်ရွာလူထု၊ ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ပါဝင်ပတ်သက်သူများအား ရှင်းလင်းပြောပြနိုင်ရန် ၎င်းတို့ကို ပံ့ပိုးကူညီပေးသင့်သည်။ ဆရာ/မများသည် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးမျိုး ကွဲပြားခြားနားခြင်းနှင့် လူတိုင်းအတွက် ပညာရေးအကြောင်း၊ ပညာသင်ယူခွင့် မရရှိသေးသော ကလေးများနှင့်လူငယ်များထံ ပညာရေးလက်လှမ်းမီရေးသည် အရေးကြီးကြောင်းတို့ကို ဆွေးနွေး ပြောဆိုနိုင်သည်။ လူအများက ကလေးတိုင်း ပညာရေးတွင် အကျုံးဝင်ခြင်းကို နားလည်ပြီး၊ ဆီလျော်သော ရင်းမြစ်များနှင့် ပညာရေးအထောက်အကူပစ္စည်းများကို ပံ့ပိုးကူညီပေးလာရန် ဤသို့ ဆွေးနွေးပြောဆိုခြင်းများသည် အရေးကြီးသည်။ သင်ယူမှုအတားအဆီးများကို စိစစ်ဖော်ထုတ်နိုင်ရန်နှင့် ရပ်ရွာလူထုအဆင့်တွင် ယင်းတို့ကို ဖယ်ရှားနိုင်မည့် အစီအစဉ်များကို ရေးဆွဲရန် မိဘဆရာအသင်းများ၊ ကျောင်းစီမံခန့်ခွဲမှုကော်မတီနှင့် ရပ်ရွာလူထုပညာရေးကော်မတီ ကဲ့သို့သော အဖွဲ့များကို စည်းရုံးဆော်ဩနိုင်သည် (ပညာသင်ယူခွင့်နှင့်သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၇ (စာမျက်နှာ ၅၉) ကိုလည်း ကြည့်ပါ)။

၃။ **ဆီလျော်သောသင်ကြားနည်းများ။** ။ အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ရေးကာလအတွင်း ပညာရေးသည် ကျောင်းသင်ပညာရေးစနစ်ရှိ ဆရာ/မများအား အပြုသဘောဆောင်သော ပြောင်းလဲမှုများကို ဖြစ်စေသည့် အခွင့်အလမ်းပေးသင့်သည်။ သင်ယူသူတို့၏ အခွင့်အရေးများ၊ လိုအပ်ချက်များ၊ အသက်အရွယ်၊ မသန်စွမ်းမှုနှင့် သင်ယူသူတို့၏ စွမ်းဆောင်ရည်များ၊ ဆက်စပ်အခြေအနေနှင့် ဆီလျော်မှုရှိစေရန် သင်ကြားနည်းများကို ပြောင်းလဲရန် လိုအပ်နိုင်သည်။ သို့သော် ပိုမိုပါဝင်ဆောင်ရွက်နိုင်သော သို့မဟုတ် သင်ယူပျော်သင်ကြားနည်းများကို ဂရုတစိုက်နှင့် သတိထားပြီးအသုံးပြုရန် လိုအပ်သည်။ အထူးသဖြင့် အရေးပေါ်အခြေအနေ အစောပိုင်းကာလတွင် သင်ကြားနည်းသစ်များကို အကောင်အထည်ဖော်ခြင်းသည် အတွေ့အကြုံရင့်ကျက်သူ ဆရာ/မများအတွက်ပင်လျှင် ဖိစီးမှုဖြစ်စေနိုင်သည်။ ယင်းဖိစီးမှုသည် သင်ယူသူများ၊ မိဘများနှင့် ရပ်ရွာလူထုအဖွဲ့ဝင်များကိုလည်း သက်ရောက်မှု ရှိနိုင်သည် (INEE Toolkit: **www.ineesite.org/toolkit** တွင် ရနိုင်သော INEE*သင်ကြားခြင်းနှင့် သင်ယူခြင်းဆိုင်ရာ လမ်းညွှန်ချက်မှတ်စုများ*ကိုလည်း ကြည့်ပါ)။

ပြောင်းလဲမှုများကို ပညာရေးဆိုင်ရာတာဝန်ရှိသူများ၏ ထောက်ခံမှု၊ ညှိနှိုင်းပံ့ပိုးကူညီမှုတို့ဖြင့် စတင်သင့်သည်။ ကျောင်းများနှင့် ရပ်ရွာလူထုအနေဖြင့် ဤပြောင်းလဲမှုများကို နားလည်နိုင်ရန်နှင့် လက်ခံနိုင်ရန်မှာ အချိန်ယူရမည်ဖြစ်သည်။ မိဘများနှင့် ရပ်ရွာလူထု၏ စိုးရိမ်မှုကို အရေးထား၍ ဖြေကြားရှင်းလင်းပေးသင့်သည်။ ဆရာ/မများသည် သင်ယူမှုအကြောင်းအရာအသစ်များ၊ ၎င်းတို့မျှော်မှန်းထားသည့် ပြောင်းလဲမှုများနှင့် ရင်းနှီးကျွမ်းဝင်ရန် လိုအပ်သည်။

ကျောင်းပြင်ပ ပညာရေး ဆောင်ရွက်ရာတွင် သင်တန်းပေးခြင်း၊ စေတနာ့ဝန်ထမ်းများ၊ အကောင်အထည်ဖော်သူများ၊ နည်းပြများနှင့် ပြုစုစောင့်ရှောက်သူများကို စဉ်ဆက်မပြတ်ပံ့ပိုးကူညီခြင်းဖြင့် သင်ယူသူဗဟိုပြုနည်းလမ်းများကို စတင် အသုံးပြုနိုင်သည်။ သင်ပြနည်းများသည် သင်ရိုးညွှန်းတမ်းများနှင့် ဆီလျော်မှုရှိသင့်ပြီး အရေးအဖတ်၊ အတွက်အချက်နှင့် အရေးပေါ်ကာလနှင့် ကိုက်ညီသော ဘဝတွက်တာကျွမ်းကျင်စရာများ အပါအဝင် အခြေခံပညာရေး၏ ပင်မကျွမ်းကျင်တတ်မြောက်မှုများ ရရှိအောင် ဆောင်ရွက်သင့်သည် (သင်ကြားခြင်းနှင့်သင်ယူခြင်းစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၇၉) ကို ကြည့်ပါ)။

## သင်ကြားခြင်းနှင့်သင်ယူခြင်း စံသတ်မှတ်ချက် ၄။ သင်ယူမှုရလဒ်များကို စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုရလဒ်များကို အကဲဖြတ်ရန်နှင့် ခိုင်လုံမှုရှိကြောင်း အထောက်အထားပြရန်အတွက် ဆီလျော်သောနည်းများကို အသုံးပြုသည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်။)

- ချမှတ်ထားသော ရည်ရွယ်ချက်များနှင့်ပတ်သက်၍ သင်ယူသူများ၏ တိုးတက်မှုကို စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ကြားနည်းများ၏ ထိရောက်မှုကို သိစေနိုင်သည် (လမ်းညွှန်ချက်မှတ်စု ၁ ကို ကြည့်ပါ)။
- သင်ယူသူများ၏ တတ်မြောက်မှုကို အသိအမှတ်ပြုပြီး သင်ခန်းစာများတက်ရောက်သင်ယူခဲ့ကြောင်းမှတ်တမ်း သို့မဟုတ် သင်ယူမှုပြီးမြောက်ကြောင်းလက်မှတ်ကို ၄င်းတို့၏ သင်ယူမှုအလိုက် ပေးအပ်သည် (လမ်းညွှန်ချက်မှတ်စု ၂ ကို ကြည့်ပါ)။
- စက်မှုလက်မှုနှင့် သက်မွေးပညာရေးအစီအစဉ်များဖြင့် သင်တန်းပြီးမြောက်အောင်မြင်ထားသူများကို ပြောင်းလဲနေသော ပတ်ဝန်းကျင်အရ အရည်အသွေးနှင့် ဆီလျော်ဆက်စပ်မှုအပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်သည် (လမ်းညွှန်ချက်မှတ်စု ၂ ကိုကြည့်ပါ)။
- သင်ယူသူများအတွက် မျှတမှုရှိ၍ ယုံကြည်ကိုးစားနိုင်ပြီး၊ စိုးရိမ်ကြောက်ရွံ့ကင်းစေသော စစ်ဆေးအကဲဖြတ်နည်းများကို ထည့်သွင်းစဉ်းစားသည် (လမ်းညွှန်ချက်မှတ်စု ၃ ကို ကြည့်ပါ)။
- စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူသူများ၏ အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သည့် ပညာရေး၊ စီးပွားရေးဆိုင်ရာ လိုအပ်ချက်များနှင့် ဆီလျော်မှုရှိသည် (လမ်းညွှန်ချက်မှတ်စု ၄ ကိုကြည့်ပါ)။

## လမ်းညွှန်ချက်မှတ်စုများ

၁။ **ထိရောက်သော စစ်ဆေးအကဲဖြတ်နည်းများနှင့်တိုင်းတာမှုများ။** ။ ထိရောက်သော စစ်ဆေးအကဲဖြတ်နည်းများနှင့် တိုင်းတာမှုများကို စတင်အသုံးပြုသင့်ပြီး အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။

- ဆီလျော်မှု- စစ်ဆေးခြင်းများနှင့် စာမေးပွဲများသည် သင်ယူမှုပတ်ဝန်းကျင်အခြေအနေ၊ သင်ယူသူများ၏ အသက်အရွယ်တို့နှင့် ဆီလျော်မှုရှိသည် (လမ်းညွှန်ချက်မှတ်စု ၄ ကိုလည်း ကြည့်ပါ)။
- အလားတူအကဲဖြတ်နည်းများတပြေးညီမှု- နေရာဒေသအားလုံးရှိ ဆရာ/မများအားလုံးက အကဲဖြတ်နည်းများကို သိရှိနားလည်ပြီး အလားတူ နည်းလမ်းများကိုအသုံးပြုကြသည်။
- အခွင့်အလမ်း- စစ်ဆေးအကဲဖြတ်ခံရန် ပျက်ကွက်ခဲ့သော သင်ယူသူများကို နောက်တစ်ကြိမ် အခွင့်အလမ်းပေးသည်။
- အချိန်ကာလ- စစ်ဆေးအကဲဖြတ်ခြင်းကို သင်ကြားပို့ချစဉ်နှင့် ပို့ချအပြီးတွင် ပြုလုပ်သည်။
- အကြိမ်- အရေးပေါ်အခြေအနေ၏သက်ရောက်မှုပေါ်မူတည်၍ သတ်မှတ်နိုင် သည်။
- ဘေးကင်းလုံခြုံပြီး သင့်လျော်သောနေရာ- စနစ်တကျ စစ်ဆေးအကဲဖြတ်ခြင်းများကို ဘေးကင်းလုံခြုံသော နေရာများတွင် ပညာရေးဆိုင်ရာပုဂ္ဂိုလ်များက စီစဉ်ဆောင်ရွက်သည်။
- ပွင့်လင်းမြင်သာခြင်း- စစ်ဆေးအကဲဖြတ်ခြင်းရလဒ်များကို သင်ယူသူများနှင့်လည်းကောင်း၊ ကလေးများဖြစ်လျှင် ၄င်းတို့၏ မိဘများနှင့်လည်းကောင်း အသိပေးဆွေးနွေးတိုင်ပင်သည်။ ဖြစ်နိုင်ခြေရှိပြီး ဆီလျော်မှုရှိလျှင် ပြင်ပစစ်ဆေးသူများကို အဓိကအဆင့် စစ်ဆေးအကဲဖြတ်ခြင်းအတွက် အသုံးပြုနိုင်သည်။
- မသန်စွမ်းသင်ယူသူများအတွက် စီစဉ်ပေးခြင်း- အချိန်ကိုပို၍ သတ်မှတ်ပေးသည်။ ၄င်းတို့၏ ကျွမ်းကျင်မှုများနှင့် နားလည်သဘောပေါက်မှုများကို ပြသနိုင်မည့် အခြားဆီလျော်သော နည်းလမ်းများဖြင့် စစ်ဆေးအကဲဖြတ်သည်။ (INEE Toolkit: **www.ineesite.org/toolkit** တွင် INEE အိတ်ဆောင်လမ်းညွှန်ဖြစ်သည့် *Supporting Learning for People with Disabilities* ကိုလည်းကြည့်ပါ)။

၂။ **စစ်ဆေးအကဲဖြတ်မှုရလဒ်များ။** ။ ကျောင်းသင်ပညာရေးအစီအစဉ်များတွင် သင်ယူသူများ၏ တတ်မြောက်မှုနှင့် စာမေးပွဲရလဒ်များကို ပညာရေးဆိုင်ရာတာဝန်ရှိသူများက အသိအမှတ်ပြုရန် စစ်ဆေးအကဲဖြတ်ခြင်းကို ဆောင်ရွက်သည်။ ဒုက္ခသည်များအတွက်မူ မူရင်းတိုင်းပြည် သို့မဟုတ် လက်ခံတိုင်းပြည်/ ယင်းတို့ခိုလှုံရာဒေသရှိ ပညာရေးဆိုင်ရာ တာဝန်ရှိသူများ၏ အသိအမှတ်ပြုမှုကို ရရှိရန် ကြိုးပမ်းဆောင်ရွက်သင့်သည်။ စက်မှုလက်မှုနှင့် သက်မွေးပညာ သင်တန်းများအတွက်မူ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် ပံ့ပိုးကူညီသူများက ဆောင်ရွက်သင့်သည်။ သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု စာရွက်စာတမ်းများတွင် ဒီပလိုမာအောင်လက်မှတ်နှင့် ဘွဲ့လက်မှတ်များအကျုံးဝင်သည်။

၃။ **စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာကျင့်ဝတ်။** ။ စစ်ဆေးအကဲဖြတ်ခြင်းကို ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သင့်သည်။ ဆိုလိုသည်မှာ စစ်ဆေးအကဲဖြတ်ခြင်းများသည် မျှတမှုရှိသင့်သည်၊ ယုံကြည်ကိုးစားမှု ရှိသင့်သည်၊ စိုးရိမ်ကြောင့်ကြမှုများကို နည်းစေသင့်သည်။ စိတ်ထိခိုက်နာကျင်မှုများကို မဖြစ်ပွားစေသင့်ပါ။ ကျောင်းတွင် သို့မဟုတ် အစီအစဉ်တွင် သင်ယူသူများအား အမှတ်ကောင်းရရန်၊ အဆင့်တိုးရန် အပေးအယူလုပ်ခြင်းတို့ဖြင့် မနှောင့်ယှက်သင့်ပါ။ ဤအခြေအနေများနှင့် ကိုက်ညီမှုရှိစေရန် ကြီးကြပ်သူများနှင့် ရပ်ရွာလူထု၏ ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်း အပါအဝင် စစ်ဆေးကြီးကြပ်ခြင်းက အထောက်အကူဖြစ်စေနိုင်သည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက် ၄ နှင့် ၉ (စာမျက်နှာ ၆၃-၆၄နှင့် ၆၆) ကိုလည်း ကြည့်ပါ)။

၄။ **ဆီလျော်မှုရှိခြင်း။** ။ စစ်ဆေးအကဲဖြတ်သည့် အကြောင်းအရာနှင့် လုပ်ငန်းစဉ်သည် သင်ကြားထားသော အကြောင်းအရာများနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိသင့်သည်။ သင်ရိုးညွှန်းတမ်းပေါ်အခြေခံ၍ သင်ယူမှုရည်ရွယ်ချက်များနှင့် တတ်မြောက်မှုဆိုင်ရာ သတ်မှတ်ချက်များကို ချမှတ်သင့်သည်။ ဖြစ်နိုင်လျှင် စစ်ဆေးအကဲဖြတ်ခြင်းများကို စံသတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းထက် သင်ကြားထားသော အကြောင်းအရာကို ထင်ဟပ်စေရန် ပြင်ဆင်သင့်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် သင်ကြားခြင်းကွာဟချက်ထက် အမှန်တကယ်သင်ယူမှုကို ထင်ဟပ်စေနိုင်မည်ဖြစ်သည်။

ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များသည် ဆီလျော်မှုရှိပြီး အသုံးပြုရန်လွယ်ကူသော စစ်ဆေးအကဲဖြတ်ခြင်း ကိရိယာနှင့် နည်းများကို အသုံးပြုသင့်သည်။ စစ်ဆေးအကဲဖြတ်မှု ကိရိယာများကို အသုံးပြုရာတွင် ကူညီလမ်းညွှန်မှုနှင့် သင်တန်းပေးခြင်းများရှိပါက ပိုမိုအကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည်။ သင်ကြားခြင်း၏ထိရောက်မှု၊ သင်ယူခြင်း၏တိုးတက်မှုတို့ကို စစ်ဆေးအကဲဖြတ်ရာတွင် ရပ်ရွာလူထုက ကူညီနိုင်သည်။ အထူးသဖြင့် ဤသို့ပြုလုပ်ခြင်းသည် ကျောင်းသားဦးရေများသော အတန်းများ၊ သို့မဟုတ် အတန်းစုံရှိသော စာသင်ခန်းများအတွက် အကျိုးရှိနိုင်သည်၊ သို့မဟုတ် သင်ယူသူများအတွက် တစ်ဦးချင်းအာရုံစိုက်မှု ပိုမိုလိုအပ်သောအခါများတွင် အကျိုးရှိနိုင်မည်ဖြစ်သည်။

**ဤစံသတ်မှတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းလမ်းအကူအညီ အတွက် INEE Toolkit:** www.ineesite.org/toolkit **ကိုကြည့်ပါ။**

| INEE Toolkit | INEE Toolkit |
|---|---|
| ↳ INEE Minium Standards<br>↳Implementation Tools<br>↳Teaching and Learning | ↳ Guidance Notes on Teaching and Learning<br>↳ Resorce Pack on Teaching and Learning |

# ၄

# ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များ

# အခြေခံစံသတ်မှတ်ချက်များ-
# ရပ်ရွာလူထုပူးပေါင်းပါဝင်မှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ စိစစ်ပိုင်းခြားမှု

## ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ

### စံသတ်မှတ်ချက် ၁-
### ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း

သင့်လျော်သော အရည်အချင်းရှိသည့် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များကို အရေအတွက် လုံလောက်စွာ ရွေးချယ်ခန့်ထားသည်။ ဤသို့ ရွေးချယ်ခန့်ထားရာတွင် လူမျိုး၊ ဘာသာစသည်ဖြင့် ကွဲပြားခြားနားမှုရှိနိုင်ခြင်းနှင့် ညီညွတ်မျှတမှုရှိစေခြင်းအချက်များကို ထင်ဟပ်သည့် ရွေးချယ်မှုစံသတ်မှတ်ချက်များအပေါ် အခြေခံပြီး၊ ပူးပေါင်းပါဝင်၍ ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်သည်။

### စံသတ်မှတ်ချက် ၂-
### လုပ်ငန်းခွင်အနေအထားများ

ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များသည် သတ်မှတ်ထားသော လုပ်ငန်းခွင်အခြေအနေများကို ရှင်းလင်းစွာ သိရှိထားပြီး သင့်လျော်သော နစ်နာကြေးရခွင့်ရှိကြသည်။

### စံသတ်မှတ်ချက် ၃-
### ပံ့ပိုးကူညီခြင်းနှင့် ကြီးကြပ်ခြင်း

ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအတွက် ပံ့ပိုးကူညီခြင်းနှင့် ကြီးကြပ်ခြင်း ယန္တရားသည် ထိရောက်စွာ လည်ပတ်လျက်ရှိသည်။

ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များသည် အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ခြင်းကာလအထိ တစ်လျှောက်လုံး ကလေးများနှင့် လူငယ်များ၏ ပညာရေးလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။ ထိုသူတို့တွင် တက္ကသိုလ်ဘွဲ့ရ အစိုးရအမှုထမ်းများမှသည် ကျောင်းပညာအခြေခံ နည်းပါးသည့် ရပ်ရွာလူထုအခြေပြု ပညာသင်ပေးသူများ သို့မဟုတ် စေတနာ့ဝန်ထမ်းများအထိ အတတ်ပညာအခြေအနေ အမျိုးမျိုးဖြစ်နိုင်သည်။ 'ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ' ဟုဆိုရာတွင်

- ဆရာ/မများနှင့် ၎င်းတို့ကိုကူညီပေးသူ စာသင်ခန်းလက်ထောက်များ
- ကလေးသူငယ်ပြုစုစောင့်ရှောက်သူများ သို့မဟုတ် မူကြိုဆရာ/မများ
- မသန်စွမ်းသူများကို ပညာသင်ပေးသူများ
- ဘာသာရပ်ကျွမ်းကျင်သူများနှင့် သက်မွေးပညာလေ့ကျင့်သင်ကြားပေးသူများ
- ကလေးပျော်နေရာများတွင် ကူညီပံ့ပိုးပေးသူများ
- ရပ်ရွာလူထုစေတနာ့ဝန်ထမ်းများ၊ ဘာသာရေးဆိုင်ရာများကို သင်ကြားပေးသူများနှင့် ဘဝတွက်တာကျွမ်းကျင်စရာ သင်ကြားပေးသူများ
- ကျောင်းအုပ်ကြီးများ၊ ကျောင်းကြီးကြပ်သူများနှင့် အခြားပညာရေးဝန်ထမ်းများ ပါဝင်သည်။

ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ တာဝန်ဝတ္တရားများသည် ပညာရေးအမျိုးအစား (ကျောင်းသင် သို့မဟုတ် ကျောင်းပြင်ပ ပညာရေး)နှင့် သင်ယူမှုပတ်ဝန်းကျင် အမျိုးအစားအပေါ် မူတည်သည်။ အရေးပေါ်အခြေအနေအတွက် ပညာရေးစီမံချက်များကို စီစဉ်ရာတွင် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များက ပူးပေါင်းပါဝင်ကာ ဆုံးဖြတ်ချက်ချခြင်းနှင့် ၎င်းတို့ကိုယ်တိုင် အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းတို့သည် အရေးကြီးသည်။

ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအား စိစစ်သတ်မှတ်ခြင်း၊ အင်အားဖြည့်တင်း အလုပ်ခန့်အပ်ခြင်းနှင့် ရွေးချယ်ခန့်ထားခြင်းများပြုလုပ်ရာတွင် ခွဲခြားမှု မရှိသင့်ဘဲ ပူးပေါင်းပါဝင်မှုနှင့် ပွင့်လင်းမြင်သာမှုရှိသင့်သည်။ ကျား/မ အချိုးမျှတမှုရှိရန်နှင့် ရပ်ရွာလူထုအား ကိုယ်စားပြုခြင်းများ လိုအပ်သည်။ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များတွင် ဆီလျော်ဆက်စပ်မှုရှိသော အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများရှိသင့်ပြီး၊ သင့်လျော်သော အကျိုးခံစားခွင့်ရရှိသင့်သည်။ ဆရာ/မများသည် ဆရာ/မများအဖွဲ့အစည်းသို့ ဆက်သွယ်ဝင်ရောက်ရန် သို့မဟုတ် ဖွဲ့စည်းရန် စသည့် ကိစ္စရပ်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သင့်သည်။ ဘေးဒဏ်ခံ ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင် အကြံဉာဏ်ရယူခြင်းဖြင့် လုပ်ငန်းကျင့်ဝတ်များ၊ တာဝန်နှင့်ဝတ္တရားများ၊ လုပ်ငန်းကြီးကြပ်မှုပုံစံများ၊ လုပ်ငန်းခွင်အနေအထားများ၊ ကန်ထရိုက် သဘောတူညီချက်များ၊ စာချုပ်စာတမ်းများ၊ နစ်နာကြေး၊ လုပ်ခလစာနှင့် ခံစားခွင့်စသည့် ကိစ္စရပ်များကို အကောင်းဆုံးစီစဉ်နိုင်ပါသည်။

အခက်အခဲအကျပ်အတည်းအခြေအနေများတွင် ရင်ဆိုင်ဖြေရှင်းနိုင်ရန်၊ ပြန်လည်ထူထောင်နိုင်ရန်နှင့် ပုံမှန်ပြန်ဖြစ်နိုင်ရန် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအနေဖြင့် ပံ့ပိုးကူညီမှုများ လိုအပ်ပေသည်။ အရေးပေါ်အခြေအနေများမှ ပြန်လည်ထူထောင်ရေးကာလတစ်လျှောက်ရှိ ပညာရေးသည် ကလေးများ၊ လူငယ်များနှင့် ရပ်ရွာလူထုအား ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်မည့် အသက်ကယ်နိုင်သည့် သတင်းအချက်အလက်များ၊ ပညာသင်ယူခွင့်များ၊ လူမှုရေးပံ့ပိုးကူညီမှုများကို ပေးခြင်းဖြင့် ခံနိုင်ရည် ပိုမိုရရှိလာစေသည်။ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များသည် အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ရေးကာလတစ်လျှောက်လုံး ပညာရေးတွင် မရှိမဖြစ် အရေးပါသော ပါဝင်ကူညီသူများဖြစ်သည်။ ထိုသူတို့ကိုယ်တိုင်တွင်လည်း ကူညီပံ့ပိုးမှုနှင့် လမ်းညွှန်မှုရရှိရန် အခွင့်အရေးရှိသည်။

## ဆရာ/မများနှင့်အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၁။ ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း

သင့်လျော်သော အရည်အချင်းရှိသည့် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များကို အရေးအတွက် လုံလောက်စွာ ရွေးချယ်ခန့်ထားသည်။ ဤသို့ ရွေးချယ်ခန့်ထားရာတွင် လူမျိုးဘာသာစသည်ဖြင့် ကွဲပြားခြားနားမှုရှိနိုင်ခြင်းနှင့် ညီညွတ်မျှတမှုရှိစေခြင်းအချက်များကို ထင်ဟပ်သည့် ရွေးချယ်မှုစံသတ်မှတ်ချက်များအပေါ် အခြေခံပြီး၊ ပူးပေါင်းပါဝင်၍ ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်သည်။

### အဓိကလုပ်ငန်းများ (လမ်းညွှန်ချက်မှတ်စုများဖြင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်)

- ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း လုပ်ငန်းစဉ်မစမီ ရှင်းလင်းဆီလျော်ပြီး ခွဲခြားမှုမရှိသော အလုပ်တာဝန်ဖော်ပြချက်များနှင့် လမ်းညွှန်ချက်များ ပြုစုထားသည် (လမ်းညွှန်ချက်မှတ်စု ၁ ကို ကြည့်ပါ)။
- ရွေးချယ်ရေးကော်မတီက ရပ်ရွာလူထု၏လက်ခံမှု၊ ကျား-မအချိုးမျှတမှု၊ လူမျိုး၊ ဘာသာ ကွဲပြားခြားနားမှု စသည့် အချက်တို့ကို ထည့်သွင်းစဉ်းစားလျက်၊ ပွင့်လင်းမြင်သာသော စံသတ်မှတ်ချက်များနှင့် ကျွမ်းကျင်တတ်မြောက်မှုများ စစ်ဆေးခြင်းတို့ကို အခြေခံပြီး ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များကို ရွေးချယ်သည်။
- ပုံမှန်ထက် သင်ယူသူပိုများသော စာသင်ခန်းများ မဖြစ်စေရန် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များကို အရေအတွက် လုံလောက်စွာ ခန့်ထားပြီး တာဝန်ခွဲဝေချထားသည် (လမ်းညွှန်ချက် မှတ်စု ၅ ကို ကြည့်ပါ) ။

### လမ်းညွှန်ချက်မှတ်စုများ

**၁။ အလုပ်တာဝန်ဖော်ပြချက်များ။** ။ အလုပ်တာဝန်ဖော်ပြချက်များကို ကျား-မ၊ တိုင်းရင်းသားလူမျိုး၊ ဘာသာရေး၊ မသန်စွမ်းမှုနှင့် အခြားကွဲပြားခြားနားချက်များပေါ် အခြေခံပြီး ခွဲခြားပြုစုထားခြင်း မရှိပါ။ ဤဖော်ပြချက်များတွင် အနိမ့်ဆုံးအားဖြင့်-

- တာဝန်များနှင့် ဝတ္တရားများ
- ရှင်းလင်းတိကျသော အစီရင်ခံရန်လမ်းကြောင်း
- လုပ်ငန်းကျင့်ဝတ်များ ပါဝင်သည်။

(ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၂၊ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၉၈) ကိုလည်း ကြည့်ပါ)။

**၂။ အတွေ့အကြုံနှင့်အရည်အချင်းများ။** ။ အသိအမှတ်ပြု အထောက်အထားလက်မှတ်များရှိသည့် အရည်အချင်းရှိသူ ဆရာ/မများအား ခန့်အပ်ရန် အရေးကြီးသည်။ ဆရာ/မများသည် သင်ယူသူများအား လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးနိုင်ရန်နှင့် မသန်စွမ်းသင်ယူသူများအား သင်ကြားတတ်ရန် ကျွမ်းကျင်မှုများ လိုအပ်သည်။ အရေးပေါ်အခြေအနေကြောင့် အရည်အချင်းဆိုင်ရာ အထောက်အထားလက်မှတ်များ အခြားစာရွက်စာတမ်းများကို မပြနိုင်လျှင် ထိုသူတို့၏ သင်ကြားမှုစွမ်းရည်ကို စစ်ဆေးအကဲဖြတ်သင့်သည်။ အရည်အသွေးပြည့်မီသည့် ဆရာ/မ အလုံအလောက်မရှိလျှင် သင်ကြားမှု အတွေ့အကြုံအနည်းငယ်ရှိသူ သို့မဟုတ် လုံးဝမရှိသူတို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထိုသို့သော ဆရာ/မများအား သူတို့၏ ပညာရေးအဆင့်နှင့် သင်ကြားမှု အတွေ့အကြုံအပေါ်မူတည်၍ သင်တန်းများပေးရန် လိုအပ်သည်။

ဖြစ်နိုင်လျှင် သင်ယူသူများ၏ မိခင်ဘာသာစကား(များ)ကို ပြောဆိုသူ ဆရာ/မများကို ရွေးချယ်ခန့်ထားသင့်သည်။ လိုအပ်လျှင်၊ ဆီလျော်လျှင် အိမ်ရှင်နိုင်ငံ၏ ဘာသာစကား (များ) တတ်မြောက်ရန် အနီးကပ်သင်တန်းများ ပေးသင့်သည်။ (သင်ကြားခြင်းနှင့်သင်ယူခြင်းစံသတ်မှတ် ၁၏ လမ်းညွှန်ချက်မှတ်စု ၇ (စာမျက်နှာ ၈၁) ကိုလည်း ကြည့်ပါ)။

အချို့အခြေအနေများတွင် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအား ကျား-မ အရေးအတွက်ညီမျှမှုကို ထည့်သွင်းစဉ်းစား အလုပ်ခန့်အပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်နိုင်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဝန်ထမ်းရွေးချယ်ခန့်ထားရေးကော်မတီနှင့် ဆွေးနွေးတိုင်ပင်ပြီး ဝန်ထမ်းရွေးချယ်ရေး စံသတ်မှတ်ချက်များကို ပြင်ဆင်ခြင်းများ ပါဝင်နိုင်သည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားနှင့် လူ့အခွင့်အရေးသဘောတူညီချက်များ၊ ဥပဒေများနှင့် စည်းမျဉ်းများအရ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များများ၏ အနိမ့်ဆုံး အသက်အရွယ်သည် (၁၈) နှစ် ရှိသင့်သည်။ ရံဖန်ရံခါ ယင်းအသက်ထက် ပိုငယ်သူများကို ကူညီပံ့ပိုးသူ၊ လက်ထောက်ဆရာ/မများအဖြစ် အလုပ်ခန့်ထားရန် လိုအပ်နိုင်သည်။

၃။ **ဆရာ/မများရွေးချယ်ခြင်းအတွက်စံသတ်မှတ်ချက်များ။** ။ ဆရာ/မများရွေးချယ်ရာတွင် အောက်ပါ အရည်အချင်း သတ်မှတ်ချက်များ ပါဝင်နိုင်သည်။

အတတ်ပညာဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်များ

- ပညာရေးနောက်ခံအခြေအနေ
- သင်ကြားခြင်းအတွေ့အကြုံ (မသန်စွမ်းကလေးများအား သင်ကြားခဲ့ခြင်း အပါအဝင်)
- ကလေးများနှင့် လူငယ်များ၏ လူမှုစိတ်ပိုင်းဆိုင်ရာလိုအပ်ချက်ကို သိမြင်လွယ်ခြင်း
- သက်မွေးပညာ သို့မဟုတ် အခြားအတတ်ပညာကျွမ်းကျင်မှုနှင့် အတွေ့အကြုံများ
- ဆီလျော်သော ဘာသာစကားတတ်ကျွမ်းမှု၊ ယင်းတွင် ရပ်ရွာတွင်သုံးသည့် သင်္ကေတပြ ဘာသာစကားဆိုင်ရာ ဗဟုသုတနှင့် 'ဘရေး'မျက်မမြင်စာများ ပါဝင်နိုင်သည်။

ပုဂ္ဂိုလ်ရေးပိုင်းဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်များ

- အသက်နှင့် ကျား-မ (ကျား-မ အရေးအတွက်ညီမျှမှု အလေးထားရန်)
- သည်းခံနိုင်ခြင်း
- လူမျိုးနှင့်ဘာသာရေးနောက်ခံ
- ရပ်ရွာလူထု၏ အသွင်အမျိုးမျိုး ကွဲပြားခြားနားမှုများ- ယင်းတွင် ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း လုပ်ငန်းစဉ်ကို ထိခိုက်လာနိုင်သော လူမှုရေးတင်းမာမှုများနှင့် အချိန်ကြာမြင့်စွာ တည်ရှိနေသော မညီမျှမှုများကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည် (သင်ကြားခြင်းနှင့်သင်ယူခြင်း စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၈ (စာမျက်နှာ ၈၁-၈၂) ကိုလည်း ကြည့်ပါ)။

အခြားအရည်အချင်းသတ်မှတ်ချက်များ

ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များသည် ရပ်ရွာလူထုနှင့် အပြန်အလှန် ဆက်သွယ်မှုပြုလုပ်သင့်ပြီး ရပ်ရွာက လက်ခံသူများဖြစ်ရန် လိုအပ်သည်။ ဘေးဒဏ်ခံ ရပ်ရွာလူထုတွင်းမှ ဆရာ/မများများသည် ရပ်ရွာတွင်းကြုံတွေ့နေသော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးကိစ္စများအပေါ် သိရှိနားလည်ထားမှုကြောင့် ဖြစ်နိုင်ပါက ၄င်းတို့ကို အဓိကထားပြီး ရွေးချယ်သင့်သည်။ ရပ်ရွာလူထုပြင်ပမှ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များကို ရွေးချယ်ခန့်ထားလျှင် သယ်ယူပို့ဆောင်ရေးနှင့် နေထိုင်ရေးစရိတ်စသည့် နစ်နာကြေးများကို ထည့်သွင်းစဉ်းစားရန် လိုသည်။ ဒုက္ခသည် သို့မဟုတ် ဒေသရွှေ့ပြောင်း နေရာချထားခံရသူများအတွက် စီစဉ်ထားသော သင်ယူမှုတည်နေရာဖြစ်လျှင် ၄င်းတို့ကို လက်ခံပေးသော ရပ်ရွာလူထုထဲမှ အရည်အချင်းပြည့်မီသော ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များကို ငှားရမ်းခန့်ထားခြင်းဖြင့် ဆက်ဆံရေး ပိုမိုကောင်းမွန်နိုင်သည် (INEE Toolkit: **www.ineesite.org/toolkit** တွင်ရနိုင်သော *INEE Guidance Notes on Teacher Compensation* ကိုလည်း ကြည့်ပါ)။

၄။ **ရည်ညွှန်းထောက်ခံပေးသူများ။** ။ သင်ယူသူများအတွက် အရည်အသွေးရှိသော သင်ကြားမှုရရှိနိုင်စေရန် ဖြည့်တင်းခန့်အပ်မည့် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအား ရည်ညွှန်းထောက်ခံပေးသူများကို ဖြစ်နိုင်လျှင် စစ်ဆေးသင့်သည်။

၅။ **စာသင်ခန်းရှိကျောင်းသားကျောင်းသူအရေအတွက်။** ။ မသန်စွမ်းသူများအပါအဝင် ကလေးများနှင့်လူငယ်များအားလုံးကို ထည့်သွင်းစဉ်းစားပြီး စာသင်ခန်းတွင်ရှိသင့်သည့် ကျောင်းသားကျောင်းသူ အရေအတွက်ကို လက်တွေ့ကျစွာ သတ်မှတ်ရန် အရေးကြီးသည်။ လုံလောက်သော ဆရာ-တပည့်အချိုးရှိရန်အတွက် ဆရာ/မ အရေအတွက် အလုံအလောက် ခန့်ထားသင့်သည်။ ပါဝင်ပတ်သက်သူများသည် နိုင်ငံတော်နှင့် ရပ်ရွာ၏ ဆရာ-တပည့်အချိုးဆိုင်ရာ စံသတ်မှတ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုသည်။ အချို့ကိစ္စရပ်များ၌ လူသားချင်းစာနာမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဖွဲ့အစည်းများတွင် ဆရာ-တပည့်အချိုးနှင့် ပတ်သက်ပြီး ၎င်းတို့၏ ကိုယ်ပိုင်စံသတ်မှတ်ချက်များ ရှိနိုင်သည်။ အများအားဖြင့် ဆရာတစ်ဦးလျှင် တပည့် ၄၀ အချိုးကို အသိအမှတ်ပြု ထောက်ခံထားသည်။ သို့သော် ပါဝင်ပတ်သက်သူများအနေဖြင့် ရပ်ရွာနှင့်ဆီလျော်ပြီး လက်တွေ့ကျသော ဆရာ-တပည့်အချိုးကို သုံးသပ်ဆုံးဖြတ်နိုင်ပါသည် (နိဒါန်းပိုင်း (စာမျက်နှာ ၁၄-၁၅) ရှိ အနိမ့်ဆုံးစံသတ်မှတ်ချက်များကို ဆက်စပ်ကိုက်ညီမှုရှိအောင်ပြုလုပ်ခြင်း ဥပမာများနှင့် (စာမျက်နှာ ၇၄-၉၀)ရှိ သင်ကြားခြင်းနှင့်သင်ယူခြင်း စံသတ်မှတ်ချက်များကိုလည်း ကြည့်ပါ)။

## ဆရာ/မများနှင့်အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၂။ လုပ်ငန်းခွင်အနေအထားများ

ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များသည် သတ်မှတ်ထားသော လုပ်ငန်းခွင်အခြေအနေများကို ရှင်းလင်းစွာ သိရှိထားပြီး သင့်လျော်သော နစ်နာကြေးရရှိကြသည်။

### **အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်)

- နစ်နာကြေးပေးသည့်စနစ်များ၊ လုပ်ငန်းခွင်အနေအထားများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများ အားလုံးအကြား ညှိနှိုင်းဆောင်ရွက်သည် (လမ်းညွှန်ချက်မှတ်စု ၁ နှင့် ၂ ကို ကြည့်ပါ)။
- နစ်နာကြေးနှင့် လုပ်ငန်းခွင်အနေအထားများကို သဘောတူညီချက်များထဲတွင် ဖော်ပြထားပြီး နစ်နာကြေးကို မှန်မှန် ပေးသည် (လမ်းညွှန်ချက်မှတ်စု ၂ ကို ကြည့်ပါ)။
- ဆရာ/မများနှင့်အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအား လုပ်ငန်းခွင်အနေအထားသတ်မှတ်ချက်များကို ညှိနှိုင်းဆွေးနွေးခွင့် ပြုထားသည်။
- ရှင်းလင်းတိကျသော အကောင်အထည်ဖော်ဆောင်ရွက်မှု လမ်းညွှန်ချက်များ အပါအဝင် လုပ်ငန်းကျင့်ဝတ်များ ရှိနေပြီး ယင်းတို့ကို ကောင်းစွာ အလေးထားလိုက်နာသည်။ (လမ်းညွှန်ချက်မှတ်စု ၃ ကို ကြည့်ပါ)။

### **လမ်းညွှန်ချက်မှတ်စုများ**

၁။ **လုပ်ငန်းခွင်အခြေအနေများ။** ။ အလုပ်တာဝန်ဖော်ပြချက်များ၊ လုပ်ငန်းခွင်အနေအထားဖော်ပြချက်များနှင့် လုပ်ငန်းကျင့်ဝတ်များကို သဘောတူညီချက်တွင် ထည့်သွင်းသင့်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် သင်ယူမှုပတ်ဝန်းကျင်နှင့် ရပ်ရွာဒေသတွင် ဆရာ/မများ၏ အတတ်ပညာဆိုင်ရာ အခန်းကဏ္ဍကို ပေါ်လွင်စေသည်။ ထို့အပြင် ရပ်ရွာလူထု၊ ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် ပါဝင်ပတ်သက်သူများက မျှော်လင့်သော၊ ဆရာ/မများဘက်မှ နစ်နာကြေး စသည်တို့အတွက် အပြန်အလှန်ပေးလာမည့် ဝန်ဆောင်မှုများကို သတ်မှတ်ပေးရာရောက်သည်။ ၎င်းတို့က မျှော်လင့်သည့် သင့်လျော်သော ဆရာ/မအပြုအမူအတွက် မူဘောင်ကိုလည်း ဖြစ်ပေါ်စေသည်။

သဘောတူညီချက်တွင် အောက်ပါအချက်များသတ်မှတ်ဖော်ပြသင့်သည်။

- ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် တာဝန်များ
- နစ်နာကြေး
- ကျောင်းတက်ရောက်မှုအတွက်လိုအပ်ချက်များ
- အလုပ်ချိန်နှင့် အလုပ်လုပ်ရမည့်နေ့ရက်များ
- သဘောတူညီချက်သက်တမ်း
- လုပ်ငန်းကျင့်ဝတ်
- ပံ့ပိုးကူညီခြင်း၊ ကြီးကြပ်ခြင်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်း ယန္တရားများ (ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၁ ၏လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ- ၉၅) ကိုလည်း ကြည့်ပါ)။

၂။ **နစ်နာကြေး။** ။ အခြေခံလိုအပ်ချက်များအတွက် အပိုဝင်ငွေမရှာရစေဘဲ လုပ်ငန်းတွင် အာရုံစိုက်ဆောင်ရွက်နိုင်စေရန် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအား လုံလောက်သော နစ်နာကြေးပေးသည်။ လိုအပ်လျှင် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအတွက် ဆီလျော်သည့် လုပ်ခလစာပေးသည့်စနစ်ကို ပြန်လည်ပြဋ္ဌာန်းခြင်းသို့မဟုတ် တတ်နိုင်သမျှ အမြန်ဆုံး ပြင်ဆင်ပေးသင့်သည်။ လုပ်ခလစာပေးစနစ်တွင် ပညာရေးဆိုင်ရာတာဝန်ရှိသူများသည် ဆရာ/မများ နစ်နာကြေးရရှိစေရန် အဓိကတာဝန်ရှိသူများဖြစ်သည်။ ပညာရေးဆိုင်ရာတာဝန်ရှိသူများ၊ သမဂ္ဂများ၊ ရပ်ရွာလူထု၊ ကော်မတီများနှင့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အန်ဂျီအိုများအပါအဝင် ပါဝင်ပတ်သက်သူများအကြား ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တန့်သော နစ်နာကြေးမူဝါဒနှင့် လက်တွေ့ကျင့်သုံးမှုအခြေခံများကို ချမှတ်ပေးနိုင်ပြီး ပြန်လည်ထူထောင်ခြင်းမှ ဖွံ့ဖြိုးတိုးတက်ခြင်းသို့ ကူးပြောင်းသည့် ကာလအတွက်လည်း အထောက်အကူဖြစ်စေသည်။

နစ်နာကြေးသည် ငွေကြေးဖြစ်နိုင်သလို အခြားခံစားခွင့်လည်း ဖြစ်နိုင်သည်။ နစ်နာကြေးသည် ညီညွတ်မျှတမှုရှိသင့်ပြီး ရေရှည်ထောက်ပံ့နိုင်ရန်လိုသည်။ နစ်နာကြေးပေးခြင်းဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်သည့်အခါ နစ်နာကြေးထောက်ပံ့ပေးမှုအစဉ်အလာကို ဖြစ်ပေါ်လာစေပြီး၊ ယင်းအစဉ်အလာကို ထိန်းသိမ်းမည်ဟု ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များက မျှော်လင့်ကြပေသည်။ နေရာပြောင်းရွှေ့ခြင်းခံရသည့် အခြေအနေများတွင် အရည်အချင်းပြည့်မီသော ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များသည် လုပ်ခလစာ ပိုမိုမြင့်မားလျှင် နယ်ခြားနေရာများသို့ပင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ဖွယ်ရှိပေသည်။ အောက်ပါ ဈေးကွက်အင်အားများကိုလည်း ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။

- လူနေမှုစရိတ်
- ဆရာ/မများနှင့် အခြားပညာတတ်ပုဂ္ဂိုလ်များကို လိုအပ်နေမှု
- အလားတူ အရည်အချင်းရှိသည့်ပညာတတ်များ ရရှိသည့် လုပ်ခလစာအဆင့်၊ ကျန်းမာရေးစောင့်ရှောက်မှု စသည်များ
- အရည်အချင်းရှိသည့် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ ရရှိနိုင်မှု

(SEEP ကွန်ရက်၏ *Minimum Standards for Economic Recovery after Crisis*, Employment Creation standard ကိုလည်း ကြည့်ပါ)။

နစ်နာကြေးပေးမှုသည် လုပ်ငန်းခွင်အနေအထားများနှင့် လုပ်ငန်းကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာမှုအပေါ် မူတည်သည်။ ဆရာ/မများက သင်ယူသူများထံမှ သင်ကြားပြသခြင်းအတွက် သီးသန့်အခကြေးငွေကောက်ခံမှုစသည့် အခြေအနေများအပါအဝင် လွဲမှားသောစိတ်ဓါတ်များကို ရှောင်ကြဉ်သင့်သည် (ညှိနှိုင်းဆောင်ရွက်မှုစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ- ၃၂)၊ INEE Toolkit: **www.ineesite.org/toolkit** တွင် ရနိုင်သော *Guidance Notes on Teacher Compensation* ကိုလည်း ကြည့်ပါ)။

၃။ **လုပ်ငန်းကျင့်ဝတ်။** ။ လုပ်ငန်းကျင့်ဝတ်သည် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအတွက် ရှင်းလင်းသော အမူအကျင့်ဆိုင်ရာ စံသတ်မှတ်ချက်များကို ချမှတ်ပေးသည်။ ဤစံသတ်မှတ်ချက်များကို သင်ယူမှုပတ်ဝန်းကျင်တွင် ပညာရေးလုပ်ငန်းများ ဆောင်ရွက်သောအခါ လိုက်နာကျင့်သုံးစေသည်။ လိုက်နာမှုမရှိသူများအတွက် တွေ့ကြုံခံစားရမည့် အရေးယူမှုများကိုလည်း လုပ်ငန်းကျင့်ဝတ်က သတ်မှတ်ဖော်ပြသည်။ လုပ်ငန်းကျင့်ဝတ်တွင် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များအနေဖြင့်-

- သင်ယူသူများ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို လေးစားမည်၊ ကာကွယ်ပေးမည်၊ ၄င်းတို့၏ စွမ်းဆောင်နိုင်မှုနှင့်အညီ ဖြည့်ဆည်းပေးမည်၊
- လုပ်ငန်း၏ အမြင့်ဆုံးစံသတ်မှတ်ချက်များနှင့် ကျင့်ဝတ်နှင့်ကိုက်ညီသော အပြုအမူများကို ထိန်းသိမ်းမည်၊
- သင်ယူသူများအားလုံးကို လက်ခံနိုင်သည့် ခွဲခြားဆက်ဆံမှုမရှိသော ပတ်ဝန်းကျင်တွင် ပညာသင်ယူခွင့်ဆိုင်ရာ အတားအဆီးများကို လုံ့လစိုက် ဖယ်ရှားမည်၊
- လိင်ပိုင်းဆိုင်ရာနှင့် အခြားစော်ကားခြင်းများ၊ လုပ်အားအတွက် သို့မဟုတ် လိင်မှုကိစ္စအတွက် သင်ယူသူများကို အမြတ်ထုတ်အသုံးချခြင်း၊ ခြိမ်းခြောက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများမှ ကင်းဝေးသော၊ တားဆီးကာကွယ်မှုပေးသော၊ ကောင်းမွန်ပြီး လူတိုင်းအကျုံးဝင်သောပတ်ဝန်းကျင်ကို ထိန်းသိမ်းမည်၊
- လူ့အခွင့်အရေးနှင့် ခွဲခြားဆက်ဆံမှုမပြုရေး စည်းမျဉ်းများကို ဆန့်ကျင်သည့် အသိပညာနှင့် လုပ်ရပ်များကို သင်ကြားမှုနှင့် အားပေးအားမြှောက်ပြုမှုများ မပြုလုပ်ပါ၊
- ကျောင်းကို ပုံမှန်တက်ရောက်ခြင်းနှင့် အချိန်မှန်ခြင်းတို့ကို လိုက်နာမည် ဟူသော ကတိကဝတ်ပြုမှုများ ပါဝင်သည်။

(INEE Toolkit:**www.ineesite.org/toolkit** ရှိ လုပ်ငန်းကျင့်ဝတ်နမူနာ၊ ပညာသင်ယူခွင့်နှင့်သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၄ နှင့် ၉ (စာမျက်နှာ- ၆၃-၆၄)၊ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များစံသတ်မှတ်ချက် ၃ ၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ- ၁၀၂) တို့ကိုလည်း ကြည့်ပါ)။

## ဆရာ/မများနှင့်အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၃။ ပံ့ပိုးကူညီခြင်းနှင့်ကြီးကြပ်ခြင်း

ဆရာ/မများနှင့်အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအတွက် ပံ့ပိုးကူညီခြင်းနှင့် ကြီးကြပ်ခြင်းယန္တရားသည် ထိရောက်စွာ လည်ပတ်လျက်ရှိသည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်)

- လုံလောက်သော သင်ကြား-သင်ယူမှုပစ္စည်းများနှင့် နေရာ ရရှိနိုင်သည် (လမ်းညွှန်ချက်မှတ်စု ၁ ကို ကြည့်ပါ)။
- ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များသည် ၎င်းတို့အတွက် စိတ်ဓာတ်တက်ကြွမှုနှင့် ပံ့ပိုးကူညီမှုကို ဖြစ်ပေါ်စေသည့် အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည် (လမ်းညွှန်ချက်မှတ်စု ၂နှင့်၃ ကိုကြည့်ပါ)။
- ပွင့်လင်းမြင်သာသော၊ တာဝန်ယူ/တာဝန်ခံနိုင်သော ကြီးကြပ်ရေးယန္တရားသည် ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များအတွက် ပုံမှန်စစ်ဆေးအကဲဖြတ်မှု၊ စစ်ဆေးကြီးကြပ်မှုနှင့် ပံ့ပိုးကူညီမှုတို့ကို ဖြစ်ပေါ်စေသည် (လမ်းညွှန်ချက်မှတ်စု ၂ နှင့် ၃ ကိုကြည့်ပါ)။
- ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ လုပ်ငန်းဆောင်ရွက်မှုသုံးသပ်ခြင်းကို ပုံမှန်ဆောင်ရွက်သည်၊ မှတ်တမ်းတင်သည်၊ ဆွေးနွေးသည် (လမ်းညွှန်ချက်မှတ်စု ၄ ကိုကြည့်ပါ)။
- ကျောင်းသူကျောင်းသားများကလည်း ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ တုန့်ပြန်အကြံပြုခွင့်ကို ပုံမှန် ရရှိသည် (လမ်းညွှန်ချက်မှတ်စု ၅ ကိုကြည့်ပါ)။
- ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များသည် ဆီလျော်သော၊ လက်လှမ်းမီသော၊ လက်တွေ့ကျသော လူမှုစိတ်ပိုင်းပံ့ပိုးကူညီမှုများကို ရရှိနိုင်သည် (လမ်းညွှန်ချက်မှတ်စု ၆ ကိုကြည့်ပါ)။

## လမ်းညွှန်ချက်မှတ်စုများ

**၁။ သင်ကြား-သင်ယူမှု ပစ္စည်းများနှင့်နေရာ။** ။ သင်ကြား-သင်ယူမှု ပစ္စည်းများနှင့်နေရာသည် ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များအတွက် ထိရောက်စွာ သင်ကြားရန်နှင့် အလုပ်လုပ်နိုင်ရန် လုံလောက်စွာ ရှိသင့်သည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၃ (စာမျက်နှာ ၆၈-၇၂)၊ သင်ကြားခြင်းနှင့် သင်ယူခြင်း စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၉ (စာမျက်နှာ ၈၂)၊ သင်ကြားခြင်းနှင့် သင်ယူခြင်းစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၅ (စာမျက်နှာ ၈၅) တို့ကိုလည်း ကြည့်ပါ)။

**၂။ ပံ့ပိုးကူညီခြင်းနှင့် ကြီးကြပ်ခြင်းယန္တရား။** ။ ထိရောက်သောစီမံခန့်ခွဲမှု၊ ကြီးကြပ်မှုနှင့် တာဝန်ခံမှုတို့သည် ဆရာ/မများအား အတတ်ပညာဆိုင်ရာ ပံ့ပိုးကူညီမှု၊ ဆရာ/မများ စိတ်ဓာတ်တက်ကြွအောင် အားပေးမှုနှင့် သင်ကြားမှု အရည်အသွေးကို ထိန်းသိမ်းထားမှုတို့အတွက် အထူးအရေးပါသည်။ စနစ်များကို အတတ်နိုင်ဆုံး ဖွံ့ဖြိုးတိုးတက်အောင် ပညာရေးဆိုင်ရာတာဝန်ရှိသူများ၏ ဦးဆောင်မှုနှင့် ပညာရေးအဖွဲ့အစည်းများ၊ ရပ်ရွာလူထု၊ ကော်မတီများ၊ အသင်းအဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အန်ဂျီအိုများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်သင့်သည်။ အတွေ့အကြုံရှိသူက ညွှန်ကြားပြသပေးခြင်းနှင့် အသက်အရွယ်တူချင်း/အုပ်စုတူချင်း ပံ့ပိုးကူညီပေးခြင်းတို့သည် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များအား ရည်မှန်းချက်ပန်းတိုင်ချမှတ်နိုင်စေပြီး၊ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်သည့် အဆင့်များကို သိရှိစေသောကြောင့် စိတ်ဓာတ်တက်ကြွလာစေနိုင်သည် (ရပ်ရွာလူထုပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁-၅ (စာမျက်နှာ ၂၂-၂၆)၊ သင်ကြားခြင်းနှင့် သင်ယူခြင်း စံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၈၄-၈၅) နှင့် UNESCO/ ILO ၏ Recommendation concerning the Status of Teachers (1966) တို့ကိုလည်း ကြည့်ပါ)။

**၃။ စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ သင်တန်းပေးခြင်းနှင့် အတတ်ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်စေခြင်း။ ။** စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ စိတ်ဓာတ်တက်ကြွမှု၊ ခံစားခွင့်များ၊ လိုအပ်ချက်များနှင့် ဦးစားပေးမှုများနှင့်စပ်လျဉ်း၍ ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်ရန် အရေးကြီးသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်အတွင်း လိုအပ်ချက်များနှင့် အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခွင့်အလမ်းများကို သတ်မှတ်ဖော်ထုတ်နိုင်သည်။ စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ သင်တန်းပေးလေ့ကျင့်ခြင်းနှင့် အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ခွဲခြားဆက်ဆံမှုမရှိသော နည်းလမ်းဖြင့် ပံ့ပိုးကူညီသင့်သည် (သင်ကြားခြင်းနှင့်သင်ယူခြင်း စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၈၄-၈၅) ကိုလည်း ကြည့်ပါ)။

**၄။ လုပ်ငန်းဆောင်ရွက်မှုသုံးသပ်ချက်။ ။** လုပ်ငန်းဆောင်ရွက်မှု သုံးသပ်ချက်များကို စနစ်တကျဆောင်ရွက်ပါက ပိုမိုကောင်းမွန်သော လုပ်ငန်းဆောင်ရွက်မှုဖြစ်ပေါ်လာစေသည်။ ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ ကျွမ်းကျင်ထိရောက်စွာ လုပ်ငန်းဆောင်ရွက်နိုင်မှုကို သုံးသပ်ရာတွင် ဆွေးနွေးရမည့်ကိစ္စရပ်များကို သတ်မှတ်ဖော်ထုတ်ရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအပေါ် သဘောတူညီမှုရယူရန် ၎င်းတို့ တစ်ဦးချင်းစီနှင့် ဆွေးနွေးခြင်းပါဝင်သည်။

လုပ်ငန်းဆောင်ရွက်မှုကို သုံးသပ်ခြင်းလုပ်ငန်းစဉ်တွင်-

- စာသင်ခန်းကို စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအတွက် စံသတ်မှတ်ချက်များကို ပြုစုခြင်း
- တုံ့ပြန်အကြံပြုချက်များပေးခြင်း
- ဖြစ်ထွန်းမှုနှင့်တိုးတက်မှုကို တိုင်းတာရန် ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ရလဒ်များချမှတ်ခြင်းတို့ ပါဝင်နိုင်သည်။

(လမ်းညွှန်ချက်မှတ်စု ၅ နှင့် ဆရာ/မများနှင့် အခြားပညာရေးဆိုင်ရာပုဂ္ဂိုလ်များ စံသတ်မှတ်ချက် ၂၏လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၉၉-၁၀၀) ကိုလည်း ကြည့်ပါ)။

**၅။ သင်ယူသူများ၏ ပူးပေါင်းပါဝင်မှု။ ။** စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များတွင် သင်ယူသူများ ပါဝင်ဆောင်ရွက်စေခြင်းသည် အရေးကြီးသည်။ ဤသို့ဆောင်ရွက်ပါက သင်ယူမှုပတ်ဝန်းကျင်၏ ရှုထောင့်အားလုံးကို နားလည်သဘောပေါက်ပြီး အရည်အသွေးကို အာမခံနိုင်သည်။ လုပ်ငန်းဆောင်ရွက်မှု သုံးသပ်ခြင်းလုပ်ငန်းစဉ်၏ အပိုင်းတစ်ရပ်အဖြစ် သင်ယူသူများသည် တုံ့ပြန်အကြံပြုချက်များကို ကြားနေအဖွဲ့များထံ အခါအားလျော်စွာ ပေးပို့နိုင်သည်။ တုံ့ပြန်အကြံပြုချက်ပေးရန် ခေါင်းစဉ်များတွင် သင်ကြားပြသမှု၊ အပြုအမူ၊ သင်ကြားမှုပတ်ဝန်းကျင်ကို အလေးထားဂရုစိုက်မှုနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ ပါဝင်နိုင်သည်။

**၆။ လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီခြင်းနှင့် ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်း။ ။** သင်ယူလေ့ကျင့်မှု ရရှိထားပြီး အတွေ့အကြုံရှိသော ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ ကိုယ်တိုင်ပင်လျှင် အကျပ်အတည်းဖြစ်ရပ်ကြောင့် ပြင်းထန်စွာ ခံစားကြရလေ့ရှိသည်။ သူတို့သည် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရပြီး၊ တာဝန်ယူမှုအသစ်များကို ဆောင်ရွက်ရ၍ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ကြုံတွေ့ရနိုင်သည်။ ဆရာ/မများ၏ ရင်ဆိုင်ဖြေရှင်းနိုင်မှုနှင့် သင်ယူသူများအား ပံ့ပိုးကူညီပေးနိုင်မှုတို့သည် ၎င်းတို့ကိုယ်တိုင်၏ ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်းနှင့် ပံ့ပိုးကူညီမှု ရရှိနိုင်ခြင်းအပေါ် မူတည်ပေသည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၈-၉ (စာမျက်နှာ ၆၅-၆၆)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၃ ၏ လမ်းညွှန်ချက်မှတ်စု ၈ (စာမျက်နှာ ၇၂)နှင့် သင်ကြားခြင်းနှင့် သင်ယူခြင်းစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၆ (စာမျက်နှာ ၈၀-၈၁) တို့ကိုလည်း ကြည့်ပါ)။

**ဤစံသတ်မှတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းလမ်းအကူအညီအတွက် INEE Toolkit:** www.ineesite.org/toolkit **ကိုကြည့်ပါ။**

INEE Toolkit

↳ INEE Minium Standards

↳ Implementation Tools

↳Teachers and Other Educational Personnel

# ၅ ပညာရေး မူဝါဒ

## အခြေခံစံသတ်မှတ်ချက်များ-
## ရပ်ရွာလူထုပူးပေါင်းပါဝင်မှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ စိစစ်ပိုင်းခြားမှု

### ပညာရေးမူဝါဒ

#### စံသတ်မှတ်ချက် ၁။
#### ဥပဒေနှင့်မူဝါဒရေးဆွဲချမှတ်ခြင်း

ပညာရေးဆိုင်ရာတာဝန်ရှိသူများသည် အခမဲ့ပညာသင်ကြားခွင့်နှင့် လူတိုင်း ပညာသင်ယူခွင့်အပါအဝင် အရည်အသွေးရှိ ပညာရေးကို စဉ်ဆက်မပြတ်စေရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ဦးစားပေး ဆောင်ရွက်သည်။

#### စံသတ်မှတ်ချက် ၂။
#### အစီအစဉ်ရေးဆွဲခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် နိုင်ငံတော် ပညာရေးမူဝါဒများ၊ ဥပဒေများ၊ စံသတ်မှတ်ချက်များ၊ အစီအစဉ်များနှင့် ဘေးဒဏ်ခံရသူများ၏ သင်ယူမှုလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသည်။

နိုင်ငံတကာဥပဒေပြဋ္ဌာန်းချက်များနှင့် ကြေညာချက်များတွင် လူတိုင်းသည် ပညာသင်ယူနိုင်ခွင့်ရှိကြောင်းဖော်ပြပါရှိသည်။ ဤရပိုင်ခွင့်ကို အလေးထား၊ ကာကွယ်စောင့်ရှောက်ပြီး ဖြည့်ဆည်းပေးရန်သည် နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ တာဝန်ဖြစ်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆို ရေးသားခွင့်ရှိခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် လူမှုရေးနှင့် ပညာရေးမူဝါဒများကို ဆုံးဖြတ်ရာ၌ ပြောရေးဆိုခွင့်ရှိခြင်းဟူသော ရပိုင်ခွင့်များသည် ပညာသင်ယူခွင့်ရရှိရေးတွင် ပေါင်းစပ်ပါဝင်နေသည်။

အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်သည့်ကာလတစ်လျှောက်တွင် ဤရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန် အလွန်အရေးကြီးသည်။ ဤသို့ ပံ့ပိုးကူညီနိုင်ရန်အတွက် ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် အခြားအဓိကကျသော ပါဝင်ပတ်သက်သူများသည် အရေးပေါ်ပညာရေးအစီအစဉ်တစ်ရပ်ကို ရေးဆွဲ၍အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုသည်။ ယင်းအစီအစဉ်တွင်-

- မိမိနိုင်ငံနှင့် နိုင်ငံတကာ ပညာရေးစံသတ်မှတ်ချက်များနှင့် မူဝါဒများကို ထည့်သွင်းစဉ်းစားသင့်သည်၊
- ပညာသင်ယူခွင့်ရရှိရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြသင့်သည်၊
- အခက်အခဲအကျပ်အတည်းဒဏ်ခံနေရသူများ၏ သင်ယူမှုဆိုင်ရာလိုအပ်ချက်များနှင့် ရပိုင်ခွင့်များအတွက် တုံ့ပြန်ဆောင်ရွက်မည့်အကြောင်းကို ရှင်းလင်းစွာဖော်ပြသင့်သည်၊
- လူတိုင်း အရည်အသွေးရှိပညာရေးရရှိအောင် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်များ ပါဝင်သင့်သည်၊
- အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှု၊ အရေးပေါ်အခြေအနေတုံ့ပြန်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့အကြားရှိ ဆက်စပ်မှုကို ရှင်းလင်းစွာ ဖော်ပြသင့်သည်။

အရေးပေါ်အခြေအနေကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုများအောင်မြင်ရေးအတွက် ကြားဝင်ကူညီဆောင်ရွက်ခြင်း၊ အစီအစဉ်များနှင့်မူဝါဒများ ချမှတ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ရပ်ရွာလူထု၏ပါဝင်မှုသည် အရေးပါသည်။

ကျား-မကဏ္ဍ တန်းတူညီမျှရှိမှု၊ လူမျိုးဘာသာစသည့် ကွဲပြားခြားနားခြင်းအပေါ် လေးစားမှုတို့ကို မြှင့်တင်ရန် အရေးပေါ်အခြေအနေအတွက် ပညာရေးမူဝါဒများနှင့် အစီအစဉ်များတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို အပြည့်အဝထည့်သွင်းသင့်ပြီး၊ လူတိုင်းအတွက် ပညာရေးနှင့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များဆိုင်ရာ မူဘောင်များကို ထင်ဟပ်စေသင့်သည်။ ဤပြဋ္ဌာန်းချက်များသည် ပညာရေးတွင် ခွဲခြားဆက်ဆံမှုအားလုံးကို ကာကွယ်စောင့်ရှောက်ပေးသည့် ပညာရေးဥပဒေများနှင့် မူဝါဒများကို အထောက်အကူပြုပေးသည်။ ခွဲခြားဆက်ဆံမှုဟုဆိုရာ၌ ကျား-မ၊ ဘာသာရေး၊ လူမျိုး၊ ဘာသာစကားနှင့် မသန်စွမ်းမှုများ အားလုံးအကျုံးဝင်သည်။

## ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁။
## ဥပဒေနှင့်မူဝါဒရေးဆွဲချမှတ်ခြင်း

ပညာရေးဆိုင်ရာ တာဝန်ရှိသူများသည် အခမဲ့ပညာသင်ကြားခွင့်နှင့် လူတိုင်းပညာသင်ယူခွင့်အပါအဝင် အရည်အသွေးရှိ ပညာရေးကို စဉ်ဆက်မပြတ်စေရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ဦးစားပေးဆောင်ရွက်သည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်)

- နိုင်ငံတော်၏ ပညာရေးဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများသည် ပညာရေးအထောက်အကူပစ္စည်းများ၊ သင်ယူသူများ၊ ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် စပ်လျဉ်းသော နိုင်ငံတကာလူသားချင်း စာနာမှုနှင့် လူ့အခွင့်အရေးဥပဒေများကို လိုက်နာစေရန် ပံ့ပိုးပေးသည် (လမ်းညွှန်ချက်မှတ်စု ၁ ကို ကြည့်ပါ)။
- နိုင်ငံတော်၏ ပညာရေးဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများသည် ပညာသင်ယူခွင့်ရရှိမှုကို အလေးထားသည်၊ ကာကွယ်စောင့်ရှောက်သည်၊ ဖြည့်ဆည်းပေးသည်၊ ပညာရေးကိုစဉ်ဆက်မပြတ်ဖြစ်ပေါ်စေသည် (လမ်းညွှန်ချက်မှတ်စု ၁နှင့်၂ ကို ကြည့်ပါ)။
- ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများက ပြန်လည် သို့မဟုတ် အစားထိုး တည်ဆောက်သော ပညာရေး အဆောက်အဦးနှင့်အထောက်အကူပစ္စည်းများကို ဘေးကင်းလုံခြုံစေသည် (လမ်းညွှန်ချက်မှတ်စု ၂ နှင့် ၃ ကို ကြည့်ပါ)။
- ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများသည် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး အားလုံးအကျုံးဝင်သော လုပ်ငန်းစဉ်များဖြင့် ဖွံ့ဖြိုးတိုးတက်လာသော ဆက်စပ်အခြေအနေကို စိစစ်ပိုင်းခြားခြင်းအပေါ် အခြေခံထားသည် (လမ်းညွှန်ချက်မှတ်စု ၄ ကို ကြည့်ပါ)။
- အရေးပေါ်အခြေအနေကို အလျင်အမြန် တုံ့ပြန်နိုင်သော လုပ်ငန်းအစီအစဉ်များ၊ ဥပဒေများနှင့် အသုံးစရိတ်များဖြင့် နိုင်ငံတော်၏ပညာရေးမူဝါဒများကို အထောက်အကူပြုသည် (လမ်းညွှန်ချက်မှတ်စု ၅နှင့်၆ ကို ကြည့်ပါ)။
- ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများသည် ဒုက္ခသည်များအတွက် မူရင်းတိုင်းပြည်၏ သင်ရိုးညွှန်းတမ်းနှင့် ဘာသာစကားကို ကျောင်းများတွင် အသုံးပြုခွင့်ပေးသည် (လမ်းညွှန်ချက်မှတ်စု ၇ ကို ကြည့်ပါ)။
- ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်မူဝါဒများသည် အန်ဂျီအိုနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများကဲ့သို့ နိုင်ငံကိုယ်စားပြုမဟုတ်သော ပံ့ပိုးကူညီပေးသူများအား အရေးပေါ်ကာလ ပညာရေးအစီအစဉ်များကို ဆောင်ရွက်ခွင့် ပေးသည် (လမ်းညွှန်ချက်မှတ်စု ၈ ကို ကြည့်ပါ) ။

## လမ်းညွှန်ချက်မှတ်စုများ

၁။ နိုင်ငံတကာလူ့အခွင့်အရေးပြဌာန်းချက်များအရ **နိုင်ငံတော်အဖွဲ့အစည်းများ၏တာဝန်မှာ ပညာသင်ယူခွင့်ကို လေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းပေးရန် ဖြစ်သည်** (နိဒါန်း (စာမျက်နှာ- ၂)ကိုကြည့်ပါ)။

ယင်းလူ့အခွင့်အရေးပြဌာန်းချက်များတွင် လူသားများ၊ အထူးသဖြင့် ကလေးများ၊ လူငယ်များအား စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်းသည့် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ ပါဝင်သည်။ ထို့အပြင် အာဟာရ၊ အပန်းဖြေခြင်း၊ ယဉ်ကျေးမှု၊ ညှင်းပန်းနှိပ်စက်မှုတားဆီးကာကွယ်ခြင်းနှင့် အသက်(၆)နှစ်အောက် ကလေးငယ်များအတွက် ကလေးသူငယ် ပြုစုပျိုးထောင်ရေး စသည့်နယ်ပယ်များ ပါဝင်သည်။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်သည် အထူးသဖြင့် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ဤသဘောတူညီချက်က ကလေးများ၏ ပညာသင်ယူခွင့်ရရှိရေးနှင့် ပညာရေးလုပ်ငန်းစဉ်အတွင်း ကလေးများရသင့်သောအခွင့်အရေး နှစ်ရပ်စလုံးကို လွှမ်းခြုံပါဝင်သည်။ ဥပမာ- ကလေးများနှင့်ဆိုင်သော ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ၎င်းတို့အား အကြံပြုဆွေးနွေးခွင့်ပေးခြင်း၊ လေးစားစွာ ဆက်ဆံခံရခွင့်ရှိခြင်းနှင့် သူတို့၏ ရပိုင်ခွင့်များအကြောင်း သိရှိခွင့်ရှိခြင်းစသည်တို့ ပါဝင်သည် (ရပ်ရွာလူထုပူးပေါင်းပါဝင်မှု

စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၅ (စာမျက်နှာ ၂၅-၂၆)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁နှင့်၂ (စာမျက်နှာ ၅၅-၅၇)၊ သင်ကြားခြင်းနှင့် သင်ယူခြင်းစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၅ နှင့် ၆ (စာမျက်နှာ ၇၉-၈၁) တို့ကိုလည်း ကြည့်ပါ)။

သင်ယူသူများ၊ ဆရာ/မများနှင့် အခြား ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များသည် အရပ်သားများဖြစ်သည်။ ထို့အတူ ပညာရေး အဆောက်အဦးများသည်လည်း အရပ်သားများအတွက် ဖြစ်သည်။ နိုင်ငံတိုင်းက အသိအမှတ်ပြုထားသော နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော ဂျီနီဗာသဘောတူညီချက်သည် ထိုအရပ်သားများနှင့် အရပ်ဖက်အဆောက်အဦးများကို လက်နက်ကိုင်တိုက်ခိုက်ခြင်းမှ ကာကွယ်စောင့်ရှောက်ပေးသည်။ နိုင်ငံတော်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် အထက်ပါကာကွယ်ပေးမှုများကို နိုင်ငံတော်ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုများတွင် ထည့်သွင်းရန်နှင့် ပညာရေးအထောက်အကူပစ္စည်းများအား စစ်ဘက်ဆိုင်ရာကိစ္စများအတွက် အသုံးပြုခြင်းကို တားဆီးကာကွယ်ရန် ကြိုးပမ်းဆောင်ရွက်သင့်သည်။

အကြမ်းဖက်မှုက ပညာရေးအဆက်မပြတ်စေရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကို ခြိမ်းခြောက်လာလျှင် ပညာရေး၊ လူ့အခွင့်အရေးနှင့် ပညာရေးနှင့်ဆီလျော်သော လူသားချင်းစာနာထောက်ထားသည့် ဥပဒေများကို သဘောတူလက်ခံလိုက်နာလာအောင် ဆွေးနွေးခြင်းသည် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည်။ သင်ယူသူများ၊ ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပညာရေးအထောက်အကူပစ္စည်းများကို တိုက်ခိုက်မှု၊ သိမ်းပိုက်အသုံးပြုမှုတို့ကို စစ်ဆေးကြီးကြပ်ပြီး မှတ်တမ်းတင်ခြင်းသည် မရှိမဖြစ်လိုအပ်သည်။ ဤသို့ဆောင်ရွက်ခြင်းသည် ဒုက္ခသည်များ၏ ဂုဏ်သိက္ခာကို လေးစားခြင်းဖြစ်ပြီး၊ ညှိနှိုင်းဆောင်ရွက်သော တုံ့ပြန်မှု၊ စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုမှုတို့ကို ဖြစ်ပေါ်စေသည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၁၊ ၃-၄ နှင့် ၆-၇ (စာမျက်နှာ ၆၁-၆၅) တို့ကိုလည်း ကြည့်ပါ)။

၂။ **နိုင်ငံတော်၏ ပညာရေးဥပဒေများနှင့် မူဝါဒများသည်** လူတိုင်းအတွက်**ပညာရေးအဆက်မပြတ်ရေးကို သေချာစေသင့်သည်။** နိုင်ငံအဆင့်နှင့် ရပ်ရွာဒေသအဆင့် ကျောင်းအရေးပေါ်အစီအစဉ်များတွင် ကြိုတင်သိရှိ မျှော်လင့်ထားသော အန္တရာယ်များနှင့် ပြန်လည်ပေါ်ပေါက်လာနိုင်သော အန္တရာယ်များကို ထည့်သွင်းစဉ်းစားသင့်သည်။ အန္တရာယ်များဆိုရာ၌ ပုံမှန်ရေကြီးခြင်းကဲ့သို့သော ပညာရေးကို တစ်စတစ်စ ထိခိုက်မှု ဖြစ်လာစေသော အသေးစား သဘာဝဘေးများလည်း ပါဝင်သည်။ ထို့အပြင် ထိခိုက်ခံရလွယ်သော ကလေးများနှင့် လူငယ်များ၏ သီးသန့်လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ အရေးပေါ်အခြေအနေ သို့မဟုတ် ဘေးအန္တရာယ် တုံ့ပြန်မှုဆိုင်ရာ ပညာရေးဥပဒေ မရှိသေးသော နိုင်ငံများတွင် အရေးပေါ်အခြေအနေက ယင်းဥပဒေကို ရေးဆွဲရန် အခွင့်အလမ်းဖြစ်စေသည် (စစ်ဆေးအကဲဖြတ်မှု စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၇-၃၈) ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၁၁ (စာမျက်နှာ ၆၆-၆၇) နှင့် သင်ကြားခြင်းနှင့် သင်ယူခြင်းစံသတ်မှတ်ချက် ၂ ၏ လမ်းညွှန်ချက်မှတ်စု ၆ (စာမျက်နှာ ၈၆) တို့ကိုလည်း ကြည့်ပါ)။

ပညာရေးမူဝါဒများနှင့် အစီအစဉ်များတွင် ကျောင်းနေသက်အောက် ကလေးများ၊ ၎င်းတို့၏မိဘများနှင့် အုပ်ထိန်းသူများအတွက် ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ထည့်သွင်းသင့်သည်။ ယင်းဝန်ဆောင်မှုလုပ်ငန်းများတွင်-

- ကလေးသူငယ်ပြုစုစောင့်ရှောက်မှုနှင့် မိဘအုပ်ထိန်းသူအုပ်စုများ
- ကလေးကစားဖော်အုပ်စုများ
- ဘေးကင်းလုံခြုံသောနေရာများရှိလှုပ်ရှားမှုများတွင် ကလေးများပါဝင်စေခြင်း၊
- ကျန်းမာရေး၊ အာဟာရနှင့် အခြားသောဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်စပ်မှုရှိစေခြင်းများ ပါဝင်နိုင်သည်။

နိုင်ငံအဆင့် လူငယ်များဆိုင်ရာမူဝါဒရှိပြီးသော နိုင်ငံများတွင် အရေးပေါ်အခြေအနေက လူငယ်အထူးပြု ပညာရေးအတွက် ကဏ္ဍများအကြား ပိုမိုဆက်သွယ်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းပေးသည်။ နိုင်ငံအဆင့် လူငယ်များဆိုင်ရာမူဝါဒ မရှိသေးသော နိုင်ငံများတွင်မူ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများက အရေးပေါ် အခြေအနေအတွင်း လူငယ်ဆိုင်ရာ

ကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ရမည့် အဓိကပုဂ္ဂိုလ်/ဌာနကို သတ်မှတ်ပေးသင့်သည်။ လူငယ်များကိစ္စကို ထည့်သွင်းစဉ်းစားသည့် မူဝါဒနှင့် လူငယ်အစီအစဉ်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုများတွင် ကဏ္ဍအချင်းချင်း အပြန်အလှန် ဆက်သွယ် ဆောင်ရွက်သင့်သည်။ နိုင်ငံအဆင့် လူငယ်မူဝါဒရေးဆွဲပြုစုလျှင် ယင်းမူဝါဒသည် လူငယ်အုပ်စုငယ်များအကြားရှိ အမျိုးမျိုးကွဲပြားခြားနားသော စိတ်ပါဝင်စားမှုများနှင့် လွှမ်းမိုးမှုများ၊ လူငယ်ပူးပေါင်းပါဝင်မှု ပုံစံအမျိုးမျိုး၏ အခွင့်အလမ်းနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စသည်တို့ကို စိစစ်ပိုင်းခြားမှုအပေါ် အခြေခံသင့်သည်။ နိုင်ငံအဆင့် လူငယ်မူဝါဒက-

- ပညာရေး
- စက်မှုလက်မှုပညာနှင့် သက်မွေးပညာသင်ကြားရေးနှင့်လေ့ကျင့်မှု
- အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်မှုကဏ္ဍတို့နှင့် စပ်လျဉ်းသော နိုင်ငံအဆင့်မူဘောင်ကို ပိုမိုပြည့်စုံစေသည်။

(ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၁ ၏လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၅၇) နှင့် SEEP ကွန်ရက် *Minimum Standards for Economic Recovery after Crisis,* Employment Creation Standards ကိုလည်း ကြည့်ပါ)။

၃။ **ကျောင်းအဆောက်အဦးသစ်နှင့် ပြန်လည်တည်ဆောက်သောကျောင်းများ၏ ဘေးကင်းလုံခြုံမှု။** ။ တွေ့ကြုံဖူးသော ဖြစ်နိုင်သည့်အန္တရာယ်များ၊ ခြိမ်းခြောက်မှုများမှ ဘေးကင်းလုံခြုံသောနေရာတွင် ကျောင်းတည်နေရာများကို ရွေးချယ်၍ ခိုင်ခံ့မည့် ဒီဇိုင်းရေးဆွဲ တည်ဆောက်သင့်သည်။ လုံလောက်သောနေရာအကျယ်ကိုလည်း စီစဉ်ထားသင့်သည်။ သို့မှသာ အရေးပေါ်အခြေအနေတွင် ကျောင်းများကို ယာယီခိုလှုံရာနေရာများအဖြစ် အသုံးပြုရန်လိုအပ်လာသောအခါ ပညာသင်ကြားရေးကို အနှောင့်အယှက်ဖြစ်ခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်သည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၉ (စာမျက်နှာ ၅၉-၆၀)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၃၏ လမ်းညွှန်ချက်မှတ်စု ၁-၂ (စာမျက်နှာ ၆၈-၇၀) နှင့် INEE Toolkit:**www.ineesite.org/toolkit** တွင် ရရှိနိုင်သော *INEE Guidance Notes on Safer School Construction* တို့ကိုလည်း ကြည့်ပါ)။

၄။ **ဆက်စပ်အခြေအနေစိစစ်ပိုင်းခြားခြင်း။** ။ ပညာရေးဥပဒေများနှင့် မူဝါဒများသည် အရေးပေါ်အခြေအနေအတွင်း ဖြစ်ပေါ်နိုင်သည့် လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံရေးပြောင်းလဲမှုအခြေအနေများကို ကောင်းစွာ ထင်ဟပ်သင့်သည်။ ဤနည်းဖြင့် ပညာရေးစီမံကိန်းများနှင့်အစီအစဉ်များသည် သင်ယူသူများနှင့် လူ့အဖွဲ့အစည်းများ၏ လိုအပ်ချက်များနှင့် အခွင့်အရေးများကို ဖြည့်ဆည်းပေးနိုင်ပြီး ဆိုးရွားသော လူမှုရေးခွဲခြားမှုနှင့် ပဋိပက္ခများမှ ကင်းဝေးစေသည်။

ဆက်စပ်အခြေအနေစိစစ်ပိုင်းခြားခြင်းများတွင် ပဋိပက္ခစစ်ဆေးစိစစ်ခြင်းများ၊ လူ့အခွင့်အရေးစစ်ဆေးစိစစ်ခြင်းများနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် ကြိုတင်ကာကွယ်မှု စိစစ်ပိုင်းခြားခြင်းများ ပါဝင်သည်။ ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် အခြားပါဝင်ပတ်သက်သူများသည် ပညာရေးကိစ္စရပ်များကို ပြန်လည်သုံးသပ်ရန် ဆက်စပ်အခြေအနေစိစစ်ပိုင်းခြားခြင်းတွင် ပါဝင်ကူညီသင့်သည်။ ဆက်စပ်အခြေအနေစိစစ်ပိုင်းခြားခြင်းတွင် ရပ်ရွာလူထုနှင့် ကျယ်ပြန့်စွာ ဆွေးနွေး၍ အကြံဉာဏ်ရယူခြင်းလည်း ပါဝင်သည်။ ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် အခြားပါဝင်ပတ်သက်သူများသည် ယင်းသို့သော စိစစ်ပိုင်းခြားမှုများကို ပုံမှန်ဆောင်ရွက်သော ပညာရေးကဏ္ဍ ပြန်လည်သုံးသပ်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်း လုပ်ငန်းစဉ်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်လာစေရန် ဆွေးနွေးတင်ပြသင့်သည် (စိစစ်ပိုင်းခြားခြင်း စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ မှ ၆ (စာမျက်နှာ ၃၇-၃၉) ကိုလည်း ကြည့်ပါ)။

ဘေးအန္တရာယ်ဖြစ်နိုင်ခြေစိစစ်ခြင်းတွင် နိုင်ငံရေး၊ စီမံခန့်ခွဲရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပတ်ဝန်းကျင်ရှိ အကျင့်ပျက်ခြစားမှုဖြစ်နိုင်ခြေစိစစ်ခြင်း ပါဝင်သည်။ အရေးပေါ်အခြေအနေတွင် ပညာရေးတုံ့ပြန်မှုအစီအစဉ် ရေးဆွဲ

အကောင်အထည်ဖော်ရာတွင် အကျင့်ပျက်ခြစားမှုနှင့် စပ်လျဉ်း၍ ပွင့်လင်းနိုင်သမျှ ပွင့်လင်းစွာ ဆွေးနွေးသင့်သည်။ ပွင့်လင်းစွာ ဆွေးနွေးခြင်းသည် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးမူဝါဒကို ဖြစ်ပေါ်စေသည့် အကောင်းဆုံး နည်းလမ်းဖြစ်သည်။ အကျင့်ပျက်ခြစားမှုကိစ္စများကို ဆွေးနွေးခြင်းသည် အကျင့်ပျက်ခြစားမှုကို ခွင့်လွှတ်ပေးရန် မဟုတ်ပါ၊ သို့မဟုတ် ကျူးလွန်သူ၏ ခုခံကာကွယ်နိုင်စွမ်းနည်းမှုကြောင့် ဖြစ်ရသည်ဟု သတ်မှတ်ရန် မဟုတ်ပါ (စိစစ်ပိုင်းခြားခြင်း စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၇) ကိုလည်း ကြည့်ပါ)။

**၅။ သတင်းအချက်အလက်မျှဝေပေးခြင်းနှင့် သတင်းအချက်အလက်စနစ်များ။** ။ ပညာရေးမူဝါဒများ ရေးဆွဲပြုစုသူများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သူများသည် မူဝါဒများနှင့် တုံ့ပြန်မှုနည်းဗျူဟာများဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေပေးသင့်သည်။ ယင်းသို့မျှဝေပေးခြင်းသည် ပဋိပက္ခနှင့် ဘေးအန္တရာယ် လျော့ပါးရေး ဆောင်ရွက်ရာတွင် အထူးအရေးပါသည်။ သတင်းအချက်အလက်များသည် နားလည်လွယ်ပြီး အားလုံး လက်လှမ်းမီ ရရှိနိုင်သင့်သည် (ညှိနှိုင်းဆောင်ရွက်မှုစံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၂-၃၃) ကို ကြည့်ပါ)။

ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်မူဝါဒများကို ယုံကြည်ကိုးစားရသော သတင်းအချက်အလက်များအပေါ် အခြေခံပြီး ရေးဆွဲသင့်သည်။ ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်၏ အချက်အလက်များသည် အရေးပေါ်အခြေအနေ ဖြစ်လွယ်သော ဒေသများ၊ ဒေသခံများ၏ သတင်းအချက်အလက်များနှင့် ဆက်စပ်မှုရှိသင့်သည်။ ယင်းအချက်သည် နိုင်ငံအဆင့်နှင့် ရပ်ရွာဒေသအဆင့် ပညာရေးအစီအစဉ် ရေးဆွဲခြင်းများအတွက် အချက်အလက်များ ပံ့ပိုးကူညီပေးသော ကြိုတင်ပြင်ဆင်ခြင်း နည်းဗျူဟာဖြစ်သည်။ ဖြစ်နိုင်လျှင် ရပ်ရွာလူထုက ကောက်ယူထားသော ပညာရေး အချက်အလက်များကို နိုင်ငံအဆင့် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တွင် ထည့်သွင်းအသုံးပြုသင့်သည် (စိစစ်ပိုင်းခြားခြင်းစံသတ်မှတ်ချက် ၃ ၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၄၆-၄၇) ကိုလည်း ကြည့်ပါ)။

**၆။ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာမူဘောင်များ။** ။ ပညာရေးသည် နိုင်ငံအဆင့် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာမူဘောင်များနှင့် တစ်သားတည်းဖြစ်ရမည်။ ထိရောက်ပြီး အချိန်နှင့် တစ်ပြေးညီဖြစ်သော ပညာရေးတုံ့ပြန်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရင်းမြစ်များကို ဘေးကင်းလုံခြုံစွာ ပြင်ဆင်ထားရှိသင့်သည်။ နိုင်ငံအဆင့် သို့မဟုတ် ရပ်ရွာဒေသအဆင့် ပညာရေးအစီအစဉ်များကို ပံ့ပိုးကူညီနေသော နိုင်ငံတကာ အဖွဲ့အစည်းများသည် အရေးပေါ်ကာလ ပညာရေးတုံ့ပြန်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်းကို ဖွံ့ဖြိုးမှုအစီအစဉ်များ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တိုးမြှင့်ဆောင်ရွက်သင့်သည်။ ရပ်ရွာဒေသအဆင့် တုံ့ပြန်ဆောင်ရွက်မှုများကို ကလေးများ၊ လူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းမူဘောင်များတွင် တိကျသော သတ်မှတ်ချက်များ ပါဝင်သင့်သည် (ရပ်ရွာလူထုပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၄ နှင့် ၅ (စာမျက်နှာ၂၄-၂၆)၊ ရပ်ရွာလူထု ပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၅ (စာမျက်နှာ ၃၀)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၁၁ (စာမျက်နှာ ၆၆-၆၇) နှင့် သင်ကြားခြင်းနှင့် သင်ယူခြင်းစံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၆ (စာမျက်နှာ ၈၆) တို့ကိုလည်း ကြည့်ပါ)။

**၇။ ခွဲခြားဆက်ဆံမှုမရှိခြင်း။** ။ ပညာရေးဆိုင်ရာတာဝန်ရှိသူများက ပညာရေးကို လူတိုင်းသာတူညီမျှရရှိစေရန် ကြိုးပမ်းရမည်။ နိုင်ငံတကာဥပဒေအရ ဒုက္ခသည်များသည် မူလတန်းအဆင့်ပညာရေးတွင် အိမ်ရှင်နိုင်ငံသားများနှင့် ညီညွတ်မျှတစွာ ပညာရေးခံစားပိုင်ခွင့် ရရှိသင့်သည်။ အထက်တန်းအဆင့်များတွင်မူ ဒုက္ခသည်များသည် ပညာလေ့လာသင်ယူနိုင်ခွင့်၊ အထောက်အထားလက်မှတ်များ၊ ဒီပလိုမာနှင့်ဘွဲ့များကို အသိအမှတ်ပြုပေးခြင်း၊ အိမ်ရှင်နိုင်ငံသားများအတွက် သတ်မှတ်ချက်များအတိုင်း ပညာသင်ဆုများ၊ ကျောင်းစရိတ် ကင်းလွတ်ခွင့်များ ရရှိစေသင့်သည်။ နိုင်ငံတွင်း ရွှေ့ပြောင်းနေရာချထားခံရသော သင်ယူသူများသည် ရွှေ့ပြောင်းခြင်း မခံရသော

နိုင်ငံသားများနည်းတူ ပညာရေးအခွင့်အလမ်းများကို ဆက်လက်ရရှိစေသင့်သည်။ နိုင်ငံတွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတွင်း ပြောင်းရွှေ့နေရာချထားခံရခြင်းဆိုင်ရာ လမ်းညွှန်စည်းမျဉ်းများက ရွှေ့ပြောင်းနေရာချထားခံရသူတို့ကို ကာကွယ်မှုပေးသည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁၊ ၂ နှင့် ၄ (စာမျက်နှာ ၅၅-၅၈)၊ သင်ကြားခြင်းနှင့် သင်ယူခြင်းစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃၊ ၇ နှင့် ၈ (စာမျက်နှာ ၇၈-၇၉)နှင့် (စာမျက်နှာ ၈၁-၈၂)၊ သင်ကြားခြင်းနှင့် သင်ယူခြင်း စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၅ (စာမျက်နှာ ၈၅) တို့ကိုလည်း ကြည့်ပါ)။

၈။ **အန်ဂျီအိုနှင့်ကုလသမဂ္ဂအဖွဲ့အစည်းများမှကူညီဆောင်ရွက်သူများ။** ။ သင်ယူသူအားလုံး၏ ပညာရေး လိုအပ်ချက်များနှင့် ပညာရေးဆိုင်ရာအခွင့်အရေးများ ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်၏ပံ့ပိုးကူညီမှုတွင် အန်ဂျီအိုနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကူညီဆောင်ရွက်သူများအား ပါဝင်ကူညီပံ့ပိုးခွင့်ပေးသင့်သည်။ အစီအစဉ်များ၊ အထောက်အကူပစ္စည်းများ စတင်ပြင်ဆင်နိုင်ရန်နှင့် အရေးပေါ်အခြေအနေကို လျင်မြန်စွာတုံ့ပြန်နိုင်ရန် အိမ်ရှင်တိုင်းပြည်က ဖော်ပြပါကူညီဆောင်ရွက်သူများအား အကူအညီပေးသင့်သည်။ ဤသို့ကူညီပေးခြင်းတွင် ပြည်ဝင်ခွင့်ဗီဇာ လျင်မြန်စွာရရှိစေခြင်း၊ သင်ယူရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအတွက် အခွန်စည်းကြပ်မှုဆိုင်ရာ အထူးစည်းမျဉ်းများ ချမှတ်ပေးခြင်းတို့ ပါဝင်နိုင်သည်။

## ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၂။
## အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ပညာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် နိုင်ငံတော် ပညာရေးမူဝါဒများ၊ ဥပဒေများ၊ စံသတ်မှတ်ချက်များ၊ အစီအစဉ်များနှင့် ဘေးဒဏ်ခံရသူများ၏ သင်ယူမှုလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသည်။

**အဓိကလုပ်ငန်းများ** (လမ်းညွှန်ချက်မှတ်စုများနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်သည်)

- ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးအစီအစဉ်များသည် နိုင်ငံတကာနှင့် နိုင်ငံတော် ဥပဒေဖြင့် ချမှတ်ထားသော မူဘောင်များ၊ မူဝါဒများကို ထင်ဟပ်သည် (လမ်းညွှန်ချက်မှတ်စု ၁ ကို ကြည့်ပါ)။
- ပညာရေးလုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများသည် အခြား အရေးပေါ်အခြေအနေ တုံ့ပြန်မှုဆိုင်ရာ ကဏ္ဍများနှင့် ပေါင်းစပ်မှုရှိသည် (လမ်းညွှန်ချက်မှတ်စု ၂ ကို ကြည့်ပါ)။
- အရေးပေါ်ကာလ ပညာရေးအစီအစဉ်များသည် နိုင်ငံအဆင့် ပညာရေးအစီအစဉ်များ၊ နည်းဗျူဟာများနှင့် ဆက်စပ်မှုရှိပြီး ပညာရေးကဏ္ဍ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု နှင့် ပေါင်းစပ်မှုရှိသည်။
- ပညာရေးဆိုင်ရာတာဝန်ရှိသူများသည် အနာဂတ် အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် လတ်တလော အရေးပေါ်အခြေအနေများအတွက် တုံ့ပြန်ရန် နိုင်ငံအဆင့်နှင့် ရပ်ရွာဒေသအဆင့် ပညာရေးအစီအစဉ်များကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သည် (လမ်းညွှန်ချက်မှတ်စု ၃ ကို ကြည့်ပါ)။
- ထိရောက်ပြီး ပွင့်လင်းမြင်သာသော ပညာရေးမူဝါဒများ ရေးဆွဲပြုစုရန်အတွက်လည်းကောင်း၊ ပညာရေးအစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့အတွက်လည်းကောင်း ငွေကြေး၊ နည်းပညာ၊ ပစ္စည်းနှင့် လူ့စွမ်းအားစသည့် ရင်းမြစ်များ အလုံအလောက်ရှိသည် (လမ်းညွှန်ချက်မှတ်စု ၄ နှင့် ၅ ကို ကြည့်ပါ)။

## လမ်းညွှန်ချက်မှတ်စုများ

**၁။ ပညာရေးရပိုင်ခွင့်များနှင့် ရည်မှန်းချက်များကို ဖြည့်ဆည်းပေးခြင်း။** ။ ကျောင်းသင်နှင့် ကျောင်းပြင်ပ ပညာရေး အစီအစဉ်များသည် ပညာရေးဆိုင်ရာအခွင့်အရေးများနှင့် ရည်မှန်းချက်များကို ဖြည့်ဆည်းပေးသည့် လူတိုင်းအကျုံးဝင် ပညာရေးလှုပ်ရှားမှုများကို အထောက်အကူဖြစ်သင့်သည်။ ၎င်းတို့သည် နိုင်ငံအဆင့်နှင့် နိုင်ငံတကာ ဥပဒေမူဘောင်များနှင့် ကိုက်ညီသင့်သည် (ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁ ၊ ၂ နှင့် ၄ (စာမျက်နှာ ၅၅-၅၈)၊ ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁ နှင့် ၇ (စာမျက်နှာ ၁၀၇-၁၀၈) တို့ကိုလည်း ကြည့်ပါ)။

**၂။ ကဏ္ဍများအကြားချိတ်ဆက်မှုများ။** ။ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် လူငယ်လှုပ်ရှားမှုများ အပါအဝင်ဖြစ်သော ပညာရေးတုံ့ပြန်ဆောင်ရွက်မှုများသည် ရေပေးဝေခြင်း၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး မြှင့်တင်ခြင်း၊ အာဟာရ၊ စားနပ်ရိက္ခာလုံခြုံမှုနှင့် စားနပ်ရိက္ခာထောက်ပံ့မှု၊ ခိုလှုံရာနေရာချထားပေးမှု၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် စီးပွားရေး ပြန်လည်ထူထောင်မှု အစရှိသော ကဏ္ဍများရှိလုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်စပ်မှုရှိသင့်သည်။ (စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၆ (စာမျက်နှာ ၃၉)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၁ ၏ လမ်းညွှန်ချက်မှတ်စု ၉ (စာမျက်နှာ ၅၉-၆၀) ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင်စံသတ်မှတ်ချက် ၃ (စာမျက်နှာ ၆၈-၇၂)၊ Sphere လက်စွဲစာအုပ်၊ SEEP ကွန်ရက်ရှိ *Minimum Standards for Economic Recovery after Crisis*၊ အလုပ်အကိုင်ဖန်တီးရေးစံသတ်မှတ်ချက်နှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု စံသတ်မှတ်ချက်များကိုလည်း ကြည့်ပါ)။

၃။ **နိုင်ငံအဆင့်နှင့်ရပ်ရွာဒေသအဆင့် ပညာရေးအစီအစဉ်များ။** ။ ပညာရေးအစီအစဉ်များသည် လတ်တလော အခြေအနေနှင့် နောင်တွင်ကြုံတွေ့ရမည့် အရေးပေါ်အခြေအနေများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညွှန်ပြသင့်သည်။ ကဏ္ဍများအကြား ညှိနှိုင်းဆောင်ရွက်ရေးအတွက် ပညာရေးအစီအစဉ်များသည် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဘေးကင်းလုံခြုံစေခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ယန္တရားများကို တိကျစွာ သတ်မှတ်သင့်သည်။ ဆက်စပ်အခြေအနေများကို ကောင်းစွာ နားလည်သဘောပေါက်မှုအပေါ် အခြေခံကာ ပညာရေးအစီအစဉ်များကို ရေးဆွဲပြီး၊ ယင်းအစီအစဉ်များတွင် ဘေးအန္တရာယ်နှင့်ပဋိပက္ခ ကြိုတင်သတိပေးမှုအတွက် အညွှန်းကိန်းများနှင့် ယန္တရားများပါဝင်သင့်သည်။ ပညာရေးအစီအစဉ်များကို သင့်လျော်သော ပညာရေးမူဝါဒနှင့် မူဘောင်တို့ဖြင့် ပံ့ပိုးပေးသင့်သည်။ နိုင်ငံအဆင့်နှင့် ရပ်ရွာဒေသအဆင့် ပညာရေးအစီအစဉ်များကို ပုံမှန် ပြန်လည်စိစစ်သုံးသပ်ရန် စနစ်တစ်ခုရှိသင့်သည် (ရပ်ရွာလူထုပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၂၄-၂၅)၊ ရပ်ရွာလူထုပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၂ (စာမျက်နှာ ၂၈-၃၀)၊ ညှိနှိုင်းဆောင်ရွက်မှုစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၃၁-၃၂)၊ စိစစ်ပိုင်းခြားမှုစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၇-၃၈) နှင့် ပညာရေးမူဝါဒစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၁၀၉-၁၁၀) တို့ကိုလည်း ကြည့်ပါ)။

၄။ **ရင်းမြစ်များ။** ။ နိုင်ငံတော်အဖွဲ့အစည်းများ၊ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်များ၊ အန်ဂျီအိုများ၊ ရပ်ရွာလူထုများနှင့် အခြားပါဝင်ပတ်သက်သူများသည် အရေးပေါ်အခြေအနေ ပညာရေးထောက်ပံ့မှုများအတွက် လုံလောက်သော ရန်ပုံငွေရရှိရန် အတူတွဲ၍ ဆောင်ရွက်သင့်သည်။ ရင်းမြစ်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်းကို နိုင်ငံတော်က ဦးဆောင်သင့်ပြီး လက်ရှိညှိနှိုင်းဆောင်ရွက်မှုယန္တရားများနှင့် ပေါင်းစပ်သင့်သည်။ ဆက်စပ်အခြေအနေအရ ဖြစ်နိုင်လျှင် ရင်းမြစ်များ ခွဲဝေချထားပေးခြင်းကို-

- တိုးချဲ့စာသင်ခန်းများ၊ ပြဌာန်းစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများတို့ကဲ့သို့သော ရုပ်ဝတ္ထုပစ္စည်းပိုင်းဆိုင်ရာကဏ္ဍနှင့်
- ဆရာ/မများနှင့် ကြီးကြပ်မှုသင်တန်းများ၊ သင်ထောက်ကူပစ္စည်းများတို့ကဲ့သို့သော အရည်အသွေးပိုင်းဆိုင်ရာ ကဏ္ဍများအကြား အချိုးညီစွာ ရှိစေရန် ဆောင်ရွက်သင့်သည်။

ပညာသင်ကြားရေးကို နှောင့်ယှက်တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ စနစ်တကျ သက်ဆိုင်ရာသို့ သတင်းပေးပို့အစီရင်ခံခြင်း၊ ပညာရေးအချက်အလက်များ ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့်မျှဝေခြင်းတို့အတွက် ရင်းမြစ်များကို ခွဲဝေနေရာချထားသင့်သည် (ရပ်ရွာလူထုပူးပေါင်းပါဝင်မှု စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၁ (စာမျက်နှာ ၂၈)၊ ညှိနှိုင်းဆောင်ရွက်မှု စံသတ်မှတ်ချက်၏ လမ်းညွှန်ချက်မှတ်စု ၁ နှင့် ၂ (စာမျက်နှာ ၃၁-၃၂)၊ စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၂ (စာမျက်နှာ ၄၂)၊ စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၃ ၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၄၆-၄၇)၊ စိစစ်ပိုင်းခြားမှု စံသတ်မှတ်ချက် ၄၏ လမ်းညွှန်ချက်မှတ်စု ၃နှင့် ၄ (စာမျက်နှာ ၄၉)၊ ပညာသင်ယူခွင့်နှင့် သင်ယူမှုပတ်ဝန်းကျင် စံသတ်မှတ်ချက် ၂၏ လမ်းညွှန်ချက်မှတ်စု ၄ နှင့် ၇ (စာမျက်နှာ ၆၃-၆၅) တို့ကိုလည်း ကြည့်ပါ)။

**၅။ ပွင့်လင်းမြင်သာခြင်းနှင့်တာဝန်ခံခြင်း။** ။ (ငွေကြေးနှင့်ပတ်သက်သော၊ ငွေကြေးမဟုတ်သော) အကျင့်ပျက်ခြစားမှုကို တားဆီးသည့် လက်တွေ့လုပ်ဆောင်မှုများ အပါအဝင် မူဝါဒအစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ဗဟိုနှင့် ရပ်ရွာဒေသအာဏာပိုင်များ၊ ရပ်ရွာလူထုများနှင့် အခြားလူသားချင်းစာနာမှု ဆောင်ရွက်သူများအကြား မျှဝေပေးသင့်သည်။ ပွင့်လင်းမြင်သာမှုရှိခြင်းသည် ထိရောက်သောစစ်ဆေးကြီးကြပ်ခြင်းနှင့် တာဝန်ခံခြင်းအတွက် အရေးပါသည်။ အကျင့်ပျက်ခြစားမှုများနှင့် ပတ်သက်သောတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းရန် ယဉ်ကျေးမှုနှင့်လျော်ညီသော လျှို့ဝှက်ထားပေးရမည့်စနစ်များ ရှိသင့်သည်။ ယင်းစနစ်များတွင် အကျင့်ပျက်ခြစားမှုများကို သတင်းပေးပို့ရန် လူအများကို တိုက်တွန်းအားပေးခြင်းနှင့် သတင်းပေးပို့သူများကို ကာကွယ်စောင့်ရှောက်ပေးခြင်းဆိုင်ရာ မူဝါဒများ ပါဝင်သင့်သည် (ညှိနှိုင်းဆောင်ရွက်ခြင်းစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၅ (စာမျက်နှာ ၃၃)၊ စိစစ်ပိုင်းခြားခြင်းစံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၃ (စာမျက်နှာ ၃၇-၃၈) နှင့် ပညာရေးမူဝါဒ စံသတ်မှတ်ချက် ၁၏ လမ်းညွှန်ချက်မှတ်စု ၄ (စာမျက်နှာ ၁၀၉-၁၁၀) တို့ကိုလည်း ကြည့်ပါ)။

**ဤစံသတ်မှတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းလမ်းအကူအညီအတွက် INEE Toolkit:** www.ineesite.org/toolkit **ကိုကြည့်ပါ။**

INEE Toolkit

↳ INEE Minium Standards

↳ Implementation Tools

↳ Education Policy

## နောက်ဆက်တွဲ ၁- ဝေါဟာရအဓိပ္ပါယ်များ

**ပညာသင်ယူခွင့် (Access)** ။ ကျောင်းသင် သို့မဟုတ် ကျောင်းပြင်ပ ပညာရေးအစီအစဉ်တွင် ကျောင်းအပ်နှံရေး၊ ကျောင်းတက်ရေးနှင့် ပြီးစီးအောင်သင်ယူရေး စသည်တို့ကိုဆောင်ရွက်နိုင်သည့် အခွင့်အလမ်း။ ပညာသင်ယူခွင့်ကို ကန့်သတ်ခြင်းမရှိသောအခါ ငွေကြေး၊ ရုပ်ဝတ္ထု၊ လုံခြုံရေး၊ ဖွဲ့စည်းပုံ၊ အဖွဲ့အစည်းနှင့် လူမှု-ယဉ်ကျေးမှုဆိုင်ရာ အဟန့်အတားများမရှိပဲ သင်ယူသူများသည် ပညာရေးအစီအစဉ်တွင် ပြီးဆုံးသည်အထိ ပါဝင်သင်ယူနိုင်ကြသည်။

**တာဝန်ခံမှု (Accountability)**။ ထိခိုက်နစ်နာသူများ၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများ၊ စွမ်းဆောင်ရည်များနှင့် အခြေအနေများကို ထည့်သွင်းစဉ်းစားသော လုပ်ရပ်များနှင့် ဆုံးဖြတ်ချက်များအတွက် အကြောင်းရင်းများကို ရှင်းပြခြင်း။ တာဝန်ခံခြင်းသည် ငွေကြေးသုံးစွဲမှုအပါအဝင် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအားလုံးကို ပွင့်လင်းမြင်သာစေသည်။ ပြောဆိုခွင့်ရှိပြီး တုံ့ပြန်ဆောင်ရွက်ရန်လည်း တာဝန်ရှိသည်။ ပညာရေးတွင် ‘တာဝန်ခံမှု’ဟူသည်မှာ ပညာရေးပံ့ပိုးသူများအား ၎င်းတို့၏ ပညာရေးဝန်ဆောင်မှုများ အရည်အသွေးရှိရန် တာဝန်ယူစေခြင်းဖြစ်သည်။ ယင်းဝန်ဆောင်မှုများတွင် သင်ယူသူများ၏ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ၊ ဆရာ/မ၏အပြုအမူနှင့် ကျောင်း သို့မဟုတ် ပညာရေးစနစ်၏ဆောင်ရွက်မှုများ ပါဝင်သည်။

**စစ်ဆေးအကဲဖြတ်ခြင်း (Assessment)**။ (၁) အရေးပေါ်ကာလတွင် ပညာရေးလုပ်ငန်းများနှင့် ကြားဝင်ကူညီဆောင်ရွက်မှု အစီအစဉ်များကို မရေးဆွဲမီ လိုအပ်ချက်များ၊ တုံ့ပြန်မှုတွင် ရှိနေသေးသည့် ကွာဟချက်များ၊ ရရှိနိုင်သောရင်းမြစ်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ (၂) သင်ယူသူများ၏ တိုးတက်မှုနှင့် တတ်မြောက်မှုကို စစ်ဆေးခြင်း။ သင်ယူမှုရလဒ်များကို ပညာရေးအစီအစဉ်ကသတ်မှတ်ပေးသော စစ်ဆေးအကဲဖြတ်မှုပုံစံဖြင့် စစ်ဆေးအကဲဖြတ်သည်။ စစ်ဆေးအကဲဖြတ်နည်းများကို INEE Toolkit: **www.ineesite.org/toolkit** တွင် တွေ့ရှိနိုင်သည်။ သတ်မှတ်ထားသော ဆက်စပ်အခြေအနေ သို့မဟုတ် ပတ်ဝန်းကျင်တွင် လိုအပ်နေသည့် သတင်းအချက်အလက်များရယူနိုင်ရန် စစ်ဆေးအကဲဖြတ်နည်းများကို အမြဲတမ်း လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲသင့်သည်။

**စွမ်းဆောင်ရည် (Capacity)**။ သဘောတူချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် အသုံးပြုနိုင်သော လူတစ်ဦးချင်းစီ သို့မဟုတ် ရပ်ရွာလူထုအတွင်း၊ လူ့အဖွဲ့အစည်းအတွင်း၊ လုပ်ငန်းအဖွဲ့အစည်းအတွင်းရှိ အားသာချက်များ၊ ပင်ကိုယ်အရည်အချင်းများနှင့် ရင်းမြစ်များ၏ ပေါင်းစည်းအင်အား။

**စွမ်းဆောင်ရည်တည်ဆောက်ခြင်း (Capacity building)**။ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက ၎င်းတို့၏ရည်မှန်းချက် ပေါက်မြောက်အောင် ဆောင်ရွက်နိုင်ရန် အသိပညာ၊ စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုများနှင့် အပြုအမူများကို ကူညီအားဖြည့်ပေးခြင်း။

**ကလေးပျော်နေရာများနှင့်ကျောင်းများ (Child-friendly spaces and schools)**။ ကလေးများက စနစ်တကျ ကစားနည်းများဖြင့် စိတ်ကြိုက်ကစားနိုင်ခြင်း၊ အပန်းဖြေခြင်း၊ အနားယူခြင်းနှင့် သင်ယူမှုလုပ်ငန်းများ လုပ်နိုင်ရန်အတွက် ရပ်ရွာလူထုက ဖန်တီးထားသော ပြုစုပျိုးထောင်မှုပေးရာဝန်းကျင်များ တည်ရှိသည့် ဘေးကင်းလုံခြုံသည့်နေရာများနှင့် ကျောင်းများ။ ကလေးပျော်နေရာများက ကလေးများအား ကျန်းမာရေး၊ အာဟာရ၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးနိုင်ပြီး ကလေးများအား ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိအောင်နှင့် ဆက်လက်ရပ်တည်နိုင်အောင် ပံ့ပိုးကူညီပေးသည့် လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ကလေးပျော်နေရာများနှင့် ကလေးပျော်ကျောင်းလုပ်ငန်းများကို အားလုံးပူးပေါင်းပါဝင် စီစဉ်ဆောင်ရွက်ကြသည်။ ကလေးများအား အသက်အရွယ် ပိုင်းခြားသတ်မှတ်၍သော်လည်းကောင်း၊ အသက်အရွယ်အုပ်စု အမျိုးမျိုးအတွက်သော်လည်းကောင်း စီစဉ်ဆောင်ရွက်ပေးနိုင်သည်။ ကလေးပျော်နေရာများနှင့် ကလေးပျော်ကျောင်းများ စီစဉ်ဆောင်ရွက်ခြင်းသည် အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ရေးကာလ တစ်လျှောက်လုံး အရေးကြီးသည်။

**ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်း (Child protection)**။ ကလေးများအား ညှင်းပန်းနှိပ်စက်ခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ လျစ်လျူရှုခြင်း၊ အကြမ်းဖက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ လိင်မှုဆိုင်ရာစော်ကားနှောင့်ယှက်ခြင်း၊ ရွယ်တူချင်းအကြမ်းဖက်ခြင်း၊ ဆရာ/မများနှင့် ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ အကြမ်းဖက်ခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများ၊ လက်နက်ကိုင်တပ်ဖွဲ့များ၊ အပြန်အလှန်ပစ်ခတ်နေသောနေရာများ၊ နိုင်ငံရေးနှင့် စစ်ဖက်ဆိုင်ရာခြိမ်းခြောက်မှုများ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများတွင် အလုပ်ဝင်ရောက်လုပ်ကိုင်စေခြင်းများ အပါအဝင် အားလုံးသော ညှင်းပန်းနှိပ်စက်ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ လျစ်လျူရှုခြင်း၊ အကြမ်းဖက်ခြင်း ပုံစံအမျိုးမျိုးမှ ကလေးများအား ကင်းဝေးလွတ်မြောက်စေမှု။

**ကလေးများ (Children)**။ မွေးစမှ အသက် ၁၈ နှစ်ကြားရှိသူ အားလုံး။ ဤအုပ်စုတွင် (၁၀နှစ်မှ၁၉နှစ်အတွင်း) ဆယ်ကျော်သက်များ အများစု ပါဝင်သည်။ ဤအုပ်စုသည် လူငယ်အုပ်စု (Youth) (အသက် ၁၅နှစ်မှ ၂၄ နှစ်အတွင်း) နှင့် ထပ်သည် (‘လူငယ်အုပ်စု’ အဓိပ္ပာယ်သတ်မှတ်ချက်ကို နောက်ပိုင်းတွင်ကြည့်ပါ)။

**လက်နက်ကိုင်တပ်ဖွဲ့၊ လက်နက်ကိုင်အုပ်စုများနှင့် ဆက်စပ်မှုရှိသော ကလေးများ (Children associated with armed forces and armed groups) ။** ကလေးများသည် အဓမ္မခေါ်ဆောင်သွားခံရပြီး အတင်းအကြပ်ခိုင်းစေခံရခြင်းဖြစ်နိုင်သလို ကိုင်တိုင်တက်ကြွစွာ ဆက်သွယ်ပါဝင်ခြင်းလည်း ဖြစ်နိုင်သည်။ ထိုကလေးများသည် လက်နက်များ အမြဲတမ်း ကိုင်ဆောင်ရလေ့မရှိပါ။ ပစ္စည်းသယ်သူများ၊ စုံစမ်းထောက်လှမ်းသူများ၊ ထမင်းချက်များ၊ လိင်မှုဆိုင်ရာအကြမ်းဖက်ခံရသည့်သားကောင်များလည်း ဖြစ်နိုင်သည်။ ဤကလေးများသည် ပညာသင်ယူခွင့် မရှိပါ။ ယင်းအခြေအနေများမှ လွတ်လပ်ခွင့်ရလာပြီး ပြန်လည်ပေါင်းစည်းရေး ဆောင်ရွက်စဉ်ကာလအတွင်း ကျောင်းသင်နှင့် ကျောင်းပြင်ပပညာရေး၊ အရှိန်မြှင့်သင်ယူစေခြင်း၊ ဘဝတွက်တာကျွမ်းကျင်စရာနှင့် သက်မွေးပညာသင်ယူစေခြင်း အပါအဝင် ၎င်းတို့၏ သီးခြား ပညာရေးလိုအပ်ချက်အလိုက် ကလေးများအား အထူးဂရုပြုဆောင်ရွက်ပေးရမည်။ ပြန်လည်ထူထောင်ရေးအစီအစဉ်များတွင် မိန်းကလေးများအား သတိမမူမိခြင်း၊ ချန်လှပ်ထားခြင်းများ ရှိတတ်သဖြင့် ၎င်းတို့အတွက် အထူးအလေးထားဆောင်ရွက်ပေးရန် လိုအပ်သည်။

**သိမှုဆိုင်ရာဖြစ်စဉ်များ (Cognitive)။** တွေးတောခြင်း၊ စိတ်ကူးခြင်း၊ သိမြင်နားလည်ခြင်း၊ မှတ်သားခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ ကျိုးကြောင်းဆင်ခြင်ခြင်း၊ ပြဿနာဖြေရှင်းခြင်း စသည့် စိတ်ပိုင်းဆိုင်ရာဖြစ်စဉ်များ။

**ရပ်ရွာပညာရေးကော်မတီ (Community education committee)။** ရပ်ရွာလူထု၏ ပညာရေးဆိုင်ရာလိုအပ်ချက်များကိုစိစစ်ဖော်ထုတ်ပြီး ဖြေရှင်းရန်နည်းလမ်းရှာပေးသော တည်ရှိဆဲ သို့မဟုတ် အသစ်ဖွဲ့စည်းထားသောကော်မတီ။ အဖွဲ့ဝင်များအဖြစ် မိဘများနှင့် အုပ်ထိန်းသူများ၊ ဆရာ/မများ၊ သင်ယူသူများ၊ ရပ်ရွာအဖွဲ့အစည်းများနှင့် ခေါင်းဆောင်များ၊ ဘေးဖယ်ထားခြင်းခံရသောအုပ်စုများ၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်များနှင့် ကျန်းမာရေးလုပ်သားများ ပါဝင်သည်။

**ပဋိပက္ခလျော့ပါးစေခြင်း (Conflict mitigation) ။** (၁) ပဋိပက္ခကို သတိထားဆင်ခြင်ပြီး တင်းမာမှုများနှင့် အကြမ်းဖက်မှု၏ အရင်းခံအကြောင်းတရားများကို မတိုးပွါးလာစေရန် ဆောင်ရွက်မှုများနှင့် လုပ်ငန်းစဉ်များ၊ (၂) ပဋိပက္ခဖြစ်ရသော အကြောင်းရင်းများကို ဖြေရှင်းရန်နှင့် ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူများ၏ ဆောင်ရွက်ပုံ၊ သိမြင်နားလည်ပုံများကို ပြောင်းလဲပေးရန် ရည်ရွယ်သည့် ဆောင်ရွက်မှုများနှင့် လုပ်ငန်းစဉ်များ။ လူသားချင်းစာနာမှု၊ ပြန်လည်ထူထောင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများသည် ပဋိပက္ခအခြေအနေအပေါ် အကျိုးသက်ရောက်မှု ရှိ၊ မရှိနှင့် ရေရှည်ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးအတွက် အထောက်အကူပေးနိုင်မှု ရှိ၊ မရှိ တို့ကို သိရှိရန် ယင်းလုပ်ငန်းများကို ပြန်လည်စိစစ်သုံးသပ်သည်။ ပဋိပက္ခလျော့ပါးစေသည့် ချဉ်းကပ်နည်းများကို ပဋိပက္ခဖြစ်နေစဉ်နှင့် ပဋိပက္ခအပြီးအခြေအနေများတွင် ပဋိပက္ခတားဆီးရေးနှင့် ကြားဝင်ကူညီဆောင်ရွက်မှုအတွက် အသုံးပြုနိုင်သည်။

**မသန်စွမ်းမှု (Disability)။** လူ့အဖွဲ့အစည်းတွင် အခြားသူများနှင့်တန်းတူညီမျှ အပြည့်အဝ ထိရောက်စွာ ပူးပေါင်းပါဝင်ခြင်းမှ တားဆီးထားသော ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ်ပညာပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ချို့ယွင်းမှုနှင့် စိတ်သဘောထားပိုင်းနှင့် ပတ်ဝန်းကျင်ပိုင်းဆိုင်ရာ အဟန့်အတားဖြစ်မှု။

**အသေးစိတ်ခွဲခြားနိုင်သော အချက်အလက်များ (Disaggregated data)။** ကဏ္ဍအစိတ်အပိုင်းအလိုက် ခွဲခြားနိုင်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များ။ ဥပမာ- အုပ်စုတစ်ခုလုံးဦးတည်၍ သို့မဟုတ် နမူနာကောက်ယူ၍ စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိလာသောအချက်အလက်များကို ကျား-မ၊ အသက်အုပ်စု၊ နေထိုင်ရာဒေသ ပထဝီအနေအထားအရ စိစစ်ပိုင်းခြားနိုင်သည်။

**ဘေးအန္တရာယ် (Disaster)။** ထိခိုက်ခံရသူများနှင့် ရပ်ရွာလူထုတို့၏ ရင်းမြစ်အင်အားဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ပြီး လူတို့၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာ၊ အလုပ်အကိုင်နှင့် ရေမြေသဘာဝပတ်ဝန်းကျင်များကို အကြီးအကျယ် ပျက်စီးဆုံးရှုံးစေကာ လူ့အဖွဲ့အစည်း သို့မဟုတ် ရပ်ရွာအဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများအားလုံး ရပ်ဆိုင်းသွားသော အခြေအနေ။

**ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချခြင်း (Disaster risk reduction)။** အန္တရာယ်များနှင့်ထိတွေ့ရမှုကို လျှော့ချခြင်း၊ လူနှင့်ပစ္စည်းဥစ္စာများ၏ ထိခိုက်ပျက်စီးလွယ်မှုကို လျှော့ချခြင်း၊ ရေမြေတောတောင်၊ သဘာဝပတ်ဝန်းကျင်ကို အမြော်အမြင်ရှိစွာ စီမံခန့်ခွဲခြင်းနှင့် ဆိုးရွားသောဖြစ်ရပ်များအတွက် ကြိုတင်ပြင်ဆင်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းများ အပါအဝင် ဘေးအန္တရာယ်ဖြစ်စေနိုင်သော အကြောင်းရင်းများကို စိစစ်ပိုင်းခြား၍ စီမံခန့်ခွဲရန် စနစ်တကျကြိုးပမ်းအားထုတ်ခြင်းဖြင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချသော အသိသညာနှင့် လက်တွေ့ဆောင်ရွက်မှုများ။

**ခွဲခြားဆက်ဆံခြင်း (Discrimination)**။ ကျား-မ ကဏ္ဍ၊ လိင်ပိုင်းဆိုင်ရာကိုင်းညွတ်မှု၊ ဘာသာရေး၊ အသက်အရွယ်၊ လူမျိုးစု၊ HIVကူးစက်မှုခြေအနေနှင့် အခြားအချက်အလက်များအပေါ် အခြေခံပြီး အထောက်အကူပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ အခွင့်အလမ်းများ၊ လူ့အခွင့်အရေး သို့မဟုတ် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်များအား လက်လှမ်းမမီစေသော လူအချင်းချင်း ခြားနားစွာဆက်ဆံမှု။

**စိတ်သောကရောက်ခြင်း (Distress)**။ စိတ်မချမ်းသာခြင်း၊ စိုးရိမ်သောကရောက်ခြင်း၊ မတည်မငြိမ်ဖြစ်ခြင်း အခြေအနေများ။ ယင်းစိတ်ခံစားမှုသည် ဆင်းရဲနွမ်းပါးခြင်း၊ ပြွပ်သိပ်ကျပ်ညပ်စွာ နေထိုင်ရခြင်း၊ ဘေးကင်းလုံခြုံရေးနှင့် ကိုယ်စိတ်နှစ်ပါးချမ်းသာမှုအတွက် အနှောက်အယှက်ဖြစ်စေသော နေထိုင်မှုအခြေအနေ စသည်တို့ကြောင့် ဖြစ်ပေါ်တတ်သည်။

**ဆိုးကျိုးသက်ရောက်မှုမရှိစေခြင်း (Do No Harm)**။ ပဋိပက္ခ သို့မဟုတ် ပဋိပက္ခဖြစ်နိုင်ခြေရှိသော နေရာများတွင် လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော နဂိုမူလရည်ရွယ်မထားသည့် အကောင်း၊ အဆိုးသက်ရောက်မှုများကို စိစစ်ဖော်ထုတ်နိုင်စေသည့် ချဉ်းကပ်နည်း။ ကြားဝင်ကူညီဆောင်ရွက်ခြင်းကြောင့် ပဋိပက္ခကို ပိုမိုဆိုးရွားမလာစေပဲ ပိုမိုကောင်းမွန်သည့်အခြေအနေ ဖြစ်လာစေရန် ဤချဉ်းကပ်နည်းကို လုပ်ငန်းအစီအစဉ်ရေးဆွဲစဉ်၊ စစ်ဆေးကြီးကြပ်စဉ်နှင့် အကဲဖြတ်သုံးသပ်စဉ် အသုံးချနိုင်သည်။ 'ဆိုးကျိုးသက်ရောက်မှုမရှိစေခြင်း'ကို ပဋိပက္ခအခြေအနေအတွင်း လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းများ၏လုပ်ငန်းများတွင် မရှိမဖြစ် လိုအပ်သော အခြေခံအဖြစ် ထည့်သွင်းစဉ်းစားသည်။

**ကလေးသူငယ်ပြုစုပျိုးထောင်ရေး (Early childhood development)**။ မွေးစမှ ၈ နှစ်အရွယ်ရှိ ကလေးငယ်များတွင် ကိုယ်ကျန်းမာရေး၊ စိတ်ဓာတ်နိုးကြားမှု၊ စိတ်ခံစားမှုဆိုင်ရာ ယုံကြည်မှု၊ လူမှုရေးကျွမ်းကျင်လိမ္မာမှုနှင့် သင်ယူရန် အဆင်သင့်ဖြစ်မှုတို့ကို ဖွံ့ဖြိုးလာစေသော လုပ်ငန်းစဉ်။ ဤလုပ်ငန်းစဉ်အား ကျန်းမာရေး၊ အာဟာရ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပညာရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး စသော ဝန်ဆောင်မှုလုပ်ငန်းများ ပေါင်းစပ်ပါဝင်၍ ပြည့်စုံသော အစီအစဉ်များ၊ လူမှုရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများဖြင့် ပံ့ပိုးကူညီပေးနိုင်သည်။ ကလေးများနှင့် မိသားစုများအားလုံးသည် အရည်အသွေးမြင့်မားသော ကလေးသူငယ်ပြုစုပျိုးထောင်ရေး အစီအစဉ်များမှ အကျိုးကျေးဇူးများရရှိကြသော်လည်း ချို့တဲ့သောအုပ်စုများမှာ အကျိုးကျေးဇူး အများဆုံးရရှိကြပေသည်။

**ပညာရေးဆိုင်ရာတာဝန်ရှိသူများ (Education authorities)**။ ကလေးများ ပညာသင်ယူခွင့်ရရှိရေးအတွက် တာဝန်ရှိသော အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အဖွဲ့အစည်းများနှင့် အေဂျင်စီများ။ ဤအဖွဲ့များတွင် နိုင်ငံအဆင့်၊ ခရိုင်အဆင့်နှင့် ရပ်ရွာဒေသအဆင့် ပညာရေးပံ့ပိုးမှုများအတွက် လုပ်ပိုင်ခွင့်ရှိသည်။ အစိုးရအဖွဲ့နှင့် ညှိနှိုင်းသဘောတူညီမှုရရှိသောအနေအထားမျိုးတွင် အန်ဂျီအိုနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများကဲ့သို့သော နိုင်ငံကိုယ်စားပြု မဟုတ်သည့်အဖွဲ့အစည်းများက တစ်ခါတရံ ဤတာဝန်ကို ယူပေးနိုင်သည်။

**ပညာရေးအစုအဖွဲ့ (Education Cluster)**။ နိုင်ငံတွင်း ပြောင်းရွှေ့နေရာချထားသည့် အခြေအနေများတွင် ပညာရေးကဏ္ဍအတွင်း လူသားချင်းစာနာသည့် တုံ့ပြန်မှုများဆောင်ရွက်မည်ဟု သတ်မှတ်ပြဌာန်းထားပြီး ဖြစ်သော၊ အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုလည်းရှိသော အေဂျင်စီများနှင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှု ယန္တရား (IASC)။ IASC (သီးခြား ရှင်းလင်းချက်ပါသည်) မှတစ်ဆင့် ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ပညာရေးအစုအဖွဲ့ကို ကမ္ဘာအဆင့်တွင် UNICEF နှင့် Save the Children တို့က ဦးဆောင်သည်။ နိုင်ငံအဆင့်တွင် အခြားသော အဖွဲ့အစည်းများက ဦးဆောင်နိုင်ပြီး သက်ဆိုင်ရာနိုင်ငံ၏ ပညာရေးဝန်ကြီးဌာနက တက်ကြွစွာ ပါဝင်သည်။ ဒုက္ခသည်ခိုလှုံမှု အခြေအနေတွင် UNHCR က ဦးဆောင်မှုပေးသည်။ ပညာရေးအစုအဖွဲ့သည် လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ်အခြေအနေများကို တုံ့ပြန်ရန် နည်းပညာနှင့် ကြိုတင်ပြင်ဆင်မှုအပိုင်းတွင် အားဖြည့်ထားရန် တာဝန်ရှိသည်။ ဤနည်းအားဖြင့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုကာလအတွင်း ပညာရေးကဏ္ဍအတွက် ခေါင်းဆောင်မှုနှင့် တာဝန်ယူမှုတို့ကို ကြိုတင်သိရှိစေနိုင်သည်။

**အရေးပေါ်ကာလပညာရေး (Education in emergencies)**။ အကျပ်အတည်းအခြေအနေများအတွင်းရှိ ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် ကျောင်းပြင်ပပညာရေး၊ စက်မှုလက်မှုနှင့် သက်မွေးပညာ အဆင့်မြင့်နှင့် သက်ကြီးပညာရေးများ အပါအဝင် အသက်အရွယ် အားလုံးအတွက် အရည်အသွေးရှိသင်ယူမှုအခွင့်အလမ်းများ။ အရေးပေါ်ကာလပညာရေးက ရေရှည်တည်တံ့ပြီး အသက်များကို ကယ်တင်နိုင်သော ရုပ်ပိုင်း၊ လူမှုစိတ်ပိုင်းနှင့် သိမှုပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများပေးသည်။

**ပညာရေးတုံ့ပြန်မှု (Education response)**။ အရေးပေါ်အခြေအနေဖြစ်ပွားစဉ်မှ ပြန်လည်ထူထောင်ရေးကာလ တစ်လျှောက် ပြည်သူများ၏ လိုအပ်ချက်များနှင့်ပညာသင်ယူခွင့်ကို ဖြည့်ဆည်းပေးသည့် ပညာရေးဆိုင်ရာဝန်ဆောင်မှုများကို ထောက်ပံ့ပေးမှု။

**အရေးပေါ်အခြေအနေ (Emergency)**။ လူ့အဖွဲ့အစည်းတစ်ခု၊ ရပ်ရွာဒေသတစ်ခုတွင် ပုံမှန်အခြေအနေ ယိုယွင်းပျက်ဆီး သွားပြီးနောက် ပြန်လည်တည်ငြိမ်လာအောင် မဆောင်ရွက်နိုင်သေးသော အခြေအနေ။

**ကျောင်းသင်ပညာရေး (Formal education)။** ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များနှင့် အခြား ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၏စနစ်အတွင်း ပို့ချပေးနေသော သင်ယူမှုအခွင့်အလမ်းများ။ အသက် ၅-၇ နှစ် အရွယ်ကလေးများမှစ၍ ၂၀-၂၅နှစ်အရွယ်လူငယ်များအထိ အချိန်ပြည့်ပညာရေးများ ပါဝင်လေ့ရှိသည်။ ကျောင်းသင်ပညာရေးကို နိုင်ငံအလိုက် ပညာရေးဝန်ကြီးဌာနများက ဖွံ့ဖြိုးတိုးတက်အောင် ပုံမှန်ဆောင်ရွက်တတ်သော်လည်း အရေးပေါ်အခြေအနေများတွင်မူ အခြား ပညာရေးဆိုင်ရာအဖွဲ့အစည်းများက ပံ့ပိုးကူညီပေးနိုင်သည်။

**ကျား-မကဏ္ဍကွဲပြားခြားနားမှု (Gender)။** အမျိုးသမီးနှင့်အမျိုးသားများ၏ အခန်းကဏ္ဍများ၊ တာဝန်များ၊ သွင်ပြင်လက္ခဏာများနှင့် လူ့အဖွဲ့အစည်းတွင် ၎င်းအချက်များကို မည်ကဲ့သို့ တန်ဖိုးထားသည်ဆိုသည့် သတ်မှတ်မှု။ ၎င်းအချက်များသည် မတူညီသော ယဉ်ကျေးမှု အစဉ်အလာများအပေါ် မူတည်၍ သီးခြားရပ်တည်မှုရှိပြီး အချိန်နှင့်အမျှ ပြောင်းလဲနေသည်။ ကျား-မကဏ္ဍသွင်ပြင်လက္ခဏာများသည် လူ့အဖွဲ့အစည်းကကြိုတင်မျှော်လင့်ထားသည့် အမျိုးသားနှင့် အမျိုးသမီးများက မည်ကဲ့သို့ တွေးခေါ်ဆောင်ရွက်ရမည်ကို သတ်မှတ်ပေးသည်။ ယင်းဆောင်ရွက်မှုအပြုအမူများကို မိသားစု၊ ကျောင်း၊ ဘာသာရေးသင်ကြားမှုနှင့် မီဒီယာများမှတစ်ဆင့် သင်ယူမှတ်သားကြသည်။ အမျိုးသမီးနှင့် အမျိုးသားများ၏ကဏ္ဍ၊ တာဝန်များနှင့် သွင်ပြင်လက္ခဏာများကို လူ့အဖွဲ့အစည်းအတွင်းမှ သင်ယူရရှိသောကြောင့် ယင်းတို့ကို ပြောင်းလဲနိုင်သည်။

**ကျား-မအချိုးညီမျှမှု (Gender balance)။** အမျိုးသားနှင့် အမျိုးသမီး၊ ယောက်ျားလေးနှင့် မိန်းကလေးတို့အကြား အရေအတွက်မှာ တူညီလုနီးပါးရှိခြင်း။ ဤအချက်သည် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အကြံဉာဏ်/အချက်အလက်များပေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် အမျိုးသားနှင့် အမျိုးသမီးများ၏ စိတ်ဝင်စားမှုများကို ထည့်သွင်းစဉ်းစားပြီး ကာကွယ်စောင့်ရှောက်မှုပေးခြင်းကို ရည်ညွှန်းနိုင်သည်။ ထို့အပြင် ပညာရေးဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံတကာနှင့် နိုင်ငံတွင်းအဖွဲ့အစည်းများက အလုပ်ခန့်အပ်သော အမျိုးသားနှင့် အမျိုးသမီးအရေအတွက်ကို ရည်ညွှန်းနိုင်သည်။ ကျား-မ အချိုးညီမျှရေးသည် အထူးသဖြင့် ဆရာ/မများ အလုပ်ခန့်ထားရာတွင် အရေးကြီးသည်။ အဆင့်အားလုံးတွင် ကျား-မ အချိုးညီမျှမှုသည် မူဝါဒများနှင့်အစီအစဉ်များ၏ အမျိုးသား၊ အမျိုးသမီး၊ ယောက်ျားလေး၊ မိန်းကလေးများအပေါ် ကွဲပြားခြားနားသော အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဖြေရှင်းခြင်းများ ပြုလုပ်ရန် လမ်းဖွင့်ပေးသည်။

**ကျား-မလူမှုဘဝကိုအခြေခံသောအကြမ်းဖက်မှု (Gender-based violence)။** ကျား-မ ကဏ္ဍကွဲပြားခြားနားမှု အပေါ် အခြေခံသည့် ထိခိုက်နစ်နာစေသော ပြုမူမှုများ။ မိန်းကလေးများသည် လူ့အဖွဲ့အစည်းတွင် နေရာပေးခြင်းမခံရသောကြောင့် အခြေအနေအမျိုးမျိုး၌ ကျား-မ လူမှုဘဝကို အခြေခံသောအကြမ်းဖက်မှုများကို ပိုမိုကြုံတွေ့တတ်ကြသည်။ အမျိုးသားများနှင့် ယောက်ျားလေးများသည်လည်း အထူးသဖြင့် လိင်အကြမ်းဖက်မှုများတွင် သားကောင်များဖြစ်နိုင်သည်။ ယဉ်ကျေးမှု၊ တိုင်းပြည်နှင့်ဒေသများအပေါ်မူတည်ပြီး ကျား-မ လူမှုဘဝကိုအခြေခံသော အကြမ်းဖက်မှု၏ သဘောသဘာဝနှင့် အတိုင်းအဆမှာ ကွဲပြားသည်။ ဥပမာ-

- *လိင်အကြမ်းဖက်ခြင်း* (လိင်မှုဆိုင်ရာခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့်နှိပ်စက်ညှင်းပမ်းမှု၊ ပြည့်တန်ဆာအဖြစ် အတင်းအကြပ် စေခိုင်းခြင်း၊ အတင်းအကြပ် လက်ထပ်စေခြင်းနှင့် အရွယ်မရောက်သေးမီ လက်ထပ်စေခြင်း စသည်များ)
- *အိမ်တွင်းနှင့်မိသားစုတွင်းအကြမ်းဖက်ခြင်း* (ရုပ်ပိုင်း၊ စိတ်ခံစားမှုပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှင်းပမ်းမှုများ အပါအဝင်ဖြစ်သော အိမ်တွင်းနှင့်မိသားစုတွင်း အကြမ်းဖက်ခြင်းများ)
- *ထိခိုက်နစ်နာစေသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာ အလေ့အထများ* (အမျိုးသမီးလိင်အင်္ဂါကိုထိခိုက်စေခြင်း၊ မိသားစုဂုဏ်ကိုထိန်းသိမ်းရန်သတ်ဖြတ်ခြင်း၊ သေဆုံးသွားသော ခင်ပွန်းသည်၏ မိသားစုဝင် အမျိုးသားများက မုဆိုးမဖြစ်သူအား အမွေဆက်ခံခြင်း စသည်)

**အန္တရာယ် (Hazard)။** လူတို့၏အသက်၊ အိုးအိမ် ပစ္စည်းဥစ္စာ ပျက်ဆီးဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရမှု၊ လူမှုရေးနှင့် စီးပွားရေးထိခိုက်မှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်စေသည့်ဖြစ်ရပ်၊ ဖြစ်စဉ် သို့မဟုတ် လူသားတို့၏ ပြုမူလုပ်ဆောင်ချက်။ အန္တရာယ်များသည် သဘာဝကြောင့် သို့မဟုတ် လူသားကြောင့်စတင် ဖြစ်ပေါ်နိုင်သလို နှစ်ခု စလုံးပေါင်းစည်းမှုကြောင့်လည်း ဖြစ်နိုင်သည်။ အန္တရာယ်ကြောင့် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေသည် ဖြစ်ပွားသည့် အလားအလာ၊ နေရာ၊ အကြိမ်နှင့် ပြင်းအားတို့အပေါ် မူတည်သည်။ ဥပမာ- အနှစ် ၁၀၀ လျှင် တစ်ကြိမ်ဖြစ်ပွားလေ့ရှိသော သဲကန္တာရဒေသရှိ ငလျင်ငယ်သည် လူတို့အတွက် ဘေးအန္တရာယ်ဖြစ်နိုင်ခြေအလွန်နည်းပါးသည်။ ၅နှစ် သို့မဟုတ် ၁၀နှစ်လျှင် တစ်ကြိမ် ဖြစ်ပေါ်လေ့ရှိပြီး၊ ၄၈ နာရီအတွင်း ရေအမြင့် ၃မီတာအထိ တက်လာသော မြို့ပြ ရေလွှမ်းမိုးမှုသည် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ အတော်မြင့်မားသဖြင့် ထိခိုက်မှုလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည်။

**HIV တားဆီးကာကွယ်ခြင်း၊ ကုသခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့် ပံ့ပိုးကူညီခြင်း (HIV prevention, treatment, care and support)။** ။ HIVရောဂါပိုး ကူးစက်သူဦးရေ လျှော့ချရန်နှင့် ရောဂါပိုးကူးစက်ပြီးသူ၊ ရောဂါခံစားနေရသူများအပေါ် ရောဂါ သက်ရောက်မှုလျော့ပါးစေရန် လိုအပ်သော အမူအကျင့်၊ ဥပဒေ၊ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဇီဝဆေးပညာဆိုင်ရာ လုပ်ငန်းများ

ပေါင်းစည်းဆောင်ရွက်မှု။ မည်သို့သောသူများသည် ရောဂါကူးစက်ခံရနိုင်ခြေ အမြင့်ဆုံးဖြစ်ပြီး မည်သို့သောအပြုအမူ အလေ့အထများသည် ရောဂါကူးစက်နိုင်စေသည် စသည့်အချက်တို့ကို ကောင်းစွာ နားလည်သဘောပေါက်မှုအပေါ် အခြေခံ၍ ဤလုပ်ငန်းများကို ဆောင်ရွက်ရန်လိုသည်။ ကူးစက်နိုင်ခြေအမြင့်ဆုံး အပြုအမူများတွင် အမျိုးသားချင်းလိင်ဆက်ဆံမှု၊ မူးယစ်ဆေးထိုးသွင်းသုံးစွဲမှု၊ လိင်ကိုစီးပွားဥစ္စာနှင့်လဲလှယ်မှု၊ လိင်ဆက်ဆံဘက်များမှု၊ (အကာအကွယ်မဲ့လိင်ဆက်ဆံမှုဖြစ်နိုင်ခြေများသည့်) အသက်အရွယ်ကွာခြားလွန်းသော လိင်ဆက်ဆံမှုများ ပါဝင်သည်။ လူမှုစီးပွားဆိုင်ရာ တွန်းအားပေးမှုများကလည်း HIV ကာကွယ်တားဆီးခြင်း၊ ကုသခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့် ပံ့ပိုးကူညီခြင်းအပေါ် သက်ရောက်မှုရှိသည်။

**လူ့အခွင့်အရေး (Human rights)**။ ဘဝကိုသိက္ခာရှိရှိရပ်တည်စေနိုင်သောနည်းလမ်း။ လူ့အခွင့်အရေးများသည် လူသားအားလုံးနှင့် သက်ဆိုင်ပြီး အသစ်အဆန်းမဟုတ်ပါ။ ပေးအပ်လွှဲပြောင်း၍မရသလို ယူဆောင်သွား၍လည်းမရပေ။ အရေးပေါ်အခြေအနေတွင် ခွဲခြားဆက်ဆံမှုမပြုရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ဘဝရှင်သန်ခွင့်ရရေးစသော အဓိကလူ့အခွင့်အရေးများကို ဦးစားပေး ချက်ချင်းဆောင်ရွက်ရပြီး၊ အခြားအခွင့်အရေးများကိုမူ ရနိုင်သောရင်းမြစ်များအပေါ် မူတည်ပြီး ဖြည်းဖြည်းချင်း ဆောင်ရွက်နိုင်သည်။ ပညာရေးသည် ကာကွယ်စောင့်ရှောက်ခြင်း၊ ခွဲခြားဆက်ဆံမှုမပြုခြင်းနှင့် ဆက်လက်ရှင်သန်နိုင်ခြင်းတို့အတွက် အရေးပါသောကြောင့် ပညာရေးကို အဓိကကျသော လူ့အခွင့်အရေးဟု ရှုမြင်ရမည် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေသည် အရေးပေါ်အခြေအနေများ အပါအဝင် အချိန်တိုင်း၌ လူ့အခွင့်အရေးကို လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းပေးရန်ဟူသော နိုင်ငံ့တာဝန်များကို ဖော်ပြသည့် စံသတ်မှတ်ချက်များနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာစာချုပ်စာတမ်းများကို စုစည်းထားခြင်း ဖြစ်သည်။ ပဋိပက္ခကာလအတွင်းတွင် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုနှင့် ပြစ်မှုဆိုင်ရာဥပဒေကိုလည်း အသုံးပြုသည်။ ဤစာချုပ်စာတမ်းများနှင့် စံသတ်မှတ်ချက်များသည် ရန်လိုမှုများကိုထိန်းပေးသည်၊ အရပ်သားများကို ကာကွယ်စောင့်ရှောက်ပေးသည်၊ နိုင်ငံ၏ကိုယ်စား စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းသူများ၊ အစားဝင်ဆောင်ရွက်ပေးသူများ သို့မဟုတ် ကိုယ်တိုင် ဆောင်ရွက်နေသူများအား တာဝန်များချမှတ်ပေးသည်။ ဒုက္ခသည်များဆိုင်ရာဥပဒေသည် ညှင်းပန်းနှိပ်စက်မှုများ သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခများကို ကြောက်ရွံ့မှုကြောင့် နိုင်ငံနယ်နိမိတ်များကို ဖြတ်သန်း၍ ရွှေ့ ပြောင်းနေရာချခံရသူများအတွက် အစိုးရ၏ တာဝန်များကို ဖော်ပြသည်။

